လူ့ဘုံ·နတ်ဘုံ·ဗြဟ္မာဘုံ
ထင်ရှားရှိနေသလို · နိဗ္ဗာန်
လည်းထင်ရှားရှိနေကြောင်းကို
ပြသော

# နိဗ္ဗာန်ဂုဏ်ရည်

မြန်မာပညာရှိ ဦးချစ်တင်ရေးသည်။

BY
BURMESE LEARNED U CHIT TIN.

မိတ္ထီလာခရိုင်

မလှိုင်နယ်ခြောက်ဗိုင်း၊ ကြာအိုင်ရွာ ဇာတိဖြစ်သော

မြန်မာပညာရှိ-ဆရာဦးချစ်တင်သည်

စီရင်ရေးသားအပ်သော

## နိဗ္ဗာနဂုဏာဒီပနီခေါ်

# နိဗ္ဗာနဂုဏ်ရည်။

---

သာစည်မြို့၊ လင်္ဂေပသလ၊ ပိဋကတ္တယဆောက၊ ပိဋကတ္တယပါရဂူ ဖြစ်တော်မူသော၊ ဟသ်ာတကျောင်း ဆရာတော်ကြီးသည်၊ ကြီးကြပ် ပြင်ဆင်တော်မူသည်။

( ကျမ်းပြုပုဂ္ဂိုလ်မူပိုင် )

မြန်မာ့သိပ္ပံစာပုံနှိပ်တိုက်၊ ၄၄-မင်္ဂလာလမ်း၊

| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၁ | ကျမ်းဆရာ–ဆရာဦးချစ်တင်၏အမှာစကား | ၂ |
| ၂ | နိဗ္ဗာန်မည်ခြင်းအကြောင်း | ၄ |
| ၃ | ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်တို့၌သာနိဗ္ဗာန်ချမ်းသာဘည့်ရှိခြင်းအကြောင်း | ၄ |
| ၄ | နိဗ္ဗာန်ချမ်းသာပေါ်လာခြင်းအကြောင်း | ၆ |
| ၅ | နိဗ္ဗာန်သီးခြား တည်နေရာ,ဘုံဌာန မရှိခြင်း | ၉ |
| ၆ | နိဗ္ဗာန်ထင်ရှားရှိခြင်းအကြောင်း | ၁၁ |
| ၇ | တနည်း–နိဗ္ဗာန်ထင်ရှားရှိခြင်းအကြောင်း ဆက်၍ပြပါဦးအံ့– | ၁၂ |
| ၈ | မိလိန္ဒမင်းကြီးနှင့်ရှင်နာဂသိန်တို့နိဗ္ဗာန် အကြောင်း၊ မေးခန်း–ဖြေခန်း | ၁၆ |
| ၉ | ဥပမာတနည်းသော်ကား | ၂၂ |
| ၁၀ | နိဗ္ဗာန်၏အလွန်နူးညံ့ သိမ်မွေ့စွာဖြစ်လာပုံ | ၂၅ |
| ၁၁ | ရဟန္တာပုဂ္ဂိုလ်စုတိပြီးနောက်ရုပ်ခန္ဓာနာမ်သာ ကွယ်ပျောက်၍အစဉ်ပြတ်၍မသွားပုံ | ၃၁ |
| ၁၂ | နိဗ္ဗာချမ်းသာပေါ်လာမည့်အရေးကြောင့် ရုပ်နာမ်ခန္ဓာကွယ်ပေးနှင့်ရပုံ | ၃၃ |
| ၁၃ | သဥပါဒိသေသနိဗ္ဗာန်နှင့်အနုပါဒိသေသနိဗ္ဗာန် နှစ်ပါးတို့၏အထူး | ၃၇ |
| ၁၄ | နိဗ္ဗာန်ဝင်တော်မူသောဘုရားရဟန္တာတို့ လူနတ်ဗြဟ္မာသတ္တဝါဟူသောရေတွက်ခြင်းမှ လွတ်နေခြင်းအကြောင်း | ၃၉ |
| ၁၅ | နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကိုဘုရားချီးကျူးပုံ | ၄၃ |

| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၁၆ | နိဗ္ဗာန်သို့ဝင်စံတော်မူကြကုန်သော ပုဂ္ဂိုလ်တို့၏ဂုဏ်အထူးကို ဟောတော်မူခြင်း | ၄၇ |
| ၁၇ | ရုပ်နာမ်ခန္ဓာရှိသော သဉပဓိသေသနှင့် ရုပ်နာမ်ခန္ဓာမရှိသော နိရုပဓိသေသနှစ်ပါးတို့၏အထူး | ၄၉ |
| ၁၈ | သန္တိသုခနှင့်ဝေဒယိတသုခနှစ်ပါးတို့၏အထူး | ၅၁ |
| ၁၉ | နိဗ္ဗာန်သည်လွယ်ကူစွာနှင့်ရနိုင်သောတရား မျိုးမဟုတ်ခြင်းအကြောင်း | ၆၀ |
| ၂၀ | လူ့ဘုံနတ်ဘုံဗြဟ္မာ့ဘုံထင်ရှားရှိသလို နိဗ္ဗာန်လည်းထင်ရှားရှိခြင်းအကြောင်း | ၆၄ |
| ၂၁ | ရဟန္တာပုဂ္ဂိုလ်တို့ပညာမျက်စိဖြင့်နိဗ္ဗာန်ကို မြင်နေရခြင်းအကြောင်း | ၆၉ |
| ၂၂ | ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်သည် တဖန်ဘဝ သစ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း | ၆၈ |
| ၂၃ | ရဟန္တာပုဂ္ဂိုလ်နိဗ္ဗာန်သို့ဝင်သောအခါ ရဟန္တာပုဂ္ဂိုလ်ရှိရာသို့သာ-နိဗ္ဗာန်ရတနာ ဆိုက်ရောက်လာခြင်းအကြောင်း | ၆၉ |
| ၂၄ | နိဗ္ဗာန်နှင့်တူသောအရောင်အလင်းမရှိခြင်း | ၇၂ |
| ၂၅ | နိဗ္ဗာန် ချမ်းသာ နှင့် တူသော ချမ်းသာမည် သည်မရှိခြင်းအကြောင်း | ၇၄ |
| ၂၆ | ပုထုဇဉ်တို့နှင့်မဂ်ဖိုလ်ပုဂ္ဂိုလ်တို့ နိဗ္ဗာန်အာရုံပြု ခြင်းမတူ ကွဲပြားခြားနားပုံ | ၈၀ |
| ၂၇ | ဘုရားသခင်ကိုယ်တော်မြတ်၌နိဗ္ဗာန်ချမ်းသာ ကြီးယနေ့အထိစောင့်ရှောက်တော်မူခြင်း | ၁၀၁ |

| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၂၈ | နိဗ္ဗာန်သည်ဖြစ်ပြီးသည့်နောက် ဘယ်ကာလမှ မပျောက်ပျက် တော့ဘဲ အမြဲတန်း ရဟန္တာပုဂ္ဂိုလ်အား စောင့်ရှောက်နေပုံ | ၁၀၄ |
| ၂၉ | ရဟန္တာပုဂ္ဂိုလ်တို့ပရိနိဗ္ဗာန်မပြုမီကပင် မိမိတို့ စံစားရ လတ္တံ့သော နိဗ္ဗာန် ချမ်းသာကို ပစ္စဝေက္ခဏာဝီထိဖြင့် ဆင်ခြင်ကြည့်နေခြင်း | ၁၀၇ |
| ၃၀ | ရဟန္တာပုဂ္ဂိုလ် ရုပ်ကျသည်ဟူသော စကား နှင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံသည်ဟူသော စကားနှစ်ရပ်တို့၏အထူး | ၁၀၈ |
| ၃၁ | နိဗ္ဗာန်တရားတော်ကြီးသည် လွန်စွာနက်နဲသိမ်မွေ့လှသဖြင့်။ ဝေနေယျသတ္တဝါတို့၏ဉာဏ်၌ ထောက်ရာတည်ရာမရနိုင်အောင်ပင်ရှိနေခြင်း | ၁၀၉ |
| ၃၂ | နိဗ္ဗာန်၌ ရုပ်,နာမ် မရှိကာမျှဖြင့်နိဗ္ဗာန်ဆိုတာ ဘာမျှမရှိဟု မဆိုသင့်ခြင်းအကြောင်း | ၁၂၃ |
| ၃၃ | နိဗ္ဗာန် အကြောင်း ကောင်း ကောင်း မယူဆတတ်က သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဖြစ်မှန်းမသိ ဖြစ်နေတတ်ခြင်း | ၁၂၆ |
| ၃၄ | နိဗ္ဗာနဂုဏ်ရည်ကျမ်းဆရာ၊ ဆရာ-ဦးချစ်တင်၏ အမှာစကားချုပ်။ | ၁၂၉ |
| ၃၅ | ဘုရားလက်ထက်တော်က၊ ယမက အမည် ရှိသော ရဟန်းတပါး နိဗ္ဗာန်အကြောင်း ကောင်း ကောင်း မယူဆတတ်၍၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မှန်း မသိ ဖြစ်နေခြင်း။ | ၁၃၁ |

| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၃၆ | ပညတ်အားဖြင့်သာ၊ လူချမ်းသာ-နတ်ချမ်းသာကို ခံစားခြင်းတရားရှိ၏။ ပရမတ္ထအားဖြင့်၊ လူချမ်းသာ,နတ်,ချမ်းသာကိုခံစားခြင်းတရားမရှိ | ၁၄၂ |
| ၃၇ | နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော ဤကျမ်းကိုရေးသားသော ကျမ်းဆရာ- ဆရာ-ဦးချစ်တင်၏ အတ္တဟိတ, ပရဟိတအကြောင်း | ၁၄၉ |
| ၃၈ | သုခဝေဒနာ ရှိသော ချမ်းသာထက် သုခဝေဒနာမရှိသောချမ်းသာကသာလွန်၍ချမ်းသာခြင်း | ၁၅၃ |
| ၃၉ | နိဗ္ဗာန်သို့ ရောက်သော ပုဂ္ဂိုလ်၏ နိဗ္ဗာန်၌ ခံစားနေပုံအခြင်းအရာကို ဘုရားရှင်တို့သာသိနိုင်ရာသော အကြောင်း | ၁၅၇ |
| ၄၀ | နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော ဤကျမ်းမှနိဂုံးချုပ် ထုတ်နုတ်၍ကောက်ယူအပ်သောအလွန်ထူးခြားသောအချက် | ၁၆၁ |
| ၄၁ | နိဗ္ဗာန်သို့ အမြန် ရောက်စေတတ်သော ဝိပဿနာနှင့်စရဏ,တရားနှစ်ပါးတို့၏အကြောင်း | ၁၆၆ |
| ၄၂ | လက္ခဏာရေး သုံးပါးနှင့်ရဟန္တာ အဖြစ်သို့ ရောက်သော ရဟန်းငါးဦးဝတ္ထု | ၁၈၄ |
| ၄၃ | ရဟန်းသုံးကျိပ်ဝတ္ထု | ၁၈၅ |
| ၄၄ | (နိဗ္ဗာနသဒ္ဒါဝေါဟာရ) နိဗ္ဗာန်စစ်၏ အမေး-အဖြေ | ၂၀၀ |
| ၄၅ | ဤကျမ်းကိုရေးသားသောနိဗ္ဗာနဂုဏ်ရည် ဦးချစ်တင်၏ဆုတောင်းခန်း | ၂၀၁ |

# နိဒါန်း။

## ဤကျမ်းကိုရေးသားခြင်း၏အကြောင်း။

ယခုအခါ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည်၊ ဘုရားဟောတော်မူအပ်သော လောကုတ္တရာကျမ်းရွှေစာတွေကို၊ အလေ့အလာ နည်းပါးကြကုန်ပြီး၊ လောကဓါတ်ပညာလိုက်စားသူတွေသာများပြားလှသဖြင့်၊ ထိုလောကုတ္တရာကျမ်းရွှေစာတွေကို အလေ့အလာ နည်းပါးကြကုန်သော သူတို့သည်၎င်း၊ လောကဓာတ်ပညာ လိုက်စားကြကုန်သော သူတို့သည်၎င်း။ ဘုရားဟောကျမ်းစာ ပါဠိ အဋ္ဌကထာ ဋီကာပါဠိအနက် အဓိပ္ပါယ်တို့ကိုမဘတ်တတ်သဖြင့်မဘတ်ကြကုန်။ ထိုသို့မဘတ်တတ်ကြသဖြင့်လောကုတ္တရာကျမ်းရွှေစာတွေကို မဘတ်ကြကုန်သောသူတို့သည်၊ ဒါနပြုမှု၎င်း။ သီလဆောက်တည်မှု၎င်း၊ နိဗ္ဗာန်၏အကြောင်းစသည်၎င်း။ ကောင်းကောင်းကြီး မသိကြကုန်သဖြင့်၊ ဒါနပြုရာ၌လည်း၊ ငွေကုန်သလောက်အကျိုးမကြီးကြကုန်။ သီလဆောက်တည်ရာ၌လည်းအချိန်ကုန်သလောက် အကျိုးမပြီးကြကုန်၊ နိဗ္ဗာန်သို့ရောက်ရပါလို၏ဟုသူငါအစ ဆုတောင်းကြသော်လည်း ထိုမိမိတို့ ဆုတောင်းကြသော နိဗ္ဗာန်၏အကြောင်း ကောင်းကောင်းကြီး မသိကြသဖြင့်၊ နိဗ္ဗာန်ဆိုတာ ရုပ်နာမ် နှစ်ပါးမရှိသဖြင့်၊ ဘာမျှမရှိဘူးတဲ့၊ ပျောက်သွားသတဲ့၊ လေဖြစ်သွားသတဲ့၊ ပျင်းရိစရာကြီး၊ တို့များတော့ နိဗ္ဗာန်မရောက်ချင်ပါဘူးစသည်ဖြင့်၊ တကယ်ပြောသူကပြော။ ကဖျင်း ကချော်ပြောသူတွေက ပြောလေတော့။ ထို နိဗ္ဗာန်သို့ရောက်ရပါလို၏ စသည်ဖြင့်ဆုတောင်းကြသော်လည်း၊ ထိုနိဗ္ဗာန်ကိုနှစ်နှစ်ခါခါ၊ တကယ်ရလိုရောက်လိုသောစိတ်မရှိကြကုန်။ ထိုနိဗ္ဗာန်အကြောင်း ကောင်းကောင်းကြီး သိမှသာလျှင် ထိုနိဗ္ဗာန်သို့တကယ်ရောက်လို ရလိုသောစိတ်ရှိကြပေလိမ့်မည်။ သို့ဖြစ်ပါသောကြောင့်၊ ထိုနိဗ္ဗာန်၏အကြောင်း ကောင်းကောင်းကြီးသိကြစေခြင်းငှါ၊ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကိုအထူးရည်စူး၍ပြဆိုရာပြဆိုကြောင်းဖြစ်သော (နိဗ္ဗာနဂုဏဒီပနီ) ခေါ် (နိဗ္ဗာနဂုဏ်ရည်) အမည်ရှိသောဤကျမ်းစာအုပ်ကို ယောကျ်ားမိန်းမသူငါအစ၊ လွယ်လင့်တကူဥာဏ်တံချူဖြင့် ကြည့်ရှုနိုင်စေခြင်းအကျိုးငှါ၊ ပါဠိအနက် နည်းပါးနိုင်သမျှ နည်းပါးစေပြီး။ ပါဠိအဋ္ဌကထာဋီကာလာသည့်အတိုင်း၊ မြန်မာစကားပြင် သက်သက်ကိုသာ၊ အဦးထား၍ရေးသားပေအံ့သတည်း။ (ဆရာတင်)

## ★ ကိုယ်တောင်းတဲ့နိဗ္ဗာန်ကို ★ ★ ကိုယ်မလိုချင်ကြဘူးတဲ့။ ★

ဗုဒ္ဓဘာသာမြန်မာတို့သည် နိဗ္ဗာန်ကို ဆုတောင်းကြပြီး၊ ထိုနိဗ္ဗာန်ကိုရှိတယ် မရှိဘူး စသည်၊ လူချင်းစကားစပ်မိတိုင်း ငြင်းကြသတတ်၊ ရွှေတိဂုံဘုရား ကြီးကုန်းတော်ပေါ်မှာလည်း ထို့အတူ၊ ဥပုသ်သည်ချင်း စကားစပ်မိတိုင်း နိဗ္ဗာန်ရှိတယ် မရှိဘူးစသည် ငြင်းကြသတတ်။ တရံသောခါ၊ ရွှေတိဂုံဘုရားကြီးကုန်းတော်ပေါ် ရာဟုဒေါင့် စောင်းတန်း တခုထည်းမှာ၊ လူ (၄) ယောက်နှင့်ဘုန်းကြီးတပါး ငြင်းနေကြသတတ်။ ဘုန်းကြီးကလည်း၊ နိဗ္ဗာန်ဆိုတာ ရှိပါတယ်ဒကာတို့ဟု ပြောသတတ်၊ လူ (၄) ယောက်ကလည်း၊ ရုပ်နှင့်နာမ်မရှိတော့ဘဲ၊ ဘယ်မှာလျှင်နိဗ္ဗာန် ရှိမှာလဲကိုယ်တော်၊ အဆုံးမှာတော့ဘာမျှမရှိတာ နိဗ္ဗာန်ခေါ်နေတာ ပါ။ ဘာမျှမရှိတော့၊ ဒုက္ခလဲမရှိ၊ သုခလည်းမရှိတော့ဘူး ကိုယ်တော် ဟု ပြောကြသတတ်။ ပဉ္စသင်္ဂါယနာတင်မင်းတုံးဘုရင်နှင့်စဉ်၊ စလင်း ဆရာတော်လက်ထက်တော်က၊ ဦးပဉ္ဇင်း (၂) ပါး၊ နိဗ္ဗာန်ရှိတယ် မရှိ ဘူးစသည် ငြင်းခုံနေကြရာက ဒေါသထလာကြသဖြင့်၊ ကိုယ်ရုံသင်္ကန်း ကိုချပြီး နပန်းထွေးသတ်ကြရာ၊ စလင်းဆရာတော် မြင်သဖြင့် ဟဲ့ - မောင်ပဉ္ဇင်းတို့၊ တပါးကအရှုံးပေးလိုက်တဲ့၊ တပါးကအရှုံးပေးလိုက် ဟဲ့ ဟုမိန့်တော်မူသောအခါကျမှ ဦးပဉ္ဇင်း (၂) ပါး မိမိကိုယ်ရုံသင်္ကန်း ကို မိမိကောက်ကိုင်၍ အသာထိုင်နေကြသတဲ့။ အချို့ကလည်း နိဗ္ဗာန် ဆိုတာ ဘာမျှမရှိဟု တထစ်ချမှတ်ယူပြီး၊ ကျွန်တော်နိဗ္ဗာန်ကို မလို ချင်ဘူး။ လူ့လောက်၊ နတ်လောက်၊ ဗြဟ္မာ့လောကဖြစ်နေ ကြေနပ်ပါပြီ ဟုပြောကြသေးသတတ်။ အချို့ကလည်း၊ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်နှစ် ပါးမရှိ၍၊ ဘာမျှမရှိတော့ဘူးဗျ၊ ပျောက်သွားလေလို မီးခိုးလိုဖြစ်သွား တာကို နိဗ္ဗာန်ခေါ်နေတာပါဗျာဟုပြောလေတော့၊ အနီးရှိလူတယောက် က၊ (ဟာ) ခင်ဗျားပြောတာ၊ မဟုတ်သေးပါဘူး။ မရှိဘဲနှင့်အလကား ဘုရားဟောပါ့မလားဗျစသည် မိုးမဆုံး မီးခိုးမဆုံး ငြင်း ကြပြန်သတတ်၊ ရှိတယ်လို့ ငြင်းတဲ့သူကလည်းရှိကြောင်းကိုတဘက်သားကြေနပ်သွား

အောင် မပြောပြတတ်သဖြင့်၊ ကိုယ့်စကားကို သူမယုံ၊ သူ့စကားကိုလည်း ကိုယ်မယုံဖြစ်ကြပြီး၊ ကိုယ်စီးတဲ့မြင်းကိုမှ အထီးမှန်း၊ အမမှန်း မသိသကဲ့သို့၊ ဖြစ်နေကြပါသဖြင့်၊ လွယ်လွယ်ကူကူနှင့် အများပြည်သူတို့ နိဗ္ဗာန်အကြောင်းကို သိနိုင်လောက်အောင် ရေးသားပြီး၊ ဤကျမ်းစာအုပ်ကိုရိုက်၍ ဖြန့်ချိရပါသောကြောင့်၊ ၎င်းစာအုပ် တအိမ်လျှင် တအုပ်ကျရှိထားကြပြီး ၎င်းစာအုပ်၌ပါသည့်အတိုင်း အချို့ကို အရ ဆောင်၍၊ အချို့ကိုမှတ်သားထားရမည်ဆိုက မိမိတို့တောင်းနေကြသော နိဗ္ဗာန်ကို မိမိလည်း ကောင်းကောင်းကြီးသိ၍၊ သူတပါးကိုလည်း သဘောပေါက်နားလည်သွားအောင် ဟောပြောနိုင်ပါလိမ့်မည်။ ပါဠိနှင့်အနက်ကို မဘတ်တတ်သော သူတို့သည် ထိုပါဠိနှင့် အနက်ကိုမဘတ်ဘဲချန်ထား၍ စကားပြေသက်သက်ကိုသာ ထပ်ခါထပ် ခါကြည့်ရှုသွားပါက၊ ငါတို့ကုသိုလ်ပြုတိုင်း လိုရင်းထား၍ ဆုတောင်းနေတဲ့နိဗ္ဗာန်ဟာ ဘယ်လိုဟာဘဲဟု နိဗ္ဗာန်အကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်၍နားလည်သွားကြပါလိမ့်မည်။

၎င်းကျမ်းစာအုပ်ကိုပုံနှိပ်ပြီး၊ လက်ရေးကော်ပီနှင့်တုန်းက ဆရာတော်ကြီးတပါးသည်၊ အစအဆုံးထိအောင်ကြည့်ရှုပြီး မိန့်တော်မူသည်မှာ- (မောင်ချစ်တင်ရေ) မင်း၏နိဗ္ဗာနဂုဏ်ရည် ကျမ်းစာအုပ်ကို ကြည့်မိတာနှင့် ငါတော့-နိဗ္ဗာန်အလွန်ရောက်ချင်နေပြီ၊ ရဟန္တာ ကလဲမဖြစ်နိုင်နှင့် ယခုမှ ခက်တော့ပါဘဲကွာဟု မိန့်တော်မူလေသတည်း။ သို့ဖြစ်၍၊ ထပ်ခါထပ်ခါကြည့်ရှုပါက ၎င်းဆရာတော်ကြီး ကဲ့သို့ သဘောပေါက်၍ နိဗ္ဗာန်သို့အလွန်ရောက်ချင်လာပါလိမ့်မည်၊ အကယ်၍ ၎င်းကျမ်းစာအုပ်၌ သဘောမပေါက်ပါက မြတ်စွာဘုရား၏၊ ဒေသနာတော်ကိုင်း၊ အဋ္ဌကထာဋီကာဆရာတို့၏ဉာဏ်ကိုင်း၊ ငါတို့ဉာဏ်မမှီလို့သာ သဘောမပေါက်သည်ဟု ယူဆစေလိုပါသတည်း။ ၎င်းကျမ်းစာအုပ်ကို မိမိသဘောအတိုင်း ထင်မိထင်ရာတွေ ရေးသားထားသော ကျမ်းစာအုပ်မဟုတ်ပါ။ ပါဠိအဋ္ဌကထာ၊ ဋီကာဝါဒတို့ကိုင်း၊ ပခုက္ကူမြို့၊ အရှေ့တိုက်သစ်ဆရာတော်၊ မူလဋီကာ အလွန် ကျော်တော်မူသော ဖက်ပင်အိုင်ဆရာတော်။ ပျဉ်းမနားမြို့၊

အုန်းတောတိုက်သစ်ဆရာတော်။ သဂြိုဟ်နှင့်ညဝါ အလွန်ကောင်းသော လယ်ကွက်ကြီးဆရာတော်စသော များစွာသောကဝိအကျော်ဆရာတော်ကြီးတို့၏ အာစရိယဝါဒကိုငင်း။လက်မလွှတ်မှု၍ရေးသားထားအပ်သော ကျမ်းစာတစောင်ဖြစ်ပါ၍၊ ထိုကျမ်း၏အကြောင်းကို ကောင်းကောင်းကြီးသဘောပေါက် နားလည်တော် မူကြကုန်သော သာစည်မြို့၊ပိဋကတ္တယပါရဂူဖြစ်သောမူကုန်သော ဟသာတကျောင်းဆရာတော်။ကံသာတောရဆရာတော်။ရန်ကုန်မြို့၊ရွှေကြက်ယက်တိုက်အုပ်ဆရာတော်။မန္တလေးမြို့၊ဇီးဘနီပိုက် စာချမမွစရိယ ဆရာတော်။ ဦးအာစရ။မကွေးမြို့၊ ချောင်ကျောင်းဆရာတော်စသော များစွာသော ဆရာတော်,သံဃာတော်တို့ကငင်း။ တောင်သာမြို့၊ ရှေ့နေ-ဦးဘိုး၊ ကျောင်းဆရာ,ဦးဘိုးရင်။ဦးဖေရီ။မလှိုင်မြို့ပိုင်၊ရုံးစဉ်ကြီးရွာကုန်သည်၊ ဦးဘသန်း၊ဦးတင်။ဦးမောင်ကြီး။ဦးဘကြိုင်။ ရှေပန်းတိန်၊ ဦးဘကြည်။ မြေဒိုင်-ဦးသာဟိန်း။ မိတ္ထီလာမြို့၊ ကိတ်မုန့်တိုက်ကုမ္ပဏီ၊ ဦးဘငွေ၊ ဦးသိန်း။ ကုန်သည်-ဦးစံရှိ၊ ဆေးဆရာ-ဆရာဆင်။ သာစည်မြို့ပိုင် လှိုင်တက်ရွာ။ တောအုပ်ကြီး-ဦးကျော်ဇော။မန္တလေးမြို့၊ သစ်ပွဲစား-ဦးလှအောင်။ရန်ကုန်မြို့မဂိုဂါဘ် အင်စပိဘ်တော်-ဦးနွတ်။ စမ်းချောင်းရပ်၊ ကြို့စက်ပိုင်ရှင် ဦးအေးမောင်။ ကုန်သည်၊ ဦးဘအေး။ ဦးဘတင်။ ကုဘ်ကိုင်းရပ်၊သခဝါယမလူကြီး၊ဦးဘညွန့်။ဦးတက်တိုး။ ဝိဇ္ဇာမောင်ကိုညွန့်။ အစိုးရရှာ်ရှင်ကုမ္ပဏီဌာန၊ ကိုအေးစသော များစွာသော လူပုဂ္ဂိုလ်ဘို့ကငင်း။ ၎င်းစာအုပ်သည် ဗုဒ္ဓဘာသာမှန်က သိရမည်။ ဗုဒ္ဓဘာသာဘိုင်းနှင့် အလွန်သင့်လျော်သော ကျမ်းစာအုပ်ဖြစ်ပါသဖြင့်၊ အမြန်ဆုံးနှင့်အထမြောက်အောင်ရိုက်ပါဟု ငွေအားဖြင့်ငင်း။ နှုတ်အားဖြင့်ငင်း။ ကူညီကြပါ၍၊ စက္ကူအခက်အခဲ။ ငွေအကြပ်,အတည်း၊ ကျနေတဲ့အခါမှာ မဖြစ်,ဖြစ်အောင်ရိုက်၍ တိုင်းပြည်သို့ဖြန့်ချိလိုက်ပါသတည်း။

(ကိုယ်ပြုမှ-ကိုယ်နှခည်ဖြစ်၍၊ သူတပါးဝိပ္ပဘ်ဖြစ်နေသော်လည်း မိမိသမ္ဘာဖြစ်အောင် နေနိုင်ကြပါစေသတည်း။)

# နိဗ္ဗာနဂုဏာဒိပနီ

မည်သော

# နိဗ္ဗာနဂုဏ်ရည်ကျမ်း ။

ဗုဒ္ဓံ ဓမ္မံ သံဃံ အဟံ ဝန္ဒာမိ။

ဇာယတုသဗ္ဗမင်္ဂလံ။ ။ အဟံ၊ ငါသည်။ ဣမံ ဂန္ထံ၊ နိဗ္ဗာနဂုဏာဒိပနီ ခေါ် နိဗ္ဗာနဂုဏ်ရည်။ အမည်ရှိသော။ ဤကျမ်းကို။ ပုဗ္ဗေဝ၊ ကျမ်းမရေးသားမီ၊ ရှေးဦးမဆွ၊ လက်ပွန်ကာ လည်ပင်လျှင်။ ဗုဒ္ဓံ၊ သစ္စာလေးဝ၊ မြတ်ဓမ္မကို၊ ပိုင်းခြား ထင်ထင်၊ သိမြင်တော်မူသော၊ သဗ္ဗညုသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုရင်း၊ ဓမ္မံ၊ မဂ်လေးတန်၊ ဖိုလ် လေးတန်၊ နိဗ္ဗာန် ပရိယတ်၊ အမြတ် ထွန်းသား၊ ဆယ်ပါး သော တရားတော်မြတ်ကိုရင်း။ ဗုဒ္ဓပုတ္တံ၊ မြတ်စွာဘုရား၏ သွေးရင်တော်နှစ်၊ သားတော်စစ်ဖြစ်တော်မူသော။ သံဃာ၊ မဂ်ဖိုလ် လေးမှန်၊ ရှစ်တန် အရိယာ၊ မြတ်သံဃာကိုရင်း။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုး ပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ယထာဘူတံ၊ မဖောက်မပြန်၊ ဟုတ်တိုင်း မှန်စွာ။ အဇာနန္တာနံ၊ နိဗ္ဗာန်ဆို

တာဘယ်လိုဟု၊ သေချာဂနု၊ မသိကြကုန်သော။ မနုဿာနံ၊ တွေဝေကြသူ၊ များဗိုလ်လူတို့အား။ အတိကာရုညစိတ္တေန၊ အလွန်သနားသော၊ စိတ်ဖြင့်။ သုခေနပဿိတုံ၊ လွယ်လင့်တကူ၊ ဉာဏ်တံခါးဖြင့်၊ ကြည့်ရှုနိုင်ပါစေခြင်းငှါ။ ဣမံဂန္ထံ၊ နိဗ္ဗာနဂုဏဒီပနီခေါ် နိဗ္ဗာနဂုဏ်ရည် ။အမည်ရှိသော ကျမ်းကို။ ကရိဿာမိ။ ပါဠိတော်-အဋ္ဌကထာ-ဋီကာ တို့ကို မှီးသဖြင့်၊ ရေးသားခြင်းကို၊ ပြုပေအံ့သတည်း။

## ကျမ်းဆရာ—ဆရာဦးချစ်တင်၏

### အမှာစကား။

နိဗ္ဗာန် နိဗ္ဗာန်၊ ထိုနိဗ္ဗာန်ကို၊ ယောကျ်ားမိန်းမ၊ လူကြီးလူငယ်ကအစ၊ ရကြပါလိုကုန်၏၊ ရောက်ကြရပါလိုကုန်၏ စသည်ဖြင့်၊ ကုသိုလ်ပြုတိုင်း ဆုတောင်းကြကုန်၏။ သို့ဖြစ်၍ မိမိတို့တောင်းကြသော နိဗ္ဗာန်ဆိုတာ-ဘယ်လိုဟာဘဲဟု သေချာဂနု၊ သိကြရလေအောင်။ ၎င်းကျမ်းစာအုပ်ကိုကြည့်ရှုသောအခါ၊ တယောက်ထည်းထည်း၊ ဆိပ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍၊ မိမိစိတ်ကို မပျံ့လွင့်အောင် သမာဓိထူထောင်ပြီးမှ ကြည့်ရှုကြပါလေ။ ။ စာကြည့်သူတိုင်း၊ ၎င်းနိဗ္ဗာန်ကို သိလွယ်နိုင်စေခြင်း အကျိုးငှါ။ ပါဠိ ပါဠိသား နည်းပါးနိုင်သရွေ့ နည်းပါးစေပြီး၊ ပါဠိတော် အဋ္ဌကထာ ဋီကာနှင့်တကွ၊ အာစရိယဝါဒကိုသာမှီး၍၊ မြန်မာစကားပြင် သက်သက်ဖြင့်သာ၊ အရေးအသားများပါသည်။

ထိုသို့ပင် စာကြည့်ရှုသူတို့နိဗ္ဗာန်အကြောင်းကို၊ လွယ်လင့် တကူသိရအောင်၊ ကြံဘန်အားထုတ်၍ ရေးသားထားသော်လည်း၊ တချို့နာနည်းပါးသောသူတို့သည်၎င်း။ ပညာဓါတ်ခံအလွန်နည်းပါးသော သူတို့သည်၎င်း။ နိဗ္ဗာန်တရားကား-အလွန်နူးညံ့သိမ်မွေ့သဖြင့်၊ သိနိုင်ဘို့ရာ မလွယ်ကူကြောင်း။ သို့သော်-တခါကြည့်ရှု၍သဘောမပေါက်ခါမျှနှင့် စိတ်မပျက်လက်မလျှော့ပါနှင့်၊ ၂ ခါ ၃ ခါ စသည်ထပ်ခါထပ်ခါ ကြည့်ရှုပါက၊ နိဗ္ဗာန်အကြောင်းကို ကောင်းကောင်းကြီးသဘောပေါက်၍ စာကြည့်ရှုရင်းပျော် ရွှင်လာပါလိမ့်မည်။
သဘောပေါက်၍ စာကြည့်ရှုရင်းပျော် ရွှင်လာပါလိမ့်မည်
ဆိုသော်လည်း၊ပညာဓါတ်ခံနည်းပါးသောမန္ဒပုဂ္ဂိုလ်တို့မှာ၊ လွယ်ကူသော နိဗ္ဗာန်အကြောင်းခြင်းရာကိုသာသိနိုင်ကြပေလိမ့်မည်။ မိဿာဒိဋ္ဌိနှင့်ယှဉ်၍ ဘုရား ဟောတော် မူသော နိဗ္ဗာန်အကြောင်းခြင်းရာကား။ အလွန်နူးညံ့သိမ်မွေ့ နက်နဲခက်ခဲသဖြင့်၊ ပါဠိအဋ္ဌကထာဋီကာဘို့ကို ပေါက်ရောက်သူသော တိက္ခပုဂ္ဂိုလ်တို့မှတပါး။ ပညာနည်းပါးသော မန္ဒပုဂ္ဂိုလ်တို့ အကြိမ်တရာကြည့်ရှုပါသော်လည်း၊သိနိုင်ဘို့ရာ မလွယ်ကူကြောင်း။ သို့သော်-သိဘာ မသိတာအပထား၍ ကြိုးစား၍သာ ကြည့်ရှုတော်မူကြပါကုန်။ ။ အခြားသော ကျမ်းစာ တို့ကို ကြည့်ရှု ရသည်ထက် အလွန် မြတ်သော ဤ-နိဗ္ဗာန်အကြောင်းခြင်းရာကို ကြည့်ရှုရခြင်းကား။ အကျိုးအတိုင်းမသိသာလွန်၍မြတ်လှပါသည်၊ ပါရမီဓါတ်ခံလည်း ဆလွန်ရင့်သန်လွယ်ပါသတည်း။ ။

## နိဗ္ဗာန်မည်ခြင်းအကြောင်း။

လောဘမီး။ ဒေါသမီး။ မောဟမီး။ ဇာတိမီး။ ဇရာမီး။ မရဏမီး၊ သောကမီး။ ပရိဒေဝမီး။ ဒုက္ခမီး။ ဒေါမနဿမီး။ ဥပါယာသမီးဟု ဆိုအပ်သော။ တဆဲ့တသိး မီးအပေါင်းတို့၏ တလုံးတဝတည်း၊ ငြိမ်းခြင်း သဘော လက္ခဏာသည်ပင်၊နိဗ္ဗာန်မည်၏၊ဟူ၍ထေရဂါထာအဋ္ဌကထာ၌ မိန့်မှာတော်မူလေသည်။ ။ လူတို့သည် အလွန်တရာ မြင်နိုင်ခဲလှစွာသော ပဒ္မမြားတောင်ထည်း၌ရင်း။ သမုဒ္ဒရာထည်း၌ရင်း။ ပဒ္မမြားဝါတ် အစုအခဲသည် တည်နေတိသကဲ့သို့၊ ထို့အတူ-တဆဲ့တသိး မီးအပေါင်းတို့၏ တလုံးတဝတည်း ငြိမ်းခြင်း သဘော လက္ခဏာရှိသော နိဗ္ဗာန်ကို၊ သာမန်ပုထုဇန်တို့ မမြင်နိုင်ကြကုန်ရာ၊ ၎င်းနိဗ္ဗာန်ကိုပင်၊ ယခုလောက၌ အလွန်ထင်ရှားသော မြင့်မိုရ်တောင်-ဟိမဝန္တာတောင်စသောတောင်မျိုးတို့၌တင်စား၍၊( နိဗ္ဗာန်သာခေါင်၊ လူနှင့်ဝေးသည့်၊ ဘေးမဲ့တောင် ) ဟု- ရှေးဆရာတော်တို့ စပ်ဆိုတော်မူကြလေသည်။

## ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်တို့၌သာ၊ နိဗ္ဗာန်ချမ်းသာ တည်ရှိခြင်းအကြောင်း။

တဆဲ့တသိးမီးအပေါင်းတို့၏ တလုံးတဝတည်း ငြိမ်းခြင်း သဘောလက္ခဏာ ရှိသော နိဗ္ဗာန်ချမ်းသာဟူသည်၊ အဘယ်၌တည်နေသနည်းဟုမေးငြားအံ့။

နတ်ပြဟ္မာတို့၏နတ်ချမ်းသာ။ ပြဟ္မာချမ်းသာတို့သည် ထိုနတ်ပြဟ္မာတို့၏ ကိုယ်၌ တည်နေသကဲ့သို့၊ ထို့အတူ-နိဗ္ဗာန် ချမ်းသာသည်၊ ပရိနိဗ္ဗာန် စံလေပြီးသော ဘုရား-ရဟန္တာသခင်- ခီဏာသဝအရှင်တို့၌သာ တည်သည်ဟု မှတ်လေ။ ။ အရဟတ္တဖိုလ်သည်၊ ရဟန္တာပုဂ္ဂိုလ်၌ တည်သည်။ ရဟန္တာပုဂ္ဂိုလ် သည်လည်း၊ အရဟတ္တဖိုလ်၌ပင် တည်၍နေလေသည်ဟု-အပြန်အလှန်ဆိုအပ်သကဲ့သို့၊ ထို့အတူ- နိဗ္ဗာန် ချမ်းသာသည်၊ ပရိနိဗ္ဗာန် စံလေပြီးသော ဘုရား-ရဟန္တာသခင်-ခီဏာသဝအရှင်တို့၌ တည်သည်။ ဘုရား-ရဟန္တာသခင် ခီဏာသဝအရှင်တို့သည်လည်း၊ ထိုနိဗ္ဗာန်ချမ်းသာ၌ပင်တည်၍နေသည်သာလျှင်တည်း။ ။

နတ်တို့၏ စည်းစိမ်ချမ်းသာသည်၊ လူတို့၏စည်းစိမ်ချမ်းသာနှင့် စာကြည့်က၊ ဆီနှင့်ရေမျှမက ဧလွန် ကွာခြားလှ၏။ ကွာခြားကြောင်း။ လောကူပမာအားဖြင့် ပြရသည်ရှိသော်၊ သမုဒ္ဒရာ ရေထည်း၌ သမန်းမျက် ဖြားကို နှစ်၍ ယူလိုက်သည်ရှိသော်၊ သမန်းမျက်ဖြား၌ ကပ်၍ပါလာသော ရေပေါက် ကလေးနှင့် လူ့စည်းစိမ်နှင့်တူ၏။ ကျန်သမုဒ္ဒရာရေနှင့်နတ်စည်းစိမ်နှင့်တူ၏။သို့စဉ်ကလောက်၊လူ့စည်းစိမ်နှင့်နတ်စည်းစိမ်ကွာခြားလှ၏။ ။ ထိုသို့အလွန်ကြီးကျယ်လှသောနတ်တို့၏စည်းစိမ်ချမ်းသာသည်၊စည်းစိမ်ရှင်ဖြစ်သောနတ်၌တို့သာ တည်နေသည်။ ထိုစည်းစိမ်ရှင်ဖြစ်သောနတ်တို့သည်လည်း၊မိမိတို့၏စည်းစိမ်၌သာရွှင်ပြုံးချမ်းသာခံစားလျက်သာတည်နေသည်ဟုဆိုအပ်သကဲ့သို့၊ ထို့

အတူ နိဗ္ဗာန်မည်းစိမ်သည်လည်း၊ စည်းစိမ်သခင်နိဗ္ဗာန်ဝင်ပြီးသော ဘုရားရဟန္တာသခင်အရှင်တို့၌သာ တည်သည်။ ဘုရားရဟန္တာသခင်၊ ဓိဏာသဝအရှင်တို့သည်လည်း၊ မိမိတို့စံစားစရာ၊ ပေါ်ရောက်သောသော၊ နိဗ္ဗာန်ရတနာ၊ မြတ်ချမ်းသာကြီး၌သာ တည်နေသည်ဟု ဆိုအပ်လေသတည်း။

နိဗ္ဗာန်ချမ်းသာပေါ်လာခြင်းအကြောင်း။

ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဟု ဆိုအပ်သော၊ ခန္ဓာငါးဝ ချုပ်ငြိမ်းမှသာလျှင်၊ နိဗ္ဗာန်ချမ်းသာပေါ်လာရာ၏။ ခန္ဓာတင်းလင်းရှိနေခြင်းကြောင့်၊ စင်စစ်နိဗ္ဗာန် ချမ်းသာ မပေါ်လာနိုင်ရာ။ ခန္ဓာပျောက်မှ နိဗ္ဗာန်ရောက်နိုင်သည်၊ ။ပြင်းပြစွာသောအဖျားရောဂါ အပူနာကြီးကပ်ရောက်သာသော ယောကျ်ားအား၊ သမားကောင်း၏ ဆေးကောင်းဩသဓကို သောက်ရပါသဖြင့်၊ အပူဝေါတ်ပျောက်၍ အဖေါတ် ရောက်ရာ။ ၎င်းအဖေါတ်ဟူသော သီတတေဇောဓါတ်သည်၊ ထိုယောကျ်ား၌ ထင်ရှားစွာ ရှိသည့်မှန်သကဲ့သို့၊ ထို့အတူ-ပရိနိဗ္ဗာန်စံလေပြီးသောဘုရားရဟန္တာသခင်ဓိဏာသဝအရှင်တို့အား အပူဓါတ်နှင့် တူသော၊ ခန္ဓာငါးဝ ရုပ်နာမ် ဝဋ္ဋဒုက္ခကြီး ပျောက်ငြိမ်းသည့်အခါကျမှ၊ လောဘ၊ ဒေါသစသောတဏှာ တသီးမီး အပေါင်းတို့၏ တလုံး တဝ တည်း ငြိမ်းခြင်းသဘောလက္ခဏာရှိသော၊ နိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီး ထင်ထင်ရှားရှားပေါ်လာရာသတည်း။

ရဟန္တာပုဂ္ဂိုလ်၏ တည်ရာ။ အရဟတ္တဖိုလ်တရားသည်၊ ပရမတ္ထအားဖြင့် ထင်ရှားကောန်ရှိသည် မှန်သကဲ့သို့။ ထို့အတူ-နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန် ပြီးသော၊ ဘုရားရဟန္တာသခင် အရှင်တို့၏ အသီးသီး တည်နေရာ။ နိဗ္ဗာန်ချမ်းသာလည်း၊ ပရမတ္ထအားဖြင့်ထင်ရှားကောန်ရှိသည်မှန်၏။ အောင်္ဂုဒြပ်ဆိုခဲ့ပြီးသော ဆပုဓါတ်ပျောက်သောယောကျ်ား၌၊ အခေါ်တ်ဟုဆိုအပ်သော သီတတေဇောသည် ထင်ရှားကောန်ရှိသည်မှန်သကဲ့သို့မှတ်ပါလေ။ ။ ၎င်းအခေါ်တ်ဟုဆိုအပ်သော သီတတေဇောသည်၊ ထိုယောကျ်ား၌ အပူဓါတ် မပျောက်သေးခင်၊ အလွတ် သက်သက် တစုံ တခုသော အရပ်၌ဖြစ်နေနိုင်သည်မရှိသကဲ့သို့။ထို့အတူ နိဗ္ဗာန်သို့ စံဝင်တော်မူလေပြီးသော၊ ဘုရားရဟန္တာသခင်တို့၌လည်း။ ဆပူဓါတ်နှင့်တူသော၊ ခန္ဓာငါးဝ ရုပ်နာမ်ဝဋ္ဋ မငြိမ်းမပျောက်သေးခင်၊ ထိုဘုရားရဟန္တာသခင်အရှင်သို့ စံဝင်စရာအကြောင်းကင်း၍၊ အလိုအလျှောက်ဘာသာ၊ ရှေးဦးစွာဖြစ်နေနိုင်သော နိဗ္ဗာန်မည်သည်မရှိ။ ထိုအပူဓါတ်ပျောက်ပြီး၊ အခေါ်တ် ရောက်လာသောအခါ၊ လွန်စွာချမ်းသာ၍နေသော ယောကျ်ားမှာ၊ အပူဓါတ် မရှိခြင်း ကြောင့်သာ၊ ထိုယောကျ်ားချမ်းသာသည်မဟုတ်။အပူဓါတ်ပျောက်လျှင်ပျောက်ခြင်း၊ ဆခေါ်တ်ဟု ဆိုအပ်သော၊ သီတတေဇောသည်၊ထင်ထင်ရှားရှားပေါ်ပေါက်၍ လာသောကြောင့်သာ။ ထိုယောကျ်ားချမ်းသာသကဲ့သို့။ ထို့အတူ-နိဗ္ဗာန်သို့စံဝင်တော်မူကြလေပြီးသော ဘုရားရဟန္တာသခင်အရှင်တို့အား

လည်း၊ အပူခါတ်နှင့်တူသော ခန္ဓာငါးဝ ရုပ်နာမ်ဝဋ္ဋ မရှိခြင်းကြောင့်သာ ချမ်းသာသည်မဟုတ်။ ခန္ဓာငါးပါး ချုပ်လျှင်ချုပ်ခြင်း ပေါ်ပေါက်၍ လာသော အလွန်တရာ မြေခြင်းသဘောရှိသော အသင်္ခတဓါတ်နိဗ္ဗာန်ချမ်းသာမြတ်ကြောင့်သာ၊ ချမ်းသာတော်မူကြရသည်ဟုကောန်မှတ်ကြပါကုန်။ ။ ချာနုသမာပတ်၊ ဖလသမာပတ်ကို ဝင်စား၍နေတော်မူကြကုန်သော ပုဂ္ဂိုလ်တို့အား၊ လောဘ ဒေါသစသောကိလေသာ ညစ်ကြေး၊ ပြစ်ဘေးတို့၏မရှိခြင်း ကြောင့်သာ၊ ချမ်းသာသည် မဟုတ်။ ထင်ရှားကောန် ရှိသည်မှန်သော ဈာန်၏ အစွမ်း၊ဖိုလ်၏အစွမ်းကြောင့်သာ ချမ်း သာ၍ နေရသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သို့ဝင်တော်မူကြလေကုန်ပြီးသော ဘုရားရဟန္တာသခင်အရှင်တို့အားသည်း၊ ခန္ဓာငါးဝ ရုပ်နာမ်ဝဋ္ဋဟုဆိုအပ်သော ဒုက္ခအိုးကြီးမရှိခြင်းကြောင့်သာ၊ချမ်းသာသည်မဟုတ်။ စင်စစ်သော်ကား- ခန္ဓာငါးဝ ရုပ်နာမ်ဝဋ္ဋဟု ဆိုအပ်သော ဒုက္ခအိုးကြီးကွယ်ပျောက်လျှင်ပျောက်ခြင်း ပေါ်ပေါက်၍လာသော အလွန်တရာ မြေခြင်းသဘောရှိသော၊ အသင်္ခတဓါတ် နိဗ္ဗာန်ချမ်းသာမြတ်ကြောင့်သာ၊ ထိုဘုရားရဟန္တာသခင်အရှင်တို့၊ လွန်စွာမြေချမ်းသာစွာ နေတော်မူကြရပေသတည်း။

အလွန်တရာ ပူပြင်းလှစွာသော နေပူ၏ အဟုန်ကြောင့်၊ အလွန်တရာ ပူအိုက်၍လာသော ယောကျ်ား တယောက်သည်၊ မြေကြည်လင်သော မြစ်တွင်းသို့ သက်ဆင်း၍ ချိုးလိုက်သည့်အခါ၊ အလွန်တရာ ချမ်းသာရာ ရလေ၏။ ထို

ယောကျ်ား၏ ချမ်းသာစွာနေရခြင်းသည်။ ၎င်းနေပူ၏ မရှိခြင်းကြောင့် ချမ်းသာသည်မဟုတ်။ စင်စစ်သော်ကား၊ ထို မြေကြည်လင်သောမြစ်ရေ၏ ဖြူခြင်းသဘော ဟု ဆိုအပ်သော သီတဓါတ်၏အစွမ်းအားကြောင့်သာ၊ မြေချမ်းသာစွာ နေရသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သို့စံဝင်တော်မူကြကုန်ပြီးသော ဘုရားရဟန္တာသခင် အရှင်တို့အားလည်း၊ ခန္ဓာငါးဝ ရုပ်နာမ်ခမ္ဘတည်းဟူသောနေပူ၏မရှိခြင်းကြောင့်သာ၊ ချမ်းသာသည်မဟုတ်။ အလွန်တရာမြေစွာသော အသခ်တ ဓါတ် နိဗ္ဗာန်ချမ်းသာ မြတ်ကြောင့်သာ၊ အလွန်တရာ ချမ်းသာ၍နေတော်မူကြလေကုန်သတည်း။

နိဗ္ဗာန်သီးခြားတည်နေရာဘုံဌာနမရှိခြင်းအကြောင်း။

ဈာန်ချမ်းသာ ဖိုလ်ချမ်းသာကိုခံစားလို၍ ဈာန်ဝင်စား- ဖိုလ်ဝင်စားကြကုန်သော ပုဂ္ဂိုလ်တို့အား၊ ဈာန်မဝင်စားခင် ဖိုလ်မဝင်စားခင်၊ ရှေးဦးစွာကြိုတင်၍သူ့နေရာနှင့်သူ အသီးအခြားဖြစ်နေနှင့်သော ဈာန်တရား ဖိုလ်တရားဟူသည်မရှိ။ ထိုဈာန်ဝင်စား- ဖိုလ်ဝင်စားသည့်အခါကျမှသာ၊ ထိုဈာန်တရား-ဖိုလ်တရားတို့ဖြစ်ပေါ်လာသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော၊ ဘုရားရဟန္တာသခင်အရှင်တို့ မပေါ်လာသေးခင်၊ ရှေးဦးစွာကြိုတင်၍ အသီးအခြား ဘုံဌာနနှင့်ဖြစ်နေနှင့်သော နိဗ္ဗာန်ဟူသည်မရှိ။ နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော၊ ဘုရား ရဟန္တာသခင် အရှင်တို့ ပေါ်လာ ရောက်လာမှသာလျှင်၊ ထို ဘုရားရဟန္တာသခင်

အရှင်တို့အား၊ ချမ်းသာစေတတ်သော နိဗ္ဗာန်ရတနာမြတ် ချမ်းသာကြီးဖြစ်လာပေါ်လာလေသတည်း။

(အဟံ၊ အာဂန္တုနိဝါသည်။ နိဗ္ဗာန-နဂရံ၊ နိဗ္ဗာန်တည်းဟူသော မြို့တော်ကြီးသို့။ ပဝိသိဿာမိ၊ ဝင်ရပါလို၏။ ဟု အနက် ပေးကြလေတော့။ ဆိုချင်သောသူများကား၊ နိဗ္ဗာန်ဆိုတာ အဝန်းအဝိုင်း ယူဇနာတသောင်းကျယ်သော သံကြိုးမင်းဝါ စံရာ တာဝတိံသာ နတ်မြို့ကြီးများ ကဲ့သို့၊ အသီးအခြား သူနေရာနှင့်သူ၊ အကြောင်းကင်း၍ ဖြစ်နေသော နိဗ္ဗာန်ပြည်ကြီး-နိဗ္ဗာန်မြို့ကြီးဆိုတာ ရှိနေသည်ဟု ထင်မှတ်ကြလေသည်။) ယခုလို သူနေရာနှင့်သူ အသီးအခြား အကြောင်းကင်း၍ဖြစ်နေနိုင်သော နိဗ္ဗာန်ပြည်ကြီး-နိဗ္ဗာန်မြို့ကြီးရယ်လို့ ထင်ထင်ရှားရှားမရှိပါ။ ဗျာန်ချမ်းသာ ဒိုင်ချမ်းသာကိုခံစားလို၍၊ ဗျာန်ဝင်စား-ဒိုင်ဝင်စားသည့် အခါကျမှသာ၊ ဗျာန်ဘုရား ဒိုင်တရားတို့ဖြစ်ပေါ်လာသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော၊ ဘုရားရဟန္တာသခင်အရှင်တို့ ပေါ်လာရောက်လာမှသာလျှင်၊ ထိုဘုရားရဟန္တာသခင်အရှင်တို့အား၊ ချမ်းသာစေတတ်သော နိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီး ဖြစ်ပေါ်လာသည်ဟူ၍၊ မှတ်ယူကြပါစေကုန်သတည်း။

## နိဗ္ဗာန်ထင်ရှားရှိခြင်းအကြောင်း။

မဂ်တရား ဖိုလ်တရားတို့သည်၊ ပရမတ္ထအားဖြင့်ထင်ရှား ဧကန် ရှိသည်မှန်သကဲ့သို့။ ထို့အတူ- နိဗ္ဗာန်တရားသည်လည်း၊ ပရမတ္ထတရားခြင်း အတူတူဖြစ်၍ ပရမတ္ထအားဖြင့်၊ ထင်ရှားဧကန်ရှိသည်မှန် သည့်သာလျှင်တည်း။

ဈာန်တရား-ဖိုလ်တရားတို့၌၊ တရံတဆစ်မျှ မဖြစ်ဘူးသေးဘဲ၊ ထိုဈာန်ဝင်စား၊ ဖိုလ်ဝင်စားသည့်အခါကျမှ တခါတည်းသာ ဖြစ်ပေါ်လာပြီးသည့်နောက်၊ ဥပါဒ်ဌီဘင်ဟူသို့ အပ်ခဲ့သော ခဏတ္တယသို့ရောက်သဖြင့်၊ လျှင်မြန်စွာပျောက်၍ ပျောက်၍ သွားလေသတည်း။ ။ဆလွန်တရား မြဲခြင်း သဘောရှိသော အသင်္ခတဓာတ် နိဗ္ဗာန်ချမ်းသာမြတ်မှာမူကား၊ ရှေးအခါက တရံတဆစ်မျှမဖြစ်ဘူးသေးဘဲ၊ နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော ဘုရားရဟန္တာသခင်အရှင်တို့ ပေါ်လာရောက်လာမှ၊ ဤတခါတည်းသာ ဖြစ်ပေါ်လာပြီးသည်နောက်၊ ဘယ်အခါမှ မပျောက် မပျက်တော့ဘဲ၊ အမြဲတည်၍နေသည်သာလျှင်တည်း။ ထို့ကြောင့်-သဠာယတနသံယုတ်အဋ္ဌကထာ၌-

အဘူတံအဇာတံဟုတွာ
အသင်္ခတိအတ္ထိတံ။
ဟူ၍ မိန့်တော်မူလေသတည်း။ ။

ယံ၊ အကြင်နိဗ္ဗာန်ရတနာမြတ်ချမ်းသာသည်။ အဘူတံ အဇာတံ၊ ရှေးအခါက တရံတဆစ်မျှ မဖြစ်ဘူးသေးဘဲ။

ဟုတွေ့၊ ဤတခါတည်းသာ ဖြစ်ပေါ်လာ ပြီးသည်ဖြစ်၍။ အတ္ထိ၊ ဘယ်အခါမှ မပျောက် မပျက်တော့ဘဲ၊ အမြဲရှိနေ တည်နေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ဘယ်အခါမှမပျောက် မပျက်တော့ဘဲ၊ အမြဲရှိနေ-တည်နေ တတ်သည်၏ အဖြစ် ကြောင့်၊တာံ၊ထိုနိဗ္ဗာန်ရတနာ မြတ်ချမ်းသာသည်။ အစ္စုတံ၊ အစ္စုတမည်၏။ (ဤကား-နိဗ္ဗာန်ဆိုတာ ရုပ်နာမ်နှစ်ပါးမရှိ သဖြင့်၊ ပျောက်သွား–လေဖြစ်သွားသတဲ့၊ဘာမျှမရှိဘူးတဲ့၊ ဒို့များတော့ နိဗ္ဗာန်မရောက်ချင်ပါဘူး၊ ပျင်းရိစရာကြီး-စသည် ပြောသေ့ပြောထ ရှိကြကုန်သောသူတို့။ နိဗ္ဗာန်ဆို တာ ပျောက်သွား၊ လေဖြစ်သွားတာမျိုးမဟုတ်၊ အထင် အရှားရှိပါတယ်ဟု ယုံကြည်ကြစေခြင်းငှါ၊ သင္ခါယတန သံယုတ်အဋ္ဌကထာကို ကိုးကား၍ပြလိုက်ရပါသတည်း။)

တနည်း-နိဗ္ဗာန်ထင်ရှားရှိခြင်းအကြောင်းဆက်၍ပြပါဦးအံ့။

အတ္ထိဘိက္ခဝေ တဒါယတနံ၊
နေဝပထဝီ၊ နအာပေါ။
နတေဇော၊ နဝါယော (လ)
န စန္ဒိမသူရိယာ။ ။ ဥဒါန်းပါဠိတော်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ယတ္ထ၊ အကြင် ဘုံတည်ရာအာယတန၌။ နေဝပထဝီ၊ အခြားဘုံများကဲ့သို့ မြေကြီးလည်းမရှိ။ နအာပေါ၊ အခြားဘုံ များကဲ့သို့ ရေ လည်းမရှိ။ နတေဇော၊ အခြားဘုံများကဲ့သို့ မီးလည်းမရှိ။

နဝါယော၊ အခြားဘုံများကဲ့သို့-လေလည်းမရှိ(လ) နစနို့မ သူရိယာ၊ အခြားဘုံများကဲ့သို့၊ လရောင်, နေရောင်လည်း မရှိကုန်။ တဒါယတန်၊ ထို-မြေ ရေ လေ မီးလည်းမရှိ။ လရောင်,နေရောင်လည်း မထွန်းပြောင်၊ အမိုက်မှောင်လည်း မသန်း၊ပကတိကိုယ်တော်ရောင်အစွမ်းဖြင့်၊ အတုမရှိ ထွန်းပြောင်၍နေရာ၊ ထူးဆန်းလှစွာသောဘုံတည်ရာအာယတန တုမရှိသော မြိန်နန်းမသည်။ အတ္ထိ၊ နိဗ္ဗာန်သို့ စံဝင်သော ပုဂ္ဂိုလ်၏ တည်စံမွေ့လျော်ရာ ဖြစ်သောအားဖြင့်၊ ထင်ရှား မသွေ ရှိပေသေး၏။ ။

နိဗ္ဗာန်ဆိုတာ ခန္ဓာငါးပါး ရုပ်နာမ်တရား ကွယ်ပျောက်သွားသဖြင့်၊ ဘာချမရှိ၊ အကျိုးမပြီး အချိုးနှီး မဟုတ်။ ။ လူ့ဘုံ၊ နတ်ဘုံ များကဲ့သို့၊ မြေ-ရေ-လေ-မီး-လည်းမရှိ၊ လရောင် နေရောင်လည်း မထွန်းပြောင်၊ အမိုက်မှောင်လည်း မသန်း၊ ပကတိ ကိုယ်ရောင်၏ အစွမ်းအားဖြင့်၊ အတုမရှိ ထွန်းပြောင်၍နေရာ။ အလွန်ထူးဆန်းလှစွာသော၊ ဘုံတည်ရာ အာယတန၊ တုမရှိသော။ မြိန်နန်းမသည်၊ နိဗ္ဗာန်သို့ ဝင်တော်မူကြကုန်သော၊ ပုဂ္ဂိုလ်တို့၏ တည်စံမွေ့လျော်ဘွယ်ရာအားဖြင့် ထင်ရှားရှိ၍ နေသတည်း။ ။

အတ္ထိဘိက္ခဝေအဇာတံ၊ အဘူတံ။
အကတံ၊ အသင်္ခတံ။ ။ ဥဒါန်းပါဠိတော်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဇာတံ၊ ထင်ထင်ရှားရှား၊ ဥပါဒ်အားဖြင့်၊ သိသိသာသာဖြစ်၍ လာသော တရားမျိုးမှသာလျှင်။အတ္ထိ၊ထင်ရှားရှိသည်။ န မဟုတ်သေး။

အဇ္ဇာတံ၊ ဥပါဒ်အားဖြင့် ရုပ်ရင်းကြမ်းတမ်းစွာမဖြစ်၊ အလွန်နူးညံ့ သိမ်မွေ့စွာ ဖြစ်ပေါ်၍ လာသော နိဗ္ဗာန်ဟူသော တရားမျိုး တခု သည်လည်း။ အတ္ထိ၊ ဥပါဒ်အားဖြင့်၊ ဖြစ်ပေါ်၍ လာသော တရားများကဲ့သို့ပင်၊ ထင်ရှားရှိနေသေး၏။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဘူတံ၊ ဥပါဒ်အထည် ဖြပ်အားဖြင့်၊ ဖြစ်၍နေသော တရားမျိုးမှ သာလျှင်။ အတ္ထိ၊ ထင်ရှားရှိသည်။ နှ၊ မဟုတ်သေး၊ အဘူတံ၊ ပရမတ္ထ အားဖြင့်၊ ထင်ရှား ရှိပါသေးသည်။ အခြားပရမတ္ထတရားများထက်ပင်၊ အလွန်သျှင် သိမ်မွေ့စွာ ဖြစ်၍နေသော နိဗ္ဗာန်ဟူသော တရားမျိုး တခု သည်လည်း။ အတ္ထိ၊ ထင်ရှား ရှိနေပါသေး၏။ ဘိက္ခဝေ၊ ငါ၏ချစ်သားရဟန်း များတို့။ ကတံ၊ ပြုလုပ်၍ ဖြစ်သည့်အတိုင်း၊ ပြုလုပ်အပ်ပုံ နိမိတ်ပေါ်၍လာသော တရားမျိုးမှ သာလျှင်၊ အတ္ထိ၊ ထင်ရှားရှိသည်၊ နှ၊ မဟုတ်သေး။ အကတံ၊ ဒါန၊ သီလ စသော။ အကြောင်းတရားတို့ ပြုလုပ်၍ ဖြစ်ပေါ်လာသေးသည်။ ပြုလုပ်အပ်ပုံ အရိပ်အရောင်မပေါ်လာ၊ အလွန်သိမ်မွေ့စွာ ဖြစ်ပေါ်၍လာသော နိဗ္ဗာန်ဟူသော တရားမျိုး တခုသည်လည်း။ အတ္ထိ၊ ထင်ရှား ရှိပေသေး၏။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့၊ သင်္ခတံ၊ အကြောင်းများစွာ ပြုပြင်စီရင်နိုင်မှု၊ ဖြစ်လာရသည့်အတိုင်း။ အကြောင်းများစွာ ပြုပြင် စီရင်နိုင်မှု၊ ဖြစ်ပေါ်လာရသော။ သင်္ခတ တရားမျိုးမှ သာလျှင်၊ အတ္ထိ၊ ထင်ရှားရှိသည်။ နှ၊ မဟုတ်သေး။ အသင်္ခတံ၊ ဒါန,သီလ,စသော ပါရမီအကြောင်းများစွာ၊ ပြုပြင် စီရင်အပ်သည့်အတိုင်း။ ပြုပြင်စီရင်အပ်ပုံမပေါ်၊ သင်္ခတ

စော်မနံ့ သင်္ခတ ပုံဟန်နှင့် အလွန်ကွာဝေး၍ နေသော အလွန်နူးညံ့ သိမ်မွေ့သောတရားမျိုးတခုသည်လည်း။ အတ္ထိ၊ သင်္ခတ တရားမျိုး ကဲ့သို့ပင်၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ သေး၏။

ဤသို့ ဥဒါန်းပါဠိတော်၌ဟောတော်မူအပ်သည့် အတိုင်း နိဗ္ဗာန်ဟူသည်။ အခြားသော ပရမတ္ထတရားများ ထင်ရှားရှိသကဲ့သို့၊ ထင်ရှားဧကန် ရှိသည်မှန်၏။ ထိုသို့ပင် အခြားသော ပရမတ္ထ တရားများကဲ့သို့၊ နိဗ္ဗာန်တရား ထင်းရှားရှိ ငြားသော်လည်း။ အလွန်နူးညံ့ သိမ်မွေ့စွာ ဖြစ်၍လာသော ကြောင့်၊ ဖြစ်လာသော်လည်း၊ ဖြစ်လာမှန်း မသိရ။ ဒါန, သီလ,စသော အကြောင်းတရားတို့ ပြုပြင်အပ်သော်လည်း၊ ပြုပြင်အပ်ရာမထင်၊ ထိုသို့ထင်ထင်ရှားရှား၊ ဥပါဒ်အားဖြင့် ရုံ့ရင်းစွာမဖြစ်ပေါ်လာသည်ကိုရည်ရွယ်တော်မူ၍။ (အဇာတံ အဘူတံ) စသည်ဖြင့် ဟောတော်မူလေသည်။

နိဗ္ဗာန်ဆိုတာ၊ အလုံးရုံ ဘာတခုမျှ မဖြစ်ဟု ဆိုခဲ့လျှင်၊ နိဗ္ဗာန်ဆိုတာ။ ဘာမျှမရှိ ဧကံဖြစ်ရတော့မည်။ ထို့ကြောင့်- ဥပါဒ်ဖြစ်အားဖြင့်၊ အထင်အရှား ရုံ့ရင်းကြမ်းတမ်းစွာ မဖြစ် သည်ကိုသာ၊ ရည်ရွယ်တော်မူ၍။ (အဇာတံ) ဆိုသည်ဟု နေတ္တိအဋ္ဌကထာဆရာမိန့်မှာတော်မူသည့်အတိုင်း၊ နိဗ္ဗာန် ချမ်းသာဟူသည်။ ဥပါဒ်အားဖြင့်သာ ရုံ့ရင်း ကြမ်းတမ်းစွာ မဖြစ်လာသည်။ အလွန်နက်နဲသိမ်မွေ့စွာ ဖြစ်၍လာသော။ နိဗ္ဗာန်ရတနာမြတ်ချမ်းသာဘာ။ ဇော်မှချင့်၏ ဟူ၍မှတ် ။

ရုံ့ရင်းကြမ်းထမ်းသော၊ အတ္တဘောရှိသူ လူတို့ကိုယ်၌၊ နတ်ပူးဝင်လာသည့်အခါ၊ အပူးဝင်ခံရသူ လူကိုမြင်ရလျက်ပင်။ ပူးဝင်လာသည့် နတ် ကိုမူ မမြင်ရ ဝံ့သေး၏။ နတ်ကို နတ်ခြင်း ပူးဝင်သည့်အခါ၊ အဘယ်မှာလျှင်၊ ဆိုဘွယ်ရာရှိတော့အံ့နည်း။ နတ်နှစ်ယောက်လုံးကိုပင် မမြင်ရတော့ချေ။ ။ ထို့ကြောင့်- အချို့ အချို့သော မိစ္ဆာအယူ ရှိသသူတို့က၊ မိမိတို့ မမြင်ရသည့် တွက်တာကြောင့်။ ဤလောကမှာ၊ နတ်ဟူသည်မရှိဟုဆိုကြသကဲ့သို့၊ နတ်လျှင်နတ်ခြင်း။ ပူးဝင်သည်ထက် အဆအရာ အဆအထောင်မက။ ပိုလွန်၍ အသိခက်။ အမြင်ခက် လှစွာသော နိဗ္ဗာန်သို့၊ စံဝင်တော်မူပြီးသော ဘုရားရဟန္တာ။ ထိုဘုရား ရဟန္တာတို့၏ တည်နေရာ နိဗ္ဗာန်။ ယင်းနှစ်တန်လုံးပင် အလွန် နက်နဲသိမ်မွေ့၍ နေသည်ကို၊ ပညာမျက်စိမစွမ်းမသန်၊ အန္ဓပုထုဇဉ်တို့မသိ မမြင်နိုင်ကြသည့် အဘွက်ကြောင့်၊ နိဗ္ဗာန်ဆိုတာ ထင်ရှား မရှိ။ ရုပ်,နာမ်နှစ်ပါး မရှိပြား သဖြင့်၊ နိဗ္ဗာန် ရောက်သူတို့ လည်း အလုံပုံ ကွယ်ပျောက် ပြတ်တောက် အကျိုးမပြီး အချိုးနှိုးဘာမျှမရှိသည်အဖြစ်သို့သာ။ရောက်၍သွားလေတော့ သည်၊ ဒိုမျှား နိဗ္ဗာန်မရောက်ချင်ပါဘူးဟု အယူမှောက်မှား ပြောကြားမိတတ်ကြ လေသည်။ ထိုကဲ့သို့ မမှောက်မှားကြ ရအောင် အသူးအားဖြင့်၊ သတိ ဆောင်နိုင်ကြ ပါစေကုန် သတည်း။ ။

နတ်ကို နတ်ခြင်း ပူးဝင်ရာ၌ဘား။ ။ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ် လက်ထက်တော်က၊ တာဝတိံသာ

နတ်ပြည်ကနတ်သားတယောက်သည်။မြတ်စွာဘုရားအား။ တခုသောစကားဖြင့်၊ လျှောက်ထားနေခြဝယ်၊ ဝဿဝတ္တိ နတ်ပြည်က။ မာရ်နတ်မင်းသည်။ မြတ်စွာဘုရားအား၊ တခုသောစကား လျှောက်ထားနေသော။ တာဝတိံသာ နတ်သား၌ လာပူးတဲ့ပြီး၊ စကားမမှန် ကမောက်ကမ ဟိုရောက် သည်ရောက်၊ အရူးအနှမ်း စကားကြမ်းဖြင့်။ မြတ်စွာဘုရား အား လျှောက်ထားစေသည်ဟု သဂါထာဝဂ္ဂ သံယုတ် ပါ ဠိတော်၌ လာသေးသည်။ ။

ဤဥပမာ၌။ အပူးဝင်ခံရသောတာဝတိံသာ နတ်သား နှင့် နိဗ္ဗာန်နှင့် တူသည်ဟု မှတ်လေ။ ။ထိုတာဝတိံသာ နတ်သား၌ ပူးဝင်လာသော မာရ်နတ်မင်းနှင့် နိဗ္ဗာန်၌ တည် နေ စံနေသော။ ဘုရားရဟန္တာတို့နှင့်တူသည်ဟု မှတ်လေ။ ဤကဲ့သို့၊ နတ်ကို နတ်ခြင်း ပူးဝင်ရာ၌၊ အပူးဝင် ခံရသော တာဝတိံသာ နတ်သားနှင့် ပူးဝင်လာသော မာရ်နတ်။ ထို နတ်နှစ်ယောက်လုံးပင်အထင်အရှားရှိပါလျက်၊ ပကတိ လူ တို့၏ မျက်စိဖြင့် မမြင်ရ တုံသေး၏။ နိဗ္ဗာန်နှင့် ထိုနိဗ္ဗာန်၌ တည်နေစံနေတော်မူသော၊ ဘုရားရဟန္တာပုဂ္ဂိုလ်တို့အား။ ပုထုဇဉ်တို့၏ ပကတိမျက်စိဖြင့်၊ အဘယ်မှာသျှင် မြင်နိုင်ပါ တုံအံ့နည်း။ ။ထိုသို့ မိမိတို့၏ ပကတိသော မျက်စိဖြင့် မ မြင်ကာမျှနှင့်ပင်။ နိဗ္ဗာန်မရှိ။ နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ် လည်း မရှိဟု မယူသကြပါနှင့်၊ နိဗ္ဗာန်ရှိ၏၊ ထိုနိဗ္ဗာန်၌၊ နိဗ္ဗာန်ချမ်းသာ ခံစား၍နေသော ပုဂ္ဂိုလ်များလည်း ပရမတ္ထ

အားဖြင့်ရှိအထင်အရှား၍ဟု ကောင်းကောင်းကြီး သတိပြု နိုင်ကြပါစေကုန်သတည်း ။

## မိလိန္ဒမင်းကြီးနှင့်ရှင်နာဂသိန်မထေရ်တို့နိဗ္ဗာန်အကြောင်း မေးခန်း-ဖြေခန်း။

ဘန္တေနာဂသေန အတ္ထိ၊ သော ပဒေသော။
ပုရတ္ထိမာယ ဝါ ဒိသာယ၊ ဒက္ခိဏာယ ဝါ ဒိသာယ။
ပစ္ဆိမာယ ဝါ ဒိသာယ၊ ဥတ္တရာယ ဝါ ဒိသာယ။
ဥဒ္ဓံ အဓော တိရိယံ ဝါ ယတ္ထ နိဗ္ဗာနံ သန္နိဟိတံ
ဟောတီတိ။ ။

ဘန္တေနာဂသေန၊ အရှင်နာဂသိန်ဟူ၊ ကျော်ဇုန် သတင်း ပျံ့နှံ့ခြင်းရှိတော်မူသောအရှင်ဘုရား။ ယတ္ထ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္နိဟိတံ၊ စုဝေး၍တည် နေသည်။ ဟောတိ၊ ဖြစ်၏။ သော ပဒေသော၊ ထိုနိဗ္ဗာန် စုဝေး၍ တည်နေရာအရပ်သည်။ ဝါ၊ နိဗ္ဗာန်ရှိသူမပေါ်လာ ခင်။ ထိုနိဗ္ဗာန်ရသူ ရောက်စရာ၊ စံစားစရာ ဖြစ်နေနိုင်သော နိဗ္ဗာန်တည်ရာအရပ်ဟူသည့်။ ပုရတ္ထိမာယ ဝါ ဒိသာယ၊ အရှေ့အရပ်၌သော်လည်း။ အတ္ထိ၊ ရှိပါသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်။ ဒက္ခိဏာယ ဝါ ဒိသာယ၊ တောင်အရပ်၌ သော်လည်း။ အတ္ထိ၊ ရှိပါသလော၊ ဥဒါဟု၊ ထိုသို့မဟုတ်၊ ပစ္ဆိမာယ ဝါ ဒိသာယ၊ အနောက် အရပ်၌ သော်လည်း။ အတ္ထိ၊ ရှိပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဥတ္တရာယ ဝါ

ဒိသာသ။ မြောက်အရပ်၌သော်လည်း အတ္ထိ၊ ရှိပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ်၊ ဥဒ္ဓံ ဝါ၊ အထက်အကောင်းကင်အရပ်၌ သော်လည်း။ အတ္ထိ၊ ရှိပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ်၊ အဓော ဝါ၊ အောက်မြေကြီးထဲ အရပ်၌သော်လည်း။ အတ္ထိ၊ ရှိပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ တိရိယံ ဝါ၊ ဖီလာအရပ်၌သော်လည်း၊ အတ္ထိ၊ ရှိပါသလော။ ဣတိ၊ ဤသို့၊ ရာဇာ။ မိလိန္ဒ မင်းကြီးသည်။ ပုစ္ဆိ၊ မေးလျှောက်လေပြီ။ ။

အဓိပ္ပါယ်သော်ကား၊ မိလိန္ဒမင်းကြီးသည်၊ အရှင်နာဂသိန် ရဟန္တာကိုယ်တော်မြတ်အား လျှောက်ထားသည်မှာ။ အရှင်ဘုရား။ နိဗ္ဗာန် ကို ရသူ-ရောက်သူ ပုဂ္ဂိုလ်ဖြူတို့၊ အဆင်သင့်တည်နေရာ၊ စံစားနေရာ အလိုအလျှောက်ဘာသာဖြစ်နေနှင့်သော နိဗ္ဗာန်တည်ရာအရပ်သည်။ အရှေ့-အနောက် တောင်-မြောက်၊ အထက်-အောက် ဟုဆိုအပ်သော အရပ်တို့တွင်၊ အဘယ်အရပ်တို့တွင် အဘယ်အရပ်၌ ရှိပါသနည်းဟု လျှောက်ထားလေသည်။ ။

ထိုသို့ မိလိန္ဒမင်းကြီး က လျှောက်ထားသောခါ။ အရှင်နာဂသိန်မထေရ်က၊ မိန့်တော်မူသည်မှာ၊ မြတ်သော မင်းကြီး၊ နိဗ္ဗာန်ကို ရသူ-ရောက်သူ ပုဂ္ဂိုလ်ဖြူတို့ ပေါ်သော၊ အဆင်သင့် တည်နေရာ စံစားရာ၊ အလိုအလျှောက်ဘာသာ ဖြစ်နေနှင့်သော နိဗ္ဗာန်တည်းရာအရပ်မည်သည်။ ဘယ်နေရာ၊ ဘယ်ဌာနဟု သီးခြားမရှိဟု မိန့်တော်မူလေသည်၊ မိလိန္ဒ မင်းကြီးက လျှောက်ထားပြန်သည်မှာ၊ ဒါဖြင့်-အရှင်ဘုရား၊ ဘယ်နေရာ ဘယ်ဌာနဟု နိဗ္ဗာန်သီးခြားမရှိခဲ့လျှင်၊

နိဗ္ဗာန်ဆိုတာ လူတို့ပါးစပ်ဖျားမှာသာရှိနေတယ်။ တကယ်အစစ်ဆိုတော့နိဗ္ဗာန်မရှိပါတကား။ နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ် ပြုတယ်နှင့်လူတို့ပါးစပ်ဖျားမှာသာစကားရှိနေတယ်။ ထိုစကားဟာ အမှားသာလျှင်ဖြစ်ခဲ့၏။ ဘာကြောင့်ဆိုသော် လောက၌ စပါးရှိသဖြင့်။ ထိုစပါး၏ တည်ရာ လယ်သည်။ အထင်အရှား ရှိခဲ့၏။ သင်းပြန့် မွှေးကြိုင် ကြူကြူလှိုင်သော အမွှေးရနံ့ရှိသဖြင့်၊ ထိုအမွှေးရနံ့တို့၏တည်ရာပန်းတို့သည်။ အထင်အရှား ရှိခဲ့၏။ သရက်-ပိန္နဲ၊ ဒူးရင်း ဩဇာ-မာလကာ စသော သစ်သီးတို့ရှိသဖြင့်။ ထိုသစ်သီးတို့၏တည်ရာ သစ်ပင်တို့သည်အထင်အရှားရှိခဲ့၏။ ပတ္တမြားကျောက်သံ၊ ရွှေ-ငွေရတနာတို့ရှိသဖြင့်၊ ထိုပတ္တမြားကျောက်သံ-ရွှေ ငွေ ရတနာတို့၏ တည်နေရာပင်လယ်သမုဒ္ဒရာကြီးကား။ အထင်အရှားရှိခဲ့၏။ ။

ထို့အတူ နိဗ္ဗာန်သည်လည်း။ အကယ်စင်စစ် ရှိသည့်မှန်ပါက ထိုနိဗ္ဗာန်၏ တည်ရာအရပ်သည်လည်း။ ထင်ရှား ရှိရမည်မှန်၏။ ယခုမူကား။ နိဗ္ဗာန်-နိဗ္ဗာန်နှင့်၊ လူတို့ပါးစပ်ဖျားမှာ၊ စကားသာရှိ၏၊ အထင်အရှား ကားမရှိ။ နိဗ္ဗာန်ကို မျက်မှောက် ပြုတယ် ပြုတယ် နှင့် လူတို့ ပါးစပ် ဖျားမှာ စကားသာရှိ၏၊ ထိုစကားဟာလည်း အမှားသာဖြစ်ခဲ့၏။ ဟု မိလိန္ဒမင်းကြီးက လျှောက်ထားသောအခါဝယ်၊ ။ အရှင်နာဂသိန်မထေရ်မြတ်က၊ ပြန်၍မိန့်တော်မူသည်မှာ။ မြတ်သောမင်းကြီး နိဗ္ဗာန် တည်ရာ အရပ်သည်။ ဘယ်နေရာ ဘယ်ဌာနဟုထင်ထင်ရှားရှား ပြစရာမရှိ၊ သို့မရှိလင့်ကစား။

ထိုနိဗ္ဗာန်ကား ထင်ရှားဧကန် ရှိသည်မှန်၏။ ဒါန၊ သီလ၊ ဘာဝနာ စသည်တို့ကို၊ လွန်စွာ ကြိုးကုတ် အားထုတ်ခြင်း ရှိသည်ဖြစ်၍။ ခန္ဓာငါးပါး ချုပ်နှာ်မ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘာဝကို အမြဲမပြတ် ရှုလေ့ ရှိသော သူသည်။ ၎င်းနိဗ္ဗာန်ကိုမျက်မှောက်ထင်ထင်တွေ့မြင်ရ၏ဟုမိန့်တော်မူ၏။

(လိုရင်း အဓိပ္ပါယ်ကား၊ ၊ရဟန္တာအဖြစ်သို့ ရောက်သောအခါ။ ပရိနိဗ္ဗာန် မပြုသေးခင်၊ ၎င်းရဟန္တာပုဂ္ဂိုလ်သည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တည်းဟူသော။ ပညာမျက်စိဖြင့်၊ နိဗ္ဗာန်ကိုမြင်ရလေ၏။ နောင်ပရိနိဗ္ဗာန် ပြုသောအခါကျမှသာ၎င်း။ မြင်ရသောနိဗ္ဗာန်ရတနာ မြတ်ချမ်းသာကို။ ခံစားစံစား၍နေသည်ဟုမှတ်။)

လောက၌ သူငါကအစ အသုံးပြု၍နေကြသော မီးသည်။ ထင်ရှားရှိကြောင်း လူတိုင်းပင် သိကြ၏။ ထိုသို့ပင် ၎င်းမီး ထင်ရှား ရှိကြောင်း သိကြသော်လည်း။ ထိုမီးမမွေးရသေးခင်၊ မီးဖြစ်အောင်မလုပ်ရသေးခင်၊ ထိုမီးဘယ်နေရာ ဘယ်ဌာနမှာရှိလေရဲ့ဟု၊ မီး၏တည်ရာမရှိသဖြင့်၊ ထင်ထင် ရှားရှားမပြနိုင်။ မီးခံနှင့်မီးပွတ် ၎င်းနှစ်ခုလုံး ထိလိုက် ပွတ်လိုက်မှသာလျှင်၊ မီးဖြစ်ပေါ်လာသကဲ့သို့။ ထို့အတူ နိဗ္ဗာန်သည်လည်း ထင်ရှားဧကန်ရှိသည်မှန်၏။ ထိုသို့ပင်နိဗ္ဗာန်ထင်ရှားသော်လည်း။ (ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်)မပေါ်လာခင်၊ထိုနိဗ္ဗာန်ဘယ်နေရာ ဘယ်ဌာနမှာရှိလေရဲ့ဟု နိဗ္ဗာန် တည်ရာကာ ထင်ရှားမရှိသဖြင့် မပြနိုင်။ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်တို့

ပေါ်လာမှသာလျှင်၊ ၎င်းနိဗ္ဗာန်ဝင်သူပုဂ္ဂိုလ်မြတ်တို့ခံစားစံစား စရာ ဖြစ်ပေါ်လာလေသည်။

ဥပမာတနည်းသော်ကား။

စကြာမင်း၌၊ စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သားကြီးရတနာ ဟုဆို အပ်သော ရတနာ ခုနစ်ပါးတို့သည် ရှိကုန်၏၊ ထိုသို့ပင် ရှိ လင့်ကစား။ စကြာမင်းကြီးဖြစ်မည့်သူ၊ စကြာမင်းလောင်း မပေါ်သေးခင်၊ ၎င်းစကြာမင်း ပေါ်လာသောအခါ၊ သုံးဆောင် ခံစားစံစားစရာ၊ ရတနာခုနစ်ပါးဟူ၍၊ သူ့နေရာနှင့်သူ အသီး အခြား အစဉ်ထာဝရ ဖြစ်နေနှင့်သော၊ ရတနာခုနစ်ပါးတည် ရာ အရပ်မည်သည် မရှိ။ စကြာရတနာစသည် ပေါ်လာရာ ပေါ်လာကြောင်း ဥပုသ်သီတင်း စောင့်သုံးခြင်းစသော အ ကျင့်ကောင်းတို့ကို အားထုတ်သော အခါကျမှသာ၊ ၎င်းအ ကျင့် သီလ အာစရ တို့၏ အစွမ်း သတ္တိကြောင့်၊ စကြာ မင်းသုံးဆောင် ခံစားစံစားစရာ ရတနာခုနစ်ပါးတို့သည်။ အ သီးအသီးဖြစ်ပေါ်လာရသကဲ့သို့။ ထို့အတူ။ ပရိနိဗ္ဗာန် စံ တော်မူကြသော ပုဂ္ဂိုလ်တို့၌ နိဗ္ဗာန်ရှိ၏။ ထိုသို့ရှိလင့်ကစား။ ထိုပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်မစံခင်ကပင်။ ပရိနိဗ္ဗာန်စံလာသော ခါ အဆင်သင့် သုံးဆောင် ခံစား စံစား စရာ နိဗ္ဗာန်ဟူ၍ သူ့ နေရာနှင့်သူ။ အသီး အခြား အစဉ်ထာဝရ ဖြစ်နေနှင့်သော နိဗ္ဗာန်တည်ရာအရပ်မည်သည်မရှိ။ နိဗ္ဗာန်ကို မျက်မှောက်

ပြုရာပြုကြောင်းဖြစ်သော။ ဒါန၊ သီလ၊ ဘာဝနာ စသော၊ အကျင့်ကောင်းတို့ကို၊ လွန်စွာကြိုးကုတ် အားထုတ်မှသာလျှင်၊ ၎င်းအကျင့်သီလ အာစရတို့၏ အစွမ်းသတ္တိကြောင့်၊ ရဟန္တာအဖြစ်သို့ရောက်သွားသဖြင့်၊ ၎င်းရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်သို့ဝင်သောအခါ၊ ထိုပုဂ္ဂိုလ် ခံစားစံစား စရာ နိဗ္ဗာန်ရတနာ အဆင်သင့် ပေါ်လာလေသည် ဟု ရှင်နာဂသိန်မထေရ်မိန့်တော်မူသောအခါကျမှ၊ မိလိန္ဒမင်းကြီးသဘောတော်အလွန်ကျ၍သွားသတည်း။ ။

ဤမိလိန္ဒပဉှာ၌။ မီးခဲနှင့်မီးပွတ်ကိုမပွတ်မီ မီးမရှိသေး။ မီးခဲနှင့် မီးပွတ်ကို၊ ပွတ်လိုက်သောအခါကျမှ မီးပေါ်လာရသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်ရောက်မည့်သူ ပုဂ္ဂိုလ်မပေါ်လာသေးခင်၊ ရှေးဦးစွာကြိုတင်၍ဖြစ်နေသော နိဗ္ဗာန်ဟူသည်မရှိ၊ ဒါန၊ သီလ၊ ဘာဝနာ စသော အကျင့်ကောင်း တို့ကို လွန်စွာ ကြိုးကုတ် အားထုတ်မှသာလျှင်၊ ထိုအကျင့်သီလ။ အာစာရတို့၏ အစွမ်းသတ္တိကြောင့် အရိယာအဖြစ်သို့ရောက်လတ္တံ့။ ခံစားစံစားရလတ္တံ့သော နိဗ္ဗာန်ကို၊ အဝေးကလှမ်း၍မြော်တမ်းနှိုင်းအံ့ဂုံပြုနိုင်ပြီးလျှင်၊ ရဟန္တာဖြစ်၍ပရိနိဗ္ဗာန်ပြုပြီးသောအခါကျမှသာ၊ ၎င်းနိဗ္ဗာန်ရတနာ ထင်ထင်ရှားရှားပေါ်လာ၍ထိုပေါ်လာသောနိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီးကို၊ ထိုပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့ မအိုမသေ အမြဲနေ၍ ခံစားစံစားရသည်ဟူသော အဓိပ္ပါယ်ကို၎င်း။ ။စကြာမင်းကြီး ဖြစ်မည့်သူ မပေါ်လာခင်၊ ရှေးဦးစွာကြိုတင်၍ ဖြစ်နေနှင့်သော စကြာရတနာ ဟူသည် မရှိ။

ရံဖန်ရံခါ၊ မိုးရွာစသော မောင်းမဲသံ အပေါင်းတို့ကိုရွံ၍ ဆိပ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး စကြာမင်း ဖြစ်ကြောင်း နဝင်္ဂ ဥပုသ်သီတင်းစောင့်သုံးခြင်း စသော။ အကျင့်ကောင်း တို့ကို၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့သော၊ ၎င်းစကြာမင်း လောင်း အထံသို့ အရှေ့လောကဓါတ် ရူးရူးမှ အကန့် တထောင်ရှိသော။ စကြာရတနာပေါ်လာ၍ မိမိထံရောက်လာသော စကြာရတနာကို၊ ထိုစကြာမင်းစီးနင်း၍၊ စကြာမင်း တို့၏စည်းစိမ်ကိုခံစား-စံစားရသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်ရမည့်သူ ရောက်မည့်သူ၊ မပေါ်လာသေးခင်၊ ရှေးဦးစွာ ကြိုတင်၍ ဖြစ်နေနှင့်သော နိဗ္ဗာန်ဟူသည် မရှိ။ ဒါန၊ သီလ စသော ပါရမီတို့ကို၊ ဖြည့်ကျင့်မှသာ။ ၎င်းပါရမီတို့ ဖြည့်စုံသဖြင့်၊ ရဟန္တာအဖြစ်သို့ရောက်ပြီးသည်နောက်။ ပရိနိဗ္ဗာန် စံခြင်းသို့ ရောက်သည့်အခါ ကျမှသာ။ ထိုနိဗ္ဗာန်ဝင်သော ရဟန္တာ ပုဂ္ဂိုလ် ခံစားစံစားစရာ၊ နိဗ္ဗာန်ရတနာ မြတ်ချမ်းသာ ပေါ်လာသည် ဟူသော အဓိပ္ပါယ်ကို ၎င်း။ ကောင်း ကောင်းကြီးသတိပြုမိကြပါစေကုန်သတည်း။ ။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ဣတိဝုတ်ပါဠိတော်ဖြင့်၊ နိဗ္ဗာန်၏ သရုပ်သဘောနှင့်တကွ၊ နိဗ္ဗာန် ဖြစ်ပေါ်လာသည့်အခါကို ဟောတော်မူသည်။ ။ ဥဒါန်း ပါဠိတော်ဖြင့် နိဗ္ဗာန် ဆိုတာ ဥပါဒ်အားဖြင့်သာ။ ထင်ထင်ရှားရှား ရုံ့ရင်း ကြမ်းထမ်းစွာသာ မဖြစ်ပေါ်လာသည်။ ထကာယ်စင်စစ်မှာကား။ ငြိမ်းအေးခြင်း သဘောအားဖြင့် အလွန် သိမ်သိမ်မွေ့မွေ့ ဖြစ်

ပေါ်လာသဖြင့်၊ စင်စစ်ဧကန် အမှန်ထင်ရှား ရှိသည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ကွယ်ပျောက် ချုပ်ငြိမ်းရုပ်သိမ်း၍ သွားခြင်းကိုသာ နိဗ္ဗာန် ဆိုသည်မဟုတ်၊ ပျောက်၍သွားရခြင်း၊ဘာမျှမရှိခြင်းကိုသာ နိဗ္ဗာန်ခသည်ဆိုသည် မဟုတ်ဟူ၍ ဟောတော်မူလေသည်။ ။ဤမိလိန္ဒပဉှာဖြင့် နိဗ္ဗာန်ထင်ရှားရှိ၏ဟုဆိုသော်လည်း၊ နိဗ္ဗာန်ရောက်မည့်သူ မပေါ်လာခင်၊ ရှေးဦးစွာကြိုတင်၍ ဖြစ်နေနှင့်သော နိဗ္ဗာန်မည်သည်မရှိ၊ နိဗ္ဗာန်သို့ရောက်မည့်သူ ပေါ်လာမှ၊ ၎င်းနိဗ္ဗာန်ထင်ထင် ရှားရှား ဖြစ်ပေါ်လာသည် ဟူသော အနက်ကို၊ အရှင်နာဂသိန်မထေရ်ပြတော်မူသဖြင့်။ ဤဆိုအပ်ခဲ့ပြီးသော ဣတိဝုတ်ပါဠိတော်၊ ဥဒါန်းပါဠိတော်၊ မိလိန္ဒပဉှာဟု ဆိုအပ်သော စကားရပ်၊ သုံးရပ်တို့ကို ဖန်ကြိမ်ကြိမ် အထပ်ထပ် ကြံစည်စဉ်းစား နှစ်လုံးထားမိပါက ၎င်းနိဗ္ဗာန်၏ သဘောကို ကောင်းကောင်းကြီးသိကြပါလိမ့်လတ္တံ့။ ။

နိဗ္ဗာန်၏ အလွန်နူးညံ့သိမ်မွေ့စွာ ဖြစ်လာပုံ။

သန္တိလက္ခဏံ နိဗ္ဗာနံ
အစ္စုတိရသံ၊အဿာသ
ကရဏရသံဝါ၊အနိမိတ္တ
ပစ္စုပဋ္ဌာနံ၊
သမ္မောဟဝိနောဒနီအဋ္ဌကထာ။

နိဗ္ဗာနံ၊ အသင်္ခတဓါတ်။ ထူးမြတ်လှသည့်၊နိဗ္ဗာန်တရားတော်မြတ်ကြီးသည်၊ သန္တိလက္ခဏံ၊ ဟောဘကာ ကင်း

ကွာ၊ ရန်တကာ ရှောင်ကွင်း၊ ကိလေသာ ရန်ခပင်းတို့၏ မခြင်းကပ် မလှုပ်ရှားနိုင်သဖြင့်၊ လွန်စွာငြိမ်သက်ခြင်း။ တဆဲ တသိမ်း မီးအပေါင်းတို့မှ၊ ငြိမ်းခြင်း လက္ခဏာရှိတော်မူပါပေ၏။ နိဗ္ဗာန်၊ အသင်္ခတဓါတ်၊ ထူးမြတ်လှသည့် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်။အစ္စုတိရသ၊ယင်းသို့ငြိမ်သက်ခြင်း၊ငြိမ်းခြင်းသဘောမှ ဘယ်အခါမှ မရွေ့ မပြောင်း၊အမြဲကောင်းကောင်းကြီးတည်နေရခြင်းစည်းစိမ်ရှိသော်မူပါပေ၏။ ဝါ။ တနည်းကား။ နိဗ္ဗာန်၊ အသင်္ခတဓါတ်၊ ထူးမြတ်လှသည့်၊ နိဗ္ဗာန်တရားတော်မြတ်ကြီးသည်။ အဿာသကရဏရသံ။ မိမိဟုဆိုအပ်သောနိဗ္ဗာန်သို့၊ တည်လာ ရောက်လာသူ၊ ပုဂ္ဂိုလ်ပြုတို့အား၊ ဘေးပေါင်းကင်းစင်၊ ရန်မျိုးကြည်ကွာ၊ ချမ်းသာရဆောင်၊ ပြုပြင်နိုင်ခြင်း ကိစ္စရှိတော်မူပါပေ၏။ ။

နိဗ္ဗာန်၊ အသင်္ခတဓါတ် ထူးမြတ်လှသည့် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်၊ အနိမိတ္တပစ္စုပဋ္ဌာန်၊ သင်္ခါရ သင်္ခတ တရားတို့ထဲမှ၊ ဘောက်ခွဲ၍ထွက်လာရပါလျက်၊ ၎င်းသင်္ခါရ သင်္ခတ အရိပ်နိမိတ်တို့ အနည်းငယ်မျှ မထင်မပေါ်ရခြင်းလျှင်၊ အခြင်းအရာရှိသော်မူပါပေ၏။ ။

နိဗ္ဗာန်တရားတော်ကြီးသည်၊ ဒါန၊ သီလ၊ ဘာဝနာ စသော ပါရမီအကြောင်းများစွာ တို့ကြောင့် ဖြစ်ပေါ် လာသော်လည်း၊ ၎င်းဒါန သီလ ဘာဝနာ စသော ပါရမီအကြောင်းများစွာ တို့ကြောင့်၊ နိဗ္ဗာန် တရားတော်ကြီး ဖြစ်လာရပုံ၊ ဖြစ်လာရဟန် အကြောင်း အရိပ်နိမိတ်၊ အနည်း

ငယ်မျှ မပေါ်မထွက်ရ။ မိမိဟုဆိုအပ်သော နိဗ္ဗာန်တရားတော်ကြီးသည်၊ ထင်ရှား ရှိပင် ရှိနေပါသော်လည်း ၎င်းနိဗ္ဗာန်တရားတော်ကြီးသည် အလွန်နူးညံ့ သိမ်မွေ့လှသဖြင့်၊ ထင်ရှားရှိနေပုံ၊ အရိပ်အရောင် အနည်းငယ်မျှ မပေါ်ပေ။ ၎င်းနိဗ္ဗာန်တရားတော်ကြီးသည်၊ အလွန် ငြိမ်းခြင်း၊ ချမ်းသာခြင်းသဘောအားဖြင့်၊ နိဗ္ဗာန်သို့ရောက်လာသူ ပုဂ္ဂိုလ်ဖြူတို့၏။ ဝါ။ နိဗ္ဗာန်သို့ တည်လာ စံလာသူပုဂ္ဂိုလ်ဖြူတို့၏ တည်ရာဌာနကဲ့သို့ ဖြစ်လာပါသော်လည်း၊ အလွန်နူးညံ့ သိမ်မွေ့စွာ ဖြစ်လာသဖြင့်၊ ၎င်းနိဗ္ဗာန်၏ နူးနူး ညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဖြစ်လာပုံ၊ ဥပါဒ်ဟူသော ဇာတအရိပ် နိမိတ် အနည်းငယ်မျှမပေါ်။ ။၎င်းနိဗ္ဗာန်တရားတော်ကြီးသည်။ ငြိမ်းခြင်း၊ ချမ်းသာခြင်းသဘောအားဖြင့်၊ အမြဲသဿတဖြစ်၍ တည်နေပါသော်လည်း။ ၎င်းနိဗ္ဗာန် တရားတော်ကြီးကို၊ လွန်စွာ အသိရခက်၊ အမြင်ရ ခက်ခဲနေ သဖြင့်၊ ၎င်းနိဗ္ဗာန်တရားတော်ကြီး အမြဲတည်နေပုံ၊ တည်နေဟန် သဿတ အရိပ် နိမိတ် အနည်းငယ်မျှ မပေါ်ရ။ ။၎င်းနိဗ္ဗာန်တရားတော်ကြီးသည်။ မိမိဟုဆိုအပ်သောနိဗ္ဗာန်သို့ တည်လာရောက်လာသူ ပုဂ္ဂိုလ်ဖြူတို့အား၊ အလွန့်အလွန် ချမ်းသာအောင် ပြုပါလျက်လည်း၊ ထိုသို့ ချမ်းသာအောင်ပြုပုံ။ လွန်စွာ နူးညံ့ သိမ်မွေ့နေသဖြင့်၊ ၎င်းနိဗ္ဗာန်၌ လွန်စွာ ချမ်းသာ၍နေရပုံ။ သုခအရိပ်နိမိတ် အနည်းငယ်မျှ မပေါ်လာ။ ။၎င်းနိဗ္ဗာန်တရားတော်ကြီးသည်။ မိမိဟု ဆိုအပ်သောနိဗ္ဗာန်သို့ တည်လာရောက်လာသူ ပုဂ္ဂိုလ်ဖြူတို့အား။ တသဲ့ တ

သီးဒိုးဟူသမျှ မလောင်ကျွမ်းရအောင်၊ စောင့်ရှောက်ခြင်း တဍဏာသဘော ရှိနေသော်ငြား၊ ထိုနိဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်ဖြူတို့အား။ ဘေးအပေါင်းတို့မှ လွတ်ရာ လွတ်ကြောင်း ပုန်းအောင်းရာ လေဏာသဘောရှိနေသော်ငြား၊ ထိုနိဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်ဖြူတို့၏။ လည်းလျောင်း ခိုကိုး၍နေရာ ပရာယန သဘောနှင့်၍ နေသော်ငြား၊ ဤကဲ့သို့ နိဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်ဖြူတို့အား။ တခဲ တသီးဒိုးဟူသမျှ မလောင်ကျွမ်း ရအောင် စောင့်ရှောက် ခြင်း၏ငြား၊ နိဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်ဖြူတို့၏ဘေး အပေါင်းတို့မှ လွတ်ရာလွတ်ကြောင်း ပုန်းအောင်းရာ ဖြစ်ခြင်း၏ငြား။ ဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်ဖြူတို့၏ လည်းလျောင်းခိုကိုး၍ နေရာ ဖြစ်ခြင်း၏ ငြား။ လွန်စွာ အသိခက်၍ သိမ်မွေ့လှပါ၏။ ထိုသို့ လွန်စွာအသိခက်၍ သိမ်မွေ့နေသောကြောင့်၊ လူတို့ကိုယ်၌ကိုယ်စောင့်နတ် ထင်ရှားရှိလျက်ပင် ၎င်းကိုယ်စောင့်နတ် ထင်ရှား ရှိနေပုံ၊ အရိပ် နိမိတ် အနည်းငယ်မျှ၊ မပေါ်လာရ သကဲ့သို့။ ၎င်းနိဗ္ဗာန် တရားတော် ကြီးသည်လည်း၊ မိမိဟုဆိုအပ်သော နိဗ္ဗာန်သို့ဝင်လာစံလာသူ ပုဂ္ဂိုလ်ဖြူတို့အား။ စောင့်ရှောက်နေပုံ၊ စောင့်ရှောက်နေဟန် အရိပ် နိမိတ် အနည်းငယ်မျှ မထွက် မပေါ်လာ။ ဤသို့ စင်ကလောက် နူးညံ့ သိမ်မွေ့စွာ ဖြစ်နေခြင်းကို ပင်လျှင်၊ နိဗ္ဗာန်တည်းဟု မှတ်တော်မူ၊ သိတော်မူကြပါစေကုန်သတည်း။

(ဤပြဆိုခဲ့ပြီးသော အဓိပ္ပါယ်စကားရပ်များသည်။ အလွန်နက်နဲ ခက်ခဲ လှပါသဖြင့်၊ ပညာ ကြီးကျယ်သော တိက္ခပုဂ္ဂိုလ်တို့ တခေါက်တခါ ကြည့်ရှုကာမျှနှင့်၊ နားလည်ကြ

သော်လည်း၊ ပညာနုံ့သော မန္ဒပုဂ္ဂိုလ်များသည်။ တခေါက် တခါကြည့်ရှုကာမျှနှင့် နားမလည်ပါ။ သမာဓိ ထူထောင်၍၊ ထပ်ခါထပ်ခါ ကြည့်ရှုတော်မူကြပါ။ နားလည် လာပါလိမ့်မည်။ သို့ဖြစ်၍ နားမလည်နိုင်သော အရာဌာန တွေ့ရှိပါက၊ ထပ်ခါ ထပ်ခါ ကြည့်ရှုတော် မူကြပါ၊ တဖြည်းဖြည်းနားလည်လာပါလိမ့်မည်။ ၎င်းနိဗ္ဗာန်နှင့် ကြောင်းတို့ထက် အဆပေါင်းများစွာ ပိုလွန်၍ ဆသိခက်သော အရာဌာနတွေ များများစွာ ရှိပါသေး၏။ ထိုအလွန်အသိခက်သော နိဗ္ဗာန် အကြောင်းခြင်းရာတွေ၊ ထည့်စွက်၍ ရေးသား ထားပါက၊ ပညာ နုံ့သော မန္ဒ ပုဂ္ဂိုလ်တို့ သဘောမပေါက်နိုင်သဖြင့်၊ စာကြည့်ရှုရခြင်း၌ ပျင်းရိသွားမည်စိုးသောကြောင့်၊ အလွန်အလွန်အသိခက်၍နက်နဲလှစွာသော နိဗ္ဗာန်အကြောင်းခြင်းရာတွေကို။ ထည့်စွက်၍ မရေးလိုက်ပါသတည်း။ (ဤကား-ဆရာဦးချစ်တင်၏ အမှာစကားတည်း။)

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော၊ သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်အညီ နတ်ဗြဟ္မာတို့၏ ကိုယ်ခန္ဓာသည်၊ ထင်ရှား ရှိပါလျက်၊ အလွန် နူးညံ့ သိမ်မွေ့ နေသည် ဖြစ်၍၊ ထိုနတ်ဗြဟ္မာတို့၏ ကိုယ်ခန္ဓာကို၊ သိတို့ မြင်တို့ရာ။ ၎င်းရုပ် နိမိတ် အနည်းငယ်မျှ မထွက်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်ဆိုတာ ထိုနတ်ဗြဟ္မာတို့မျှ မက ထိုနတ်ဗြဟ္မာတို့ထက် အဆအရာ အဆဆသောင်မကပိုလွန်၍ နူးညံ့သိမ်မွေ့လှသောကြောင့် ၎င်းနိဗ္ဗာန် ဖြစ်နေပုံကို၊ ဘယ်ပုံ ဘယ်နည်း ဖြစ်နေတယ်

ဆိုတာကို၊ အရိပ် နိမိတ်အနည်းငယ်မျှမထွက်ပေါ်လာသ ဖြင့်၊ ထိုနိဗ္ဗာန်ကို ပုထုဇဉ်တို့ မသိနိုင် မမြင်နိုင်ကြရကုန်။ ထိုသို့ ပုထုဇဉ်တို့မသိနိုင် မမြင်နိုင် ကြကုန် သော်လည်း၊ ငါတို့အရာမဟုတ်၍သာ မမြင်ရတာသ်၊ ထိုနိဗ္ဗာန်ကား၊ ထင်ရှားကောန်ရှိသည်ဟူ၍သာမှတ်သားတော်မူကြပါကုန်။

လူတို့အား နေ့ညဉ့်နှင့်အမျှ၊ စောင့်ရှောက်မှန်း မသိရဘဲ။ အမြဲဘန်းစောင့်ရှောက်၍နေသော ကိုယ်စောင့်နတ်များကို မှ၊ မမြင်ရ၊ စောင့်ရှောက်မှန်းမသိကာမျှနှင့် ထိုကိုယ်စောင့်နတ်တို့ မရှိဟုမဆိုရသကဲ့သို့ ထို့အတူ၊မိမိဟုဆိုအပ်သော နိဗ္ဗာန်သို့ ရောက်လာသူ ပုဂ္ဂိုလ်ဖြူတို့အား။ ငါ၊ မိမိဟု ဆိုအပ်သော နိဗ္ဗာန်သို့၊ တည်လာစံလာသူ ပုဂ္ဂိုလ်ဖြူ တို့အား ဘေးတကာ ကင်းရှင်း၊ ရန်တကာ ကွင်းရအောင်၊ စောင့်ရှောက်၍နေတော်မူသော၊ နိဗ္ဗာန် တရားတော်မြတ်ကြီး၏ အလွန်နူးညံ့ သိမ်မွေ့ စွာဖြစ်၍ နေတော်မူသောကြောင့်၊ ၎င်းနိဗ္ဗာန်သခင်ကျေးဇူးရှင်ကြီးကို သိမြင်နိုင်ဘို့ရာ မလွယ်ကူလှပါ။ ထိုသို့နိဗ္ဗာန်သခင်ကျေးဇူးရှင်ကြီးကိုမိမိတို့၏ ပကတိသောမျက်စိနှင့်မမြင်ကာမျှဖြင့်၊ ၎င်းနိဗ္ဗာန် ထင်ရှား မရှိဟု မဆိုသင့်၊ ထင်ရှားကောန်ရှိသည်ဟူ၍သာ၊ မှတ်တော် မူကြပါ။ အလွန် အသိရခက် အမြင်ရခက် သောကြောင့်သာ။ ငါတို့ပုထုဇဉ်များမမြင်ရသည်ဟုမှတ်တော်မူကြပါစေကုန်သတည်း။ ။ရူပါရုံအဆင်း တခုကို၊ မျက်စိဖြင့်သာ မြင်ရလေသည်၊ နားဖြင့် မမြင်နိုင်၊ သဒ္ဒါရုံ အသံတခုကို နားဖြင့်သာ ကြားရလေသည်။ မျက်စိဖြင့် မကြားနိုင်၊ ထို့အတူ၊

နိဗ္ဗာန်ကို၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တည်းဟူသော မျက်စိဖြင့်သာ မြင်နိုင်ရာသည်။ ပုထုဇဉ်တို့၏ မျက်စိဖြင့် မမြင်နိုင်ရာ။ ။မြင့်မိုရ်တောင်, သမုဒ္ဒရာ, လ, နေ, နက္ခတ်တို့ ထင်ရှားမရှိဟုဆိုလျှင်၊ အမှားကြီးပင် မှားသကဲ့သို့၊ ထို့အတူ၊ နိဗ္ဗာန်ကို၎င်း၊ ထိုနိဗ္ဗာန်၌စံနေသူပုဂ္ဂိုလ်မြတ်တို့ကို၎င်း။ ပညာမျက်စိမစွမ်းမသန် အန္ဓပုထုဇဉ်တို့ မမြင်ကာမျှဖြင့်ထင်ရှားမရှိဟု မဆိုသင့်၊ ထိုနိဗ္ဗာန်သည် ၎င်း၊ ထိုနိဗ္ဗာန်၌ စံနေသူပုဂ္ဂိုလ်မြတ်တို့သည်၎င်း။ ထင်ရှား ဧကန် ရှိသည် ဟူ၍သာ၊ တထစ်ချမှတ်တော်မူကြပါစေကုန်သတည်း။

ရဟန္တာပုဂ္ဂိုလ်စုတိပြီးနောက်-ရုပ်နာမ်ခန္ဓာသာကွယ်ပျောက်၍
အစဉ်ပြတ်၍မသွားပုံ။

လူ့ဘဝမှ နတ်ဘဝသို့ရောက်သွားသည်ဟူ၍ ဆိုရာ၌၊ လူ့ဘဝက ရုပ်နာမ် ခန္ဓာသည်။ နတ်ဘဝသို့ မရောက်ခင်၊ ဤလူ့ဘဝ၌ပင်လျှင် ရုပ်နာမ်ခန္ဓာ ကွယ်ပျောက်လျှင်ပျောက်ခြင်း။ ဝါ၊ ဤလူ့ဘဝက ရုပ်နာမ်ခန္ဓာသွား၍ ဖြစ်လေသောကြောင့် အစဉ်သန္တာန်ကား၊ ပြတ်၍ မသွား။ ထိုလူသည်ပင်လျှင်၊ ထိုနတ်သွား၍ဖြစ်သည်ဟုဆိုအပ်သကဲ့သို့။ ထို့အတူ ရဟန္တာ ပုဂ္ဂိုလ် သည်လည်း။ စုတိကျရောက်သည့်အခါ၊ ထိုရဟန္တာဘဝက၊ ရုပ်နာမ်ခန္ဓာ ကွယ်ပျောက်၍ သွားပါသော်လည်း။ထိုရဟန္တာပုဂ္ဂိုလ်၏ရုပ်နာမ်ခန္ဓာကွယ်ပျောက်သွားသည်၏အခြားမဲ့၌ ရုံ့ရင်းကြမ်းထမ်းသောရုပ်နာမ်ခန္ဓာ

သာ ကွယ်ပျောက် သွားသည် ဟူ၍ မဆိုသင့် မဆိုထိုက် သည်ကို ရည်ရွယ်မှန်းထားတော်မူ၍၊ ။

ပရိနိဗ္ဗုတောပုဂ္ဂလော
ဥစ္ဆိန္နောတိ
နေဝံဝတ္တဗ္ဗေ

ဟူ၍ဟောတော်မူလေသည်။ ။

ထိုရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးသည်နောက် နိဗ္ဗာန်၌ တည်ရောက်၍ နေတော်မူသည့်အခါ၊ ရုံ့ရင်း ကြမ်းထမ်းစွာသော ရုပ်နာမ်ခန္ဓာနှင့်တကွ တည်နေခြင်း မရှိသည်ကို ရည်ရွယ်မှန်းထားတော်မူ၍။

ပရိနိဗ္ဗုတောပုဂ္ဂလော
သဿတောတိ
နေဝံဝတ္တဗ္ဗေ၊

ဟူ၍ ကထာဝတ္ထု၌ ဟောတော်မူလေသည်။ ။

လိုရင်းအချုပ်မှာ၊ ရဟန္တာပုဂ္ဂိုလ်စုတိပြီးသည့်နောက်၊ နိဗ္ဗာန်၌၊ တည်ရောက်၍ နေတော် မူသည့် အခါ၊ အစဉ် သန္တာန် ပြတ်မသွားဘဲ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့မှ လွတ်၍ ချမ်းသာစွာ စံနေတော်မူသည်ဟူ၍ မှတ်လေ။ ။

နိဗ္ဗာန်ချမ်းသာ ပေါ်လာမည့်အရေးကြောင့်၊ ရုပ်နာမ်ခန္ဓာ
ကွယ်ပေးနှင့်ရပုံ။

နိဗ္ဗာနမ္ပိ ခန္ဓပရိဗန္ဓမေဝ
ခန္ဓေဟိဝိသယီကတတ္တာ

ဝိသုဒ္ဓိမဂ်မဟာဋီကာ။

နိဗ္ဗာနမ္ပိ၊ အသင်္ခတဓါတ်၊ ထူးမြတ်လှသည့်၊ နိဗ္ဗာန် တရားတော်ကြီး သည်လည်း။ ခန္ဓပရိဗန္ဓမေဝ၊ ပရိနိဗ္ဗာန်ပြုသော ရဟန္တာ ပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာနှင့် စပ်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ကသ္မာ၊ အဘယ် ကြောင့်။ နိဗ္ဗာနံ၊ အသင်္ခတဓါတ်၊ ထူးမြတ်လှသည့်၊ နိဗ္ဗာန် တရားတော် မြတ်ကြီး သည်။ ခန္ဓပရိဗန္ဓံ၊ ပရိနိဗ္ဗာန် စံသော ရဟန္တာ ပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာနှင့် စပ်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။ တသ္မာ နိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်တရားတော်မြတ်ကြီး၏။ ခန္ဓေဟိ၊ ပရိနိဗ္ဗာန်စံမည့် ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာ တို့သည်၊ ဝိသယီကတတ္တာ၊ တည်ရာဖြစ်သကဲ့သို့ပြုအပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနမ္ပိ၊ အသင်္ခတဓါတ်၊ ထူးမြတ်လှသည့် နိဗ္ဗာန် တရားတော်မြတ်ကြီးသည်လည်း။ ခန္ဓပရိဗန္ဓမေဝ၊ ပရိနိဗ္ဗာန်စံသော ရဟန္တာ ပုဂ္ဂိုလ်၏ကိုယ်ခန္ဓာနှင့်စပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။ငင်းဝိသုဒ္ဓိမဂ်မဟာဋီကာကိုထောက်သဖြင့်လည်း နိဗ္ဗာန်ဆိုတာ၊ ပရိနိဗ္ဗာန်စံသည့် ရဟန္တာပုဂ္ဂိုလ် မပေါ်လာမှီ၊ ရှေးဦးမဆွ လက်ပွန်ကာလကသူ့ အလိုအလျှောက် အလွတ်သက်သက်ဖြစ်နေနိုင်သည်မရှိ။ ပရိနိဗ္ဗာန်စံသည့်။ ရဟန္တာ

ပုဂ္ဂိုလ်ပေါ်လာမှ၊ ထိုရဟန္တာပုဂ္ဂိုလ်ကို၊ တည်ရာကဲ့သို့ပြု၍၊ ၎င်းနိဗ္ဗာန်တရားတော်ကြီး ပေါ်လာလေသည်ဟု၊ ယခင်ပြဆိုခဲ့ပြီးသော စကားကို ယုံကြည့်အပ်လှတော့သည် သာလျှင်တည်း။ ။ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာနှင့်စပ်သည်ဟုဆိုသည်မှာ၊ထိုပရိနိဗ္ဗာန်ပြုသောရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ်ခန္ဓာမငြိမ်းလျှင်၊ ထိုနိဗ္ဗာန်သည်မပေါ်လာသေး။ ထိုပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ်ခန္ဓာငြိမ်းမှသာလျှင်၊ ထိုနိဗ္ဗာန်ပေါ်လာသောကြောင့်၊ ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ကိုယ်ခန္ဓာနှင့်စပ်သည်ဟုဆိုလေသည်။ ။ထို့ကြောင့်-ဝိသုဒ္ဓိမဂ်မဟာဋီကာ၌။ ။

နိဗ္ဗာနသာ အနုပ္ပါဒေယျ ၀

ပုဂ္ဂလဿ နိရောဓေ

ဟူ၍မိန့်တော်မူလေသတည်း။ ။

နိဗ္ဗာနသာ၊ အသင်္ခတဓါတ် ထူးမြတ် လှသည့်၊ နိဗ္ဗာန်တရားတော်မြတ်ကြီး၏။၊အနုပ္ပါဒေယျ ၀၊ မဖြစ်ပေါ်လာဒိရှေးဦးမဆွ လက်မှန်ကာလက ပင်လျှင်၊ ပုဂ္ဂလဿ၊ အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်၏၊ နိရောဓေ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်း ရုပ်သိမ်းရခြင်းသည်၊ ဟောတိဖြစ်၏။ ။

လိုရင်းအဓိပ္ပါယ်မှာ။ ။ပရိနိဗ္ဗာန်ပြုသော ရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ်ခန္ဓာလည်းပျောက်၊ နိဗ္ဗာန်လည်း ရောက်လာလေသည်။ ထိုနိဗ္ဗာန်ရောက်လာအောင်သာ။ ထိုရုပ်နာမ်ခန္ဓာ ကွယ်ပေးရ၊ ချုပ်ပေးရ လေသည်။ နိဗ္ဗာန် ဝင်မည့်

ပုဂ္ဂိုလ်မပေါ်လာခင် ရှေးဦးစွာ ကြိုတင်၍ ဖြစ်နေနှင့်သော
နိဗ္ဗာန်မည်သည်မရှိ။ ။မီးပွတ်ဖြင့်၊ မီးခံကိုပွတ်ယိုက်မှသာ
မီးဖြစ်ပေါ်လာသကဲ့သို့၊ထို့အတူနိဗ္ဗာန်ရအောင်ကျင့်နိုင်သူ
ပေါ်လာမှ ထိုနိဗ္ဗာန်သို့ ရောက်သူ ပုဂ္ဂိုလ်မြူအား ချမ်းသာ
အောင်စောင့်ရှောက်သော အားဖြင့်၊နိဗ္ဗာန်ရတနာမြတ်ချမ်း
သာကြီးပေါ်လာရလေသည်ဟု မိန့်တော်မူအပ်သောမိလိန္ဒ
ပဉ္ဇာစကားကိုလည်း၊ ယုံကြည်အပ်လှ တော့သည်သာလျှင်
တည်း။ တောသုံးဆောင်ပိုင် ဦးခိုင်ချုပ်ချာ ကေသရာဇာ
ခြင်္သေ့မင်းပင်၊မထွက်လာသေးသော်လည်း။ထွက်လာမည့်
ဟန်၊ ဟိန်းဟောက်သံ ပေးကာမျှဖြင့်၊ မြေခွေးသိင်္ဂါလအာ
ပေါင်းဘို့တပေါင်းတည်းထွက်ပြေးရသည်နှင့်အတူ။နိဗ္ဗာန်
သို့စံဝင်တော်မူကြမည့်၊ဘုရားရဟန္တာသခင်၊ သခ်တာသခ်
တဘုရင်တို့၊ ထွက်တော်မူလာမည့် ပြင်ဆင်ခိုက်တွင်၊ ခန္ဓာ
ငါးပါးတည်းဟူသော မြေခွေးသိင်္ဂါလအပေါင်းတို့ တဖန်
အသစ်မလှုနိုင်အောင်တပေါင်းတည်းပျက်စီးနှင့်ကြရသည်။
ငင်းဥပမာ၌၊ နိဗ္ဗာန်သို့ ဝင်တော် မူကြသည့် ဘုရား
ရဟန္တာနှင့် ကေသရာဇာ ခြင်္သေ့မင်းနှင့် တူသည်။ ခန္ဓာငါး
ဝ ရုပ်နာမ်ဓမ္မနှင့် မြေခွေးသိင်္ဂါလအပေါင်းတို့နှင့် တူသည်
ဟု မှတ်လေ။

တနည်း။ လောကဥပမာအားဖြင့်၊ ထင်ရှားအောင်ပြရ
သည် ရှိသော်၊ အာဇာနည် သိန္ဓောမြင်းကို ပေါက်ဘွားလို
သော မြည်းမသည်။ မိမိ၏အလွန်ယုတ်ညံ့သော ယောနိဝ
မှ၊ အလွန်မြတ်လှသော အာဇာနည်သိန္ဓောမြင်းကိုဘွားမြင်

ခြင်း၍ မသင့်လျော်သဖြင့်၊ ဓမ္မတာယောနိဝမှ၊ အာဇာနည်
သိန္ဓောမြင်းကို၊ မဘွားမြင်နိုင်ဘဲ၊ လည်း၍သွားလေ၏။ ထို
သို့ မြည်းမ, လမ်းမသွားနိုင်ဘဲ။ လည်း၍လေးဘက် ကား
ရားကြီးဖြစ်နေသည်ကို၊ ဆေနည်းရှိလူတို့ တွေ့မြင်ကြသော
အခါ၊ ဝမ်းပိုက်ကိုဖေါက်ခွဲ၍မြည်းမဝမ်းတွင်းမှအာဇာနည်
သိန္ဓော မြင်းကို ခွဲထုတ် ယူကြလေကုန်၏။ အာဇာနည်
သိန္ဓောမြင်း ပေါ်ပေါက် လာမည့် အရေးကြောင့်၊ မြည်းမ
သည်စုတေပေးရသလို။ ထို့အတူ၊ နိဗ္ဗာန်ရတနာမြတ်ချမ်း
သာကြီး ပေါ်လာမည့်အရေးကြောင့်၊နိဗ္ဗာန်ဝင်လိုသူပုဂ္ဂိုလ်
မြတ်တို့၏ ရုပ်နာမ်ခန္ဓာတို့သည်၊ ကွယ်ပေး ချုပ်ပေးရလေ
သည်။ မြည်းမသာ,မစုတေက၊ သိန္ဓောမြင်း မပေါက်ဘွား
နိုင်။ မြည်းမသည် စုတေမှသာ၊ သိန္ဓောမြင်း ပေါက်ဘွား
လာရသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်ဝင်လိုသူ ပုဂ္ဂိုလ်မြတ်တို့၏
ခန္ဓာဇာတ်သိမ်း မငြိမ်းမခြင်း ၎င်းနိဗ္ဗာန်ရတနာ မပေါ်လာ
နိုင်သေး၊ နိဗ္ဗာန်ဝင်လိုသူ ပုဂ္ဂိုလ်မြတ်တို့၏ ခန္ဓာ ဇာတ်သိမ်း
ငြိမ်းမှသာလျှင်၊ ၎င်းနိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီး ပေါ်
လာလေသည်။ ။၎င်းဥပမာ၌၊ မြည်းမနှင့် နိဗ္ဗာန် ဝင်လိုသူ
ပုဂ္ဂိုလ်မြတ်တို့၏ ခန္ဓာငါးဝနှင့်တူသည်ဟု မှတ်လေ။ အာဇာ
နည်သိန္ဓောမြင်းတို့နှင့် နိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီးနှင့်
တူသည်ဟုမှတ်လေ။ ။လိုရင်းအချုပ်မှာ။ မြည်းမနှင့်တူ
သော ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့၏ ခန္ဓာငါးဝ ချုပ်ငြိမ်းမှ
သာ၊ အာဇာနည်သိန္ဓောမြင်းနှင့်တူသောနိဗ္ဗာန်ရတနာ မြတ်
ချမ်းသာကြီး ပေါ်လာသည်ဟုမှတ်။(သာရတ္ထဒီပနီဋီကာ)

## သဥပါဒိသေသနိဗ္ဗာန်နှင့်အနုပါဒိသေသနိဗ္ဗာန် နှစ်ပါးတို့၏အထူး။

သဥပါဒိသေသာနိဗ္ဗာနဓါတု
ဒိဋ္ဌဓမ္မိကာ အနုပါဒိသေသာ
သမ္ပရာယိကာ ။ဣတိဝုတ်ပါဠိတော်။

သဥပါဒိသေသာ၊ ကိလေသာကုန်ခန်း၍၊ ရုပ်နာမ်ခန္ဓာ အကြွင်းရှိသေးသော။ နိဗ္ဗာနဓါတု၊ နိဗ္ဗာနဓါတ်သည်။ ဒိဋ္ဌဓမ္မိကာ၊ ပရိနိဗ္ဗာန်မပြုသေးခင်၊ ရဟန္တာဘဝ၌ပင်လျှင် ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ အနုပါဒိသေသာ၊ ရုပ်နာမ်ခန္ဓာ အကြွင်းအကြံ မရှိသော။ နိဗ္ဗာနဓါတု၊ နိဗ္ဗာန်ဓါတ်သည်။ သမ္ပရာယိကာ၊ ရဟန္တာပုဂ္ဂိုလ် ခန္ဓာတော်ကွယ်လွန်ပြီးသည်မှ နောက်ကာလ၌ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။

သဥပါဒိသေသနိဗ္ဗာန်ဆိုတာ၊ ပရိနိဗ္ဗာန်မစံခင်၊ ဤရဟန္တာဘဝ၌ပင်လျှင် ဖြစ်ပေါ်လာရ၏။ တထောင့်ငါးရာကိလေသာသာကုန်ခန်း၍၊ ရုပ်နာမ်ခန္ဓာ မချုပ်သေးသော ရဟန္တာပုဂ္ဂိုလ်၏အဖြစ်ကိုပင်လျှင်၊ (သဥပါဒိသေသနိဗ္ဗာန်ဆို၏။)

အနုပါဒိသေသနိဗ္ဗာန်ဆိုတာ၊ ရဟန္တာပုဂ္ဂိုလ်ခန္ဓာတော်ကွယ်လွန်ပြီးသည်မှ နောက်ကာလ၌ဖြစ်ပေါ်လာရ၏။ ရုပ်နာမ်ခန္ဓာကွယ်ပျောက်၍၊ နိဗ္ဗာန်သို့ရောက်သွားသောရဟန္တာပုဂ္ဂိုလ်၏အဖြစ်ကို။ (အနုပါဒိသေသနိဗ္ဗာန်ဆို၏။)

( သဥပါဒိသေသနိဗ္ဗာန်မှာ ) ဥပါဒိန္နဘင်အားဖြင့် ဖြစ် ပေါ်လာသည်။

( အနုပါဒိသေသနိဗ္ဗာန်မှာ ) ဥပါဒိန္နဘင်မရှိ။ သုဒုဒ္ဒသ၊ သုနိပုဏ၊ ဌိတိသဘာဝအားဖြင့်သာဖြစ်ပေါ်သည်။

( ၎င်းအရဟတ္တဖိုလ်ဟူသော၊ သဥပါဒိသေသနိဗ္ဗာန်မှာ ) ထိုရဟန္တာ ခန္ဓာငါးပါး ရှိတုံးဆဲခါတွင်သာ၊ တည်တံ့နိုင် သည်။

( အနုပါဒိသေသနိဗ္ဗာန်မှာ ) ထိုရဟန္တာ စုတ်ပြီးသည် နောက်၊ ခန္ဓာငါးပါးမှလွတ်၍နေသောအရှင်၏ အဖြစ်၌တည် ၍နေသည်မှစ၍၊ ဘယ်သည့်ကာလမှ ပျက်စီးခြင်းမရှိ၊ အမြဲ တည်၍ နေလေသည်။

( သဥပါဒိသေသနိဗ္ဗာန်မှာ ) သင်္ခါရ သင်္ခတ နယ်ဝင်ဖြစ် ၍ အနိစ္စဒုက္ခဖြစ်သည်။

( အနုပါဒိသေသနိဗ္ဗာန်မှာ ) ဝိသင်္ခါရအသင်္ခတနယ်ဝင် ဖြစ်၍၊ နိစ္စသုခဖြစ်သည်။

( သဥပါဒိသေသနိဗ္ဗာန်နှင့်တကွ၊ တပါးသောပရမတ္ထ တရားတို့မှာ) မပျက်စီးရအောင်၊ မဆင်းရဲရအောင်၊ ဘယ် ပြဟ္မာ ဘယ်ဘုရားတို့သော်မှ မတတ်နိုင်သည်ဖြစ်၍၊ မပျက် စီးစေလိုသူတို့၏အလိုသို့မလိုက်သောကြောင့် (အဝသဝတ္တန အနတ္တ ) မပျက်စီးရအောင်လည်း၊ ဘယ်သူတယောက်မျှ မတတ်နိုင်၊ စိုးပိုင်သူမရှိသောကြောင့်။ (အသာမိကအနတ္တ) ဟုမှတ်။ (အနုပါဒိသေသနိဗ္ဗာန်မှာ) မိမိ၏အလွန်ငြိမ်းချမ်း သာခြင်းစင်စစ် ချမ်းသာခြင်းဟု ဆိုအပ်သော၊ အစ္စန္တသုခ

ယဘောမှရွေ့ လျောပျက်စီးစေလိုသူတို့၏အလိုသို့၊အနည်း ငယ်မျှ မလိုက်သောကြောင့်၊ (အဝသဝတ္တနံ အနတ္တ)

၎င်းနိဗ္ဗာန်၏နိစ္စသုခစသော၊အတုလဂုဏ်ဝိသေသကို၊ ပျက်စီး ချွတ်ယွင်း အောင်၊ တစုံ တယောက်သော သူမျှ မတတ်နိုင်၊ မစီးနိုင်၊ စိုးပိုင်သူမရှိ၊ ပကတိချမ်းမြေ့၍၊ အမြဲ တည်နေသောကြောင့်(အသာမိကအမြဲသာရိယအနတ္တ)ဟု မှတ်။( စိတ်စေတသိက်ရုပ်ဟူသော အနတ္တတရားတို့မှာ) အဖြစ်အာဒိနဝအားဖြင့်၊ ဝိပဿနာရှုအပ်သည်။

(နိဗ္ဗာန်ဟူသောအနတ္တတရားမှာ)ဂုဏ်အားဖြင့်၊ဥပ သမာနုဿတိ အာရုံဖြစ်သည်။

နိဗ္ဗာန်ဝင်တော်မူသော ဘုရားရဟန္တာတို့၊ လူနတ်ဗြဟ္မာသတ္တဝါ ဟူသော ရေတွက်ခြင်းမှ လွတ်နေခြင်းအကြောင်း။

ကာယဿဘေဒါ ဓမ္မဗြဟ္မာ
သင်္ချံ နောပေတိ ဝေဒဂူ
သဗ္ဗာယတနသံယုတ်ပါဠိတော်။

ဝေဒဂူ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ အတ္တဘော၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်၊ ဝါ-ပျက်ခြင်းဟု ဆိုအပ်သော မရဏစုတိ ဖြတ်ကြွေ သေလွန်သည်မှ၊ ပရံ၊ အထက်ဖြစ်သော နောက်ကာလ၌၊ ဓမ္မဗြဟ္မာ၊ နိဗ္ဗာန်၌တည် နေတော်မူသည်။ ဟုတွာ၊ ဖြစ်၍။ သင်္ချံ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူသော ရေတွက်ခြင်းသို့၊ နောပေတိ၊ နဥပေတိ။ မရောက်။

ဤသို့ဟောတော်မူအပ်သော သံယုတ်ပါဠိတော်ကို ထောက်သဖြင့်၊ ပရိနိဗ္ဗာန်ပြုသွားကြသော၊ ဘုရားရဟန္တာပုဂ္ဂိုလ်ဟူသမျှတို့မှာ၊ ပျောက်၍ပျက်၍မသွား။ ထိုနိဗ္ဗာန်အောင်ခန်း ရွှေပြည်နန်း၌ပင်လျှင်၊ သသာတလည်းမဟုတ်၊ ဥစ္ဆေဒလည်းမကျ၊ မစ္ဆာဒိဋ္ဌိကာရ၊ ဂန္ထိရသဘောဖြစ်၍၊ မအိုမသေအမြဲတည် နေတော်မူကြသည်။ ထိုသို့တည်နေတော်မူကြသည့်အခါ၊ လူနတ်ဗြဟ္မာသတ္တဝါဟူသော ခေါ်ဝေါ်စရာဝေါဟာရပညတ်မျိုးမှ လွတ်နေသဖြင့်၊ လူဟူ၍ရင်း၊ နတ်ဟူ၍ရင်း နက္ခဘောင်တွင် စာရင်းတင်၍ ခေါ်ဝေါ်စရာမရှိတော့သာလျှင်တည်း။

(ဤကား သံယုတ်ပါဠိတော်အလိုတည်း၊)

ဗုဒ္ဓနိဒ္ဒေသပါဠိတော်အားဖြင့်လည်း၊ နိဗ္ဗာန်သို့ ရောက်သွားကြကုန်သော ဘုရားရဟန္တာပုဂ္ဂိုလ်တို့မှာ ခန္ဓာငါးပါး ရုပ်နာမ် တရားမရှိရုံမျှမက၊ အလုံးစုံ ပြတ်တောက်ပျောက်ပျက်၍သွားသဖြင့်၊ အကျိုးမပြီးဆုံးချုံး ဘာမျှမရှိဟု မယူသကြကုန်မူ၍၊ ထိုဘုရားရဟန္တာတို့ မိမိတို့ တည်ရောက်ရာ၊ နိဗ္ဗာန်အောင်ခန်း၊ ရွှေပြည်နန်း၌ပင်လျှင်၊ မအိုမသေအမြဲတည်နေစံတော်မူကြသည်။ ထိုသို့မအိုမသေ အမြဲတည်နေ၍စံ နေတော်မူကြသည့် အခါ၊ နက္ခဘောင်တွင် စာရင်းဝင်သော လူနတ်စသော ခေါ်ဝေါ်စရာ ပညတ်မျိုးမှ လွတ်နေသဖြင့်၊ လူဟူ၍ရင်း၊ နတ်ဟူ၍ရင်း၊ ခေါ်ဝေါ်ခြင်း၌၊ မထိုက်တော့သည် သာလျှင်တည်း၊ ထိုသို့ ပရိနိဗ္ဗာန်စံ

သွားတော်မူကြကုန်သောဘုရားရဟန္တာဂိုဏ်းလ်ပတို့၊ အလုံး လုံးအစဉ်ပြတ်တော့အောင်ပျောက်ပျက်မသွားရ၍၊ နိဗ္ဗာန်၌တည် နေစံနေတော်မူကြသည့်အခါ၊ ထိုဘုရား ရဟန္တာသခင် အရှင်မြတ်တို့၊ လူဟူ၍ငှင်း၊ နတ်ဟူ၍ငှင်း၊ ခင်းပုဂ္ဂိုလ်သွားစသည် ငှင်း၊ မခေါ်ဆိုကောင်း၊ မခေါ်ဆိုထိုက်ခဲ့သော်၊ ငှင်းဘုရား ရဟန္တာသခင်အရှင်တို့သည်၊ ထိုနိဗ္ဗာန်၌အဘယ်ပုံအဘယ် ခြင်းရာလိုဖြစ်၍ တည်နေ စံနေ ပါသနည်း စသည်တပိုဒ်ကို ယောက်သောသူက မေးခဲ့သော်၊ ထိုနိဗ္ဗာန်၌တည်၍ စံနေ တော်မူကြကုန်သော ဘုရားရဟန္တာသခင် အရှင်မြတ်တို့ သည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားမရှိသဖြင့်၊ ထိုခန္ဓာငါးပါး ရုပ်နာမ် တရားတို့နှင့်စပ်သော၊ ပညတ်မျိုး [illegible] သ [illegible] မှ၊ အကုန် လွတ်၍နေသောကြောင့်၊ ဘုရားရဟန္တာသခင်အရှင်မြတ် တို့ နိဗ္ဗာန်၌၊ အဘယ်ပုံ အဘယ်ခြင်းရာလိုဖြစ်၍ တည်နေ တော်မူသည်ဆိုတာ၊ လွန်စွာနက်နဲ၍သိနိုင်ခဲ [illegible] တော်မူသဖြင့် ပုထုဇဉ်တို့၏ ဉာဏ်အမြင်ဖြင့်၊ မသောက်သွယ်နိုင်ကြကုန်။ ဘုရားရဟန္တာအရှင်သခင်တို့၏အရာသာ ဖြစ်လေသည်၊

ဂတိ မိဂါနံ ပဝနံ၊
အာကာသော ပက္ခိနံ ဂတိ။
ဝိဘဝေါ ဂတိ ဓမ္မာနံ၊
နိဗ္ဗာနံ အရဟတော ဂတိ။ ပရိဝါပါဠိတော်။

ပဝနံ၊ တောကြီးပိတ်ကား မြိုင်ကြီးဖြစ်သည်။ မိဂါနံ၊ တော ၌ ပျော် ရွှင် သောသားမင်တို့၏။ ဂတိ၊ မှီခိုးဘေး၊ ကျွား

ဘေးဘို့မှကင်းဝေးချမ်းသာပုန်းအောင်းခိုနေရာအရပ်သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ရချေ၏။ အာကာသော၊ ရေးခြစ်မထင်၊ ထက်ကောင်းကင်သည်။ ပက္ခီနံ၊ ကောင်းကင်ပျံငှက်မြူး၊ သံကြိုးခင့်ညောင်း၊ ကျေးငှက် အပေါင်းတို့၏။ ဂတိ၊ လက်နက် ခါးပွဲ၊ ဘေးရန် လွတ်ကြောင်း၊ နေရာကောင်း အရပ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရချေ၏။ ဝိဘဝေါ၊ ပျက်စီး ခြင်းသည်။ ဓမ္မာနံ၊ ဖြစ်လျှင် ပျက်မြဲ၊ မပြဲလေကုန်ဘော ဓမ္မကာ၊ သင်္ခါရတရားတို့၏။ ဂတိ၊ သဘောတံထွာ ဝမ္မတာသည်။ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ရချေ၏။ နိဗ္ဗာနံ၊ အသင်္ခတဓါတ်၊ ထူးမြတ်လှသည့်၊ နိဗ္ဗာန်တရားတော်မြတ်ကြီးသည်။ အရဟတော၊ ရတိကျွတ်သွားသော ရဟန္တာသခင်အရှင်မြတ်၏။ ငါက်သေန၊ စင်စစ်အားဖြင့်။ ဂတိ၊ မပျောက်မပျက် အမြဲရှည်မြင့်စွာ တည်နေရာ အရပ်သည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ရချေ၏။ ။

သုင်ရုံဒိဋ္ဌေဝဇ္ဇာပနနိဗ္ဗာနံ

အရဟတောဂတိ။ ။ပဒိုဝါအဋ္ဌကထာ။

သုင်ရုံပိ၊ ဤရွေ့ ဤမျှလောက်မသို့။ ထိုထိုအလွန်၊ ကြာကြီး ကြာအောင်လည်း။ ဥတ္တာပန၊ မပျက်မစီး၊ အမြဲတည်ရာ ဖြစ်သောကြောင့်ကား။ နိဗ္ဗာနံ၊ ဘေးတကာ ကင်းစင်ရန်တကာငြိကျဉ်ရာ ဖြစ်သော၊ နိဗ္ဗာန်ရတနာ၊ မြတ်ချမ်းသာကြီးသည်။ အရဟတော၊ နိဗ္ဗာန်ပေါ် ရွှင်၊ ရဟန္တာ အရှင်မြတ်၏။ ဂတိ၊ မပျောက်မပျက် အမြဲရှည်မြင့်စွာ တည်နေရာသည်။ ဟောတိ၊ စင်စစ်မသွေဖြစ်ရချေ၏။

ပြဆိုခဲ့ပြီးသော ပရိဝါပါဠိတော်နှင့် အဋ္ဌကထာ တို့ကို၊ ထောက်ထားသော အားဖြင့်၊ နိဗ္ဗာန် ပျော် ရွှင် ရဟန္တာ အရှင်မြတ်တို့သည်။ ထိုနိဗ္ဗာန်၌ လူဟူ၍၎င်း၊ နတ်ဟူ၍၎င်း၊ မင်းပုဏ္ဏား သူဌေးသူကြွယ်ဟူ၍၎င်း၊ ခေါ်ဝေါ်စရာပညတ် အားဖြင့် ထင်ရှားမရှိ။ ပညတ္တိပထကို လွန်၍၊ ၎င်းနိဗ္ဗာန်၌ ပင်လျှင် ကြာမျှင့်ဆရှည် မဖုံမှုသော အမြဲတည်နေစုံနေသည် ဟူ၍သာ မှတ်တော်မူကြကုန်ရာသတည်း။

နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို ဘုရားချီးကျူးဟောတော်မူပုံ။

အသင်္ခတံအနန္တံအနာသဝံ
သစ္စဉ္စပါရံနိပုဏံသုဒုဒ္ဒသံ
အဇဇ္ဇရံဓုဝံအပလောကိနံ
အနိဒဿနံနိပ္ပပဉ္စသန္တံအမတံ
ပဏီတံသိဝဉ္စခေမံတဏှက္ခယော
အစ္ဆရိယံအဗ္ဘုတံအနီတိကံ
နိဗ္ဗာနမေတံသုဂတေနဒေသိတံ။

အသင်္ခတံ၊ မူလရင်းက သင်္ခတပင် ဖြစ်သော်လည်း အလွန်ဆိပ်မွေ့လှသဖြင့်၊ သင်္ခတဟု သိကြောင်း မှတ်ကြောင်း လက္ခဏာမှ ကင်း၍ နေသသော၊ အနန္တံ၊ ဒုက္ခ စိုက်ပျိုး တဏှာမျိုးဘို့ မတိုး မဝင်လာ နိုင်ရာလည်း ဖြစ်ထသော။ အနာသဝံ၊ ငရဲ ပြိတ္တာ၊ ဘေးဇရာကို၊ ခါခါ ဖြစ်စေ တတ် သည်ဖြစ်၍ ကြောက်အပ်လှစွာ တဏှာဒိဋ္ဌိ စသော အာသ

ဝေါညစ်ဆိုး၊ တရားမျိုးတို့ မဘိုက်ချိုးနိုင်ရာလည်း ဖြစ်ထ
သော။ သစ္စဉ္စ၊ နိဗ္ဗာနံဟူသော အမည်နာမ စကားမျှသာ
မဟုတ်၊ နိဗ္ဗာနံဟူသော အမည်ရှိသည်အားလျော်စွာ ငြိမ်း
ခြင်းပရမတ္ထ သဘောအားဖြင့်၊ တကယ် အမှန်ကြီး မှန်
သည်လည်းဖြစ်ထသော။ ပါရံ၊ ခန္ဓာ ကိုယ်ဆုံး ဒုက္ခမျိုး၏
ပြင်ဘက်၊ ဝဋ်ဆင်းရဲရေအလျဉ်မှ ထွက်မြောက်ရာ ကမ်းဝ
ကမ်းထိပ်ကြီးလည်းဖြစ်ထသော။ နိပုဏံ၊ အသည်ဖြပ်ဥပါဒ်
မထင်သည် ဖြစ်၍အလွန်သိမ်မွေ့စွာထသော။ သုဒုဒ္ဒသံ၊ ပညာ
ဉာဏ်ဖြင့်သော်လည်း။ နှိုင်ချင့် ထောက်ဆ သိမြင်နိုင် စရာ
လွန်စွာခဲရင်းထသော။ အစ္စုတံ၊ ငြိမ်းခြင်းသဘောအား
ဖြင့်၊ ပေါ်လာ ပြီးသည့်နောက်၊ ဘယ်လောက်ပင် ကြာ
သော်လည်း၊ ဘယ်သည့်ကာလမှ၊ ရင့်ရော် ပျက်စီးခြင်းလည်း
မရှိထသော၊ ဓုဝံ၊ မိမိထံသို့ ရောက်လာသူ ပုဂ္ဂိုလ်ဖြူ တို့
၏ အမြဲ တည်နေရာလည်း ဖြစ်ထသော။ အပလောကိနံ၊
ငြိမ်းခြင်းသဘောဖြစ်ပေါ်လာပြီးသည့်နောက်-ဘယ်သည့်
ကာလမှ၊ အဘယ်ဟာ တပုံ တခုကြောင့် ပျက်စီးခြင်းမရှိ
ထသော၊ အနိဒဿနံ၊ လူတို့၏ မျက်စိဘို့ မဆို ထားဘိနှင့်၊
နတ်မြက်စိဖြင့်သော်လည်းမမြင်စကောင်းထသော။ နိပ္ပပဉ္စံ၊
ဒိဋ္ဌိပြန့်နှံရ၊ သေရဆင်းရဲ၊ ဘောင်ကော်လဲခါခါ၊ သံသရာကို
ချဲ့ထွင်တတ်သူ။ တဏှာမာနဒိဋ္ဌိတို့ မပြုလာနိုင် ရာလည်း
ဖြစ်ထသော။ သန္တံ၊ တဆဲ့ တသီးဒီးအပေါင်းတို့၏ ငြိမ်းဧ
ရာလည်းဖြစ်ထသော။ အမတံ၊ မိမိဟု ဆိုအပ်သော နိဗ္ဗာန်
သို့တည်ရောက်လာသူပုဂ္ဂိုလ်ဖြူတို့၏၊ အေး-မသေအငြိမ်စံနေ

ရာလည်းဖြစ်ထသော။ ပဏ္ဍိတံ၊ ဖြင်ရရောက်ရသူတို့မရောင့်ရဲနိုင်ဘွယ် တကယ်လွန်မြတ်တော်မူထသော။ သိဝဉ္စ၊ ကြီးမြတ်သောဂုဏ်ကြက်သရေလည်းရှိတော်မူထသော၊ ခေမံ၊ ဘေးတကာ ခပ်သိမ်း။ ရန်တကာ ကင်းငြိမ်းရာလည်း ဖြစ်တော်မူထသော၊ တဏှက္ခယော၊ ဘေးကိုပြုတတ်ကြောက်အပ်လှစွာ၊ ချောက်တဏှာတို့၏ ကုန်ရာကုန်ကြောင်းလည်း ဖြစ်တော်မူထသော။ အစ္ဆရိယံ၊ ဒါန-သီလ-ဘာဝနာ-စ သောအကြောင်းတရားတို့နှင့် မကောင်း သော်လည်း၊ ထိုဒါန သီလ ဘာဝနာ စသော အကြောင်း တရား တို့ကြောင့်၊ ဖြစ်ပုံ သင်္ခတ နိမိတ်အရိပ်မထွက်၊ ယင်းသင်္ခတ ပုံဟန်နှင့် အလွန်ဝေးကွာ၊ လွန်စွာထူးမြတ်သည်ဖြစ်၍၊ အလွန် အံ့ဘွယ်သူရဲ အံ့ဩစလောက် ဖြစ်တော်မူထသော၊ အဗ္ဘုတံ၊ တရံတဆစ်မဖြစ်ဘူးသေးဘဲ၊ တခါတည်းသာ ဖြစ်ပေါ်လာပြီးသည်နောက်၊ မပျောက် မပျက် အမြဲ တည်နေ သည်လည်း ဖြစ်တော်မူ ထသော။ အနီတိကံ၊ အလုံးစုံ ဆင်းရဲဘေးဒဏ်၊ ရန်မန်ဟူသမျှ၊ ဘယ်ဟာ တခု မျှလည်း မရှိထသော၊ ဧတံ တောဒိတံ၊ ဆိုအပ်ခဲ့ ပြီးတုံ၊ ဤသို့ သဘောရှိသော။ တရားထူး၊ တရားမြတ် အလုံးစုံကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏ဟူ၍။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသမတ္ထာ၊ ချီးမွမ်းတော်မူ၍။ ဒေသိတံ၊ ဟောကြားတော်မူအပ်ပြီ။

ငရဲတိရစ္ဆာန်ပြိတ္တာစသော ဘေးကြီးဒုရောက်ကိုအကြိမ်ကြိမ်အခါခါဖြစ်စေတတ်သော တဏှာ မာန ဒိဋ္ဌိစသော အာသဝေါ ညစ်ဆိုး တရားမျိုးတို့မှ ၎င်း၊ အမိ ဝမ်းခေါင်း ကိန်း

အောင်းပဋိသန္ဓေတည်နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ရုပ်နာမ် ညှိုးနွမ်း စိုးရိမ်ရခြင်း။ သက်ကြီးရှိုက်တငင်ငင်ပြင်းစွာ ပင်ပန်းရခြင်းစသော တဆဲ့တသီး မီးအပေါင်းတို့မှရှင်း၊ ငြိမ်းခြင်းကြီးမဟာ၊ ငြိမ်းတော်မူသည်ဖြစ်၍၊ ဖြင်ရရောက်ရသူတိုင်း ခံစားစံစားရခြင်း၌ အားရတင်းတိမ်နိုင်ခြင်းမရှိသော ချမ်းသာတကာတို့၏ အထွဋ် အထိပ်ဖြစ်သော ချမ်းသာကိုပင်လျှင်၊ နိဗ္ဗာန် မည်၏ဟူ၍ ဘုရားချီးကျူး၍ဟောတော်မူ၏။ ။အချို့-အချို့သောသူတို့ကား။ နိဗ္ဗာန်ဆိုတာ ရုပ်လည်းမရှိ၊ နာမ်လည်းမရှိ၊ ပျောက်ပျက်သွားသဖြင့်၊ ဘာမျှခံစားစံစားရခြင်းမရှိတော့ဘူး၊ ထိုသို့ဘာမျှခံစားစံစားရခြင်းမရှိသည်ကိုပင်လျှင်၊ ချမ်းသာတယ်ဆိုတာဟု အထင်မှား-အမြင်မှားဖြစ်၍၊ ဥစ္ဆေဒ ဒိဋ္ဌိသဘောသို့ သက်ရောက် နေကြသည်ကို များစွာ တွေ့ဘူး၏။ ထို့ကြောင့်-နိဗ္ဗာန်ဆိုတာ ရုပ်လည်းမရှိ၊ နာမ်လည်းမရှိ၊ ပျောက်ပျက် ပြတ်တောက်သွားသဖြင့်၊ ဘာမျှခံစားစံစားရခြင်းမရှိဟု မယူသကြကုန်မူ၍၊ နိဗ္ဗာန်သို့ ရောက်သွားတော်မူကြကုန်သော ဘုရားရဟန္တာသခင်အရှင်တို့၊ ထိုဘုရားချီးကျူး၍ ဟောကြားတော်မူသော နိဗ္ဗာန်သာခေါင်ဘေးမဲ့တောင်၌ပင်လျှင်၊ မအို-မသေအမြဲနေ၍ချမ်းသာစွာတည်နေစံနေတော်မူကြလေသတည်း။ ။

နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့၏ ဂုဏ်အထူးကို ဟောတော်မူခြင်းအကြောင်း။

ရူပသင်္ခါဝိမုတ္တော ခေါ မဟာရာဇ
တထာဂတော ဂမ္ဘီရော အပ္ပမေယျော
ဒုပ္ပရိယောဂါဟော သေယျထာပိ
မဟာသမုဒ္ဒေါ။ ။

(သဠာယတနသံယုတ်ပါဠိတော်)

မဟာရာဇ၊ မြတ်သော ကောသလမင်းကြီး။ ရူပသင်္ခါဝိမုတ္တော၊ ရုပ်ကိုစွဲ၍ဖြစ်သော၊ လူ နတ် မင်း ပုဏ္ဏား ဘုရား ပစ္စေကဗုဒ္ဓါ စသော ပညတ်မျိုးမှ လွတ်၍နေသော။ တထာဂတော၊ နိဗ္ဗာန်သို့ စံဝင်သော ရဟန္တာပုဂ္ဂိုလ်သည်။ ဂမ္ဘီရော၊ ဣဓ တည်ရောက်၍နေရာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်း၌ရှိ၏မရှိ၏ စသည်ဖြင့်၊ မဆိုနိုင် မယူနိုင်ဘွယ် တကယ်အားဖြင့် နက်နဲခြင်း အဘယ်မျှလောက် သီလသမာဓိပညာ ဂုဏ်ရှိသည်မဆိုနိုင်ဘွယ်။ တကယ်ဂုဏ် အားဖြင့် နက်နဲ၍နေပေ၏။ အပ္ပမေယျော၊ အမျိုးအနွယ်ဂတိအားဖြင့် အဘယ်လိုတည်းဟုမနှိုင်းယှဉ်နိုင်ဘွယ် ဖြစ်၍နေပေ၏။ ဒုပ္ပရိယောဂါဟော၊ အဘယ်လိုပုံအဘယ်ခြင်းရာအဘယ်ဟာဖြင့်ဖြစ်နေသည်ဟု မတောက်လျှမ်းနိုင်ဘွယ် တကယ်ဖြစ်၍နေ၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုမှတ်ရမည်နည်း။ မဟာသမုဒ္ဒေါ၊ အစောက်လည်းနက်၊ အပြောသည်ကျယ်၊ ပင်လယ်သမုဒ္ဒရာကြီးကို။ ဒုပ္ပရိယောဂါဟောသေယျထာပိ၊ ကြိုးတာဝါးတို့ဖြင့်မတောက်လျှမ်းနိုင်သကဲ့သို့တည်း။ ။

(ကြွင်းသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို မပြု မူ၍။ ရူပသင်္ခါရဝိမုတ္တော ခေါ မဟာရာဇာ။ စသည်ဖြင့်၊ ရုပ်တရားတည်းကိုသာ ပါဠိ ကိုး၍ ပြလိုက်သတည်း။ ၎င်းရုပ်ကို ပါဠိ ကိုး၍ ပြသဖြင့်၊ ကြွင်းသော ဝေဒနာ၊ သညာ၊ စသည်တို့ကိုလည်း သိလောက်ပေပြီ၊) ဤသို့ ဟောတော်မူအပ်သော သံယုတ်ပါဠိတော်နှင့်အညီ၊ ရုပ်ကိုစွဲ၍ဖြစ်သော လူ,နတ်,မင်း,ပုဏ္ဏား,ဘုရား,ပစ္စေကဗုဒ္ဓါ စသော ပညတ်မျိုးမှ လွတ်၍နေသော နိဗ္ဗာန်ပျော် ရှင်ရဟန္တာအရှင်သည်၊ ထိုမိမိပျော် ရှင်ရာ၊ ခေမာသောင်ကမ်း နိဗ္ဗာန်နန်း၌၊ အဘယ်ချလောက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်ပြည့်စုံ၍၊ အဘယ်ပုံအဘယ်ခြင်းရာ အဘယ်လိုဟာ ဖြစ်နေသည်ဟု ပုထုဇဉ်တို့၏ ဉာဏ်ဖြင့် မထောက်လှမ်းနိုင် မကြံသနိုင်အောင်ဂုဏ်အားဖြင့်၊ ကြီးကျယ်၍ နေပေကုန်၏။ ပင်လယ် သမုဒ္ဒရာ ကြီးကို ကြွေးတပါးတို့ဖြင့် ထောက်လှမ်း၍ မရနိုင်သကဲ့သို့ နိဗ္ဗာန်ပျော် ရှင် ရဟန္တာ သခင်အရှင်တို့၏ နိဗ္ဗာန်၌တည်နေ စံနေတော်မူပုံ ဥလုံးစုံကို၊ ပုထုဇဉ်တို့၏ဉာဏ်ဖြင့်မထောက်လှမ်းနိုင်အောင်ဂုဏ်အားဖြင့် ကြီးကျယ်၍နေပေသတည်း။

ရုပ်နာမ်ခန္ဓာရှိသော ဥပဓိသုခနှင့်ရုပ်နာမ်ခန္ဓာမရှိသော
နိရုပဓိသုခ နှစ်ပါးတို့၏အထူး။

ဒွေမာနိဘိက္ခဝေသုခါနိ
ကတမာနိဒွေ၊ ဥပဓိသုခဉ္စ
နိရုပဓိသုခဉ္စ၊ ဣမာနိခေါ
ဘိက္ခဝေသုခါနိဧတဒဂ္ဂံ
ဘိက္ခဝေဣမေသံဒွိန္နံသုခါနံ
ယဒိဒံနိရုပဓိသုခန္တိ။ ။

ဒုက္ကင်္ဂုတ္တရပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ သုခါနိ၊ သုခတို့သည်။ ဣမာနိဒွေ၊ ဤနှစ်ပါးတို့ပင်လျှင်တည်း။ ဒွေ၊ နှစ်ပါးကုန်သောသုခတို့ဟူကုန်သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ ဥပဓိသုခဉ္စ၊ ဒုက္ခတွေဝန်းအုံ့ရာ၊ ခန္ဓာကိုယ်ဆိုး စည်းစိမ်မျိုး အစုံ ကာမဂုဏ်ပျော်မြူး၍ရစ်မူးရခြင်းထည်းဟူသော၊ ဥပဓိသုခလည်းကောင်း၊ နိရုပဓိသုခဉ္စ၊ ခန္ဓာကိုယ်ဆိုး ဒုက္ခအိုးပျောက်ကင်း၍၊ ကာမဂုဏ်ရစ်မူးခြင်းမရှိသဖြင့်၊ အကယ် တရံတခါ ဘေး မထိနိုင်ရာ။ နိဗ္ဗာန် ချမ်း သာ ဟူ သော နိရုပဓိသုခ လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သုခါနိ၊ သုခတို့သည်။ ဣမာနိဒွေ၊ ဤနှစ်ပါးတို့ပင်လျှင်တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေသံဒွိန္နံသုခါနံ၊ ဤနှစ်ပါးသော သုခတို့တွင်။ ယဒိဒံ ယံဣဒံ နိရုပဓိသုခံ၊ အကြင်ခန္ဓာကိုယ်ဆိုး ဒုက္ခအိုး မထိနိုင်ရာ။ နိဗ္ဗာန်ချမ်းသာသည်။ အတ္ထိ၊ ရှိ၏။ ဧတဒဂ္ဂံ၊ ဤခန္ဓာကိုယ်ဆိုး၊ ဒုက္ခ

ဒိုးမထိနိုင်ရာ။ နိဗ္ဗာန်ချမ်းသာသည်သာလျှင်။ အင်္ဂါအင်္ဂါ အလွန်အကြူး ဆလူးဝိသေ မြတ်လှပေ၏။

ဒုက္ခတွေ့ဝန်းအုံရာ၊ ခန္ဓာကိုယ်ဆိုးစည်ဖိမ်မျိုးအစုံ၊ ကာမဂုဏ်ပျော်မြူး၍၊ ရစ်မူးရခြင်း တည်းဟူသော ရုပ်နာမ်နှစ်ပါးရှိသော၊ ဥပဓိသုခထက်၊ခန္ဓာကိုယ်ဆိုးဒုက္ခဒိုး ပျောက်ကင်း၍၊ ကာမဂုဏ်ရစ်မူးခြင်းမရှိသဖြင့်၊ အဘယ်တစုံတခု ဘေးမထိနိုင်ရာ။ ႏိဗ္ဗာန်ချမ်းသာဟူသော ရုပ်နာမ်နှစ်ပါးမရှိသော၊နိရုပဓိသုခကမိုလွန်၍လွန်ကဲကြောင်းမြတ်ကြောင်း ဘုရား ဟောတော်မူသဖြင့်၊ ခန္ဓာကိုယ်ဆိုးဒုက္ခဒိုးကြီး၏ ဘိစီးနှိပ်စက်တိုင်းခံနေရရာ၊ လောကီချမ်းသာ ဟူသမျှတို့ ထက်၊အရာအထောင်မကပိုလွန်၍မြတ်လှသော၊ခန္ဓာကိုယ် ဥပဓိမရှိသော နိဗ္ဗာန်ချမ်းသာကို၊သူငါအစ လိုလားတောင့်တ အပ်တော့သည် သာလျှင်တည်း၊ ။ ခန္ဓာကိုယ် ဥပဓိ ရှိသော လောကီချမ်းသာ ဟူသမျှတို့ထက်၊ ခန္ဓာကိုယ် ဥပဓိမရှိဘဲ၊ ချမ်းသာသော နိဗ္ဗာန် ချမ်းသာ၏၊ လွန်စွာ ချမ်းသာသည်၏ အဖြစ်ကို၊ ဥပမာအားဖြင့် ပြရသည်ရှိသော်၊ ပွဲလမ်းသဘင် ကြည့်ရှု၍ နေ့ခင်းအခါနှင့် အလွန် တရာ မှန်မြတ်လှစွာသောအိပ်ရာနေရာထက်ဝယ်၊ချမ်းသာ စွာ အိပ် စက် ပျော် မွေ့၍ နေရသော ချမ်းသာ၏။ လွန်စွာ ချမ်းသာသည်၏အဖြစ်ငှါး၊ ခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာ စသည်တို့ကိုစားသောက်ရဆဲအခါ၊စားရဝါးရ အားထုတ် ရသော ဆင်းရဲနှင့်ရောသော ချမ်းသာသုခထက်၊ စားသောက်၍အပြီးတွင်၊ အခါကြီးဝ၍ အိပ်မွေ့ရာထက် မှိန်းယက်၍နေရ

ဧသောချမ်းသာသုခ၏လွန်စွာချမ်းသာသည်၏အဖြစ်ကို၎င်း။ ဒိတ်စေတသိက် စိတ္တဇရုပ်မရှိသဖြင့်၊ မိမိချမ်းသာသည်ကို ပင်လျှင် ချမ်းသာမှန်းမသိရအောင်၊ တချမ်းသာထဲချမ်းသာ၍နေသော၊ နိရောဓသမာပတ္တိ ချမ်းသာကို၎င်း။ ထောက်သောအားဖြင့်၊ ခန္ဓာကိုယ်ဥပဓိနှင့်တကွဖြစ်သော လောကီချမ်းသာဟူသမျှတို့ထက်၊ ခန္ဓာကိုယ်ဥပဓိမရှိဘဲ တချမ်းသာထဲ ချမ်းသာနေသော၊ လောကုတ္တရာနိဗ္ဗာန် ချမ်းသာက အရာ အထောင် မက၊ ပိုလွန် ချမ်းသာလှသည်၏ အဖြစ်ကို၊ ဧကန္တယုံကြည်ကြစေလိုသတည်း။ ။

သန္တိသုခနှင့်ဝေဒယိတသုခနှစ်ပါးတို့၏အထူး။

(သန္တိသုခ)ဆိုသည်ကား။အလိုအလျောက်၊သူ့ဘာသာ မစားရ၊မဝါးရ၊မမျိုရ၊မလျှို့ခေါ်ရဘဲ၊နိသက်သက်တချမ်းသာထဲအမြဲတန်းချမ်းသာနေသော၊နိဗ္ဗာန်သုခမျိုးကို(သန္တိသုခ)ဟုဆိုသတည်း။ ၎င်း(သန္တိသုခ)သဘောကို လောကီပမာအားဖြင့် ပြရသည်ရှိသော်၊၎င်းသန္တိသုခသည် ထောပတ်၊ဆီအုန်း၊ပျားသကာစသည်တို့ဖြင့်၊ ကောင်းစွာချက်ပြုတ်ဘုတ်ကင်စီရင်၍ ထားအပ်သော ခဲဘွယ်ဘောဇဉ် စသည်တို့ကို ဝစွာစားသောက်ပြီးသည်ဖြစ်၍၊ ရေမိုးသန့်ပြန့်စွာချိုး၍အလွန်ဖြူစင်သန့်ရှင်းသော အိပ်ခင်းနေရာ နူးညံ့စွာ၌ အိပ်ပျော်ခိုက်ယောက်ျားသည်၊အိပ်ပျော်နေစဉ် ဘဝင်ကျနေတုံးခါ၊သူ့အလိုအလျောက်ကသာ ချမ်းသာသုခလွန်စွာ

ရှိလှသည်နှင့် တူသတည်း။ ။ပြဆိုခဲ့ပြီးသော အိပ်ပျော်ခိုက်၊ယောက်ျားသည်၊အိပ်ပျော်နေစဉ်ဘဝင်ကျနေတုံးခါ လွန်စွာချမ်းသာသုခ ရနေခြင်းသည်၊ မစားရ၊မဝါးရ၊မမျိုရ၊ မလှုံ့ဆော်ရဘဲ၊ နိသက်သက် သူ့အလို အလျောက် ဘာသာ ချမ်းသာသုခ လွန်စွာရနေသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်ချမ်းသာသည်တမျိုးဟာလည်း၊အလိုအလျောက်သူ့ဘာသာ ဘာတခုမျှ မစားရ၊မဝါးရ၊မမျိုရ၊မလှုံ့ဆော်ရဘဲ၊ နိသက်သက် တချမ်းသာထဲ အမြဲဘန်းချမ်းသာနေသော ချမ်းသာသုခမျိုးပေတည်း။ ။နိဗ္ဗာန်၏(သန္တိသုခ) သဘောကို အိပ်ပျော်နေခိုက်၊ယောက်ျားကိုဥပမာပြထားသဖြင့်၊နိဗ္ဗာန် ချမ်းသာမျိုးဟာ အိပ်ပျော်နေတဲ့ခါ၊အိပ်ရအလွန်ချမ်းသာသလို ဆိုပါတကားဟု၊အိပ်သလောက်ကလေးချမ်းသာတဲ့(သယနသုခ)နှင့် နိဗ္ဗာန်ချမ်းသာ အတူတူပင်တည်းဟု မမှတ်လေနှင့်ဦး။(နိဗ္ဗာနသုခ)နှင့်၊ အိပ်သလောက်ကလေးချမ်းသာတဲ့ (သယနသုခ)သည်၊မြင့်မိုရ်တောင်နှင့်ဖီးစေ့နှိုင်းစာလို မရေဘိသကဲ့သို့ ကွာခြားလှပေသတည်း။ ။နိဗ္ဗာန်၏(သန္တိသုခ) သည်။ အိပ်သလောက်ကလေး ချမ်းသာနေတဲ့ (သယနသုခ) မျိုးဆိုက၊ ဘုရားရှင်ဘို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ပါရမီ ဖြည့်နေစရာမလိုတော့ပေ။ နိဗ္ဗာန်၏ (သန္တိသုခ )သဘောကို အိပ်ပျော်နေသောယောက်ျား၏ (သယနသုခ )မှတပါး၊ အခြားဥပမာပြစရာမလွယ်ကူ၍သာ၊ အိပ်ပျော် နေ သော ယောက်ျား၏ (သယနသုခ) နှင့်၊ နိဗ္ဗာန် ၏ (သန္တိသုခ)သဘောကို၊ ဥပမာပြလိုက်ရခြင်းပေတည်း။

နိဗ္ဗာန်၏(သန္တိသုခ)သည်၊ အိပ်လို့ချမ်းသာတဲ့(သယနသုခ)နှင့် နှိုင်းစာလို့ မရအောင် ဆထက်လွန်ကြူး၊အထူးသဖြင့်ချမ်းသာလှပေသတည်း။မြတ်စွာဘုရား၏အသံတော်ကို ကရဝိက်ငှက်မင်း၏အသံနှင့်ဥပမာပြုထားတော်မူ၏။ ။

ကရဝိက်ငှက်မင်း၏အသံကောင်းပုံကား။ ။ကရဝိက်ငှက်မင်းသည်၊ တွန်မြူးကြူးရင့်လိုက်သည့်အခါ၊ ဟိမဝန္တာတောထည်း၌ နေကြကုန်သော၊ထောင်ဖသောင်းမက များလှစွာကုန်သော၊ တောနေပျော်ပါး တောသတ္တဝါ အများတို့သည်၊ ကရဝိက်ငှက်မင်း၏ အသံကိုသာ စူးစိုက်နားထောင်၍ နေကြရလေတော့သတည်း။ ကျားသည်၊ သမင်ကို စားလို၍လိုက်ရာ၊ သမင်သည် ကျားဘေးမှကြောက်သဖြင့်၊ တဟုန်တည်း ထွက်ပြေးလေရာက၊ကရဝိက်ငှက်မင်း၏ အသံကို ကြားလိုက်ရသည့်အခါ၊ မိမိနောက်မှတဟုန်းပြေးလိုက်လာသော ကျားဘေးကိုသတိမရတော့ဘဲ၊ ကရဝိက်ငှက်မင်း၏ အသံကိုသာ ရပ်တန့်လျက်။ စူးစိုက်၍ နားထောင်၍ နေလေတော့သတည်း။ သမင်ကို စားလို၍ တဟုန်တည်း လိုက်နေသောကျားသည်လည်း၊မိမိ၏အစာဖြစ်သောသားသမင်ကို သတိမရတော့ဘဲ။ကရဝိက်ငှက်မင်း၏ အသံကိုသာ၊ ရပ်တန့်လျက် စူးစိုက်၍ နားထောင်၍ နေလေတော့သတည်း။ မြွေသည်၊ ဖားကိုစားလို၍လိုက်နေရာ၌လည်း၊ ကျားနှင့်သမင်ကဲ့သို့ပင်၊ ကရဝိက်ငှက်မင်း၏ အသံကိုသာ ရပ်တန့်လျက်၊ စူးစိုက်၍ နားထောင်၍ နေကြရလေတော့သတည်း။

ရေထည်း၌ မြူးထူးပျော်ပါး ပြေးသွားနေကြကုန်သော ရေကူးင်ကျက်စား ရေသတ္တဝါ ငါး များတို့သည်လည်း၊ ထို့အတူပင် ရပ်တန့်ကြလျက်၊ ကရဝိဋ်ငှက်မင်း၏ အသံကိုသာ ရှုးရှိုက်၍ နားထောင်၍ နေကြလေတော့သတည်း။ ။သိဂီရိ မြွာသောကမင်းတရားကြီး၏ အသန္ဓိမိတ္တာ မိဖုရားနှင့် ငါးရာသောကိုယ်ရံတော် မောင်းမယယ်တို့သည်၊ ကရဝိက် ငှက်မင်း၏ အသံကိုကြားကြရာတွင်၊ ပြော်-ကရဝိဋ်ငှက် မင်း၏ အသံတော်တောင်၊ သို့စဉ်ကလောက် ကောင်းသေး တာ၊မြတ်စွာဘုရား၏ အသံတော်ဆိုက ဘယ်မှာလျှင် ဆို ဘွယ်ရာရှိအံ့နည်း၊သာလွန်၍ပင်၊ကောင်းမှာဘဲဟုဆင်ခြင် စဉ်းစား၍နေစဉ်ပင်၊ ဝိပဿနာဘက်သို့လှမ်း၍ သောတာ ပတ္တိမဂ်စခန်းသို့ ရောက်ကြလေသတည်း။ ။ကရဝိက်ငှက် မင်း၏ အသံသည်၊ သို့စဉ်ကလောက် ကောင်းသောအသံ ဖြစ်သဖြင့်၊ ကရဝိက်ငှက်မင်း၏ အသံနှင့် မြတ်စွာဘုရား၏ အသံတော်ကို ဥပမာပြုရလေသတည်း။ ။မြတ်စွာဘုရား၏ အသံတော်ကို ကရဝိက်ငှက်မင်း၏ အသံမှတပါး၊ အခြား ဥပမာပြုစရာ မရှိသဖြင့်သာ၊ ကရဝိက်ငှက်မင်း၏ အသံနှင့် မြတ်စွာဘုရား၏အသံတော်ကို ဥပမာပြုရလေသတည်း။ ။ အစစ်တန်းမှာတော့ မြတ်စွာဘုရား၏ အသံတော်သည်၊ ကရဝိက်ငှက်မင်း၏ အသံလောကတွင် ကောင်းနေသော အသံမျိုးမဟုတ်ပေ၊ ကရဝိက်ငှက်မင်း၏ အသံထက် အဆ အချာ အဆအထောင်မက၊ ပြောလို့မပြနိုင်အောင်၊ ကောင်း သော အသံတော် တမျိုးပင်တည်း။ ။ပြဆိုအပ်ခဲ့ပြီးသော

ဧကား ချပ်၌ ကာရဝိက်ငှက်မင်း၏ အသံမှတပါး၊ အခြားဥပမာ ဖြစ်ရာ မရှိသဖြင့်သာ၊ မြတ်စွာဘုရား၏ အသံတော်ကို ကာရဝိက်ငှက်မင်း၏ အသံနှင့် ဥပမာ ပြုလိုက်ရသလို ။ ထို့အတူ၊ နိဗ္ဗာန်၏ (သန္တိသုခ) သဘောကိုလည်း၊ အိပ်ပျော်ခိုက်ယောကျ်ား၏ (သယနသုခ) မှတပါး၊ အခြားဥပမာ ဖြစ်ရာ မလွယ်ကူသဖြင့်သာ၊ အိပ်ပျော်ခိုက် ယောက်ျား၏ (သယနသုခ) နှင့် (သန္တိသုခ) ဥပမာ ပြုလိုက်ခြင်း ပေတည်း ။ အစစ်တန်းမှာတော့၊ နိဗ္ဗာန်၏ အလွန်ချမ်းသာသော (သန္တိသုခ) သဘောသည်၊ အိပ်သလောက်ကလေး ချမ်းသာနေတဲ့ (သယနသုခ) မျိုးမဟုတ်၊ အိပ်လို့ ချမ်းသာတဲ့ (သယနသုခ) ထက်၊ နိဗ္ဗာန်ချမ်းသာက အသင်္ချေယျ၊ အပ္ပမေယျ၊ အနန္တ၊ နှိုင်းစာလို့ မရအောင်၊ ချမ်းသာသုခ ရှိလှပေသတည်း။ ဤကား သန္တိသုခ၏ အဓိပ္ပါယ်တည်း။

ဝေဒယိတသုခဆိုသည်ကား၊ ။လောကီဏာဝတို့သား တို့သည်၊ ခံစားမှု၊ သုံးဆောင်မှု၊ ထိအပ်သော လောကီအာရုံ ကာမဂုဏ်ချမ်းသာမျိုးကို (ဝေဒယိတသုခ) ဟုဆိုသတည်း၊ (ရှုဦးအံ့။) ၎င်းလောကီအာရုံ ကာမဂုဏ် ချမ်းသာသည်၊ ဘာနှင့် အလားတူသလဲဆိုတော့၊ အသားမပါ အရိုးချည်း သာ ရှိသော၊ အမဲရိုးကို ခွေးငတ်၊ ခွေးခိုး တို့သည် လက် မလွှတ်နိုင်ဘဲ တခါတည်း စွဲစွဲမြဲမြဲ ခဲသားသည်နှင့် တူသော ကြောင့်၊ ကာမ ငါးပြားသောအာရုံ ကာမဂုဏ် တရားတို့သည်၊ အရှက်လုပ်ခဲ၊ အသားမကပ်အညှီဓါတ်ကြောင့်၊ သွားရေ

ပါးစပ်ယိုဒိတ် ညှိစိုရိပ်ကြောင့်၊ စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင်၊ ဥပမာရှိ၏ဟုဟောတော်မူသတည်း။

အမဲရိုး၌ အသားမကပ်သော်လည်း ဝါတ်ဆေးညှိကလေး ကြောင့်၊ ခွေးငတ်-ခွေးအိုတို့သည် လက်မလွှတ်နိုင်ဘဲ ဖြစ် နေကြသလို။ ထို့အတူ၊ လောကီကာမဘုံသားတို့ သည် လည်း။ လောကီအာရုံ ကာမဂုဏ်ချမ်းသာတို့၌ ဘာတခုမျှ အနှစ်သာရ ရှာလို့မရကြ သော်လည်း၊ သေးသေးကလေး နှင့်အလွန်ခိုင်သောသံယောဇဉ်ကြိုးကိုဖြတ်လို့မရကြသဖြင့်၊ တောထွက်၍ တရားအားဘုတ်ချင်သော်လည်း မထုတ်နိုင်၊ လွတ်လွတ် ကျွတ်ကျွတ်နှင့် ငှင်ရဟန်း ပြု၍ သွားချင်သော် လည်းမသွားနိုင်။ တချိုင်မှိုင်နှင့် တွယ်ကပ်၍သာ နေကြရ လေတော့သတည်း။ ။နိဗ္ဗာန်၏အလွန်ချမ်းသာသော(သန္တိ သုခ)သည်။ဘာဆဲ့တသီးမိုးအပေါင်းဘို့နှင့်မစပ်သော်လည်း လောကီ ကာမဘုံသားတို့ ခံစားနေကြသော (ဝေဒယိတ သုခ)သည်၊တဆဲ့တသီးမိုးအပေါင်းတို့နှင့်သောင်းပြောင်း ကာ၊ ရောနှော နေသေးကြောင့်။ အကြင်လင်နှင့်မယား တို့ သည်။အစပဌမအိမ်ထောင်ပြုခါစကတဲက မင်းနှင့်ငါသည်၊ အကြင် လင်နှင့်မယား အဖြစ်ဖြင့်၊ပေါင်းသင်း ဆက်ဆံပြီး သကာလ၊ ပုစ္ဆာရှိက အပူတပြင်း ပူကြစို့ကွာ ဆို၍ အိမ် ထောင်ပြုကြသည်နှင့် တူသောကြောင့် လောကီ ကာမဘုံ သားတို့ ခံစားကြသော (ဝေဒယိတသုခ) သည်။ တဆဲ့တ သီးမိုးအပေါင်းတို့နှင့် သောင်းပြောင်းကာ ရော၍ နေသော ကြောင့်၊ ဘာတခုမျှ အနှစ်သာရ ရှာလို့မရပေ။ ။သုံးထပ်

တိုက်ကြီးပေါ်မှာ ရေဒီယိုဌာန်လျက်၊ ပန်ကာ အောက်မှာ လောကီစည်းစိမ်ကိုခံစားနေသော သူဌေးကြီးတဦးကို၊ အမြင်ပမ်းကနေ၍ကြည့်သော်၊ချမ်းသာသကဲ့သို့ထင်ရသော်လည်း။ ထိုသူဌေးကြီး၏ အတ္တုအ သန္တာန်တွင်းက မအေးသဖြင့်၊ တိုက်နံရံဘေးမှာ ခိုကပ်၍နေသော၊ ကုလား လင်မယား လောက်မျှ၊ မပျော်ပါး နိုင်ကြပေ၊ ကုလား လင်းမယားမှာဆိုလျှင်၊ နံက်အာရုံကျင်း၍အလင်းသို့ရောက်သည်နှင့် တပြိုင်နက်၊ ကူလီထမ်းလှုက်၍ ရလာသော ပိုက်ဆံကလေးနှင့် ထမင်းဆိုင်မှာ၊ ဝစွာလွေခဲ့ကြပြီး၊ တိုက်နံရံဘေးသို့ ရောက်သောအခါ။ ကုလားကဘုံတိုကလေးကို တီးသဖြင့်၊ကုလားမက ညည်းနက်အောင် ကပြ၍ မောပန်းကြသောအခါ၊ ကုလားလင်မယား ထိုတိုက်နံရံဘေးမှာပင် သက်တုံခေါင်းအုံး၍ ကပ္ပသာနှင့်ဘွေးကြလေသတည်း။ ငါတို့၏ ငွေ စသည်တို့ကို။ သူခိုး ခိုးလိမ့်မည်ဟု အနည်းငယ်မျှ ပူစရာမရှိသဖြင့်။ ပျော်ပျော်ကြီး အိပ်နိုင်ကြသောင်လည်း။ သုံးထပ်တိုက်ပေါ်ကသူဌေးကြီးမှာဆိုလျှင်၊ ထိုင်ရာကနေ၍ ငိုင်ငြားသို့ ငွေ-(၅) သိန်း ပေး၍၊ ကုန်ဝယ် လွှတ်လိုက်သောကိုယ်စားလှယ်ကလည်း၊ပြန်ရောက်ချိန်တန်၍ မရောက်လာသဖြင့် ပူရတာကတမျိုး၊ ထားဝယ်သို့ ငုံကင်း(၁၄)စင်း (၁၅)စင်းနှင့် ငွေမြောက်မြားစွာ ပေး၍ ထင်းအဝယ် လွှတ်လိုက်သောကိုယ်စားလှယ်များကလည်း ပြန်ရောက်ချိန်တန်၍ မရောက်သာ သဖြင့် ပူရတာကတဖုံ၊ ထိုသို့သော အကြောင်းမျိုးစုံသဲ့မှာ၊မိမိ၏အဖွေးဆုံးအချစ်ဆုံးသမီးရတနာ

ကလေးက ဖြင်းဖြွွသော ဆပူရောဂါ၊ အဖျား ဝေဒနာ ကြီး နှိပ်စက်လာသဖြင့်ဆရာဝန်နှင့် ကုသပါသော်လည်း။ ဝေဒနာမှာ သက်သာရာမရ၊ လူးလှိမ့်ကာသာ နေရသဖြင့်၊ သူဌေးကြီး၏ရင်ဝမှာ မီးထ၍တောက်သလိုဖြစ်ပြီး၊ စားမဝင် အိပ်မပျော် နေမ ရှင်၊ ထိုင်မထည့်၊ တမှိုင်မှိုင်-တယိယိနှင့် တအိအိ နွမ်းခွေ။ သောကမီးတွေ ပွေလျက်နေသောကြောင့်၊ သုံးထပ်တိုက်ကြီးပေါ်မှာရေဒီယိုဖွင့်လျက်ပန်ကာအောက်မှာ လောကီ စည်းစိမ်တွေကို၊ ခံစား စံစားကာနေသော သူဌေးကြီးကို၊ အပြင်ပမ်းကနေ၍ကြည့်သော် ချမ်းသာသကဲ့သို့ ထင်ရသော်လည်း၊ နံနက်ရှ-နံနက်စား။ ညရ ညစားတဲ့ကုလားလင်မယားလောက် မှ မပျော်ပါနိုင်ပေ။ ။ ထို့ကြောင့် အောက်၌ ပြဆိုအပ်ခဲ့ပြီးသည့်တိုင်း။ လောကီကာမဘုံသားတို့ ခံစားနေကြသော(ဝေဒယိတသုခ)သည်။ တဆဲ့ တသီးသော မီးအပေါင်းကိုနှင့် သောင်းပြောင်းကာ ရောနှော၍နေသောကြောင့်၊ ဘာတခုမျှ အနှစ်သာရ ရှာလို့ မရပေ။ နိဗ္ဗာန်ချမ်းသာဆိုတဲ့(သန္တိသုခ)သည်ကားဆိုလျှင်၊ ထဆဲ့တသီးမီးအပေါင်းတို့နှင့်သောင်းပြောင်းခြင်းမရှိ၊ အမြဲတန်းငြိမ်း၍နေတော့သဖြင့်၊ လောကီကာမဘုံသားတို့ခံစားကြသော (ဝေဒယိတသုခ)နှင့် နှိုင်းစားလို့မရအောင်၊ အလွန်းသဖြင့် ချမ်းသာလှပေသတည်း။

အဇရံဇိရမာနေန၊
တပမာနေနနိဗ္ဗုတိံ။

နိမိယျံပရမံသန္တိံ၊
ယောဂက္ခေမံအနုတ္တရံ။ ။

ထေရအပဒါနိပါဠိတော်။

အဟံ။ ငါသည်ပိယာနံဒေထရ်ဖြစ်သည်။ဇိနမာနေန၊ ပေါက်
ပြန့်ဒိုမင်း ဆွေးမြေ့ပျက်စီးခြင်းသဘောဖြစ်၍။ အဇရံ၊ တခါ
တည်းမျှ အိုဘေား သေဘေားမသန်း၊ ဟောင်းနွမ်းခြင်းမဒေ့၊
ဆွေးမြေ့ခြင်းမဝင် အမြဲလျှင် အသစ် စက် စက် တည်နေ
တော်မူထသော၊ ယောဂက္ခေမံ၊ဘေားတကာဝိုင်းအုံ၊ ရန်တ
ကာပေါင်းဆုံသည့်၊ ငါးကာမဂုဏ်အာရုံအကြား၌ ပျော်ပါး
မူးယစ်ဘတ်သော တဏှာဒေလာဘ မောဟ ဟူသချုတ်ဖို့၏
တဝတည်းကုန်ရာ၊ တဖန်မလာနိုင် မပေါ်နိုင်ရာဖြစ်တော်မူ
ထသော၊ ပရမံ၊ တဆဲ့တသိးမိုး သောင်းပြောင်းတို့၏ တ
ပေါင်းတည်း ငြိမ်းရာဖြစ်၍၊ လွန်စွာမြတ်တော်မူထသော။
အနုတ္တရံ၊ လောကသုံးခွင်၊ဘုံသုံးပြင်ဝယ်၊ တုဒထင်သော
ဘုရားရှင် ကိုယ်တော်မြတ်တို့သော်မှ၊ မတုဒဘက်နိုင်သ
သော။ တပမာနေနံ၊ ပူလောင်တတ်သော ဇာတိဇရာမီးများ
စွာမှ၊ သန္တိံ၊ တပေါင်းတည်းငြိမ်းရာဖြစ်တော်မူထသော။
နိဗ္ဗုတိံ၊ နိဗ္ဗာန်ခုဘနာမြတ်ချမ်းသာကြီးကို။ တပမာနေန၊
ယခုဘဝမြိုးခြိစွာ ကျင့်ရသောဒါနသီလဘာဝနာ၊ ကုသိုလ်
များစွာသော အကျင့် မြတ်ဖြင့်၊ နိမိယျံ စကောပေယျံ။ ယခု
လက်ငင်း ချက်ခြင်းရအောင် တဝတည်းလဲသှယ်၍ ဝယ်ယူ
ရပေတော့အံ့သတည်း။ ။

ခန္ဓာကိုယ်ဆိုး၊ ဒုက္ခအိုးကြီးတိမ်းနှိပ်စက်တိုင်း၊ ခံနေရသော လောကီချမ်းသာဟူသမျှတို့ထက်၊ ခန္ဓာကိုယ် ဥပမိ မရှိဘဲ တချမ်းသာထဲချမ်းသာ၍နေသော၊ နိဗ္ဗာန်ချမ်းသာက အရာအထောင်မက၊ ပိုလွန်၍ချမ်းသာကြောင်းကို သိတော်မူသော သုဗိယာမထေရ် ကိုယ်တော်မြတ်ကြီး၏ လက်ရုံးဆန့် တန်း ဥဒါန်း မြွက်ဆိုအပ်သော စကားတော်ကို ကြပ်ကြပ် စဉ်းစား နှစ်လုံးထားကြကုန်၍၊ လောကသုံးခွင် ဘုံသုံးပြင်ဝယ်၊ တုမဆင်သည့် ဘုရားရှင် ကိုယ် တော်မြတ် တို့ထက်မက၊ ဆတုမရအလွန်မြတ်လှသည့် သခ်တာ သခ်တ ဘုရင်မြတ်နိဗ္ဗာန်သခင်ထံသို့ ယခုဘဝ၌ါနဘဝ်လာဘာဝနာ ကုသိုလ်များစွာတို့ကို၊ ငါတို့ပြုကြ၍ ငင်မည်ဟု ငါကအစ၊ သုဗိယာ မထေရ်ထံ၊ နှစ်သုံးသွင်းသင့် ကုန်သည် သာလျှင် တည်း။

နိဗ္ဗာန်သည်လွယ်ကူစွာနှင့်ရနိုင်သောတရားမျိုး မဟုတ်ခြင်းအကြောင်း။

တံနုပဝိသုဒဿနံ သုခေန
ပဿိတဗ္ဗံသုစိရံမ္ပိကာလံ
ပုညဉာဏာသမ္ဘခေသမာ
နေန္တေ့ပဝိဝိ၊ကာသိရေနေ၀
သမဓိဂန္တုဗ္ဗတော။ ။

ဒုတိယဥဒါနသံဝဏ္ဏနာ။ ။

သုစိရမ္ဘိကာလံ၊ အလွန်ကြာမြင့်စွာသော ကာလပတ်လုံးလည်း။ ပုညဉာဏသမ္ဘာရေ၊ ဒါန သီလ ဘာဝနာ ကုသိုလ်ဝိပဿနာဉာဏ်အဆောက်အဦးတို့ကို။ သမာနေတွာပိ၊ ကောင်းစွာ ယူဆောင် အားထုတ်ကုန်သော သူတို့သည်လည်း။ ကာသိရေနော၊ ဘာဝများစွာ ပမ်ပန်းကြီးစွာအားထုတ်နိုင်မှသာလျှင်။ သမဓိဂန္တဗ္ဗတော၊ ကောင်းစွာရောက်အပ်သောကြောင့်။ ဘံ၊ ထိုနိဗ္ဗာန်ရတနာမြတ် ချမ်းသာကြီးသည်။ သုဒုဿနံသုဒ္ဒနပဿိတဗ္ဗံ၊ အလွယ်တကူ တွေ့မြင်ရသောတရားမျိုးသည်၊ နဟိနဝေဟောတိ၊ မဟုတ်တော့သည်သာလျှင်တည်း။ ။

လူချမ်းသာ၊ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော သုံးတန်သောချမ်းသာတို့တွင် လူချမ်းသာနှင့်နတ်ချမ်းသာကိုကား၊ စေတနာထက်သန်က ပန်းတပွင့်သစ်သီးတလုံးနှင့် သော်၎င်း၊ တယောက်ချိုမျှသော ဆွမ်း လှူ ဒါန်း ကာမျှနှင့် သော်၎င်း။ လွယ်ကူစွာရနိုင်သော်လည်း၊ နိဗ္ဗာန်ချမ်းသာကိုကား၊ မရနိုင်ချေ။ ။ပညာဓိကဘုရား၊ သဒ္ဓါဓိကဘုရား၊ ဝိရိယဓိကဘုရားသုံးဆူတို့တွင် ပညာဓိကဘုရားမှာမူကား၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း။ သဒ္ဓါဓိကဘုရားမှာမူကား၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။ ဝီရိယာဓိက ဘုရားမှာမူကား၊ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ဒါန,သီလစသော ပါရမီဆယ်ပါး၊ အပြားသုံးဆယ် ကုသိုလ်တို့ကို ဆင်းရဲညှိုးငယ်သဖြင့်၊ ပင်ပမ်းကြီးစွာဖြည့်စွမ်းမှသာ

လျှင်၊ ၎င်းနိဗ္ဗာန်ရတနာမြတ် ချမ်းသာကြီးကို ရတော်မူကြကုန်၏။ ။

လက်ျာရံ၊ လက်ဝဲရံ ဖြစ်တော်မူကြကုန်သော၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်အဂ္ဂသာဝက ရဟန္တာကိုယ်တော်မြတ်ကြီး နှစ်ပါးတို့မှာမူကား၊ အနောမဒဿီဘုရားရှင် လက်ထက်တော်ကစ၍၊ လက်ျာရံ၊ လက်ဝဲရံ၊ အဂ္ဂသာဝကဆုကိုပန်ကြပြီး၊ တသင်္ချေနှင့်ကမ္ဘာတသိန်းတို့အာလာပတ်လုံး၊ ဒါန သီလစသော ပါရမီတို့ကို ဖြည့်စွမ်းမှသာလျှင်၊ ၎င်းနိဗ္ဗာန်မြတ်ချမ်းသာကြီးကိုရတော်မူကြကုန်၏။

အရှင်မဟာကဿပမထေရ်၊ အရှင်ဥပါလိမထေရ်၊ အရှင်ကောဏ္ဍည မထေရ်။ အရှင်ဝပ္ပမထေရ်၊ အရှင်မဟာနံမထေရ်၊ အရှင်အဿဇိမထေရ် စသော ရှစ်ကျိပ်သော မဟာ သာဝကတို့သည်ကား- ပဒုမုတ္တိုရ်ဘုရားရှင် လက်ထက်တော်ကစ၍ ဆုအသီးသီး ဆုပန်ကြပြီး၊ ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ဒါန-သီလစသောပါရမီတို့ကို ဖြည့်စွမ်းမှသာလျှင်၊ ၎င်းနိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးကို ရတော်မူကြကုန်၏။ ငါတို့-ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည်ကား။ စိတ်ဖြင့်ခုနစ်သင်္ချေ။ နှုတ်ဖြင့်၍ဘုရားအဖြစ်ကိုဆုတောင်းတာကကိုးသင်္ချေ၊ ဒီပင်္ကရာဘုရားထံဗျာဒိတ်ခံပြီးမှ၊ ဘုရားအဖြစ်ကိုဆုတောင်းပြီး၊ ဒါန-သီလ စသော ပါရမီ ဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်စွမ်း တာကား၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ပေါင်းသင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်းရှိမှ သိဒ္ဓတ္ထမင်းသားမှာ ဘုရားအဖြစ်သို့ ရောက်၍

နိဗ္ဗာန် စံတော်မူရလေသည်။ ငင်းဘုရားအလောင်း
သိဒ္ဓတ္ထမင်းသား၏ ကြင်ရာတော်-ယသောဓရာယာမှာမူကား၊
မျာဒိ မရခင်ဘုရားပေါင်း(နှစ်သိန်း၊တသောင်း၊နှစ်ထောင်၊
တရာ၊ ခုနှစ်ဆယ့်ကိုးဆူသော)ဘုရားရှင်တို့ထံမှာ၊သိဒ္ဓတ္ထ
မင်းသား ဘုရားအဖြစ်သို့ ရောက်၍၊ ငင်းဘုရားအလောင်း
၏ ခြေရင်းအလုပ်အကျွေးဖြစ်ရ၍ ငင်းဘုရားအလောင်း သိ
သောတရားတို့ကိုလည်းထပည့်တော်မ,သိရ၍၊ ငင်းဘုရား
အလောင်းနှင့်အတူတကွ နိဗ္ဗာန်သို့ ဝင်ရပါလို၏ စသည်
ဖြင့်ဆုတောင်း၍ ငင်းဘုရားရှင်တို့အား လှူဒါန်းပူဇော်ခဲ့ပြီး
နောက်၊ ဒိပင်္ကရာဘုရား လက်ထက်တော်က စ၍ တဖန်၊
လေးသင်္ချေနှင့်ကမ္ဘာတသိန်းတို့ ကာလပတ်လုံး၊ ဒါန-သီလ
စသော ပါရမီတို့ကို၊ ဖြည့်စွမ်းပြန်မှသော ရဟန္တာမအဖြစ်
သို့ရောက်၍၊ယသောဓရာထေရီအမည်နှင့်၊နိဗ္ဗာန်သို့စံဝင်
လေသည်၊ ထိုကြောင့်-ဖြဆိုခဲ့သည့် စကားရပ်တို့အတိုင်း၊
နိဗ္ဗာန်သည် လွယ်ကူစွာနှင့် ရနိုင်သော တရားမျိုးမဟုတ်
သဖြင့်၊ အလွန်တရာ ခဲရင်းလှစွာသော နိဗ္ဗာန်ရတနာမြတ်
ချမ်းသာကြီးကိုလွန်စွာလိုလားကြကုန်သောအမျိုးကောင်း
သား အမျိုးကောင်းသမီးတို့သည်၊ ဘုရားသာသနာနှင့် တွေ့
ကြုံခိုက်ကာ၊ ဥတ်ချတ်စွန့်၍ သူတပါးတို့ထက် ထူးကဲလွန်
မြတ်သော ဒါန-သီလ-ဝိပဿနာ ကုသိုလ်မှုငှာတို့ကို၊
ကြိုးစားအားထုတ်မှသာ၊ ငင်းနိဗ္ဗာန်ရတနာမြတ်ချမ်းသာ
ကြီးကို ရနိုင်ကြပေလိမ့်မည်။

### လူ့ဘုံနတ်ဘုံဗြဟ္မာ့ဘုံထင်ရှားရှိသလို၊ နိဗ္ဗာန်လည်း ထင်ရှားရှိခြင်းအကြောင်း။

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊
ယတ္ထ နေဝ ပထဝီ န အာပေါ
န တေဇော န ဝါယော န အာ
ကာသာနဉ္စာယတနံ န ဝိညာနဉ္စာ
ယတနံ န အာကိဉ္စညာယတနံ
န နေဝသညာနာသညာယတနံ
နာယံ လောကော န ပရလောကော
န ဥဘော စန္ဒိမသူရိယာ။ ။ ဥဒါန်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယတ္ထ၊ အကြင်ဘုံတည်ရာအာယတန၌။ နေဝပထဝီ၊ အခြားတည်ရာ ဘုံဌာနများကဲ့သို့ မြေလည်းမရှိ။ နအာပေါ၊ နဂါးပြည်စသည်များကဲ့သို့ရေလည်းမရှိ၊ နတေဇော၊ ငရဲပြည်စသည်များကဲ့သို့ မီးလည်းမရှိ၊ နဝါယော၊ လူ့ပြည် နတ်ပြည်၊ ဗြဟ္မာပြည်များကဲ့သို့၊ လေလည်းမရှိ၊ တဒါယတနံ၊ ထို-မြေ, ရေ, လေ, မီး, မရှိပါဘဲလျက်ပင်၊ အခြားဘုံများကဲ့သို့တည်နေရာ၊ အာယတနမျိုးသည်။ အတ္ထိ၊ မြေရေလေမီးရှိရာ၊ ဘုံဌာန အာယတနကဲ့သို့ ထင်ရှားမသွေရှိပေသေး၏။ တံ၊ ထို မြေ, ရေ, လေ, မီး, မရှိဘဲလျက်၊ အခြား ဘုံများကဲ့သို့၊ တည်နေရာဖြစ်၍ ထင်ရှားရှိသော၊ အာယတနဟူသည်လည်း။ နအာကာသာနဉ္စာယတနံ၊ ပဌမအရူပဗြဟ္မာတို့၏တည်နေရာအာကာသာနဉ္စာယတ

ဘုံလည်းမဟုတ်သေး။ နဝိညာဏဉ္စာယတနံ၊ ဒုတိယ အရူပ
ဗြဟ္မာတို့၏တည်နေရာ ဝိညာဏဉ္စာယတန ဘုံလည်းမဟုတ်
သေး။ နအာကိဉ္စညာယတနံ၊ တတိယ အရူပဗြဟ္မာတို့၏
တည်နေရာ အာကိဉ္စညာယတန ဘုံလည်း မဟုတ်သေး။
နနေဝသညာနာသညာယတနံ၊ စတုတ္ထအရူပဗြဟ္မာတို့၏
တည်နေရာ နေဝသညာနာသညာယတနဘုံလည်းမဟုတ်
သေး။နာယံလောကော၊ အခြားသောလူ့ဘုံနတ်ဘုံစသည်
တို့နှင့်ကဲ့သို့၊ ဤပစ္စုပ္ပန် ဘဝဟူ သည်လည်းမရှိ။ နပရလော
ကော၊ အခြားသော လူ့ဘုံ-နတ်ဘုံစသည်တို့နှင့်ကဲ့သို့၊ တမ
လွန် လောကလည်းမရှိ။ နဥဘောစန္ဒိမသူရိယာ၊ နှစ်ပါး
ကုန်သော လ,နေတို့သည်လည်းမရှိကုန်။ဝါ။လူ့ရွာနတ်ဘုံ
များကဲ့သို့၊ နေ, လ, နက္ခတ်အရောင် မထွန်းပြောင်ပါဘဲ
လျက်ပင်၊ ဝင်းဝင်းတောက်၍နေ၏။

မြေ,ရေ,လေ,မီး,လ,နေ,နက္ခတ်ရှိသောသတ္တဝါတို့၏
တည်ရာဖြစ်ရာ-စုတိရာဘုံဌာနသာထင်ရှားရှိသည်မဟုတ်။
မြေ, ရေ, လေ, မီး, လ,နေ,နက္ခတ်စသည့်မရှိသောနိဗ္ဗာန်
ဘုံဌာနတခုလည်းထင်ရှားရှိ၍သေး၏။ထိုနိဗ္ဗာန်ဟူသောဘုံ
ဌာန၌။ လူ့ရွာ နတ်ရပ်စသည်တို့မှာ၊ ပစ္စုပ္ပန်လောက၊ တမ
လွန် လောကရှိသလို၊ ပစ္စုပ္ပန် လောက၊ တမလွန် လောက
လည်းမရှိ။ လူ့ရွာ-နတ်ဘုံများကဲ့သို့နေ,လ,နက္ခတ်အရောင်
မထွန်းပြောင်ပါဘဲလျက်ပင်၊ အမြဲတန်း ဝင်းဝင်းတောက်
၍နေ၏။ အခြားသော လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံစသည်တို့
ထင်ရှားရှိသကဲ့သို့၊ထိုနိဗ္ဗာန်ဟူသောဘုံအာယတနလည်း

အမြဲတန်း ဝင်းဝင်းတောက် ထင်ရှား ဧကန် ရှိသည် မှန်ကြောင်းကို၊ ဥဒါန်း ပါဠိတော်၌။ သဗ္ဗညုသခင်ဘုရားရှင်ဟောတော်မူသဖြင့်၊ ဤသို့စဉ်ကာလောက် လူနတ် ဗြဟ္မာသတ္တဝါတို့၏ တည်ရာ ဘုံဌာန တို့နှင့် မတူကွဲပြား၊ အလွန်အမှုထူးခြားသည့် နိဗ္ဗာန်အောင်ခန်းရွှေပြည်နန်းသို့၊ မြန်မြန်ကြိုးစံကြံရလေအောင် အထူးအားဖြင့် ကြိုးစားအားထုတ်သင့်လှတော့သည်သာလျှင်တည်း။ ။

ဤသို့ နိဗ္ဗာန်ဟူသောဘုံတည်ရာဟူသည် ထင်ရှားရှိလေသလော။ မရှိလေသလောနှင့်အကြံမျော၍မနေကြနှင့်ဧကန္တထင်ရှားရှိသည်သာလျှင်တည်း။

ရဟန္တာပုဂ္ဂိုလ်တို့ပညာမျက်စိဖြင့်နိဗ္ဗာန်ကို
မြင်နေရခြင်းအကြောင်း။

အပဿန္တာနံဟိ နိဗ္ဗာနံပိ၊နိဗ္ဗာန
ဒဿနမ္ပိ ကာလမေဃာဝစ္ဆာ
ဒိတံပိယ၊ ကဋ္ဌဟာနအဝကုဗ္ဗိတ
ပတ္တောဝိယ၊ နိစ္စံတမောစေဝ၊
အန္ဓကာရောစ၊ ဟောတိသတဉ္စ
သပ္ပုရိသာနံ၊ ပညာဒဿနေန
ပဿန္တာနံနိဗ္ဗာနံအာလောကော
ဝိယ၊ဝိဝဋံဟောတိ။ ။

သဠာယတနသံယုတ်အဋ္ဌကထာ။

နိဗ္ဗာနံပိ၊ နိဗ္ဗာန်သည်လည်းကောင်း။ နိဗ္ဗာနဒဿနမ္ပိ၊ နိဗ္ဗာန်ကိုမြင်ရသည့် မဂ်ဖိုလ်ကိုဟူသော ပညာမျက်စိသည် လည်းကောင်း။ ကာလမေဃအာဝဋ္ဋာဒိတံဝိယ၊ မိုးယံတိမ် ပုတ်ဖုံးအုပ်သည့် လကဲ့သို့လည်းကောင်း။ ကဋာဟေန၊ ဖျဉ်း အိုးဖြင့်။ အဝကုဇ္ဇိတ ပဒ္မောဝိယ၊ မှောက်၍ထားအပ်သော ကြာကဲ့သို့လည်းကောင်း။ အပဿန္တာနံ၊ ပညာမျက်စိဖြင့် မရှုကြည့်နိုင်ကုန်သော ပုထုဇဉ်တို့အား။ နိစ္စံ၊ အမြဲ။ တမော စေဝ၊ မှေးဦးအမိုက် မိုက်၍ လာသည်လည်းကောင်း၊ အန္ဓ ကာရောစ၊ နောက်တလဲလဲ မဲ၍လာသည်လည်း ကောင်း။ ဟောတိ၊ စင်စစ်မသေချွဖြစ်ရလေတော့၏။ စ။ ဆလျှုးကိုသိုဦး အံ့။ သတိ၊ နိဗ္ဗာန်ကိုမြင်ရအောင် အခါခါသတိဆောင်ကြ ကုန်သော။ ပညာဒဿနေန၊ မဂ်ပညာ။ ဖိုလ်ပညာတည်းဟူ သော မျက်စိအမြင်ဖြင့်။ ပဿန္တာနံ၊ ကြည့်ရှုနိုင်ကြကုန် သော။ သပ္ပုရိသာနံ၊ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် သခင်သူတော်အရှင် တို့အား။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အာလောကောဝိယ၊ လရောင် နေရောင်အလင်းကဲ့သို့။ ဝိဝဋံ၊ ထင်းထင်းလင်းလင်းပွင့်၍နေ သည်။ ဟောတိ၊ ဖြစ်၏။

မိုးယံတိမ်ပုတ်ဖြင့်ဖုံးအုပ်၍နေသောလကိုရင်း။ ဖျဉ်းအိုး ဖြင့် မှောက်၍ထားသောကြာကိုရင်း။ ဒိုသူငါတာတွေ့ မမြင်နိုင် သကဲ့သို့၊ ပုထုဇဉ်တို့၏ပကတိမျက်စေ့ဖြင့်၊ နိဗ္ဗာန်ကိုမမြင် နိုင်ကြပေ။ အမြဲတန်းမိုက်၍သာလျှင်တည်း။ ထိုသို့ပုထုဇဉ် တို့၏၊ ပကတိသော မျက်စေ့ဖြင့်၊ နိဗ္ဗာန်ကိုမမြင်ရမူ၍ အမြဲ တန်း၊ မိုက်၍ နေသော် လည်း။ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်သခင်

ရဟန္တာအရှင်မြတ်တို့မှာရှုကား။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တည်းဟူသော ပညာမျက်စေ့ဖြင့်၊ ၎င်းနိဗ္ဗာန်ကို နေရောင်၊ လရောင်အလင်းသို့၊ ပွင့်ပွင့်လင်းလင်း အမြဲ ထင် ၍ နေကြကုန်သည်သာလျှင်တည်း။ ။

ရဟန္တာပုဂ္ဂိုလ်တို့၏စုတိစိတ်သည်တဖန်ဘဝသစ်ကို
မဖြစ်စေနိုင်ခြင်းအကြောင်း။

ယာယနိဗ္ဗာန ဓါတုယာ
အဓိဂတာယပန္တိ မဓိတ္တာ
အပ္ပဋိသန္ဓိကံ ဇာတံ။ မူလဋီကာ။ ။

ယာယနိဗ္ဗာနဓါတုယာ၊ အကြင်အသင်္ခတဓါတ်၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ အဓိဂတာယ၊ ရောက်သည်ရှိသော်။ ပန္တိမစိတ္တံ၊ ပရိနိဗ္ဗာန်စံတော်မူမည့်သူ ပုဂ္ဂိုလ်မြတ်တို့၏ နောက်ဆုံးစုတိစိတ်သည်။ အပ္ပဋိသန္ဓိကံ၊ တဖန်ဘဝသစ်ကိုမဖြစ်စေနိုင်သည်။ ဝါ။ ဘဝတပါးလျှင့်သွားစရာ ပဋိသန္ဓေသစ် ပေါ်လာအောင်။ ဆန္ဒရာဂပစ္စယသတ္တိဖြင့်၊ ကျေးဇူးမပြုနိုင် လက်မှိုင်ချရခြင်းသည်။ ဇာတံ၊ ဖြစ်လေတော့၏။ ။

သမင်ကို ကိုက်အံ့သောငှါ၊ လိုက်၍လာသော သစ်ကျားသည်၊ ခရီးလမ်းအကြားတွင် ခြသေ့်မင်း ဝင်ရောက်လာမည့်ဟန် ခြသေ့် သံကိုကြားရသဖြင့်၊ မိမိလိုက်၍လာသောသမင်ကို၊ မလိုက်နိုင်၊ မကိုက်နိုင်၊ နောက်သို့သာ ဆုတ်ပြေးရသကဲ့သို့၊ ထို့အတူ။ အသင်္ခတဓါတ်၊ နိဗ္ဗာန်ရတနာမြတ် ကောန်

ထတ်ဆတ် ပေါ်လာမည်ဟန်၊ ပေါ်လာမည့် အရေးကြောင့် ရဟန္တာတို့၏နောက်ဆုံးစုတေစိတ်သည်။ နောင်တဖန် ပဋိသန္ဓေသစ်ကိုမဖြစ်စေနိုင်။ မဖြစ်လာအောင်လည်း တတ်နိုင်သည်၊ ထိုသို့ပဋိသန္ဓေသစ်ကိုမဖြစ်စေရာ၌။ ဆသံထင်တတ် နိဗ္ဗာန်ရတနာဖြတ်ပေါ်လာ၍သာ၊ ရဟန္တာတို့၏ စုတေစိတ်သည်။ ပဋိသန္ဓေသစ်ကို မဖြစ်စေနိုင်သည်ဟူ၍မှတ်။ ။ သစ်ကျွား နှင့် တူ သော ရဟန္တာတို့၏ စုတေစိတ်သည်၊ ခြသေ့မင်းနှင့်တူသော နိဗ္ဗာန်ရတနာ ပေါ်လာမည့် အရေးကြောင့်၊ နောင်တဖန် ပဋိသန္ဓေသစ်ကို မပေးနိုင်လေတော့သတည်း။ ။

~~~

ရဟန္တာပုဂ္ဂိုလ်နိဗ္ဗာန်သို့ဝင်သည့်အခါ၊ ရဟန္တာပုဂ္ဂိုလ်ရှိရာသို့သာ နိဗ္ဗာန်ရတနာဆိုက်ရောက်လာရခြင်းအကြောင်း။

နိဗ္ဗာန်သည်၊ သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါးရှိရာတို့တွင်၊ ခန္ဓာငါးပါးနှင့်တကွဖြစ်သော နိဗ္ဗာန်ကို၊ သဥပါဒိသေသ နိဗ္ဗာန်ဟုခေါ်သည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားမရှိသောနိဗ္ဗာန်ကို။ အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်သည်။ ရဟန္တာ ပုဂ္ဂိုလ် တို့သည် အာသဝေါကုန်ခန်း၊ ရဟန္တာဖြစ်သည်နှင့်ထပ်ပြိုင်နက် ခန္ဓာတင်းလင်း ရှိနေသေးသော၊ သဥပါဒိသေသ နိဗ္ဗာန်သို့ ရောက်၍ နေကြကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့ ခန္ဓာတင်းလင်း ရှိနေသော သဥပါဒိသေသနိဗ္ဗာန်သို့ ရောက်သည့် အခါမှာလည်း၊ (မဏ္ဍိပ
~~~

ပဏ္ဏာသဋီကာ အလိုအားဖြင့်)အရဟတ္တမဂ်ရသည့်ရဟန္တာ ပုဂ္ဂိုလ်က၊ အလွန်သက်သက်အရပ်တပါး၌တည်နေသော အရဟတ္တမဂ်တည်းဟူသောသဥပါဒိသေသနိဗ္ဗာန်ရှိရာသို့ ရောက်သွား သည်မဟုတ်။ ထိုအရဟတ္တမဂ် တည်းဟူ သောသဥပါဒိသေသနိဗ္ဗာန်ကသာ၊ရဟန္တာပုဂ္ဂိုလ်သန္တာန် သို့ဆိုက်ရောက်လာရသည်။ ထိုသို့ ဆိုက်ရောက် လာရ သည်ကိုပင်၊ ရဟန္တာပုဂ္ဂိုလ် သဥပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုရိုးရှိနေကြသည်၊ ။စင်စစ်မှာမူကား။ ရဟန္တာပုဂ္ဂိုလ်က၊ သဥပါဒိ သေသနိဗ္ဗာန်ရှိရာသို့ ရောက် သွားသည်မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်ရှိရာသို့သာ၊ သဥပါဒိ သေသနိဗ္ဗာန်ကရောက်လာရသည်။

လောကဥပမာအားဖြင့် ပြရသည်ရှိသော်-မင်းလောင်း မှန်က၊ ဖုတ်သွန်းရထားဆိုက်ရတယ်ဆိုသောစကားကဲ့သို့ ဒါန သီလစသော။ ရှေးဘုန်း ရှေးကံနှင့် ပြည့်စုံသော မင်း လောင်းရှိရာသို့သာ၊ ဖုတ်သွန်းရထား ဆိုက်ရောက်လာရ သည်။ ဖုတ်သွန်းရထားရှိရာသို့ မင်းလောင်းက သွားနေရ သည်မဟုတ်။ ။ယခုလည်း ထို့အတူသာ၊ရဟန္တာပုဂ္ဂိုလ် သဥပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်ဟုဆိုရာ၌လည်း၊စင် စစ်မှာမူကား။ ရဟန္တာပုဂ္ဂိုလ်က အလွန်သက်သက်အရပ် တပါး၌တည်နေသောအရဟတ္တမဂ်တည်းဟူသောသဥပါ ဒိသေသနိဗ္ဗာန်ရှိရာသို့ရောက်သွားသည်မဟုတ်။ အရဟတ္တ မဂ်တည်းဟူသော သဥပါဒိသေသနိဗ္ဗာန်ကသာ၊ ရှေးက ပြည့်ဆည်းဘူး ခဲ့သော ဒါန-သီလ-ဘာဝနာစသော ပါရမီ

ဒဗ္ဗသမ္ဘာရ အဆောက်အဦးနှင့်ပြည့်စုံသော ရဟန္တာသခင် အရှင် ရှိရာသို့သာ၊ ဆိုက်ရောက်လာရသည်ဟူ၍မှတ်။ ။ ရဟန္တာပုဂ္ဂိုလ် အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်သည်ဟူရာ၌လည်း၊ ရဟန္တာပုဂ္ဂိုလ်က၊ အလွတ်သက်သက် ။ ရပ်တပါး၌ တည်နေသော အနုပါဒိသေသနိဗ္ဗာန်ရှိရာသို့ရောက်သွားသည်မဟုတ်။ ထို-အနုပါဒိသေသ နိဗ္ဗာန်ကသာ ပရိနိဗ္ဗာန်စံတော်မူသော ရဟန္တာသခင်အရှင် မြတ်အား၊ စောင့်ရှောက်သောအားဖြင့်၊ ထိုရဟန္တာသခင်အရှင်မြတ်ရှိရာသို့သာ။ ဖြစ်လာပေါ်လာ ရောက်လာသည်ဟူ၍မှတ်။ ။ဒါန-သီလစသော အကြောင်းပါရမီဘွဲ့ပြည့်စုံ၍ အရဟတ္တဖိုလ်ရတနာ ပေါ်လာချိန်ရောက်သော ပုဂ္ဂိုလ်၌၊ အရဟတ္တဖိုလ်ရတနာပေါ်လာရသကဲ့သို့၊ နိဗ္ဗာန်ရတနာပေါ်လာချိန်ရောက်သော ရဟန္တာပုဂ္ဂိုလ်၌လည်း။ အနုပါဒိသေသနိဗ္ဗာန် ရတနာ ပေါ်လာရသည်။ ကိလေသာ မကျန်သေးခင်၊ အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသ၊ နိဗ္ဗာန်ရတနာမပေါ်လာနိုင်။ ကိလေသာကုန်မှသာ၊ အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသ နိဗ္ဗာန်ရတနာပေါ်လာသကဲ့သို့၊ ရုပ်နာမ်ခန္ဓာ မကုန်သေးခင်၊ အနုပါဒိသေသ နိဗ္ဗာန်ရတနာ မပေါ်လာနိုင်။ ရုပ်နာမ် ခန္ဓာ ချုပ်ငြိမ်းမှသာ၊ အနုပါဒိသေသ နိဗ္ဗာန်ရတနာ ပေါ်လာရသည်။

နိဗ္ဗာန်နှင့်တူသောအရောင်အလင်းမရှိခြင်းအကြောင်း။

နိဗ္ဗာနတော ပဋိအညော သုပဘာ
ဝဏ္ဏတရော ဝါ သုဓောတဝဏ္ဏ
တရော ဝါ ပရိသုဒ္ဓတရော ဝါ
ပဏ္ဍရ တရော ဝါ နတ္ထိ။

မူလပဏ္ဏာသအဋ္ဌကထာ။

ပဋိသမ္ဘိ၊ မှန်၏။ နိဗ္ဗာနတော၊ နိဗ္ဗာန်ထက်။ သုပဘာဝဏ္ဏတရော ဝါ၊ အလွန်အကြူး၊ အထူးသဖြင့် အရောင်အလင်း ရှိသည်လည်းဖြစ်သော၊ သုဓောတဝဏ္ဏတရော ဝါ၊ အလွန်အကြူး၊ အထူးသဖြင့် ထွန်းလင်းခြင်း ရှိသည်လည်းဖြစ်သော။ ပရိသုဒ္ဓတရော ဝါ၊ အလွန်အကြူး အထူးသဖြင့်၊ သန့်ရှင်းသည်လည်း ဖြစ်သော၊ ပဏ္ဍရတရော ဝါ၊ အလွန်အကြူးအထူးသဖြင့်၊ ဖြူစင်သည်လည်းဖြစ်သော။ အညော၊ တပါးသော၊ ဓမ္မော၊ တရားသည်။ နတ္ထိ၊ မရှိ။ ။သင်္ခတ အကြောင်းတရားတို့နှင့်မတူ၊ အမူကွဲပြား၊ အလွန်ထူးခြားသောအားဖြင့်၊ ဖြစ်ပေါ်၍လာသောနိဗ္ဗာန်ရတနာမြတ် ချမ်းသာကြီးထက်၊ ပိုမို၍အရောင်အဝါရှိသော၊ ဖြူစင်သန့်ရှင်းသော၊ တရားမည်သည်မရှိ။ ။ရုပ္ပါဒဿခင် ဆရှင်မြတ်တို့၏တည်နေရာအတုမရှိ၊အခါခပ်သိမ်းဝင်းဝင်းတောက်၍နေသော၊ နိဗ္ဗာန်ရတနာသည်၊ စင်စစ်ကေန် အမှန်ထင်ရှား ရှိ၏။ ၎င်းနိဗ္ဗာန် ရတနာ မြတ်ချမ်း သာ ကြီး သည်၊ ထိုသို့ ဝင်းဝင်းပြောင်ပြောင် အရောင် တလက်လက် ထွက်သော

အားဖြင့်၊ထင်ရှားရှိ၍နေသော်လည်း၊ အလွန်နက်နဲထူးဆန်း သိမ်မွေ့လှစွာသောအရောင်ဖြစ်နေ၍၊ ပညာမျက်စေ့ မစွမ်း မသန်အန္ဓပုထုဇဉ်တို့ မသိမမြင်နိုင်ကြကုန်ရာ။ လက်ညှိုး တချောင်း ထောင်ကာမျှဖြင့် စကြဝဠာပေါင်း၊ ကုဋေတသိန်း လင်းရသော ဗြဟ္မာမင်းကြီးတို့၏၊ ကိုယ်ရောင်ကိုယ်ဝါ ကိုပင်၊ လူတို့၏ပကတိ မျက်စေ့ဖြင့်၊ မမြင်နိုင်ကြကုန်၊ ထိုသို့ မမြင်နိုင်ကာမျှဖြင့်၊ ထိုဗြဟ္မာမင်းတို့ ကိုယ်ရောင်,ကိုယ်ဝါ မရှိဟု မဆိုနိုင်၊ ရှိသည်သာလျှင်တည်း၊ ထိုဗြဟ္မာမင်းကြီး တို့က၊လူတို့အား မြင်စေလိုသောစိတ်ဖြင့်၊ ကိုယ်တိုင် ထင်ရှားပြမှသာ လူတို့မြင်ရသည်ကိုထောက်သဖြင့်၊ ၎င်းနှင့်ဥာန် တည်းဟူသော အရောင်အလင်းသည်လည်း၊ ထိုဗြဟ္မာမင်း ကြီးတို့၏ ကိုယ်ရောင် ကိုယ်ဝါထက်၊ အဆအရာအဆ အထောင်မကပိုလွန်၍ သိမ်မွေ့လှသောအရောင် အဝါဖြစ်၍ သော၊ ပုထုဇဉ်ဖြစ်သော လူတို့၏ပကတိသောမျက်စေ့ဖြင့်၊ မသိမမြင်ကြရလေသည်။ ထိုသို့မသိမမြင်ကာမျှဖြင့် မရှိဟု မဆိုနိုင်၊ တကယ် စင်စစ်မှာမူကား၊ ထိုနိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီးသည် ဝင်းဝင်းတောက်အရောင်နှင့်တကွ ထင်ရှားရှိနေသည်သာလျှင်တည်း။

နိဗ္ဗာန်ချမ်းသာနှင့်တူသောချမ်းသာမည်သည်မရှိခြင်းအကြောင်း။

ယံကိဉ္စိဈာနသုခံဝါ
မဂ္ဂသုခံဝါ ဖလသုခံဝါ
အတ္ထိ နိဗ္ဗာနံ တတ္ထ ပရမံ
နတ္ထိ တတော ဥတ္တရိတရံသုခံ။

ဥပရိပဏ္ဏာသပါဠိတော်။

ယံကိဉ္စိ၊ အမှတ်မရှိသော။ ဈာနသုခံဝါ၊ ဈာန်ချမ်းသာသည်လည်းကောင်း။ မဂ္ဂသုခံဝါ၊ မဂ်ချမ်းသာသည်လည်းကောင်း၊ ဖလသုခံဝါ၊ ဖိုလ်ချမ်းသာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုသုံးပါးသော ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာတို့ထက်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသည်။ ပရမံ၊အမြတ်ဆုံးပေတည်း။ ။တတော၊ နိဗ္ဗာနသုခတော၊ ထိုနိဗ္ဗာန်ချမ်းသာထက်။ ဥတ္တရိတရံ၊ လွန်မြတ်သော။ သုခံ၊ ချမ်းသာသည်။နတ္ထိ၊မရှိ။ ။

လူချမ်းသာနှင့်နတ်ချမ်းသာကို၊ဥပမာအားဖြင့် နှိုင်းချ၍ ပြရသည်ရှိသော်၊ သမုဒ္ဒရာလေးစင်း၌ရှိသောရေကို သမန်းမျက်ဖျားဖြင့် နှစ်၍ယူလိုက်သည့်အခါ၊ သမန်းမျက်ပင်ဖျားတွင် ကပ်၍ ပါလာသော၊ အနည်းငယ်မျှသော ရေပေါက်ကလေးနှင့်လူချမ်းသာနှင့်တူ၏၊ ကြွင်းသောသမုဒ္ဒရာလေးစင်းရေနှင့် နတ်ချမ်းသာနှင့် တူသဖြင့်၊ လူချမ်းသာထက်၊ နတ်ချမ်းသာက၊ အရာအထောင်မက ပိုလွန်၍ ချမ်းသာလှ၏။ နတ်ချမ်းသာထက်၊ဗြဟ္မာချမ်းသာက၊ အရာအထောင်မက

ပိုလွန်၍၊ ချမ်းသာလှ၏။ ပြဟ္မာချမ်းသာထက် ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာကာ၊ အရာဆထောင်မက၊ ပိုလွန်၍ ချမ်းသာလှ၏။ ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာထက်၊ နိဗ္ဗာန်ချမ်းသာကာ၊ နှိုင်းစာလို့မရအောင် ချမ်းသာလှသောကြောင့်၊ နိဗ္ဗာန်ချမ်းသာကိုပင် ချမ်းသာတကာတို့၏ အထွဋ်အထိပ်ဟု ဆိုကြရလေကုန်၏။ သို့ဖြစ်သောကြောင့်၊ ချမ်းသာတကာတို့၏၊ အထွဋ်အထိပ်ဖြစ်သော၊ နိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီးကိုအလျင်အမြန်ရကြရလေအောင်ဘုရားသာသနာကြီးနှင့် တွေ့ကြုံခိုက်က အတူးသတ်ပြု၍ကြိုးစားကြပါကုန်။ သာသနာတွင်း မှီတင်းနေထိုင်တော်မူကြကုန်သော သီလစသောဂုဏ်ဘို့နှင့်ပြည့်စုံတော်မူကြကုန်သောသံဃာတော် တို့ အား လည်း၊ ဆ လူး သဖြင့် သုံးကြည်လေးစား၍၊ တယောက်ချိုမျှသော ဆွမ်းကိုဇင်း၊ ငါးတောင်မျှ အတိုင်းအရှည်ရှိသော ခြေကွက်လပ်၌၊ သစ်ရွက်မိုးသော ကျောင်းငယ်ကလေးကိုဇင်း၊ လှူဒါန်းကြပါမူ၊ များစွာသောကပ်ကမ္ဘာတို့ကာလပတ်လုံး၊ အပါယ်သို့ မလားရမူ၍၊ အဆုံးစွန်းသော ဘ ၀ နောက် ကာလ၌၊ ထို ဆွမ်း လှူဒါန်းရသော ကုသိုလ်။ ကျောင်းဆောက်၍၊ လှူဒါန်းရသော ကုသိုလ်ကာ၊ နိဗ္ဗာန်သို့ ရောက်စေ၊ မျက်မှောက်ပြုစေပါသည်၊ ထိုကြောင့်– မူလပဏ္ဏာသအဋ္ဌကထာ၌၊

ဒ်သာဒိဂုဏ သံယုတ္တဿဟိ
ကရုဆ္ဆိ၊ဘိက္ခုသံမဇ္ဇပိ
ပဋ္ဌခတနမဇ္ဇာယ ဘူမိယံ

ပညာသဒ္ဒါလဒ္ဓိကတ္တာ အနေကာနိ
ကပ္ပသဟဿာနိ ဒုက္ခတိ
ဝိနိပါတာတောရက္ခတိ ပရိယော
သာနေ အမတာယ ဓါတုယာ
ပရိနိဗ္ဗာန ပစ္စယော ဟောတိ။

ဟူ၍၊မိန့်တော်မူလေသည်။ ။

သီလာဒိဂုဏသံယုတ္တသ၊သီလစသောဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးလှူအပ်သော။ ကဋစ္ဆုဘိက္ခာမတ္တမ္ပိ၊ တယောက်ချိုမျှသော၊ ဆွမ်းသည်လည်းကောင်း။ ပဥ္စရတနမတ္တာယ၊ ငါးတောင်မျှ၊ အတိုင်းအရှည်ရှိသော။ ဘူမိယံ၊ မြေ၌။ပဏ္ဏသာလံ။သစ်ရွက်မိုးသော၊ကျောင်းငယ်ကလေးကို။ ကတွာ၊ဆောက်လုပ်၍။ ဒိန္နံ၊ ပေးလှူအပ်သော ကျောင်းအလှူသည်လည်းကောင်း။ အနေကာနိ၊ တပါးမကများလှစွာကုန်သော။ကပ္ပသဟဿာနိ၊ ကမ္ဘာအထောင်တို့ ကာလပတ်လုံး။ဒုက္ခတိဝိနိပါတတော၊အပါယ်လေးဝ၊ဒုက္ခတိဘဝသို့မကျရောက်အောင်။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။ ပရိယောသာနေ၊အဆုံးဖြစ်သော၊ဘဝနောက်ကာလ၌။အမတာယ ဓါတုယာ၊ အမတနိဗ္ဗာနဓါတ်ဖြင့်။ ပရိနိဗ္ဗာန ပစ္စယော၊နိဗ္ဗာန်ငြိမ်းအံ့ငြိမ်းခြင်း၏ အကြောင်းသည်။ဟောတိ၊ ဖြစ်၏။ ။

ဤသို့-သီလစသော ဂုဏ်တို့နှင့် ပြည့်စုံတော် မူသော သံဃာ တော် တို့ အား အလှူသဖြင့် ယုံကြည်လေးစား၍၊ တယောက်ချိုမျှသော၊ ဆွမ်းကိုလည်း။ ငါးတောင်မျှ အတိုင်း

အရှည်ရှိသော မြေကွက်လပ်၌၊ သစ်ရွက်မိုးသော ကျောင်းငယ်ကလေးကိုရင်။ လှူဒါန်းကာမျှဖြင့်၊ ကမ္ဘာအထောင်တို့ကာလပတ်လုံးအပါယ်သို့ မလားရမူ၍ ၈ ဆုံးဘ၀ နောက်ကာလ၌၊ ထို ဆွမ်း လှူ ဒါန်း ရ သော ကု သိုလ် ကောင်းမှု။ ကျောင်းလှူဒါန်းသောကုသိုလ်ကောင်းမှုအစုစုတို့က၊နိဗ္ဗာန်သို့သာ မျက်မှောက် ပြုစေသည်ဟု အဋ္ဌကထာ ဆရာမိန့်မှာတော်မူသည်ကိုထားဦး၍ သံဃာတော်တို့အား လှူဒါန်းသည့်မဟုတ်ပါဘဲလျက်၊ ထိုသံဃာတော်တို့၊ ဝတ်ရုံ-သုံးဆောင်အပ်သော သင်္ကန်းကိုပင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ အလူးလူးသော ပန်းတို့ကို လှူ ဒါန်း ပူ ဇော် သော ကြောင့်၊ အဆုံးတာနေ့၊ ထိုပန်းလှူဒါန်းသော ကုသိုလ်က၊နိဗ္ဗာန်သို့ပင်မျက်မှောက်ပြုစေသော၊မဟာကာလမထေရ်ဝတ္ထုကို ထေရာ၊အဋ္ဌကထာလာသည်အတိုင်းပြဦးအံ့။

ငါတို့မြတ်စွာဘုရား လက်ထက်တော်က၊ မဟာကာလအမည်ရှိသော ရဟန္တာမထေရ်တပါးသည်၊ရှေးရှေးသောဘုရားရှင်တို့၏ သာ သ နာ တော် ၌၊ ကုသိုလ်ကောင်းမှုကိုဆည်းပူးခဲ့၍၊လူ့ပြည်နတ်ရပ် ကျင်လည်လတ်သော်၊ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေသည်ရှိသော်၊ကိုးဆယ့်တကမ္ဘာသက်၌၊ဝိပဿီမြတ်စွာဘုရားသာသနာတော်ဝယ်၊တဦးသောအမျိုးအိမ်၌ဖြစ်၍၊အရွယ်သို့ရောက်လတ်သော်၊တစုံတခုပြုဘွယ်ကိစ္စကြောင့်၊တောသို့သွားသောအခါ၊ထိုတောထဲ၌ပင်လျှင်တခုသော သစ် ခက် ၌၊ ဆွဲ၍ထားသော သင်္ကန်းကို မြင်၍။ ပြောင်-အရိယာပုဂ္ဂိုလ်တို့၏ တံခွန်ဖြစ်သော သင်္ကန်းပါ

တကားဟု ဆင်ခြင်၍၊ ထိုသင်္ကန်းကိုပင်၊ အလွန်ကြည်ညို
သော စိတ်ရှိသည်ဖြစ်၍ တော၌ပွင့်သော၊ အလွန်လှပသော
တောပန်းတောင်ပန်းတို့ကိုဆွတ်ယူ၍၊ ထိုသင်္ကန်းပင်၌ဆွဲ၍ထား
သော သင်္ကန်းအား၊ လှူဒါန်းပူဇော်လေ၏။ ထိုအမျိုးကောင်း
သားသည် ထိုသင်္ကန်းအား၊ အထူးထူးသော တောပန်း-
တောင်ပန်း တို့ဖြင့်၊ ကြည်ညိုစွာ လှူဒါန်း ပူဇော်ရသော
ကောင်းမှုကုသိုလ်ကြောင့်၊ လူ့ပြည်, နတ်ရွာ, ကျင်လည်
လတ်သော်၊ မဟာလှကား၊ ပန်းပွင့်အဆင်းကဲ့သို့ထူးမြတ်
သောအဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၍၊ လူချမ်းသာ၊ နတ်ချမ်းသာ
တို့ကိုအကြိမ်ကြိမ်အဖန်ဖန်ခံစားစံစားခဲ့၍၊ ငါတို့ဂေါတမ
နွယ်ဘွားမြင်တော်မြတ်ဘုရားလက်ထက်တော်၌၊ သေတဗျ
မြို့ဝယ်၊ လှည်းကုန်သည်အမျိုးတွင် ကြီးဆုံးသော လှည်း
ကုန်သည်ကြီးသားဖြစ်လာ၍၊ အရွယ်သို့ရောက်လတ်သော်
လူ၏ဘောင်၌နေ၍၊ လှည်းငါးရာတို့၌များစွာသောဘဏ္ဍာတို့
ကိုတင်ပြီး၊ လှည်းသားငါးရာနှင့်တကွ၊ သာဝတ္ထိပြည်သို့
သွားလေ၏။ သာဝတ္ထိပြည်သို့ရောက်သောအခါ၊ တခုသော
နေ့၌၊ လှည်းစခန်းချ၍နေစဉ်၊ ပန်းနံ့သာစသည် ဆောင်၍
လျက်၊ ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးတရားနာထွက်
သွားကြသော လူပေါင်းတို့ကိုမြင်၍၊ ထိုအမျိုးသားလည်း၊
သာဝတ္ထိပြည်သူပြည်သားလူအများတို့နှင့် အတူတကွ၊ ဇေ
တဝန်ကျောင်းတော်သို့လိုက်သွား၍ဘုရားတရားတော်ကို
နာသည်ရှိသော်ဘုရားတော်၏ ဆုံး၌သော သာသနာတော်
ကို၊ လွန်စွာကြည်ညိုလှ၍ ရဟန်းပြုပြီး၊ သုသာန်၌နေသည်

ရှိသော်၊ ထိုသူသာနှံသို့ ရောက်လာသော လက်ပြတ်,ခြေပြတ်,နှာခေါင်းပြတ်သောသူတို့ကိုမြင်၍၊ ဤသို့လက်ခြေနား နှာခေါင်းစသည် ပြတ်ခြင်းသည်၊ ကိလေသာ အကြောင်းရင်းခံ၍၊ ပြတ်ရခြင်းပေတည်း။ထို့ကြောင့်-ငါသည်၊ကိလေသာကိုမဖြစ်စေရာဟု စိတ်ကိုခံ့ ဖြတ်၍၊အာသင့်ဆင့်ဝိပဿနာကို အားထုတ်သဖြင့်၊မကြာမြင့်မီပင် ဆဋ္ဌာဘိညာရဟန္တာဖြစ်၍၊ မဟာကာလ မထေရ်ဟု၊ သာသနာတွင် ထင်ပေါ်ကျော်ကြားပြီး၊နိဗ္ဗာန်သို့မျက်မှောက်ပြု၍၊ သွားတော်မူလေ၏။

-ၯင်းမဟာကာလ မထေရ်ဝတ္ထု၌၊ သံဃာတော်တို့အား လှူဒါန်းသည်မဟုတ်သေးဘဲ၊ထိုသံဃာတော်တို့ဝတ်ရုံ သုံးဆောင်သော၊သစ်ပင်ခွဲသားသောသက်နှံကိုပင် ကြည်ညိုသောစိတ်ဖြင့်၊အသူးသူးသောတာပန်း,တောင်ပန်းတို့ကို လှူဒါန်းပူဇော်သောကြောင့်၊ ဤမျှလောက်သော လောကီလောကုတ္တရာ ချမ်းသာသောအကျိုးတို့ကို ပေးတိုသေး၏။ ထိုသက်နှံကိုဝတ်ရုံသုံးဆောင်တော်မူကြကုန်သော၊သီလစသောဂုဏ်နှင့် ပြည့်စုံကြကုန်သော၊ သံဃာတော်တို့အား အလွန်ကြည်ညိုလေးစားသောစိတ်ဖြင့်၊ဖြတ်နိုးသဖြင့်လှူဒါန်းကြပါမူ၊အကျိုးပေးမဟာပ္ဖလကြီးကျယ်ရာ၌အဘယ်မှာလျှင်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊ သာလွန်၍အကျိုးပေးကြီးကျယ်သည်သာလျှင်တည်း။ ။

ထို့ကြောင့်အဋ္ဌကထာဆရာကလည်း။ ကာယ္ဗဝ်ပါကော၊ အဝိနှိယောဟု၊မိန့်တော်မူလေသတည်း။သို့ဖြစ်၍စေတနာသက်သနှံကား၊ပန်းတပွင့်-သစ်သီးတလုံးပင်ဖြစ်သော်လည်

အကျိုးဧမ်းမဟာပွလကြီးကျယ်လှသောကြောင့်၊ ဘယ်ချမ်းသာနှင့်မျှ မတူသော၊ ချမ်းသာတကာတို့၏ အထွန့်အထိပ်ဖြစ်သော၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို၊ လျှင်မြန်စွာ ရကြရ၊ ရောက်ကြရလေအောင် သာသနာတော်နှင့် တွေ့ကြုံခိုက်က အဟုတ်တကယ်တန်း နောက်မဆုတ်ဘဲ၊ သီလဖြူဖြူ-အလှူရဲရဲ၊ ဘာဝနာတွင် စိတ်ဝင်စွဲပြီး၊ အမြဲကောင်းကောင်းကြီး အားထုတ်သင့်လှတော့သည်သာလျှင်တည်း။ ။

## ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့်မဂ်ဖိုလ်ပုဂ္ဂိုလ်တို့နိဗ္ဗာန်အာရုံ ပြုခြင်းမတူ ကွဲပြားခြားနားပုံ။

ပုထုဇဉ် ပုဂ္ဂိုလ်တို့နိဗ္ဗာန်ကို အာရုံပြုဆိုတာ လူတို့၏ ပကတိသော မံသစက္ခုဖြင့်မြင်ရသလို နိဗ္ဗာန်ကိုမမြင်ရမူ၍၊ အနုမာနသိဒ္ဓိအားဖြင့်သော၊ အနုမာနမျက်ရန်းဆ၍၊ နိဗ္ဗာန်ဆိုတာ ဤလိုဟာဘဲဟုရည်ရွယ်မှန်းဆ၍သာ သိနိုင်ကြလေသည်။ အကယ်စင်စစ်အားဖြင့် ပုထုဇဉ်တို့၏ ပကတိသော မျက်စိဖြင့်၊ နိဗ္ဗာန်ကိုမမြင်နိုင်၊ အာရုံမပြုနိုင်ကြပေ။ ။မဂ်ဖိုလ်ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို အာရုံပြုဆိုတာ၊ လက်ဝါးပေါ်တွင် တင်၍ထားသော ပတ္တမြားလုံးကို။ လူတို့၏ ပကတိသော မံသ စက္ခုဖြင့် မြင်ရသလို ငါတို့ခံစားစံစားရလတ္တံ့သော နိဗ္ဗာန်ဆိုတာ ဤလိုဟာဘဲဟု ပစ္စက္ခသိဒ္ဓိအားဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်တည်းဟူသော ပညာမျက်စိဖြင့် တတ်တတ် တူဘူ သိမြင်တော်မူကြလေကုန်သတည်း။ ။လော

ကဥပမာအားဖြင့်ပြရသည်ရှိသော်။ ရွှေငွေစသောလောကီ
ရတနာတို့ဖြင့်၊ အတိုပြည့်သော ဘဏ္ဍာတိုက်ကြီးထည်း၌
ရှိသော ရွှေ-ငွေစသည်တို့ကို မဖွင့်ဘဲ၊ ပြင်ပမှ မှန်းဆ၍အ
တွင်းရှိရွှေငွေစသည်တို့ကို စိတ်ကူးဖြင့်ကြည့်သည်နှင့်။ ပုထု
ဇဉ်တို့ အနုမာနမျက်ရန်းဆ၍ နိဗ္ဗာန်ကို အာရုံပြုသည်နှင့် တူ
၏။ ။ထိုဘဏ္ဍာတိုက်ကြီးထည်း၌ရှိသော ရွှေငွေ စသည်တို့
ကိုဖွင့်၍ကြည့်သည်နှင့် မဂ်ဖိုလ် ပုဂ္ဂိုလ်တို့နိဗ္ဗာန်ကို မြင်ရ
အာရုံ ပြုရသည်နှင့် တူ၏၊ ထို့ကြောင့်- ပုထုဇဉ်ပုဂ္ဂိုလ်တို့
နိဗ္ဗာန်ကိုရုံပြုသည်နှင့် မဂ်ဖိုလ်ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို အာရုံပြု
ကြပုံ,မတူကွဲပြား အလွန်ခြားနားကြ လေသတည်း။ ။မဂ်
ဖိုလ်ပုဂ္ဂိုလ်တို့နိဗ္ဗာန်ကို အာရုံပြုပုံဥပမာတနည်းအားဖြင့် ပြ
ရပြန်သည်ရှိသော်။သဗ္ဗဝါတို့ သေခါနီးဆဲဆဲအခါ မှနော
ဒွါရဝဇ္ဇန်းမရကာ သန္တာဖောတို့သည်။ နောင်ဘဝ ခံစား
ရလတ္တံ့သော နတ်ဘဝ၊ နတ်ဥယျဉ်၊ နတ်ရေကန်၊ နတ်
ဗိမာန်ဟူသော ဒေဝဂတိနိမိတ်ကိုအာရုံပြုရသကဲ့သို့၊ ထို့
အတူ မဂ်ဖိုလ်ပုဂ္ဂိုလ်တို့မှာလည်း၊မဂ်ဖိုလ်ကို ရသည်နှင့်တ
ပြိုင်နက်၊ ငါတို့ခံစား စံစား ရလတ္တံ့သောနိဗ္ဗာန်ချမ်းသာ ဆို
တာ ဤဟာဘဲဟုသချာဂန အာရုံပြုနိုင်ကြလေသတည်း။
ဤကား-သာသနူပမာတည်း။ ။လောကူပမာအားဖြင့်၊တဖန်
ပြရပြန်သည်ရှိသော်-လောပတ်၊ ဆိဥ၊ ပျားသကာ စသည်
တို့ဖြင့်၊ ကောင်းစွာချက်ပြုတ်ဖုတ်ကင်ဗိရင်၍ထားအပ်သော
သုခါဘုတ်ထမင်းပွဲကြီးပြင်ဆင်၍ပြီးပါပြီ။ သုံးဆောင်တော်
မူရန် ကြွတော်မူပါဟုခေါ်လာသဖြင့်၊နားခွဲဆတ်ဆတ်ကြား

ရသည့်အခါ၊ မျက်စိဖြင့်ပင် ထိုယာဂုစားရခါနီး။ သုခါဘုတ်ထမင်းပွဲကြီးကို၊ မကြည့်မမြင်ရသေးသော်လည်း၊ မြင်ရဘိသကဲ့သို့၊ ထိုသုခါဘုတ်ထမင်းပွဲကြီး၌၊ စိတ်အပြီးစိုက်နိုင်၊ အာရုံပြုနိုင်သကဲ့သို့၊ ထိုအတူ မဂ်ဖိုလ်ပုဂ္ဂိုလ်တို့မှာလည်း၊ မဂ်ဖိုလ်ကို ရသည့်နှင့်တပြိုင်နက်၊ ငါတို့ ခံစားစံစားရလတ္တံ့သော နိဗ္ဗာန်ချမ်းသာ ဆိုတာ၊ ဤဟာဘဲဟု သေချာဂနအာရုံပြုနိုင်ကြလေသည်။ ဤကားပစ္စုပ္ပန္နာသဒိုကာလာ၊ လောကူပမာတည်း။

ထိုသို့မဂ်ဖိုလ်ပုဂ္ဂိုလ်တို့သည် မိမိတို့ခံစားစံစားရလတ္တံ့သော၊ နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးကို သေချာဂနသိ၍နေတော်မူကြသောကြောင့်၊ နွံနှာစသော ကြီးစွာသောဝေဒနာနှိပ်စက်၍၊ အလွန်အခံရခက်နေသော သူနာတယောက်သည်၊ ယခုဘဝကစ၍တော်သော်၊ နတ်ပြည်၌သကြားမင်းဖြစ်၍၊ သကြားစည်းစိမ်ကို ခံစားရလိမ့်မည်ဟု၊ ကြိုမှတ်ချသိနေခဲ့ခုပါမူ၊ သေရမည့်ဘေးကိုအနည်းငယ်မျှတွေး၍မကြောက်သလို၊ ထို့အတူ မဂ်ဖိုလ်ပုဂ္ဂိုလ် ဖြစ်တော်မူကြကုန်သော ဘုရားရဟန္တာသခင်အရှင်တို့မှာလည်း၊ ယခုဘဝကစ၍တော်သော်၊ ချမ်းသာတကာတို့၏ဆထွေ့အထိပ်ဖြစ်သော၊ နိဗ္ဗာန်ရတနာမြတ် ချမ်းကြီးကို၊ ငါတို့ ခံစားစံစား ရတော့မည်ဟု၊ ကြိုမှတ်ချ သိနေတော်မူသဖြင့်၊ ပရိနိဗ္ဗာန် စံရခြင်း၌ အနည်းငယ်မျှ ကြောက်တော်မမူကြကုန်။ ထိုသို့ ပရိနိဗ္ဗာန်စံရခြင်း၌၊ အနည်းငယ်မျှ ကြောက်ရွံ့ခြင်း မရှိကြသည့်ပြင်၊ နိဗ္ဗာန်ရွှေနန်းသို့၊ ကြွမြန်းတော်မူခါနီး၊ လွန်စွာ အားရဝမ်း

မြောက်တော်မူလှသဖြင့်၊ ဥဒါန်းစကား မြွက်ကြားတော်မူ
သော အရှင်ပစ္စေကဗုဒ္ဓါအဆူ ဝတ္ထုကိုပင်ပြပါဦးအံ့။ ။

ရှေးလွန်လေပြီးသောအခါ၊ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်
မင်းသည်၊ ထီးနန်းအုပ်ချုပ် မင်းလုပ်တော် မူသည်ရှိသော်၊
ငါတို့ဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ် ကြွယ်ဝ
သော ပုဏ္ဏားမျိုး၌ဖြစ်၍၊ အရွယ်သို့ ရောက် လတ် သော်၊
တက္ကသိုလ်ပြည်ဒိသာပါမောက္ခ ဆရာကြီးထံ၌၊ အတတ်
ပညာတို့ကိုသင်ပြီး၍၊မိဘနှစ်ပါး ကွယ်လွန်သွားသော်၊ မိဘ
နှစ်ပါးထားခဲ့သော ကုဋေရှစ်ဆယ်သော ဥစ္စာရတနာတို့ကို
အကုန် စွန့်လွှတ် လှူဒါန်း၍၊ ရသေ့ ရဟန်း ပြုပြီး၊ ဟိမဝန္တာ
တောသို့ဝင်၍၊ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး၊ထိုဟိမဝန္တာ
တော၌ပင်၊ ဈာန်အဘိညာဉ်တို့ဖြင့် မွေ့လျော်၍၊ နေလေ၏။
ထိုသို့နေရာက၊ ချဉ်ဆားတို့ကို မှီဝဲအံ့သောငှါ၊ လူ့ပြည်သို့
လာလတ်သော်၊ ဗာရာဏသီပြည်သို့ ရောက်၍၊ ဗြဟ္မဒတ်
မင်း၏ဥယျာဉ်၌၊ နေတော်မူ၏။ ထိုအခါ ဗာရာဏသီပြည်
ဗြဟ္မဒတ်မင်းသည်၊ အသရေရှိသော အိပ်ရာ တိုက် ခန်း ၌၊
စက်တော်ခေါ်၍ပြောတော်မူရာမှ နိုး၍လာသဖြင့်၊ ညဉ့်သန်း
ခေါင်ယံ အချိန်ဝယ်၊ ရှစ်ခုသော အသံတို့ကို ကြား တော်မူ
လေ၏၊ ထိုရှစ်ခုသော အသံတို့တွင်-

(၁) အချက်အသံကား။ ။မင်း၏နန်းတော်အနီးရှိ ဥယျာဉ်
၌၊တကောင်သောဗျိုင်းသည်၊အသံကိုပြု၏။

(၂) အချက်အသံကား။ ။မင်း၏ ဆင်းတင်းကုတ် တံခါး
တုရိုင်းတိုင်ဝယ်နေသော ကျီးမသည်၊အသံကိုပြု၏။

(၃) အချက်အသံကား။ ။မင်း၏နန်းတော်ပြသာဒ်အတွင်း၌၊နေသောစလုံးလာမည်သောပိုးသည်၊အသံကိုပြု၏။
(၄) အချက်အသံကား။ ။မင်း၏ နန်းတော်၌၊ မွေးထားသော၊ဥဩမည်သည် အသံကိုပြု၏။
(၅) အချက်အသံကား။ ။မင်း၏ နန်းတော်၌၊ မွေးထားသော၊သမင်သည် အသံကိုပြု၏။
(၆) အချက်အသံကား။ ။မင်း၏ နန်း တော် ၌၊ မွေးထားသော၊ မျောက်သည် အသံကိုပြု၏။
(၇) အချက်အသံကား။ ။မင်း၏ နန်း တော် ၌၊ မွေးထားသော၊ကိန္နရာသည် အသံကိုပြု၏။
(၈) အချက်အသံကား။ ။မင်း၏နန်းတော်အထက်တည့်တည့်မှ ဥယျာဉ် တော်သို့၊ ပျံ ယာဉ် ပျံ သန်း၍၊ ကြွမြန်းတော်မူသော၊အရှင်ပစ္စေကဗုဒ္ဓါတဆူသည်၊ တခုသော၊ ဥဒါန်းကို ကြူးရင့်လျက် အသံကိုပြု၏။

ဗာရာဏသီ ပြည့်ရှင်ဗြဟ္မဒတ် မင်းသည်၊ ညဉ့်သန်းခေါင်ယံအချိန်ဝယ်၊ ပြဆိုခဲ့ပြီးသော ရှစ်ခုသော အသံတို့ကို ကြား၍၊ အလွန်ထိတ်လန့်တော်မူသဖြင့်၊ နက်ဖြန်, နံနက်အာရုံကျင်း၍ အလင်းသို့ ရောက် တော် မူ သော ခါ၊ ပုဏ္ဏားပြု၊ ပုဏ္ဏားညီတို့ကိုခေါ်၍မေးတော်မူရာ၊ ပုဏ္ဏားပြု၊ ပုဏ္ဏားညီတို့သည်၊ မြတ်သော မင်း ကြီး၊ ထိုအသံတို့ကို ကြားတော်မူသဖြင့်၊ အသင် မင်းကြီးအား၊ တခုခုသော အန္တရာယ်သည်၊ ဖြစ်လတ္တံ့။ သဗ္ဗစတုက္ကယဇ်ကိုပူဇော်မှသာထိုအန္တရာယ်သည် ပပျောက်လတ္တံ့ဟု သံတော်ဦး တင်ကြသဖြင့်၊ ဗာရာဏသီ

ပြဟ္မဒတ်မင်းသည်။ သင်ပုဏ္ဏားတို့၊ သံတော်ဦးတင်ကြသည်
အတိုင်း၊ သဗ္ဗစတုက္ကယဇ်ကို၊ ပူဇော်ရမည်ဟု အမိန့်တော်
ထုတ်သဖြင့် ပုဏ္ဏားတို့သည်၊ သည့်တခါ၊ ငါတို့သည်များစွာ
သော ငါးအမဲတို့ကိုစားရတော့လတ္တံ့ဟုအလွန်ဝမ်းမြောက်
ဝမ်းသာရှိကြကုန်သည်ဖြစ်၍၊ ဆိတ်တရာ၊ ဝက်တရာ၊ ကြက်
တရာ၊ ဘဲတရာ၊ နွားမထန်းမတရာစသည်တို့ကို၊ ယဇ်တိုင်၌
ချည်၍၊ ယဇ်ပူဇော်ခြင်းငှါ၊ အားထုတ်ကြကုန်၏။ ထိုအခါ၊
ယဇ် ပူ ဇော် ခြင်း ငှါ၊ အားထုတ်သော ပုဏ္ဏားဆရာကြီး၏
တပည့် လုလင် တယောက်သည်၊ လု ပင် ငယ်သော်လည်း၊
အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသဖြင့်၊ ပုဏ္ဏားဆရာ
ကြီးအား၊ ဤသို့ ပြောလေ၏။ ဆရာကြီး ဆိတ်, ဝက်, ကျွဲ, နွား
စသော၊ များစွာသော သတ္တဝါတို့၏ ပျက်စီးခြင်းကို ပြုတတ်
သော၊ ရုန့်ရင်းကြမ်းတမ်းသော ယဇ်ပူဇော်ခြင်းအမှုကို မပြု
ပါလင့်ဟု ပြောဆိုတောင်းပန်လေ၏။ ထိုသို့လုင်ငယ်ပညာ
ရှိက၊ ပြော ဆို တော ာင်းပန်သောအခါ၊ ပုဏ္ဏား ဆရာကြီးက
အမောင်လုလင်၊ အမောင်-ဘာမှန်းသိသလဲ၊ ယဇ်ပူဇော်ဆို
တာ၊ တစုံ တခု အကျိုးမရှိပြော းသော် လည်း၊ ငါးအမဲတို့ကို
ငါတို့ များစွာ စားရလတ္တံ့ဟု ပြောလေ၏။ ထိုအခါ၊ တပည့်
ဖြစ် သော၊ ပညာရှိ လု လင် ငယ် က၊ ပြောဆိုပြန်သည်မှာ၊
ဆရာကြီး၊ အသင် ဆရာကြီးတို့ အကျိုးငှါသာ၊ ကျွန်တော်
ပြောပါတယ်၊ အသင်ပုဏ္ဏားဆရာကြီးတို့သည်၊ ဝမ်းတည်း
ဟူသောအကြောင်းကြောင့်၊ ငရဲဦးဖြင့်စေတတ်သော ကျွဲနွား
စသော၊ သတ္တဝါတို့ကို သတ်ဖြတ်၍ယဇ်ပူဇော်ခြင်းအမှုကို

မပြုပါကုန်လင့်၊ သေရမည့် သတ္တဝါတွေကိုလည်း၊ ညှာတာထောက်ထားပါဒုံး။ အလွန် သနားစရာ ကောင်းပါသည် စသည်ဖြင့် ပြောဆို၍ တားမြစ်ပြန်လေ၏။ ထိုသို့ ပညာရှိလုလင်ငယ်က၊ တားမြစ်သောအခါ၊ ပုဏ္ဏားဆရာတို့သည်၊ ထိုပညာရှိ လုလင်ငယ် တားမြစ်သော စကားကို ကြားရကုန်၍ ဤလုလင်ငယ်သည်၊ ငါတို့စားရမည့်သဘာ်အနတ္ထရာယ်ကိုပြုတိ၏ဟု အချက် ထွက်ကြကုန်၏။ ပညာရှိ လု လင် ငယ် သည်လည်း၊ ပုဏ္ဏားသရာတို့ အချက်ထွက်ကြောင်းကိုသိ၍၊ ထိုပုဏ္ဏားဆရာတို့အား ကြောက်ရွံ့ခြင်းကြောင့်၊ နောက်ထပ်တားမြစ်ခြင်းကို မပြုတော့ဘဲ၊ အသင်ပုဏ္ဏားဆရာကြီးတို့ သားငါးအမဲကိုစားရခြင်း၏အကြောင်းဖြစ်သောယဇ်ပူဇော်ခြင်းအမှုကို၊ ပြုကြကုန်လော့၊ ကျွန်တော်တော့ မပြုလိုဘူးဟု ပြောဆို၍၊ ဗာရာဏသီမြို့ပြင်ပသို့ ထွက်သွား၍၊ မင်းအား တားမြစ်ခြင်းငါ စွမ်းနိုင်သော တရားစောင့် သော၊ ရဟန်းပုဏ္ဏားတို့ကို ရှာဒ်းသည်ရှိသော်၊ မင်း၏ ဥယျာဉ်တော်သို့ ရောက်သွား၍၊ ဘုရားအလောင်း ရသေ့ ဖြစ်အားမြင်သော် ရှိခိုးပြီးလျှင်၊ အရှင်ဘုရား အရှင်မြတ်တို့သည်၊ သတ္တဝါတို့အပေါ်၌၊ အဘယ်ကြောင့် သနားခြင်း မရှိကြပါသနည်း။ ဗာရာဏသီပြည့်ရှင်မင်းသည်၊ ဆိတ်-ဝက်-ကြွ-နွားစသောများစွာသောသတ္တဝါတို့ကို သတ်ဖြတ်၍၊ ယဇ်ပူဇော်စေပါ၏ဟု လျှောက်ထားသည်ရှိသော်။ ဘုရားအလောင်းရသေ့ မြတ်က မိန့်တော်မူသည်မှာ၊ အမောင်လုလင် ဗာရာဏသီမင်းသည်လည်း၊ ငါတို့အား၊ မသိကုန်။ ငါတို့ကလည်း၊ ဗာရာဏသီမင်း

အား၊ မသိကုန်ဟု မိန့်တော်မူ၏။ အရှင်ဘုရား၊ ထိုသို့ တဦးနှင့် တဦး မသိခဲ့သော်၊ ရှိပါစေတော့၊ အရှင်ဘုရားတို့သည်၊ ကြွင်းအပ်သော အသံတို့၏ ဖြစ်ပုံအခြင်းအရာကို သိနိုင်ပါ၏လော့ဟု လျှောက်ထားသော်၊ အမောင်လုင် သိနိုင်ပါ၏ဟု ရသေ့ မြတ်က၊ မိန့်တော်မူသော်၊ ပညာရှိလုလင်သည်။ ဗာရာဏသီ မင်း၏ ရွှေနန်းတော်သို့ အလျှင်အမြန်သွား၍၊ မင်းအား သံတော်ဦးတင်သည်မှာ။ ။

(လုင်) မြတ်သော အရှင် မင်းတရားကြီး၊ သင်မင်းတရားကြီးတို့သည်၊ ကြွင်းတော်မူအပ်သော၊ ရှစ်ခုသော အသံတို့၏ ဖြစ်ပုံအခြင်းအရာ ကောင်းကျိုးမကောင်းကျိုးတို့ကို၊ သိနိုင်သော ရသေ့မြတ် တပါးသည်။ သင်မင်းကြီး တို့၏ မင်္ဂလာဥယျာဉ်တော်ကျောက်ဖျာပေါ်၌ သီတင်းသုံးနေတော်မူပါ၏။ ထိုရသေ့ မြတ်က ရှစ်ခုသော အသံတို့၏ ကောင်းကျိုး-မကောင်းကျိုးတို့ကို၊ ငါ့အားမေးလာသော်-ငါဖြေအံ့ဟု မိန့်တော် မူပါကြောင်း ဘုရား၊ သင်-မင်းတရားကြီးတို့သည်။ ထိုရသေ့မြတ်ထံသို့၊ ချဉ်းကပ်တော်မူ၍ မေးခြင်း ငှါ၊ သင့်လျော်ပါ၏ ဘုရား။

(မင်း) အမောင်လုင် ငါမင်းမြတ် ကြွင်းတော်မူအပ်သော၊ ရှစ်ခုသော အသံတို့၏ ဖြစ်ပုံ အခြင်းအရာ ကောင်းကျိုး-မကောင်းကျိုးတို့ကို သိနိုင်သော ရသေ့မြတ် တဦး။ မင်္ဂလာဥယျာဉ်တော်ကျောက်ဖျာပေါ်၌ သီတင်းသုံးနေသည်ကို တွေ့ခဲ့သလား။

(လုင်) မှန်လှပါ-တွေ့ခဲ့ကြောင်းပါဘုရား။

(မင်း) အမောင်လုလင် ငါမင်းမြတ် ကြားတော်မူအပ်သော ရှစ်ခုသော အသံတို့၏ ဖြစ်ပုံ အခြင်းအရာကို၊ သိနိုင်တယ်ဆိုက၊ ယခုပင် ငါမင်းမြတ်ထွက်တော်မူမည်ဟု မိန့်တော်မူ၍ ဗာရာဏသီမင်းသည်။ မင်္ဂလာဥယျာဉ်တော်သို့ အလျင်အမြန်ထွက်တော်မူ၍မင်္ဂလာဥယျာဉ်တော် ရသေ့မြတ်အထံတော်သို့ရောက်သောအခါဝယ်၊ဘုရားလောင်းရသေ့မြတ်အားရှိခိုးပြီး၊ အရှင်ဘုရား-အရှင်တို့သည်၊ အကျွန်ုပ်တို့ အကာလ ညဉ့်, သန်းခေါင် ယံ အခါ၌၊ ကြားအပ်သော ရှစ်ခုသောအသံတို့၏ဖြစ်ပုံ အခြင်းအရာကောင်းကျိုးမကောင်းကျိုး တို့ကို၊ သိ နိုင် ပါ၏ လော ဟု မေးလျှောက်လေ၏။

(ဘုရားအလောင်းတော်ရသေ့) မြတ်သော မင်းကြီးသိနိုင်ပါ၏။

(မင်း) အရှင်ဘုရား။ ထိုသို့သိနိုင်က အကျွန်ုပ်တို့ကြားအပ်သော ရှစ်ခုသော အသံတို့ကို၊ လျှောက်ထား ပါမည်။ ထိုအသံ တို့၏ ကောင်းကျိုး-မကောင်းကျိုးကို မိန့်တော် မူပါဘုရားဟု လျှောက်ထား၍၊ မိမိသည်။အကာလ ညဉ့်အခါ၌၊ ကြားအပ်သောရှစ်ခုသောအသံတို့ကို။ ဘုရားအလောင်းတော်ရသေ့အား။ တခုမကျန်လျှောက်ထားလေ၏။

(ဘုရားအလောင်းတော်ရသေ့) မြတ်သော မင်းကြီး သင်မင်းကြီးအား ထိုအသံတို့ကိုကြားခြင်းတည်း ဟူသော အကြောင်းကြောင့်၊ သင်မင်းကြီးအားတစုံတခုသော အန္တရာယ်တို့သည် မဖြစ်နိုင်ကုန်ရာ။ မြတ်သော မင်းကြီး သင်

မင်းကြီးတို့သည်။ ကြားအပ်သော ရှစ်ခုသောအသံတို့တွင် ရှေးဦးစွာကြားအပ်သော........

(၁) အချက်-ဆသံကား။ ။သင်မင်းကြီးတို့၏ ဥယျာဉ်ဟောင်း၌၊ တကောင်သောဗျိုင်းသည်ရှိ၏။ ထိုဗျိုင်းသည်။ အစာကိုဝစွာမစားရဖြင့်၊ ဆာလောင် မွတ်သိတ်ခြင်းသည် အလွန်နှိပ်စက်ဆပ်သည်ဖြစ်၍ အသံကိုပြု၏။ အဘယ်ကဲ့သို့ ဆသံပြုသနည်းဟူမူကား။ ရှေးအခါက၊ ဤရေကန်သည်။ အလွန်နက်သည်ဖြစ်၍ များသောရေ များသောငါးလည်းရှိသဖြင့်၊ ဗျိုင်းမင်း၏ နေရာဖြစ်၏။ ဤရေကန်သည် ငါ၏အဘဉ်စွာဖြစ်သော နေရာတည်း။ ငါတို့သည်။ ယနေ့ အနည်းငယ်မျှသောဘားကလေးမျှဖြင့်သာစားရ၏၊ စသည်ဖြင့်၊ ဗျိုင်းတို့၏ဘာသာဘာဝဖြင့်အသံကိုပြုကုန်၏။ အသင်မင်းကြီးအား ထိုအသံကြောင့်၊ တစုံတခုသော အန္တရာယ်သည် မဖြစ်နိုင်ရာ။ ထိုဗျိုင်းအား၊ ငတ်မွတ်ခြင်းဘေးမှ လွတ်စေလို ငြားအံ့၊ ထိုဥယျာဉ်ဟောင်းကို သုတ်သင်၍၊ ရေကန်၌ရေကို ပြည့်စုံစေလော့ဟုဘုရားအလောင်းရသေ့မိန့်တော်မူ၍ဗာရာဏသီမင်းသည်၊ ဘုရားအလောင်းရသေ့မိန့်တော်မူတိုင်း၊ ပြုစိမ့်သော၄ါ၊တယောက်သောအမတ်ကို စေတော်မူလိုက်သဖြင့် အမတ်သည်၊ ဥယျာဉ် အဟောင်းကို သုတ်သင်၍၊ ရေကန်၌ ရေကိုပြည့်စေ၏။

(ဘုရားအလောင်းတော်ရသေ့ ။) ။မြတ်သောမင်းကြီး။

(၂) အချက်အသံကား။ ။သင်မင်းကြီးတို့၏ ဆင်တင်းကုတ်တံခါးတုယိုင်းတိုင်၌၊ တကောင်သော ကျီးမသည်နေ၏၊ ထို

ကျီးမသည်၊မိမိမွေးဘွားထားသောသားငယ်ကလေး၌၊ သူတပါးနှိပ်စက်မှာစိုးရိမ်ကြောင့်ကြလွန်စွာအားကြီးလှသဖြင့် နှစ်ချမြောက်သော အသံကို ပြု၏။ အဘယ်ကဲ့သို့ ပြုသနည်း ဟူမူကား။ သိလမရှိသော ဗန္ဓရအမည်ရှိသော ဆင်ထိန်း၏ ကျန်မျက်စိတဘက်ကို အဘယ်သူသည် ကန်းအောင် ထိုးဖေါက်ပါအံ့နည်း၊ အဘယ်သူသည်၊ ငါ့သားကလေးတို့အား ညှင်း။ ငါ့သားကလေးတို့ထားရာ အသိုက်အားညှင်း။ ချမ်းသာသည်ကိုပြုပါလတ္တံ့ဟု အသံကိုပြု၏။ ထိုနှစ်ချမြောက်သော အသံကြောင့်၊ သင်မင်းကြီးအားတစုံတခုသော အန္တရာယ်သည်မဖြစ်နိုင်ရာ။သင်မင်းကြီး၏ဆင်တင်းကုတ်၌ဆင်ထိန်း ယောကျ်ားသည်၊ အဘယ်အမည်ရှိသနည်း။

(မင်း) ကျွန်ုပ်ဆင်တင်းကုတ်၌ ဆင်ထိန်းယောကျ်ားသည် ဗန္ဓရအမည် ရှိပါသည်ဘုရား။

(ဘုရားအလောင်းရသေ့) မြတ်သောမင်းကြီး။ ဗန္ဓရမည်သော။ ဆင်ထိန်း ယောကျ်ားသည်။ မျက် စိ တဘက်သာ ရှိသည်မဟုတ်လော။

(မင်း) မှန်လှပါဘုရား။ အရှင်ဘုရား မိန့်တော် မူသည့် အတိုင်း မျက်စိတဘက်သာရှိသည် မှန်ပါ၏ဘုရား။

(ဘုရားအလောင်းတော်ရသေ့) မြတ်သောမင်းကြီး။သင်မင်းကြီး၏ ဆင်တင်းကုတ် တံခါးတု ယိုင်းတိုင်၌။ တကောင်သော။ ကျီးမသည်။ အသိုက်လုပ်၍ ဥကုန်၍။ ထိုဥတို့သည်။ ရင့်ကုန်၍ ကျီးငယ်ကလေးတို့သည်။ ပေါက်ဘွားကြကုန်၏။ ဗန္ဓရမည်သော ဆင်ထိန်း ယောကျ်ားသည်၊ ဆင်စီး၍။ ဆင်

တံခါးကုတ်မှ ထွက်သောအခါ၌၎င်း၊ ဆင်တင်းကုတ်သို့ ဝင်သော အခါ၌၎င်း။ကျီးငယ်ကလေးတို့နှင့်တကွ၊ အသိုက်ကို ပုတ်ခတ်ပုတ်ခတ်သွားကုန်၏။ ကျီးမသည်၊ မိမိ၏သားငယ်သမီးငယ် ကလေးတို့နှင့်တကွ၊ အသိုက်ကို ဗန္ဓုရ မည် သော ဆင်ထိန်းယောကျ်ားပုတ်ခတ်ပုတ်ခတ်သွားသည်ကို၊ သည်းမခံနိုင်ဘဲ စိတ်အလွန်ဆင်းရဲသည်ဖြစ်၍၊ ထိုဗန္ဓုရ မည်သော ဆင်ထိန်းယောကျ်ား၏ကျန်တဲ့မျက်စိတဘက်၏ပျက်စီးခြင်းကို၊ ကျိန်ဆဲသောအားဖြင့်၊အသံကိုပြု၏။ထိုကျီးမ၌၊ သင်မင်းကြီးသည်၊သနားကရုဏာရှိကြောင်းအံ၊ဗန္ဓုရမည်သော ဆင်ထိန်းယောကျ်ားကိုခေါ်၍၊ အသိုက်ကို ဖျက် ဆီး ခြင်းမှ တားမြစ်လေ၍ဟု၊ ဘုရားအလောင်းတော်ရသေ့ မိန့်တော် မူ သ ဖြင့်၊ ဗြဟ္မဒတ်မင်းသည်၊ဗန္ဓုရမည်သော ဆင်ထိန်းယောကျ်ားကို၊ခေါ်စေ၍ဆဲရေးပုတ်ခတ်ပြီး၊ ဆင်ထိန်းရာထူးမှ ပယ်နုတ်တော်မူ၍၊တဦးသောယောကျ်ားတယောက်အား ဆင်ထိန်းရာထူးကိုပေးသနားတော်မူလိုက်၏။

(ဘု ရား အ လောင်း တော် ရသေ့)။ မြတ်သောမင်းကြီး၊ (၃) အချက်အသံကား။ သင် မင်း ကြီး ၏ နန်း တော် ဥယျာဉ်အတွင်း၌တကောင်သောဃကာအမည်ရှိသောပိုးသည်နေ၏။ ထိုပိုးသည်၊ ထိုထိုအရပ်၌ အကာကိုစား၍၊ အကာကုန်လတ်သော်၊အနှစ်ကိုစားခြင်းငှါ မတတ်နိုင်။ ထိုပိုးသည်၊ အစာကိုလည်းမရ။ထွက်အံ့သောငှါလည်း မတတ်နိုင်သဖြင့်၊ ငိုကြွေးလျက်၊သုံးခုမြောက်သော အသံကိုပြု၏။ထိုအသံကြောင့်၊ သင်မင်းကြီးအား၊တစုံတခုသော အန္တရာယ်သည် မဖြစ်နိုင်ရာ။

မြတ်သောမင်းကြီး၊ ထိုပိုးသည်၊ ထိုအရပ်မှ ထွက်၍ သွားရာ ထွက်ပေါက်ကို မမြင်သဖြင့်၊ ငိုကြွေးမည်တန်း၏။ ထိုစာ၊ ဏာမည်သောပိုးကို၊ ပြဿဒ်အတွင်း သစ်သားတဲမှ ထုတ်စေလော့ဟု, ဘုရားအလောင်းရသေ့ မိန့်တော်မူသဖြင့်၊ ဗာရာဏသီမင်းသည်၊ တယောက်သောမင်းချင်းယောက်ျားကို စေခိုင်း၍၊ ထိုပိုးကို ထုတ်စေတော်မူ၏။

(ဘုရားအလောင်းတော်ရသေ့) မြတ်သော မင်းကြီး။ (၄)အချက်အသံကား သင်မင်းကြီး၏ရွှေနန်းတော်၌မွေးထားအပ်သော တကောင်သောဥဩမသည် ရှိသည်မဟုတ်လော။

(မင်း) မှန်လှပါအရှင်ဘုရား၊ ကျွန်ုပ်တို့၏ ရွှေနန်းတော်၌၊ တကောင်သောဥဩမသည် ရှိသည်မှန်ပါ၏ဘုရား။

(ဘုရားအလောင်းတော်ရသေ့) မြတ်သောမင်းကြီး၊ ထိုဥဩမသည်၊ ရှေးက-မိမိနေခဲ့ဘူးသော စိမ်းစိမ်းစိုစိုတော ရဂုံကိုရင်း။ ရှေးကမိမိနှင့် အတူတကွ နေခဲ့ဘူးသော အခြေနှစ်ချောင်းဥဩဌက်အပေါင်းတို့ကိုရင်း၊ လွမ်းဆွတ်သတိရ၍ငါသည်အဘယ်နံ့ ရောအခါကျ၍မှ ဤသံချိုင့်အတွင်းမှ လွတ်ကင်း၍တောအုပ်သို့သွားပြီး ပျော်ပျော်ပါးပါးအပေါင်းအပေါ်များနှင့် နေရပါအံ့နည်းဟု လေးခုမြောက်သော အသံကို ပြု၏။ ထိုအသံကြောင့် သင်မင်းကြီးအား၊ တစုံ ကခုသော အန္တရာယ်သည်မဖြစ်နိုင်ရာ မြတ်သောမင်းကြီး၊ ထိုဥဩမသည် အဖေါ်မပါ တကောင်ထည်းသာ၊ သံချိုင့်အကွင်းမှာ နေရသဖြင့်၊ ငြိုးငွေ့ဆန့်ကျင်မပျော် ရွှင်ဘဲဖြစ်၍နေသည်။ ထိုဥဩမကိုလွှတ်လိုက်လော့ဟု မိန့်တော်မူသဖြင့်၊ ဗာရာဏသီမင်း

သည်၊ ဘုရားအလောင်းတော်ရသော မိန့်တော်မူတိုင်း လွှတ် လိုက်လေ၏။

(ဘုရားအလောင်းတော်ရသော) မြတ်သောမင်းကြီး၊ (၅)အချက်အသံကား။ သင်မင်းကြီးတို့၏ ရွှေနန်းတော်၌ မွေးထားအပ်သော၊ တကောင်သော သမင်သည် ရှိသည် မဟုတ်လော။

(မင်း) မှန်လှပါဘုရား၊ ကျွန်ုပ်တို့၏ရွှေနန်းတော်၌၊ သမင် တကောင်ရှိပါသည်ဘုရား။

(ဘုရားအလောင်းတော်ရသော) မြတ်သောမင်းကြီး၊ ထို သမင်သည်၊ တောသည်း၌ရှိသော မိမိ မယားဖြစ်သော၊ သမင်မကို ကိလေသာကာမတဏှာရာဂ၏၊ အစွမ်းအားဖြင့် အလွန်အမှတ်ရ လွမ်းဆွတ်လှသဖြင့်၊ ငါသည်၊ ဘယ်နံ့ရော အခါကျမှ၊ ဤနန်းတော်မှ လွတ်၍၊ ဤတောတည်း၌ များစွာ သောင်းသောင်း သမင်အပေါင်းတို့နှင့်ရင်း။ ငါ၏မယား ဖြစ် သောသမင်မနှင့်ရင်း။ ပျော်ပျော် ပါးပါး သွားလာ နေထိုင် ရပါအံ့နည်းဟု ငါးခု မြွက်သော အသံကိုပြု၏။ ထိုအသံ ကြောင့်၊ သင်မင်းကြီးအား၊ တစုံတခုသော အန္တရာယ်သည် မဖြစ်နိုင်ရာ။ ။မြတ်သောမင်းကြီး၊ သမင်သည်၊ အပေါ် မပါ၊ တကောင်ထည်းသာ နေရသဖြင့်၊ အလွန် စိတ်ပျက်၍ ငြိုးငွေ့ နေပြီ၊ ထို သမင် ကို လွှတ် လိုက် လော့ဟု ဘုရား အလောင်းတော်ရသော မိန့်တော်မူသဖြင့်၊ ဗာရာဏသီ မင်း လည်း ဘုရားအလောင်းတော် ရသော မိန့်တော်မူသည့် အ တိုင်း သမင်ကို လွှတ်လိုက်လေ၏။

(ဘုရားအလောင်းတော်ရသေ့) မြတ်သောမင်းကြီး၊ (၆) ဆချက်အသိကား။ သင်မင်းကြီးတို့၏ ရွှေနန်းတော်၌၊ ပွေးထားဆပ်သော၊ တကောင်သော မျှောက်သည် ရှိသည် မဟုတ်ပါလော။

(မင်း) မှန်လှပါဘုရား၊ ဟျွန်ုပ်တို့၏ ရွှေနန်းတော်၌ ပွေးထားအပ်သော မျှောက်တကောင်ရှိပါသည်ဘုရား။

(ဘုရားအလောင်းတော်ရသေ့) မြတ်သောမင်းကြီး၊ ထိုမျှောက်ကို ဟိမန္တာတောထည်း၌ကိလေသာကာမတဏှာ ရာဂ၏အစွမ်းအားဖြင့် မျှောက်မနှင့်ပျော်ပါး၍နေကြစဉ်၊ ဘဒ္ဒကမည်သော မုဆိုးသည်၊ ဤအရပ်သို့ ဖမ်းယူလာခဲ့သည် မဟုတ်လော။

(မင်း) မှန်လှပါဘုရား၊ဤမျှောက်ကို ဘဒ္ဒကမုဆိုးမျှောက်မနှင့်ပျော်ပါးနေစဉ် ဖမ်းယူလာခဲ့သည်မှန်ပါ၏ဘုရား။

(ဘုရားအလောင်းတော်ရသေ့)မြတ်သောမင်းကြီး၊ထို မျှောက်ကို မျှောက်မနှင့်ပျော်ပါးနေစဉ်ဘဒ္ဒကမုဆိုးဖမ်းလာသော ကြောင့်၊ ထိုမျှောက်မသည်ဟိမဝန္တာတောထည်း၌ရှိသော မျှောက်မနှင့် တကွသော။ တောမြောက်အပေါင်းတို့ကို အမှတ်ရ လွှမ်းဆွတ်လှသဖြင့်၊ အပေါ်မှာ တကောင်းတည်း နေခ၊ ငြိုးငွေ့ဆန့်ကျင်၊ မပျော်ရွှင်သောကြောင့် (၆)ချမြော် သောအသံကိုပြု၏။ ထိုအသံကြောင့်၊ သင်မင်းကြီးအားစာစုံ တခုသောအန္တရာယ်သည်မဖြစ်နိုင်ရာ၊ မြတ်သောမင်းကြီး ထိုမျှောက်ကို လွှတ်လိုက်လော့ဟု အလောင်းတော်ရသေ့

မိန့်တော်မူသဖြင့်၊ဗာရာဏသီမင်းလည်း၊ အလောင်းရသော့ မိန့်တော်မူတိုင်းမျှောက်ကို လွှတ်လိုက်လေ၏။

(ဘုရားအလောင်းတော်ရသော့)မြတ်သောမင်းကြီး(၇) အချက်အသံကား။ သင်မင်းကြီးတို့၏ရွှေနန်းတော်၌မွေးထား အပ်သော တကောင်သော ကိန္နရာသည်။ ရှိသည် မဟုတ် လော။

(မင်း) မှန်လှပါဘုရား။ ကျွန်ုပ်တို့ရွှေနန်းတော်၌မွေးထား အပ်သောတကောင်သော ကိန္နရာသည်ရှိပါသည်ဘုရား။

(ဘုရားအလောင်းတော်ရသော့) မြတ်သော မင်းကြီး ထိုကိန္နရာသည်တောသည်း၌ကိန္နရာမနှင့်အတူတကွ ပျော်ပါး၍နေကြစဉ်က၊ မိမိ၏မယား ကိန္နရာမသည်။ မိမိအပေါ်၌ပြုအပ်သော ကျေးဇူးတရား တွေကို အောင့်မေ့ သတိရ လွမ်းဆွတ်လှသဖြင့်၊ ကိလေသာ၏အစွမ်းအားဖြင့် ကျင်နာသည်ဖြစ်၍ (၇) ချမြောက်သော အသံကိုပြု၏။ ထိုကိန္နရာဖိုသည်။ တောသည်း၌ ကိန္နရာမနှင့်အတူတကွနေကြစဉ် တခုသော တောင်ထွဋ် ပေါ်သို့ တက်၍ ထိုတောင်ထွဋ် ပေါ်၌ ကိန္နရာမကကိန္နရာဖိုအားအဆင်းအနံ့နှင့်ပြည့်စုံသော အထူးထူး အထွေထွေသော တောပန်း-တောင်ပန်းတို့ကို၊ ဆွတ်ခူး၍ဆင်မြန်းနေရာ၊ နေဝင်၍ သွားသဖြင့် နေဝင်လတ်သော်၊ ထိုတောင်ထွဋ်ပေါ်မှ ဆင်းသက်ကြကုန်သော ကိန္နရာ-ဖိုး မောင်နှံတို့အားတောင်ပေါ်မှဆင်းသက်၍နေစဉ် မှောင် အတိမိုက်၍လာလေ၏။ ထိုသို့ မှောင်အတိမိုက်၍လာသောခါ၊ ကိန္နရာမကကိန္နရာဖိုအားကြောင့်ကြသောသဘောနှင့်ပြော

ကြားသည်မှာ၊ အရှင်သား ချစ်လင်မောင်မောင်၊ မှောင် အ
လွန်မိုက်ပါဘယ်။တောင်ပေါ်မှ ချော်၍ကျပါမည် ကောင်း
ကောင်း ဆင်းပါအရှင်သားဟု ကရုဏာသံကလေးနှင့် ပြော
ကြား၍ ကိန္နရာမက ခင်ပွန်းဖြစ်သူကိန္နရာမို၏ လက်ကိုကိုင်
၍ ဇနီးမောင်နှံ နှစ်ဦးတို့သည် အတူတကွ တောင်ထွဋ်ပေါ်မှ
ဆင်းသက်ခဲ့ဘူးကြ လေ၏။ ကိန္နရာမိသည်။ ရှေးက တော
ထည်း၌ နေစဉ်ကိန္နရာမနှင့်အတူတကွ ညဉ့်မှောင်မိုက်ကြီး
ထဲမှာတောင်ထွဋ်ပေါ်မှဆင်းသက်ကြရာ၊ ကိန္နရာမက ကရု
ဏာသံကလေးနှင့် အရှင်သား ချစ်လင် မောင်မောင် မှောင်
အလွန်မိုက်ပါဘယ် ချော်ကြပါမည်။ ကောင်းကောင်းဆင်း
ပါ အရှင်သား ဟု ပြောဆိုသောအသံကလေးကို နားသည်း
ကမထွက်မူ၍ (တွေးလေလေ-ဆွေးလေလေ။ ဆွေးလေလေ
တွေးလေလေ-လွမ်းမပြေ) ဆိုသောစကားကဲ့သို့ တစိမ့်စိမ့်
အောင်းမေ့ သတိရလွမ်းဆွတ်သွာသဖြင့်၊ ကိလေသာကာမ
တဏှာရာဂ၏ အစွမ်းအားဖြင့် ကြင်နာသည်ဖြစ်၍ (၇)ရ
မြောက်သော အသံကိုပြု၏။ ထိုအသံကြောင့် သင်မင်းကြီး
အားတပုံတခုသောအန္တရာယ်သည်မဖြစ်နိုင်ရာ။ မြတ်သော
မင်းကြီးထိုကိန္နရာမိသည်။ ကိန္နရာမနှင့် ကွေးကွင်းခွဲခွါ၍နေ
ရသဖြင့်၊ ချစ်သူကို အကြောင်းပြု၍ ကြီးစွာသော ဒုက္ခသို့
ရောက်၍နေသည်။ သို့ဖြစ်၍ ထိုကိန္နမိကို လွှတ်လိုက်လော့
ဟုအလောင်းတော်ရသေ့ မိန့်တော်မူသဖြင့်၊ ဗာရာဏသီမင်း
လည်း အလောင်းတော်ရသေ့ မိန့်တော်မူဘိုင်းပင်၊ ကိန္နရာ
မိုကိုလွှတ်လိုက်လေ၏။

(ဘုရားအလောင်းတော်ရသေ့) မြတ်သောမင်းကြီး၊
(၈) ဆချက်အသံကား၊အရှင်ပဒုမ္မုတ္တရဘုရားမှ ဥဒါန်းကျူး
ရင့်တော်မူသောအသံတည်း၊မြတ်သောမင်းကြီး၊နန္ဒမူလိုဏ်
၌ သီတင်းသုံး နေထိုင်တော်မူသော အရှင်ပစ္စေကဗုဒ္ဓါဘုရား
သည်၊ မိမိ၏ ပရိနိဗ္ဗာန်စံတော်မူရမည့် အချိန်ကာလကိုသိ
တော်မူ၍၊ ငါသည်ယနေ့လပြည့်နေ့ဗာရာဏသီပြည်သို့ကြွ
တော်မူ၍ ဗာရာဏသီမင်း၏ ဥယျာဉ်တော်၌ပင် ပရိနိဗ္ဗာန်ပြု
တော်မူအံ့။ ထိုသို့ငါသည်၊ ဗာရာဏသီမင်း၏ ဥယျာဉ်
တော်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော်၊ ဗာရာဏသီမင်း
နှင့်တကွ၊ ပြည်သူပြည်သား လူအများတို့သည် ငါ၏-အ
လောင်းတော် မီးသင်္ဂြိုဟ်ခြင်းကိုပြု၍သာရကိဉ္စနသဘင်ဆင်
ယဉ်ကျင်းပခြင်းကို ပြုကြကုန်လတ္တံ့။ ထိုသို့ငါ၏ အလောင်း
တော်ကို မီးသင်္ဂြိုဟ်၍သာရကိဉ္စနသဘင် ဆင်ယဉ်ကျင်းပ
ကြကုန်သော ဗာရာဏသီမင်းနှင့်တကွကုန်သော ပြည်သူ
ပြည်သားလူအများတို့သည်၊စုတေမနေ သေလွန်ကြသည်အာ
ခြားမဲ့၌ ကောင်းသောနတ်ရွာသုဂတိသို့ လားကြကုန်လတ္တံ့.
ဟုအာရုံပြုတော်မူ၍ မိမိတန်ခိုးအာနုဘော်ဖြင့် ကောင်းကင်
၌ကြွသွားတော်မူ၍၊ သင်မင်းကြီး၏ပြာသာဒ်ထက်သို့ရောက်
တော်မူသောအခါ၊ခန္ဓာဝန်ချ၍ အလွန်တရာ ဖြေလျှော့စွာသော
နိဗ္ဗာန်ရွှေနန်းသို့ စံမြန်းတော်မူရမည့်အရေးကိုတွေးတော်မူ
ပြီး လွန်စွာ ဝမ်းမြောက်တော်မူလှသဖြင့်၊ ဥဒါန်းကျူးရင့်
တော်မူသောအသံပင်တည်း။ အဘယ်ကဲ့သို့ဥဒါန်းကျူးရင့်
တော်မူသနည်းဟူမူကား။ ။

အာ,သံသယံ,ဇာတိခယန္တဒဿီ
နဂဗ္ဘသေယျံ,ပုနရာဝဇိဿံ
အယမန္တိမာ,ပစ္ဆိမဂဗ္ဘသေယျာ
ခီဏောမေ,သံသာရောပုနဗ္ဘဝါယ
ဟူ၍ဥဒါန်းကျူးရင့်တော်မူလေတည်း။ ။

ဇာတိခယန္တဒဿီ၊ ပဋိသန္ဓေတည်နေခြင်း၏ ကုန်ဆုံးရာနိဗ္ဗာန်ရတနာမြတ်ချမ်းသာကိုမြင်တော်မူသော။ အဟံ၊ငါ အရှင်ပစ္စေကဗုဒ္ဓါသည်။ အသံသယံ၊ အသံသယံဧဝ၊ မချွတ်ကောန် အမှန်ပင်လျှင်။ ပုနဂဗ္ဘသေယျံ၊ တဖန်အမိဝမ်းခေါင်းကိန်းအောင်း ပဋိသန္ဓေ၊တည်နေရခြင်းသို့။ နပုရာဝဇိဿံ၊ မရောက်ရပေတော့အံ့သတည်း။ အယံဂဗ္ဘသေယျာ၊ ဤအမိ ဝမ်းခေါင်း ကိန်းအောင်း ပဋိသန္ဓေ၊ တည်နေ ရခြင်းသည်။ အန္တိမာ၊ နောက်ဘိတ်ဆုံးဖြစ်သော။ ပစ္ဆိမဂဗ္ဘသေယျာ၊ နောက်ဘိတ်ဆုံး ဖြစ်သော ပဋိသန္ဓေ တည်နေရခြင်းပေတည်း။ မေ၊ ငါအရှင် ပစ္စေကဗုဒ္ဓါအား။ ပုနဂဗ္ဘဝါယ၊တဖန်ဘဝသစ်၌။ သံသာရော၊ ဆုံလည်သည့်နွားရဟတ်ခြားကဲ့သို့၊ မရပ်မနား ပြေးသွား ကြင်လည် ရခြင်းမည်သည်။ ခီဏော၊ ကုန်ပြီ၊

မြတ်ဇံသာမင်းကြီး၊အရှင်ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်သည်၊ဤကဲ့သို့ဥဒါန်းကျူးရင့်တော်မူ၍ဗာရာဏသီပြည်သင်မင်းကြီး၏ မင်္ဂလာဥယျာဉ်တော်သို့ ကောင်းကင်ခရီးဖြင့်၊ကြွလာတော်မူ၍ သင်မင်းကြီး၏၊ မင်္ဂလာဥယျာဉ်တွင်တခုသော အင်ကြင်းပင်ရင်း၌ပင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ မြတ်

သော မင်းကြီးလာလေ့၊ အရှင်ပစ္စေကဗုဒ္ဓါကိုယ်တော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အလောင်းအား မီးသင်္ဂြိုဟ်ခြင်းကိစ္စကို ပြုချေရအောင်ဟု၊ ဗာရာဏသီမင်းအား၊ ခေါ်တော်မူ၍၊ ပစ္စေကဗုဒ္ဓါအလောင်းရှိရာသို့သွား၍ အရှင်ပစ္စေကဗုဒ္ဓါ၏ဥတုဇရုပ်ကလာပ် အလောင်းတော်ကို ပြတော်မူ၏။ ဗာရာဏသီမင်းလည်း၊ အရှင်ပစ္စေကဗုဒ္ဓါ ကိုယ်တော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော် အလောင်းကို စစ်သည်တော် ဗိုလ်ပါနှင့်တကွ၊ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြပြီး၊ခုနှစ်ရက်တိုင်တိုင် သာဓုကီဠန သဘင် ဆင်ယင် ကျင်းပ၍ပြီးသည့်အဆုံး၌၊ အတောင်ကိုး ဆယ်ခန့်မျှ ပမာဏရှိသော စန္ဒကူးနံ့သာ ထင်းပုံပေါ်သို့ အလောင်းတော်ကိုတင်၍ မီးသင်္ဂြိုဟ်ကြကုန်၏၊ မီးသင်္ဂြိုဟ်၍ ကြွင်းကျန်သောဓာတ်တော်တို့ကို ခရီးလမ်းဆုံ၌ ဌာပနာ၍ စေတီတည်ပြီးကိုးကွယ်ကြကုန်၏။ ၊ယခင်ယဇ်ပူဇော်အံ့ဟု၊ယဇ်တိုင်၌ချီထားသော ဆိတ်ဝက်ကျွဲနွား စသည်တို့ကိုလည်း၊ ဘုရားအလောင်းတော် ရသေ့ဖြတ်စကား နားထောင်၍ ဘေးမဲ့လွှတ်တော်မူလိုက်၏။ ။ဘုရားအလောင်းတော် ရသေ့လည်း၊ဗာရာဏသီမင်းနှင့်တကွသော ပြည်သူပြည်သားသူအများတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီး၊ ဟိမဝန္တာတောသို့ ဝင်တော်မူ၍ ၍၊မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရားလေးပါးတို့ကို အမြဲတန်းပွားများပြီး၊ဈာန်နှင့် တကွ စုတေ၍ ဗြဟ္မာပြည်သို့လားရောက်တော်မူ၏။ ။

ပြဆိုခဲ့ပြီးသော အရှင်ပစ္စေကဗုဒ္ဓါ ကိုယ်တော် ဖြစ်သည်၊ ငါသည် နိဗ္ဗာန်သို့ဝင်တော်မူခဲ့သော်၊ ချမ်းသာ တကာတို့၏ အထွဋ်အထိပ်ဖြစ်သော နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးကို ငါမုချခံစားစံစားတော်မူရလတ္တံ့ဟုသိနေ မြင်နေတော်မူသဖြင့်၊ နိဗ္ဗာန်ရွှေနန်းသို့ စံမြန်းတော်မူရခြင်း၌ အနည်းငယ်မျှကြောက်ရွံ့တော်မမူသည့်ပြင်၊ ထိုနိဗ္ဗာန်ရွှေနန်းသို့စံမြန်းတော်မူခါနီး၊ လွန်စွာအားရဝမ်းမြောက်တော်မူလှသဖြင့် ( အသံသယံ,ဇာတိခယန္တဒဿီ ) စသော ဥဒါန်းစကားကိုပင် မြွက်ကြားတော်မူလေသေးသည်။ အကယ်၍သာ နိဗ္ဗာန်ဆိုတာ၊ ရုပ်နာမ် နှစ်ပါး မရှိပြီးသဖြင့် ပျောက်သွား- လေဖြစ်သွားသတဲ့ ဘာမျှခံစားခြင်းလည်း မရှိဘူးတဲ့ ဆိုသော(ဒုမ္မေဒ)တို့၏စကားအတိုင်း၊ ပျောက်သွား လေဖြစ်သွား၍ဘာမျှခံစားစံစားစရာ မရှိဘူးဆိုက၊ ၎င်းအရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် (အသံသယံ,ဇာတိခယန္တဒဿီ) စသော ဥဒါန်းစကားကို ဝမ်းမြောက်သောအားဖြင့် မြွက်ကြားစရာမလိုတော့ပေ။ အရှင်ပစ္စေကဗုဒ္ဓါကိုယ်တော်ဖြစ်သည်၊ငါသည်၊ ယခုဘဝကစ၍ ခန္ဓာဝန်ကိုချခဲ့သော်၊ ဘယ်ချမ်းသာနှင့်မှမတူသော ချမ်းသာတကာတို့၏ အထွဋ်အထိပ်ဖြစ်သော၊တဆဲ့တသိန်း ဦးအပေါင်းတို့၏ တလုံးတဝလည်းပြမ်းစရာ နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးကို ငါမုချငါသည်ခံစားစံစားတော်မူရလတ္တံ့ဟုသိတော်မူသဖြင့်သာ (အသံသယံ,ဇာတိခယန္တဒဿီ) စသော ဥဒါန်းစကားကို မြွက်ကြားတော်မူခြင်းဖြစ်ပေသည်။ ။

ထိုကြောင့် ပြဆိုခဲ့ပြီးသည့်စကားအတိုင်း၊ နိဗ္ဗာန်ကို ပုထုဇဉ်တို့၏ ပကတိသော မျက်စိနှင့် မမြင်ကာမျှဖြင့်၊ ထိုနိဗ္ဗာန် မရှိဟုမဆိုသင့်။ ပြဆိုခဲ့ပြီးသော အရှင်ပဉ္စကာဗုဒ္ဓါ ဝတ္ထုနှင့် တကွ ပါဠိ့ အဋ္ဌကထာဋီကာတို့ကို ထောက်သောအားဖြင့် နိဗ္ဗာန်ဆိုတာကောင်းမှုချရှိသည်ဖြစ်၍ဒိဋ္ဌိသူငါတကွေမမြင်ကြရ သော်လည်းမဂ်ဖိုလ်ပုဂ္ဂိုလ်တို့မှာမူကား၊ထိုနိဗ္ဗာန်ကိုလက် ဝါးပြင်တွင် ပတ္တမြားတင်၍ထားသကဲ့သို့ မြင်နေကြကုန် သည်သာလျှင်တည်း။

ဘုရားသခင်ကိုယ်တော်မြတ်၌ နိဗ္ဗာန်ချမ်းသာကြီး၊ ယနေ့အထိ စောင့်ရှောက်တော်မူခြင်း။

အနိမိတ္တန္တံ သဗ္ဗ နိမိတ္တ
ရဟိတံ နိဗ္ဗာနံ။ ။ဟူသောကထာဝတ္ထု။

အဋ္ဌကထာဆရာ မိန့်မှာတော် မူသည်နှင့်အညီ၊ နိဗ္ဗာန် ရတနာမြတ်ချမ်းသာကြီးသည်၊ ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ဝင်၍ ခန္ဓာကွယ်လွန်တော် မူသည်နှင့်တပြိုင်နက်၊ ထို ဘုရားရဟန္တာပုဂ္ဂိုလ်တို့အား စောင့်ရှောက်၊ပုန်းအောင်းခိုနိုရာဖြစ်၍ ငြိမ်းခြင်းသဘောအားဖြင့်ဖြစ်ပေါ်၍လာလေတော့ သတည်း ယင်းသို့ပင်ဘုရားရဟန္တာပုဂ္ဂိုလ်တို့အား စောင့် ရှောက်ရာ၊ပုန်းအောင်းခိုနိုရာဖြစ်၍ ငြိမ်းခြင်းသဘောအား ဖြင့် နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးဖြစ်ပေါ်၍လာပါသော် လည်း၊ ထိုနိဗ္ဗာန်ရတနာမြတ် ချမ်းသာကြီးသည် အထည်

ဒြပ်ဥပမါဒိအားဖြင့်ထင်ထင်ရှားရှားဖြစ်ပေါ်လာသည်မဟုတ်၊ အလွန် နူးညံ့သိမ်မွေ့စွာသာလျှင် ဖြစ်ပေါ်လာလေ သတည်း။ ထိုသို့အလွန်နူးညံ့သိမ်မွေ့စွာ ဖြစ်ပေါ်လာသော နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးသည်၊ ဘယ်ပုံဘယ်နည်း ဖြစ်ပေါ်လာသနည်းဟူ၊ ဖြစ်ပေါ်လာပုံ သိသာလောက်အောင် အဆောက် သာဓက အခြင်းအရာ အရိပ် နိမိတ် အမြွက်ကလေးမျှမပေါ်မထွက်လာ၊ နိဗ္ဗာန်သို့ ဝင်တော်မူသော ဘုရားရဟန္တာပုဂ္ဂိုလ်တို့အားသာ အလွန်ချမ်းသာအောင် စောင့်ရှောက်၍နေတော်မူလေသတည်း။ ထိုသို့စောင့်ရှောက်၍ နေခြင်းသည်လည်း၊ အလွန်သိမ်မွေ့သောအားဖြင့် စောင့်ရှောက်၍ နေတော်မူသဖြင့်၊ ဘယ်ပုံဘယ်နည်း စောင့်ရှောက်လေသနည်းဟူ စောင့်ရှောက်ပုံ အခြင်းအရာ အာကာရကိုလည်း သိသာလောက်အောင် အရိပ်နိမိတ် မပေါ်မထွက်လာ၊ ဤသို့အစရှိသည်ဖြင့် အထက်ကပြခဲ့ပြီးသည်အတိုင်း အလုံးစုံသော အရိပ်နိမိတ် မပေါ်မထွက်လာသောကြောင့်သာ၊ နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီး ဖြစ်ပေါ်လာသော်လည်း၊ဖြစ်ပေါ်လာမှန်းမှသိရလေသတည်း။ စင်စစ်အားဖြင့်ကား၊ ၎င်းနိဗ္ဗာန်ထင်ရှားဧကန်ရှိသည်မှန်၏။

လောကဥပမာအားဖြင့် ထင်ရှားပြရသည်ရှိသော်၊ ယခုကာလ-လူတို့ထင်ရှားမြင်နေရသော ယောက်ျား, မိန်းမတို့ကိုယ်၌နတ်ပူးဝင်လာသည်ကိုချ၊မှသိမမြင်ကြရတုံသေး၏၊ ။ ထင်ရှားမမြင်ရမသိရအလွန်နက်နဲသိမ်မွေ့စွာဘုရားရဟန္တာပုဂ္ဂိုလ်တို့၌၊ ဝင်းဝင်းတောက် ဆိုက်ရောက်၍ လာသော

နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီး၏ဖြစ်ပေါ်လာပုံအခြင်းအရာ
ကိုကား၊ အဘယ်သူသည် သိမြင်နိုင်ပါတိုံအံ့နည်း။ ထိုသို့
ပင် နိဗ္ဗာန်ဝင်တော်မူသော ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့၌၊
ဝင်းဝင်းတောက် ဆိုက်ရောက်၍လာသော နိဗ္ဗာန်ရတနာ
မြတ်ချမ်းသာကြီး၏ ဆိုက်ရောက်လာပုံ အခြင်းအရာ အာ
ကာရကို ဒို့သူငါတတွေ မသိမမြင်ရသော်လည်း၊ အရူပဘုံ
၌၊အရူပဗြဟ္မာတို့ကို မသိမမြင်ရစေကာမူ၊ ၎င်း ရူပဗြဟ္မာတို့
မိမိတို့တည်နေရာထိုအရူပဘုံ၌ ထင်ရှားကြောင်း ရှိသည့်မှန်၏
သကဲ့သို့၊ နိဗ္ဗာန်သို့ဝင်တော်မူသော၊ ဒီပင်္ကရာ၊သရဏင်္က
ရာ မင်္ဂလာစသော ဘုရားရဟန္တာပုဂ္ဂိုလ်တို့၌၊ထိုပုဂ္ဂိုလ်
တို့ကိုတဆဲ့တသီးမီးအပေါင်းတို့ မလောင်မကျွမ်းရအောင်
စောင့်ရှောက်နေတော်မူသော အသင်္ခတဓာတ်၊နိဗ္ဗာန်ရတနာ
မြတ်ကြီးသည်၊စင်စစ်မသွေကြောင်း ရှိသည့်မှန်၏ဟုမှချ ဆက်
ဆက်သိအပ်,သိသင့်,သိထိုက်လှတော့သည်သာလျှင်တည်း။
ယင်းသို့နိဗ္ဗာန်ရတနာ မြတ်ချမ်းသာရှိလျှင်လည်း၊ ထိုနိဗ္ဗာန်
သည်၊ ထိုမိမိစောင့်ရှောက်၍နေသော ဒီပင်္ကရာ၊သရဏင်္က
ရာ၊ မင်္ဂလာ စသော၊ ဂင်္ဂါဝါဠု သဲရေမျှမက ပွင့်သွား
တော်မူကြကုန်သောဘုရားရဟန္တာပုဂ္ဂိုလ်တို့၌ပင်ရှိ၏ဟူ၍
ဆိုသော်,ဆိုသင့်သောကြောင့်၊ ငါဘုရားရှင် စံတော်မူရာ
နိဗ္ဗာန်ရတနာသည်လည်း၊ ပရိနိဗ္ဗာန်စံတော်မူသော ထိုဂေါ
တမနွယ်ဘွား ရှင်တော်မြတ်ဘုရား၌ပင် တဆဲ့တသီးမီး
အပေါင်းတို့ မလောင်မကျွမ်းရအောင် စောင့်ရှောက်လျက်ရှိ
သည်ဟူ၍ သိအပ်သည်သာလျှင်တည်း။

ဘုရားရှင်စံတော်မူရာနိဗ္ဗာန်ရတနာမြတ်ချမ်းသာသည်၊ ယခုရှိပါ၏လော့ဟုမေးသော်။ ။(အဘူတမေဝဘူတံ ဇာတံ ဟုတွာ အတ္တိတိအဘုတံ) ဟူသော၊ သဗ္ဗာယာဘနသံယုတ် အဋ္ဌကထာ။ ။(အတ္တိဘိက္ခဝေ အဇာတံ)စသော၊ ဥဒါန်းပါဠိတော်စသည်တို့နှင့်အညီ၊ ထိုဂေါတမနွယ်ဘွားရှင်တော်မြတ်ဘုရား၏ နိဗ္ဗာန် ရတနာမြတ် ချမ်းသာသည်၊ ငါတို့ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူသည်မှစ၍ ထိုငါဘ်ရှဘုရားရှင်အား တသဲ့တသီးမီးအပေါင်းတို့မလောင်ကြွမ်းရအောင် ယနေ့အထိ စောင့်ရှောက်တော်မူလျက်၊ အထူးသဖြင့်၊ တောက်ပစွာ သုပဘာဝနွတရ အားဖြင့် ထင်ရှားဖြစ်ပေါ်လာပြီးသည်နောက်၊ ယနေ့အထိ မပျောက်မပျက်နိဗ္ဗာန်ရတနာ ထိုချမ်းသာကြီးထင်ရှားရှိပါ၏ဟု ဖြေဆိုအပ်သည် သာလျှင်တည်း။

နိဗ္ဗာန်သည်ဖြစ်ပြီးသည်နောက်ဘယ်သည့်ကာလမှမပျောက်ပျက်တော့ဘဲ အမြဲတန်းရဟန္တာပုဂ္ဂိုလ်အားစောင့်ရှောက်နေပုံ။

အဘူတမေဝဘူတံဇာတံ
ဟုတွာ အတ္တိတိအဘုတံ
သံယုတ်အဋ္ဌကထာ။ ။

ယံ။အကြောင်းနိဗ္ဗာန်သည်။အဘူတမေဝ၊ရှေးအခါက၊တရံတဆစ်မျှ မဖြစ်ဘူးသေးဘဲသာလျှင်။ ဘူတံဇာတံ၊ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုသည့်အခါ၊ တကြိမ်တည်းသာ ဖြစ်ပေါ်လာသည်။ဟုတွာ၊ဖြစ်၍။အတ္တိ၊ ဘယ်သည့်ကာလမှမပျက်

မပျောက်တော့ဘဲ အမြဲတန်းရှိ၍ နေသည်သာလျှင်တည်း။ ။ ဋ္ဌာဟိတသွာ၊ ထိုသို့ဈေးအခါက တရံတခဆစ်မျှ၊ မဖြစ်ဘူးသေးဘဲ ဖြစ်ပေါ်လာပြီးသည်နောက်၊ ဘယ်သည့် ကာလမှ မပျောက်မပျက်တော့ဘဲ၊ အမြဲကန်းရှိ၍နေသည်၏ အဖြစ်ကြောင့်။တံ၊ထိုငြိမ်းခြင်း၊ ငြိမ်းခြင်းသဘော ရှိသော နိဗ္ဗာန်တရားသည်။အစ္စုတံ၊အစ္စုတမည်၏။

ဤကဲ့သို့သော ပါဠိအဋ္ဌကထာတို့ကို သောက်သဖြင့်လည်း၊နိဗ္ဗာန်ဟူသည် ဒါနစသော ပါရမီတွေကောင်း၍၊မိမိတို့ဆလိုအလျောက်ဘာသာ ဖြစ်၍နေသော တရားမျိုးမဟုတ်၊ ဒါနစသောပါရမီတွေပြည့်စုံလုံလောက်၍၊ ရဟန္တာအဖြစ်သို့ရောက်ရှိပြီးသည်နောက်၊ ပရိနိဗ္ဗာန်ပြု၍ခန္ဓာတော်ကွယ်ပျောက်လျှင်ပျောက်ခြင်း၊ ထိုရဟန္တာပုဂ္ဂိုလ်ကိုဘဝတပါးဂတိတခြားသို့ မသွားမရောက်ရအောင် အမြဲတန်းအားဖြင့်၊စောင့်ရှောက်ချုပ်ငြိမ်းမ။ တာဏလေဏ၊ သဘောအားဖြင့်ဖြစ်၍၊ ဖြစ်ပေါ်လာသော တရားမျိုးဟူ၍ မှတ်လေ။

နိဗ္ဗုန် အစ္စုတိ အာမန္တာ

နိဗ္ဗာနံ အစ္စုတိ အစ္စုသိယာ

စသော ကထာဝတ္ထုပါဠိတော်၏အဓိပ္ပါယ်အကျဉ်းချုပ်ကို ပြဦးအံ့။

နိဗ္ဗာန်ထင်ရှားရှိပါ၏လော့ဟု (ပရဝါဒိပုဂ္ဂိုလ်)ကမေးရာ၊(သကဝါဒိပုဂ္ဂိုလ်က၊နိဗ္ဗာန်သည်ထင်ရှားရှိပါ၏၊ထိုသို့နိဗ္ဗာန်ထင်ရှား ရှိသော်လည်း၊ အစဉ်ထာဝရအားဖြင့်၊ ၎င်းနိဗ္ဗာန် ရှိနေသည်မဟုတ်၊ တရံတခါသာ နိဗ္ဗာန်ရှိသည်ဖြစ်

လာသည်ဟု ( သ က ဝါ ဒိ ပုဂ္ဂ လ် ) ဖြေဆိုတော်မူလေသတည်း။ ထိုသို့ ( သကဝါဒိပုဂ္ဂလ် ) ဖြေဆိုခြင်းသည်လည်း၊ နိဗ္ဗာန်ဆိုတာ အခြင်းခပ်သိမ်း ဖြစ်လာတတ်၊ ပေါ်လာတတ်သောတရားမျိုးမဟုတ်၊ တရံတခါ အခွင့်ကြီးသာမှသာ ဖြစ်လာ၊ပေါ်လာပြီးသည်နောက်၊ဘယ်သည်ကာလမှမပျော်မပျက်တော့ဘဲ၊ အမြဲတန်းတည်၍နေသတည်းဟု သကဝါဒီပုဂ္ဂလ်) ဆိုလိုရင်းဖြစ်သတည်း။ ၎င်း(သကဝါဒိပုဂ္ဂလ်) ၏စကားသည်။ ၊နသဗ္ဗေန သဗ္ဗံဇာတတ္တံ ဆဇာတံ၊ ဟူသော ဥဒါန်းအဋ္ဌကထာနှင့်၎င်း။

အဘူတမေဝဘူတံ ဇာတံ ဟုတွာ

အဇ္ဈတ္တိ အဇ္ဈတ္တံ။ ဟူသော

သဠာယတနသံယုတ်အဋ္ဌကထာနှင့်၎င်းအညီပင်တည်း။

နိဗ္ဗာန်အဇ္ဈတ္တိ အာမဋ္ဌာ။

စသောပါဠိတော်စကားရပ်၏အရည်စစ်စစ်အဓိပ္ပါယ်မှာ၊ နိဗ္ဗာန်ဟူသည်၊အစဉ်ထာဝရကမ္ဘာကမ္ဘေကဆကြောင်းကင်း၍ဖြစ်သောတရားမျိုးမဟုတ်။ ဒါနပါရမီ၊သီလပါရမီစသော ၌ ကြောင်း ပါရမီတွေပြည့်စုံမှ၊ တရံ တခါ အခွင့်ကြီးသာ၍ ဖြစ်ပေါ်လာပြီးသည်နောက်၊ဘယ်သည့်ကာလမှမပျောက်မပျက်တော့ဘဲ၊ အမြဲတည်၍ နေသည်သာလျှင်တည်း။ထိုသို့ဖြစ်လာပြီးသည်နောက်၊ ဘယ်သည့်ကာလမှမပျောက်မပျက်တော့ဘဲ၊အမြဲတည်၍နေသည်ကိုသာ ရည်ရွယ်မှန်းထားတော်မူ၍၊ ၎င်းနိဗ္ဗာန်ကို (ရူဝသသတ)ဟုဆိုရသည်ဟုလိုသတတ်။ ဤကား၊အလွန်နက်နဲခက်ခဲလှစွာ

သောကထာဝဏ္ဏုပါဠိတော် စကားအရပ်ရပ်တို့တွင် အလုံးသဖြင့်နက်နဲခက်ခဲလှစွာသောဒုလ္လဘာဓိပ္ပါယ်ကို၊ တိက္ခကဝိ၊ ဂမ္ဘီရဉာဏပုဂ္ဂိုလ်တို့မှသာ သဘောထိထိ မိနိုင်ရာသည်၊ မိနိုင်အောင်ကြံဆောင် အားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

## ရဟန္တာပုဂ္ဂိုလ်တို့ပရိနိဗ္ဗာန်မပြုမီကပင်၊ မိမိတို့စံစားရလတ္တံ့သော နိဗ္ဗာန်ချမ်းသာကို၊ ပစ္စဝေက္ခဏာဝိထိဖြင့် ဆင်ခြင်ကြည့်နေခြင်း။

စစ်သည်တဘက်ရန်အများကို တိုက်ဖျက်သော ဥပရာဇာအိမ်ရှေ့မင်းလောင်းသည်၊ စစ်သည်တဘက်ရန်အများကို လှလှကြီးအောင်မြင်ပြီးသည် အဆုံး၌၊ ကြေငြာ–ငါသည်၊ ယခုအခါ ထီးဖြူရိပ်ငြိမ်နန်းစည်းစိမ်ကြီးကိုခံစားစံစားရပေတော့မည်ဟု မိမိခံစားစံစားပုံနှင့်တကွ၊ လက်ဝါးကြီးအုပ်သာမည ရှေးဦးတကြိမ်၊ ထီးနန်းစည်းစိမ်ကိုအာရုံပြုလိုက်သကဲ့သို့၊ ထို့အတူရဟန္တာပုဂ္ဂိုလ်တို့သည်လည်း၊ ပရိနိဗ္ဗာန်ပြုရခန္ဓာပျက်ခါမှ၊ ဖြစ်လာ ပေါ်လာလတ္တံ့သော မိမိဆစဉ်သန္တာန်၌ လွန်စွာ ငြိမ်းလေတ္တံ့သော နိဗ္ဗာန် သဘောကို၊ ရဟန္တာဖြစ်လျှင်ဖြစ်ခြင်း၊ မဂ်ဖိုလ်တို့ဖြင့်သာမည-သိလိုက်မြင်လိုက်၊ အာရုံပြုလိုက်ပြီးသည်နောက်၊ ပရိနိဗ္ဗာန် မပြုမီကပင် ပရိနိဗ္ဗာန်ပြုသည့်ခါ၊ ခံစားစံစားရလတ္တံ့သော နိဗ္ဗာန်ရတနာ မြတ်ချမ်းသာ ကြီးကို၊ ပစ္စဝေက္ခဏာ ဝိထိတို့ဖြင့်၊ မကြာမကြာ ဆင်ခြင်ဆင်ခြင်ကြည့်တော်မူကြလေသတည်း။

### ရဟန္တာပုဂ္ဂိုလ်စုတိကျသည်ဟူသောစကားနှင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံသည်ဟူသောစကားနှစ်ရပ်တို့၏အထူး။

(ရာဇာကာလင်္ကတော) ရာဇာ၊ ရေမြေ့သနင်းပြည့်ရှင်မင်းသည်။ ကာလင်္ကတော၊ သေရှာပြီ။ ။ရေမြေ့သနင်းဘုရင်မင်းမြတ် စုတိကျပြီး သေလေပြီ ဆိုသော စကားသည်၊ မင်္ဂလာမရှိသဖြင့် အမင်္ဂလာစကားမျိုးတည်း။ ။

(ရာဇာ ဒိဝံဂတော) ရာဇာ၊ ရေမြေ့သနင်း ပြည့်ရှင်မင်းသည်။ ဒိဝံဂတော၊ ကံတော်ကုန်၍ နတ်ရွာ စံလေပြီ။ ရေမြေ့သနင်းဘုရင်မင်းမြတ်ကံတော်ကုန်၍နတ်ရွာစံတော်လေမူပြီ ဟူသောစကားသည်၊ အလွန်မင်္ဂလာရှိသည်ဖြစ်၍မင်္ဂလာစကားမျိုးတည်း။ ။ဤကဲ့သို့ အမင်္ဂလာ စကားနှင့်မင်္ဂလာစကား ထူးခြားသကဲ့သို့၊ ထို့အတူ ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်စံသည်ဟူသော စကားလည်းတခြား။ ရဟန္တာပုဂ္ဂိုလ်တို့စုတိကျသည်ဟူသောစကားလည်းတပါးဟု သိကြကုန်ရာသတည်း။ ။အဘယ့်ကြောင့်ဆိုသော်၊ ရဟန္တာပုဂ္ဂိုလ်တို့စုတိကျသည်ဟူသောစကားမှာ ရဟန္တာပုဂ္ဂိုလ်တို့ သေလေပြီဟူသော အချားနှင့် ဆက်ဆံသော သေခြင်းဖြစ်၍၊ အမင်္ဂလာစကားမျိုးတည်း။ ။ရဟန္တာပုဂ္ဂိုလ်တို့ပရိနိဗ္ဗာန်စံတော်မူပြီဟူသောစကားမှာ၊ ရဟန္တာသခင် အရှင်မြတ်တို့ မအိုမသေ အမြဲနေရာဖြစ်သော၊ အသင်္ခတဓာတ်နိဗ္ဗာန်ရွှေပြည်မြတ်၌၊ မအိုမသေအမြဲစံနေတော် မူရသည်ဟုဆိုလိုသော မင်္ဂလာစကားမျိုးဖြစ်သဖြင့်၊ရဟန္တာပုဂ္ဂိုလ်စုတိကျသည်ဟူသောစကာ နှင့်ရဟန္တာပုဂ္ဂိုလ်ပရိနိဗ္ဗာန်စံ

တော်မူသည်ဟူသော စကားနှစ်ရပ်တို့ မှတူကွဲပြား အလွန် ခြားနားကြလေသတည်း။

ထိုသို့မတူကွဲပြားအလွန်ခြားနားသောကြောင့်၊ ထိုစကား နှစ်ရပ်တို့၏အထူးကား၊ ရေမြေ့သနင်းဘုရင်မြတ်ကံတော် ကုန်၍ နတ်ရွာစံတော်မူပြီဟူသော စကား၌ကား။ ထိုမင်း သည်၊ နတ်ပြည်သို့ ရောက်သည်လည်းရှိ၏။ မရောက်သည် လည်းရှိ၏။ သို့ဖြစ်၍ ထိုစကားသည်ဧကန် စကားမဟုတ်၊ စကားပြေဖြစ်ရုံသာ သုံးခြင်းမျှသာတည်း။ ။

ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတော်မူပြီဟူသော စကား၌ ကား။ အမှန်စင်စစ် ရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်သို့ မချွတ်ဧကန် ရောက်သည်မှန်သဖြင့်၊ ဧကန်စကားမျိုးတည်းဟူ၍သို့အထူး သိအပ်၏။ ။

နိဗ္ဗာန်တရားတော်ကြီးသည်၊ လွန်စွာနက်နဲသိမ်မွေ့လှသဖြင့် ဝေနေယျသတ္တဝါတို့၏ဉာဏ်၌ထောက်ရာတည်ရာ မရနိုင်အောင်ပင် ရှိ၍နေခြင်း။

ငါတို့၏ သုံးလူသခင်ရှင်ပင်မြတ်ဘုရားသည်၊ သာဝတ္ထိ ပြည်ခေါ် နေပြည်တော်ဝယ်၊ သိတင်းသုံးနေတော်မူစဉ်၊ ပသေနဒိကောသလမင်းကြီးသည်၊ မြတ်စွာဘုရားထံတော် ပါးသို့ ချဉ်းကပ်တော်မူ၍ လျှောက်ထားသည်မှာ—

(ကောသလမင်း) ၁၊ ရွှေဘုန်းတော်သခင်ရှင်ပင်မြတ် ဘုရား၊ ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်မှနောက်ကာလ၌ ဖြစ်ပါသေးသလော။

(ဘုရား) မြတ်သောမင်းကြီး၊ ဤသို့ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်မှ နောက်ကာလ၌ ဖြစ်၏ဟူ၍၊ ငါဘုရား ဟော ကြားတော်မမူ။

(ကောသလမင်း) ၂။ ရွှေဘုန်းတော်သခင် ရှင်ပင်မြတ် ဘုရား၊ ယင်းသို့ဘုရားသခင်မဟောကြားခဲ့ပါလျှင်ရဟန္တာ ပုဂ္ဂိုလ်သည်၊ သေပြီးသည်မှနောက်ကာလ၌မဖြစ်တော့ဘဲ၊ အမြဲပျောက်၍ ပြတ်၍သွားပါသလော။

(ဘုရား) မြတ်သောမင်းကြီး၊ ဤသို့ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်မှနောက်ကာလ၌မဖြစ်တော့ဘဲ၊အမြဲပျောက်၍ ပြတ်၍သွားသည်ဟူ၍လည်း ငါဘုရားဟောကြားတော်မမူ။

(ကောသလမင်း) ၃။ ရွှေဘုန်းတော်သခင်ရှင်ပင်မြတ် ဘုရား၊ ယင်းသို့-ဘုရားသခင်မဟောကြားခဲ့ပါလျှင်လည်း၊ ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်မှနောက်ကာလ၌၊ အချို့ သောရဟန္တာသည်ဖြစ်၏၊ အချို့သောရဟန္တာသည်မဖြစ် ဟူ၍မှတ်ရပါမည်လော။

(ဘုရား) မြတ်သောမင်းကြီး၊ရဟန္တာပုဂ္ဂိုလ်သည်၊ သေ ပြီးသည်မှနောက်ကာလ၌ အချို့သောရဟန္တာသည်ဖြစ်၏၊ အချို့သောရဟန္တာသည်မဖြစ်ဟူ၍လည်း၊ ငါဘုရားဟော ကြားတော်မမူ။

(ကောသလမင်း) ၄။ ရွှေဘုန်းတော်သခင် ရှင်ပင်မြတ် ဘုရား။ ယင်းသို့-ဘုရားသခင် မဟောကြားခဲ့ပါလျှင်လည်း၊ ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်မှနောက်ကာလ၌ ဖြစ်သည်

လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍ မှတ်ရပါမည်လော။

(ဘုရား) မြတ်သောမင်းကြီး၊ဤသို့-ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်မှနောက်ကာလ၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍လည်း၊ ငါဘုရား ဟောကြားတော်မမူ။

(ကောသလမင်း) ၁။ ရွှေဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ အကြောင်းအသို့ပါနည်း၊ ဘုရားတပည့်တော်က ရဟန္တာပုဂ္ဂိုလ်သည်၊သေပြီးသည်မှနောက်ကာလ၌ ဖြစ်ပါသေးသလော့ဟု မေးလျှောက်ထားရာ၊ မြတ်သောမင်းကြီး၊ ထိုသို့ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်မှနောက်ကာလ၌ ဖြစ်၏ဟူ၍၊ငါဘုရားဟောကြားတော်မမူဟု မြတ်စွာဘုရား မိန့်တော်မူပါ၏။

၂။ ရွှေဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ ယင်းသို့ ဘုရားသခင် မဟောကြားခဲ့ပါလျှင်၊ ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်နောက်ကာလ၌မဖြစ်တော့ဘဲ၊ အမြဲပျောက်၍ ပြတ်၍သွားပါသလော့ဟု-လျှောက်ထားပြန်ရာဝယ်၊ မြတ်သောမင်းကြီး၊ ထိုသို့ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်မှ နောက်ကာလ၌မဖြစ်တော့ဘဲ၊ အမြဲပျောက်၍ ပြတ်၍ သွားသည်ဟူ၍သည်း ငါဘုရား ဟောကြားတော်မမူဟု မြတ်စွာဘုရား မိန့်တော်မူပြန်ပါ၏။

၃။ ရွှေဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား။ ယင်းသို့-ဘုရားသခင် မဟောကြားခဲ့ပါလျှင်လည်း၊ ရဟန္တာပုဂ္ဂိုလ်

သည်၊ သေပြီးသည်မှ နောက်ကာလ၌ အချို့သောရဟန္တာသည်ဖြစ်၏။ အချို့သောရဟန္တာသည်မဖြစ်ဟုမှတ်ပါရမည်လောဟုလျှောက်ထားပြန်ရာဝယ်၊ မြတ်သောမင်းကြီး၊ ထိုသို့ရဟန္တာပုဂ္ဂိုလ်သည်သေပြီးသည်မှ နောက်ကာလ၌ အချို့သောရဟန္တာသည် မဖြစ်ဟူ၍လည်း၊ ငါဘုရား ဟောကြားတော်မမူဟု မြတ်စွာဘုရား မိန့်တော်မူပြန်ပါ၏။

၄၊ ရွှေဘုန်းတော်သခင် ရှင်ပင်မြတ်ဘုရား၊ ယင်းသို့-ဘုရားသခင် မဟောကြားခဲ့ပါလျှင်သည်း၊ ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်မှ နောက်ကာလ၌ဖြစ်သည်လည်းမဟုတ်။ မဖြစ်သည်လည်းမဟုတ်ဟူ၍မှတ်ရပါမည်လောဟုလျှောက်ထားပြန်ရာဝယ်၊ မြတ်သောမင်းကြီး၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည် သေပြီးသည်မှနောက်ကာလ၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍သည်း ငါဘုရားဟောကြားတော်မမူဟု မြတ်စွာဘုရားမိန့်တော်မူပြန်ပါ၏။

မြတ်စွာဘုရား ထိုသို့ဘုရားကပည့်တော် မေးလျှောက်အပ်သော အမေးလေးတွေကို၊ ရှင်တော်ဘုရား တိတိကျကျ ဖြေကြားတော်မမူခြင်းသည်၊ အဘယ်ကြောင်းအသို့ပါနည်း။

(ဘုရား) မြတ်သောမင်းကြီး၊ ဤအရာ၌ သင်မင်းကြီးကို သာဘာဖန်ပြန်၍၊ ငါဘုရားမေးတော်မူအံ့၊ သင်မင်းကြီးသည် ငါဘုရားအား၊ ဟုတ်တိုင်းမှန်စွာ လျှောက်ထားလော့။ ။

မြတ်သောမင်းကြီး၊ သင်မင်းကြီး၏ ရွှေနန်းတော်၌ ဟူးရားကိုးကြောင်းအပေါင်းဂဏန်း တတ်သော သူသည်ရှင်း၊ သဲပင်ကိုမြင်ကာမျှနှင့် ဤသဲပင်၌ သဲစုက်ပေါင်း မည်မျှရှိ၏

စသည်ဖြင့်၊ ရေတွက်ခြင်းအရာ သချ်ာတတ်သော သူသည်ငင်း၊ ရှိသည်မဟုတ်လော၊

(ကောသလမင်း) မှန်လှပါ၊ တပည့်တော်တို့၏ ဖြွနန်းတော်၌ ဟူးရားကိုကြောင်း အပေါင်းဂဏန်း တတ်သော သူသည်ငင်း၊ သစ်ပင်ကိုမြင်ကာမျှနှင့် ဤသစ်ပင်၌သစ်ရွက် ပေါင်းမည်မျှရှိ၏၊ စသည်ဖြင့် ရေတွက်ခြင်းအရာ သချ်ာတတ် သောသူသည်ငင်း ရှိပါကြောင်းဘုရား။

(ဘုရား) မြတ်သောမင်းကြီး၊ ထိုဟူးရားကိုးကြောင်း အပေါင်းဂဏန်းတတ်သောသူသည်ငင်း၊ သစ်ပင်ကိုမြင်ကာ မျှနှင့် ဤသစ်ပင်၌ သစ်ရွက်ပေါင်းမည်မျှရှိ၏ စသည်ဖြင့် ရေ တွက်ခြင်းအရာ သချ်ာတတ်သော သူသည်ငင်း။ ဂင်္ဂါမြစ် ထည်း၌ရှိသော သဲအစုကို၊ မြင်ကာမျှဖြင့်၊ ဤသဲတို့သည် သဲ လုံးပေါင်း အရာ, အထောင်, အသိန်းစသည် ရှိ၏ဟု ရေတွက် ခြင်းငှါ စွမ်းနိုင်ပါ၏လော။

(ကောသလမင်း) မြတ်စွာဘုရား၊ ထိုသူတို့သည်၊ ဤ သို့ရေတွက်ခြင်းငှါ၊ မစွမ်းနိုင်ကြပါဘုရား။

(ဘုရား) မြတ်သောမင်းကြီး၊ သို့တည်းမဟုတ်ဟူးရား ကိုးကြောင်းအပေါင်းဂဏန်းတတ်သောသူသည်ငင်း၊ သစ် ပင်ကိုမြင်ကာမျှနှင့် ဤသစ်ပင်၌သစ်ရွက်ပေါင်း မည်မျှရှိ၏ စသည်ဖြင့် ရေတွက်အရာ သချ်ာတတ်သော သူသည်ငင်း၊ အစောက်လည်း နက်၊ အပြောလည်း ကျယ်၊ ပင်လယ်သမုဒ္ဒ ရာကြီးထည်း၌ရှိသော ရေအပေါင်းကို မြင်ကာမျှနှင့် ဤရေ

အစုတို့သည်၊ ခွက်ကွမ်းစားပေါင်း။ အရာ, အထောင်, အသိန်း စသည်ရှိ၏ဟု ရေတွက်ခြင်းငှါ၊ စွမ်းနိုင်ပါမည်လော။

(ကောသလမင်း) မြတ်စွာဘုရား။ ထိုသူတို့သည်၊ ဤသို့ ရေတွက်ခြင်းငှါ၊ မစွမ်းနိုင်ကြပါဘုရား။

(ဘုရား) မြတ်သောမင်းကြီး၊ ထိုသူတို့သည် ဘယ်အကြောင်းကြောင့်၊ ဤသို့ရေတွက်ခြင်းငှါ၊ မစွမ်းနိုင်ကြပါသနည်း။

(ကောသလမင်း) မှန်လှပါ မြတ်စွာဘုရား၊ ပင်လယ်သမုဒ္ဒရာကြီးသည်၊ နက်လည်းနက်၊ ကျယ်လည်းကျယ်ဝန်းလှသောကြောင့်၊ ကြီးတာဝါး စသည်တို့ဖြင့် မနှိုင်းယှဉ်စကောင်း၊ မထောက်လှမ်းနိုင်စကောင်းသောကြောင့်၊ ရေတွက်ခြင်းငှါ၊ မစွမ်းနိုင်ကြပါဘုရား။

(ဘုရား) မြတ်သောမင်းကြီး၊ ထိုဟူးရားကိုးကြောင်း အပေါင်းဂဏန်းတတ်သောသူတို့သည်ပင်း၊ သစ်ပင်ကိုမြင်ကာမျှနှင့် ဤသစ်ပင်၌ သစ်ရွက်ပေါင်းမည်မျှရှိ၏ စသည်ဖြင့် ရေတွက်ခြင်းဆရာသချ်ာတတ်သောသူတို့သည်ပင်း၊ အလွန်တရာနက်လှစွာသော သမုဒ္ဒရာရေအပေါင်းကို ခွက်ကွမ်းစားစသည်တို့ဖြင့် ရေတွက်ခြင်းငှါ၊ မစွမ်းနိုင်ကြသလို၊ ထို့အတူ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ တည်ရာ နိဗ္ဗာန်ချမ်းသာသည်လည်း၊ လွန်စွာနက်နဲသိမ်မွေ့လှသဖြင့်၊ ဝေနေယျသတ္တဝါတို့၏ဉာဏ်၌၊ ထောက်ရာ, တည်ရာမရနိုင်အောင်ပင် ဖြစ်၍ နေကြကုန်၏။ ၊မြတ်သောမင်းကြီး၊ ဘယ်အကြောင်းကြောင့် ဝေနေယျသတ္တဝါတို့၏ ဉာဏ်၌ ထောက်ရာ, တည်

ရှာ မရနိုင်အောင်ပင် ဖြစ်၍နေကြကုန်သလဲ ဆိုတော့။ မြတ်သောမင်းကြီး၊ရဟန္တာပုဂ္ဂိုလ်သည်နိဗ္ဗာန်ရွှေနန်းသို့စံမြန်းသည်နှင့်တပြိုင်နက်၊ သတ္တဝါဟု ခေါ်ဝေါ်ပညတ်စရာမရှိအောင်၊ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါင်းကို အကြွင်းမရှိပါယ်အပ်ပြီး၊ထိုရဟန္တာပုဂ္ဂိုလ်၌ခန္ဓာငါးပါး၊ရုပ်နာမ်တရားအပေါင်းတို့သည်၊နောင်တဖန်အသစ်ပြန်မဖြစ်ခြင်းသဘောရှိကုန်၏။ ။မြတ်သောမင်းကြီး၊ ထိုရဟန္တာ ပုဂ္ဂိုလ်အားခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့သည်၊နောင်တဖန်အသစ်ပြန်မဖြစ်ခြင်းသဘော ရှိသောကြောင့်၊ ခန္ဓာငါးပါးမှ လွတ်၍နေသောရဟန္တာပုဂ္ဂိုလ်သည်၊မိမိလွတ်၍နေရာနိဗ္ဗာန်ရတနာမြတ် ချမ်း ကြီး ၌၊ ရှိ၏-မရှိ၏ဟူ၍ မဆိုနိုင်။ မယူနိုင်အောင်ဒိဋ္ဌဗြာသသယအရာအားလွန်စွာနက်နဲ၍နေခြင်း၊ဂုဏ်အားဖြင့်လည်း၊ ဤမျှလောက်သော ဂုဏ်ရှိ၏ဟူ၍ မဆိုနိုင်အောင်ဂုဏ်၏အရာအားဖြင့်လည်း၊ လွန်စွာနက်နဲခြင်းတို့ဖြင့် နက်နဲ၍နေ၏။ ။ခန္ဓာငါးပါးမှ လွတ်၍နေသော ရဟန္တာပုဂ္ဂိုလ်သည်၊မိမိလွတ်၍နေရာ နိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီး၌၊အမျိုးအမည်အားဖြင့် ဤသူသို့လိုတည်းဟု နှိုင်းသုဉ်းစရာမရှိအောင်ဖြစ်၍နေ၏။ ။ထိုနိဗ္ဗာန်ရွှေနန်းသို့စံမြန်း၍သွားသောရဟန္တာပုဂ္ဂိုလ်ကိုဆိုတာဤသည့်ခြင်းရာ၊ဤလိုဟာတဲ့ဟုစေနေယှဉ်သတ္တဝါတို့၏ဉာဏ်၌ ထင်မြင်နိုင်ခဲ၏။ ။မဟာသမုဒ္ဒရာကြီးသည်၊လွန်စွာနက်နဲသဖြင့်၊သောက်ရာ-တည်ရာမရနိုင်၊သကဲ့သို့၊ ထိုနည်းတူ နိဗ္ဗာန်ရွှေနန်းသို့ စံမြန်း၍ သွားသောရဟန္တာပုဂ္ဂိုလ် ဆိုတာလည်း၊ လွန်စွာနက်နဲ သိမ်မွေ့လှ

သဖြင့်၊ ဤသည်ခြင်းရာ၊ ဤလိုဟာတဲ့ဟု ဝေနေယျသတ္တဝါတို့၏ဉာဏ်ချက်မိစွ၊ မထင်မြင်နိုင်ကြရကုန်။ ။

၁။ မြတ်သောမင်းကြီး၊ ထိုသို့ ရဟန္တာပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်ရွှေနန်းသို့ စံမြန်းသည်နှင့်တပြိုင်နက်၊ သတ္တဝါဟုခေါ်ဝေါ်ပညတ်စရာမရှိအောင်၊ ခန္ဓာငါးပါးမှလွတ်၍နေသောအရှင်၏အဖြစ်ခံ့တည်၍နေသည်၏အဖြစ်ကြောင့်။ ထိုရဟန္တာပုဂ္ဂိုလ်သေပြီးသည်မှ နောက်ကာလ၌ ဖြစ်သေး၏ဟူ၍ ငါဘုရားဟောကြားသော်လည်းမသင့်။

၂။ မြတ်သောမင်းကြီး၊ ထိုရဟန္တာပုဂ္ဂိုလ်သေပြီးသည်မှ နောက်ကာလ၌မဖြစ်တော့ဘဲ၊ အမြဲပျောက်၍ ပြတ်၍သွားသည်ဟူ၍လည်း၊ ငါဘုရား ဟောကြားတော် မူသော်လည်း၊ မသင့်မတော်မလျော်ချေ။ ဝါ၊ သတ္တသညာ တဏှာမာနဒိဋ္ဌိတို့ကိုပယ်တော်မူပြီးသော၊ သဗ္ဗညုသခင်ငါဆရာနှင့် တော်တန်သောစကားမျိုးပင်မဟုတ်၊

၃။ မြတ်သောမင်းကြီး၊ ထို-ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှ နောက်ကာလ၌၊ အချို့သောရဟန္တာသည်ဖြစ်၏။ အချို့သောရဟန္တာသည်မဖြစ်ဟူ၍လည်း၊ ငါဘုရားဟောကြားတော်မူခြင်းငှါမသင့်။

၄။ မြတ်သောမင်းကြီး၊ထိုရဟန္တာပုဂ္ဂိုလ်သေပြီးသည်မှ နောက်ကာလ၌၊ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍လည်း၊ ငါဘုရားဟောကြားတော်မူခြင်းငှါ မသင့်မတော် မလျော်ချေဟု မြတ်စွာဘုရားမိန့်တော်၏။

(ကောသလမင်း) ဘုန်းတော် နေဝန်း ထွန်းလင်း
တောက်ပတော်မူသော ရှင်ပင်မြတ်ဘုရား။ သဗ္ဗညုသခင်
ဘုရားရှင်မိန့်ကြားတော်မူသော နိဗ္ဗာန်တရားတော်သည်၊
လက်ဖျောက်တီး၍ အံ့ချီးခြင်းငှါထိုက်ပါပေ၏ဘုရား။ဘယ်
အကြောင်းကြောင့် လက်ဖျောက်တီး၍ အံ့ချီးခြင်းငှါ ထိုက်
ပါသလဲဆိုတော့။ ။တရံသောအခါ၊ ဘုရားတပည့်တော်
သည်၊ခေမာအမည်ရှိသော ဘိက္ခုနီမအထံသို့ချဉ်းကပ်၍၊
ယခု-ဘုရားတပည့်တော် မြတ်စွာဘုရားအား-မေးလျှောက်
သည့်အတိုင်း၊ နိဗ္ဗာန်၏အကြောင်းခြင်းရာတွေကိုမေးလျှော်
ဘူးပါ၏။ ထိုခေမာအမည်ရှိ ဘိက္ခုနီမ ဖြေကြား အပ်သော
နိဗ္ဗာန်တရားတော်နှင့်မြတ်စွာဘုရားဟောကြားတော်မူအပ်
သော နိဗ္ဗာန်တရားတော်သည်၊ ပုဒ်ပါဠိအက္ခရာ သဒ္ဒါနေမှ၊
စ၍ ဘာတခုမှလွဲခြင်းမရှိသဖြင့်၊ ထပ်တူထပ်မျှ အကုန်လုံး
ကျပါ၏အရှင်ဘုရား။ ထိုသို့-ခေမာအမည်ရှိသော ဘိက္ခု
နီမ ဟောကြားအပ်သော နိဗ္ဗာန်တရားတော်နှင့်၊ သဗ္ဗညု
သခင် ဘုရားရှင်ဟောကြားတော်မူအပ်သော နိဗ္ဗာန်တရား
တော်သည်၊ ဘာတခုမျှလွဲသည်မရှိ၊ ထပ်တူထပ်မျှ အကုန်
လုံးကျသောသောကြောင့်၊ လက်ဖျောက်တီး၍အံ့ချီးခြင်းငှါ
ထိုက်ပါပေ၏ဘုရား။ ။ဘုန်းတော်နေဝန်း ထွန်းလင်း
တောက်ပတော်မူသော ရှင်ပင်မြတ်ဘုရား၊ ဘုရားတပည့်
တော်တို့မှာ၊ ပြုရန်ကိစ္စများပြားလှပါသဖြင့် ပြန်ဘို့ရာခွင့်ပြု
တော်မူပါဘုရားဟုလျှောက်ထား၍၊သာဝတ္ထိပြည်သို့ ကော

သလမင်းကြီးပြန်သွားလေသတည်း။(ဤကား-သဠာယတန
သံယုတ်ပါဠိတော်တည်း)။ ။

(ဤအရာ၌)။ ကောသလမင်းကြီးက၊ မြတ်စွာဘုရား။
ရဟန္တာပုဂ္ဂိုလ်သေပြီးသည်မှနောက်ကာလ၌၊ ဖြစ်ပါသေး
သလောစသည်ဖြင့် မေးလျှောက်ထားရာ၊ မြတ်စွာဘုရားက
ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှ နောက်ကာလ၌ သတ္တဝါ၏
အဖြစ်ဖြင့် ဖြစ်သေး၏ဟူသော စကားတော်ကို၊ငါဘုရားဆို
တော်မူရမည့်အချက်သည်၊ မသင့် မတော် မလျော်လှချေ။
ငါဘုရား သိတော်မူလျက်နှင့်ပင် မတော်သည့် စကားကို
ငါဘုရားမိန့်မြွက်၍ မတော်ဟု သိတော်မူသဖြင့်၊ ရဟန္တာ
ပုဂ္ဂိုလ်သေပြီးသည်မှ၊ နောက်ကာလ၌ ဖြစ်သေး၏ဟူ၍ ငါ
ဘုရားဟောကြားတော် မမူသည်ဖြင့် မိန့် တော် မူ ခြင်း ဖြစ်
သတည်း။

(သဗ္ဗညုသခင်ဘုရားရှင်သိတော်မူပုံအခြင်းအရာကား။)
ရဟန္တာ ပုဂ္ဂိုလ် နိဗ္ဗာန် ရွှေ နန်း စံမြန်း ပြီးသည့်နောက်၊
နိဗ္ဗာန်၌တည်ရောက်၍နေသည့်အခါ၊ သတ္တဝါဟုခေါ်ဝေါ်
ကြောင်း၊ ရုပ်နာမ်အပေါင်း မရှိသည်ဖြစ်၍ သတ္တဝါဟူသော
ပညတ်ကိုလွန်၍ ချမ်းသာစွာတည်နေသည်ကိုဘုရားကိုယ်
တော်မြတ် သိမြင်တော်မူသတည်း။ ။ယင်းသို့-ဘုရား
ကိုယ်တော်မြတ် သိမြင်တော်မူလျက်နှင့်၊ ရဟန္တာပုဂ္ဂိုလ်
သေပြီးသည်မှ နောက်ကာလ၌ ဖြစ်သေး၏ဟု ငါဘုရား ဆို
တော်မူသော်၊ထိုရဟန္တာသည်ထိုနိဗ္ဗာန်၌သတ္တဝါ၏အဖြစ်
ဖြင့်၊ ရုပ်နာမ်နှင့်တကွ၊ တည်နေ-ဖြစ်နေ–အမြဲ နေသည်ဟု

ငါဘုရားဆိုတော်မူရာ ရောက်သတည်း။ ။ယင်း၊သို့သော်–
သဿတဒိဋ္ဌိ အယူစကားကို ငါဘုရား ဆိုတော် မူသော်၊
မသင့် မတော် မလျော်ဟု သိတော်မူ၍၊ ထိုသို့သော သဿ
တဒိဋ္ဌိအယူစကားကို ပယ်ရှားတော် မူလိုသောကြောင့်။ ။
ရဟန္တာပုဂ္ဂိုလ်သည့်သေပြီးသည်မှနောက်ကာလ၌ဖြစ်သေး
၏ဟူ၍၊ ငါဘုရားဟောကြားတော်မမူဟု၊ ကောသလမင်း
အား၊ မိန့်တော်မူခြင်း ဖြစ်သတည်း။ ။(ဤကား-သံယုတ်
ဟောတိဝါရအဓိပ္ပါယ်ပဥ္စမ။) ။

ဤနည်းအတူ၊ ရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်သွေနန်း စံမြန်းပြီး
သည်နောက်၊နိဗ္ဗာန်၌တည်ရောက်၍နေသည့်အခါ၊ သတ္တဝါ
ဟုခေါ်ဝေါ်ကြောင်း၊ ရုပ်နာမ်အပေါင်း မရှိသဖြင့် သတ္တဝါ
ဟူသောပညတ်မျှသာမရှိသည်၊ ထိုရဟန္တာထိုနိဗ္ဗာန်၌ လုံး
လုံးပျောက်၍ပြတ်၍သွား၊သည်မဟုတ်သည်ကို ငါဘုရားဆို
တော်မူလျက်နှင့်ပင်၊ ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှ နောက်
ကာလ၌ မဖြစ်တော့ဘဲ၊အမြဲပျောက်၍ပြတ်၍သွားသည်ဟူ
သော၊ဥစ္ဆေဒဒိဋ္ဌိအယူဝါဒကိုငါဘုရားဟောတော်မူသော်
လည်း၊ မသင့် မတော် မလျော်ဟု သိတော်မူ၍၊ ထိုသို့သော
ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒစကား ကို ပယ်ရှားတော် မူလိုသော
ကြောင့်၊ ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှ နောက်ကာလ၌
မဖြစ်တော့ဘဲ၊ အမြဲပျောက်၍ပြတ်၍သွားသည်ဟူ၍လည်း
ငါဘုရား ဟောကြားတော်မမူဟု ကောသလမင်းကြီးအား
မိန့်တော်မူခြင်းဖြစ်သတည်း။ ။(ဤကား-သံယုတ်နဟောတိ
ဝါရအဓိပ္ပါယ်ဒုတိယ။)

ဤနည်းအတူ၊ ရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်ရွှေနန်း စံမြန်းပြီးသည်နောက်၊ နိဗ္ဗာန်၌ကည်ရောက်၍နေသည့်အခါ၊ သဏ္ဌာဝါဟုခေါ်ဝေါ် ကြောင်းရုပ်နာမ်အပေါင်းမရှိသဖြင့်၊ လူ-နတ်ပြဟ္မာ သဏ္ဌာဝါဟူသော ပညတ်မျိုးမရှိ၊ ပညတ်ဟူသမျှကို လွန်၍နေသည်၏ အဖြစ်ကြောင့်၊ ထိုရဟန္တာ၊ ထိုနိဗ္ဗာန်၌ အချို့လည်းရှိ၏။ အချို့လည်း မရှိ၊ဤသို့ချလည်း မဆိုနိုင် မယူနိုင်အောင် လွန်စွာနက်နဲ၍နေသည်ကို ငါဘုရားသိတော်မူသျှက်နှင့်ခင်၊ရဟန္တာပုဂ္ဂိုလ်သေပြီးသည်မှနောက်ကာလ၌ အချို့သောရဟန္တာသည်ဖြစ်၏။ အချို့သောရဟန္တာသည် မဖြစ်ဟုဆိုခဲ့သျှင်၊ ထိုရဟန္တာ၊ ထိုနိဗ္ဗာန်၌အချို့လည်းရှိ၏။ အချို့လည်း မရှိ၏ဟုဆိုရာ ရောက်သောကြောင့်၊ ယင်းသို့သောဧကစ္စသဿတအယူဝါဒအဖြစ်သို့ရောက်မည့်စကားကို၊ ငါဘုရားဆိုတော်မူသော်လည်း၊ မသင့် မတော် မလျော်ချေဟု သိတော်မူ၍၊ ထိုသို့သော ဧကစ္စသဿတ အယူဝါဒစကားကိုပယ်ရှားတော်မူလိုသောကြောင့်။ ရဟန္တာပုဂ္ဂိုလ်သေပြီးသည်မှ နောက်ကာလ၌ အချို့သော ရဟန္တာသည်ဖြစ်၏။ အချို့သောရဟန္တာသည်မဖြစ်ဟူ၍လည်း၊ ငါဘုရားဟောကြားတော်မမူဟု ကောသလမင်းကြီးအား မိန့်တော်မူခြင်းဖြစ်သတည်း။ (ဤကား-သံယုတ်ဟောတိစ၊နစဟောတိဝါ၊ အဓိပ္ပါယ်တတိယာ၊)

ဤနည်းအတူ၊ရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်ရွှေနန်းစံမြန်းပြီးသည်နောက်၊နိဗ္ဗာန်၌၊တည်ရောက်၍နေသည့်အခါ၊ လူနတ်ပြဟ္မာဘုရားပစ္စေကဗုဒ္ဓါစသည်ခေါ်ဝေါ်ပညတ်ကြောင်း။ ရုပ်နာမ်

ပေါင်းမရှိသဖြင့်၊ ယင်းသို့သဘာ ဝါဟူသော ပညတ်ကိုလွန်၍ ခန္ဓာငါးပါးမှလွတ်၍နေသောအရှင်၏အဖြစ်၌တည်နေသော ကြောင့်၊ ထိုရဟန္တာ၊ ထိုနိဗ္ဗာန်၌ ရှိသည်လည်း မဟုတ်၊ မရှိ သည်လည်းမဟုတ်ဟု၊ မဆိုသင့်အောင် လွန်စွာနက်နဲ၍နေ သည်ကို၊ ငါဘုရားသိတော်မူလျက်နှင့်ပင်၊ ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှနောက်ကာလ၌ဖြစ်သည်လည်းမဟုတ်၊ မဖြစ် သည့်လည်းမဟုတ်ဟု ဆိုခဲ့လျှင်၊ ထိုရဟန္တာ၊ ထိုနိဗ္ဗာန်၌ရှိ သည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟုဆိုရာရောက် သောကြောင့်၊ ယင်းသို့-အမရာဝိက္ခေပဝါဒအရာကိုလည်း ငါဘုရား မိန့်တော်မူသော်၊ မသင့် မတော် မလျော်ဟု သိ တော်မူ၍၊ ဤသို့သောအမရာဝိက္ခေပအယူဝါဒကိုပယ်ရှား တော်မူလိုသောကြောင့်၊ ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည် မှ၊ နောက်ကာလ၌ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟူ၍လည်း၊ ငါဘုရားဟောကြားတော်မမူဟု ကော သလမင်းကြီးအား မိန့်ကြားတော် မူခြင်းဖြစ်သတည်း။ ။ (ဤကား-သံယုတ် နေဝဟောတိန နဟောတိဝါဒ အဓိပ္ပါယ် စတုတ္ထ။)

(အမှာစကား-) ဆောက်၌ပြဆိုအပ်ခဲ့ပြီးသော နိဗ္ဗာန် အကြောင်းခြင်းရာသည်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဧကစ္စသ တဿဒိဋ္ဌိ၊ အမရာဝိက္ခေပဒိဋ္ဌိဟု ဆိုအပ်သောဒိဋ္ဌိကြီးတရား လေးပါးတို့မှလွတ်ကင်းအောင်သဗ္ဗညု သခင်ဘုရားရှင်ဟော တော်မူခသဖြင့်အလွန်နက်နဲခက်ခဲလှပါသည်၊ နိဗ္ဗာနဂုဏ်ရည် အမည်ရှိသော ဤကျမ်းကို ကြည့်ရှုကြသူများဖိုလ်လူသည်။

ဤဆရာ၌၊ မိမိစိတ်တည်ကြည်အောင် သမာဓိထူထောင်၍၊ ထပ်ခါထပ်ခါကြည့်ရှုမှသာ၊ ဆမိပ္ပါယ် ပေါ်လွင်မည် ဖြစ်ပါသည်။ သို့သော်-ပါဠိအဋ္ဌကထာဋီကာတို့ကို မပေါက်ရောက်ဘူးကြကုန်သော မန္ဒပုဂ္ဂိုလ်တို့ဘယ်လိုပင် ထပ်ခါ ထပ်ခါကြည့်ရှုပါသော်လည်း။ ဤအရာ၌အဓိပ္ပါယ် ပေါ်လွင်ဘို့ရာခဲရင်းလှပါသည်။ ဤအရာ၌အဓိပ္ပါယ်မပေါ်လွင်သော်လည်း ပေါ်လွင်သောအရာဌာနတွေများစွာဤကျမ်းစာ၌ပါပါသေးသည်။ စာကြည့်ရခြင်း၌ စိတ်မပျက် လက်မလျှော့ပါနှင့်၊ ထိုထက် နက်နဲ ခက်ခဲလှစွာသော ဂမ္ဘီရအဓိပ္ပါယ်မျိုးတွေပါဠိအဋ္ဌကထာဋီကာတို့၌ များစွာရှိပါသေးသည်။ ထိုသို့ရှိသော်လည်း(ရေအများကြီးထည်း၌ ငါးဖမ်းကာမိနိုင်သကဲ့သို့)ဝင်းနိဗ္ဗာန်၏ အကြောင်းခြင်းရာတွေကို၊ ပါဠိ အဋ္ဌကထာ ဋီကာလာသည့်အတိုင်းသာ ရေးသားမည် ဆိုပါက၊ ဉာဏ်ပညာထက်မျက်ကြကုန်သော တိက္ခကပိဂမ္ဘီရဉာဏ ပုဂ္ဂိုလ်တို့သိကြသော်လည်း။ ဉာဏ်ပညာ နည်းပါးကြကုန်သော မန္ဒပုဂ္ဂိုလ်တို့ မသိကြမည်စိုးသောကြောင့် အလွန်လွယ်ကူ၍ သိနိုင်လောက်သော အဓိပ္ပါယ်မျိုးတွေကိုသာထုတ်၍ ထုတ်၍ရေးသားအပ်ပါသတည်း။ အလွန်တရာ နက်နဲ ခက်ခဲလှစွာသော ဂမ္ဘီရအဓိပ္ပါယမျိုးတွေကို။ ထည့်သွင်း၍မရေးဘဲ ချန်လှပ်၍ထားအပ်ပါသတည်း။ ။(ဤကားကျမ်းဆရာ-ဆရာဦးချစ်တင်၏ အမှာစကားတည်း၊)

## နိဗ္ဗာန်၌ ရုပ်နာမ်မရှိကာမျှဖြင့် နိဗ္ဗာန်ဆိုတာ ဘာမျှမရှိဟု မဆိုသင့်ခြင်းအကြောင်း။

အရူပဘုံ၌ရှိသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ် တို့သည်၊ အကယ်၍များ နိရောဓသမာပတ်ကို ဝင်စားသည်ဖြစ်ငြားအံ့။ ထိုအရူပဘုံ၌ပကတိဘုံသဘာဝအားဖြင့်၊ ရုပ်တရားမရှိသည့်အပေါ်တွင် နိရောဓသမာပတ်ကို ဝင်စားတော်မူကြလျှင်၊ နာမ်တရားလည်းမရှိ ဖြစ်ခဲ့ပြန်ရာ၏။ ထိုသို့အရူပဘုံ၌၊ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၊ နိရောဓ သမာပတ်တို့ ဝင်စားနေတော်မူသည့် အခိုက်၊ ရုပ်လည်းမရှိ။ နာမ်လည်းမရှိ၊ သော်လည်း၊ ထိုအရူပ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၊ ပရိနိဗ္ဗာန်လည်း မစံရသေးသောကြောင့်၊ ထိုအရူပ အနာဂါမ် ရဟန္တာတို့၊ ထိုအရူပဘုံ၌မရှိဟုမဆိုရမှိသည်၊ စင်စင်သာလျှင်တည်း။ ။ထိုနိရောဓ သမာပတ် ပတ်ဝင်စားနေတော်မူကြကုန်သော အနာဂမ်ရဟန္တာပုဂ္ဂိုလ်တို့ရှိသော်၊ ဘယ်ပုံဘယ်နည်းရှိသည်ဟု ပညတ်တင်၍မပြနိုင်။ ၎င်းအရူပအနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့ခန္ဓာရက်အတွင်း၌ပရိနိဗ္ဗာန်စံတော်မူသောရဟန္တာကဲ့သို့ဖြစ်၍နေသည့်အကြောင်းကို၊ (ဝိသုဒ္ဓိမဂ်ဋီကာဆရာ) မိန့်မှာတော်မူသောကြောင့်၊ ထိုနိဗ္ဗာန်၌ ရုပ်နာမ်နှစ်ပါးမရှိကာမျှဖြင့် ဘာမျှမရှိဟု မဆိုသင့်သည်အဖြစ်ကို တထစ်ချသိကြကုန်ရာသတည်း။ ။

ပရိနိဗ္ဗာန်စံတော် မူကြကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ အရူပဘုံ၌ ရှိသော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တို့၊ နိရောဓသမာပတ်ကိုဝင်စား၍နေသည့်အခိုက်တန့်နှင့်တူ၏။

နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူကြကုန်သော၊ ထိုအရူပ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၊ လုံးလုံးပျောက်၍ မသွားဟုသော အနက်ကိုလည်း၊ ပရိဝတ္တနာဟာရ နည်းအား ဖြင့်ပြတော်မူသတည်း။ ။

ယဒိအရူပေ နိရောဓံသမာ
ပဇ္ဇေယျ၊ စိတ္တ စေတသိကာနံ
အညဿကာယဿစ အဘာဝတော
အပညတ္တိကော ဘဝေယျ၊ အနု
ပါဒိသေသာယ၊ နိဗ္ဗာနဓာတုယာ
ပရိနိဗ္ဗုတ သဒိသော။

ဝိသုဒ္ဓိမဂ္ဂဋီကာ။ ။

အ ရူပေ၊ အရူပဘုံ၌။ နိရောဓံ၊ နိရောဓသမာပတ်ကို။ ယဒိသမာ ပဇ္ဇေယျ၊ အကယ်၍ဝင်စားငြားအံ့၊ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့၏လည်း။ အညဿ၊ တပါးသော။ ကာယဿစ၊ တစုံတခုသော ရုပ်နာမ်, ခန္ဓာ၏လည်း။ အဘာဝတော၊ မရှိခြင်းကြောင့်။ သော၊ ထိုအရူပအနာဂါမ် ရဟန္တာပုဂ္ဂိုလ်သည်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊ အနုပါဒိသေသနိဗ္ဗာန်နဓာတ်ဖြင့်။ ပရိနိဗ္ဗုတသဒိသော၊ ပရိနိဗ္ဗာန်စံ၍ နေသော ရဟန္တာပုဂ္ဂိုလ်နှင့် တူသည်။ ဟုတွာ၊ ဖြစ်၍။ အပညတ္တိကော၊ ဘယ်ပုံ,ဘယ်ခြင်းရာ-ဘယ်လိုဟာဟု ပညတ်တင်နိုင်ရာမရှိသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ။

(ဝိသုဒ္ဓိမဂ်ဋီကာအနက်။) ။ ၎င်း ဋီကာ အနက်ကို၊ အောက်၌ပြဆိုအပ်ခဲ့ပြီးသော်လည်း၊ ဤတွင်-တထပ်စကား စင်၍ စာကြည့်ရှုကြသူတို့ ကြပ်ကြပ်ကြီး မိမိသဘော၌ထင် လွယ်၊မြင်လွယ်ကြအောင်၊ ထုတ်ဆောင်၍ ပြပါဦးအံ့။ ။

ဤကဲ့သို့ ပြဆိုခဲ့ပြီးသော များစွာသော ပါဠိ ဋ္ဌကထာ တို့၌ အဖြန်ဖြန်အလှန်လှန် ကြံစည်စဉ်းစားနှစ်လုံးထားမိကြ သဖြင့်၊ရဟန္တာပုဂ္ဂိုလ်တို့ သေပြီးသည်မှ နောက်ကာလ၌ အလုံးစုံ ကွယ်ပျောက်၊ ပြတ်တောက် အချည်းနှီး သဘာဝသို့ ရောက်၍သွားသည်မဟုတ်ပေ။ ။အရူပဘုံသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်တို့၊အကာယ်၍များ နိရောဓသမာပတ်ကိုဝင် စားသည်ဖြစ်ငြားအံ့၊ထိုဝင်စားနေသည့် အခိုက်အတန့်မှာ ရုပ်လည်းမရှိ၊နာမ်လည်း မရှိသဖြင့် အလုံးစုံ ပြတ်တောက် ပျက်စီး အချည်းနှီး အဘာဝလည်း မဟုတ်ချေ။ နိရောဓသမာ ပတ်မှ၊မထမခြင်းခုနှစ်ရက်အတွင်း၌နိဗ္ဗာန်ရောက်သလော် ပင်၊ရုပ်နာမ်ဒုက္ခဟူသမျှမှ ချမ်းသာရ၍နေရသကဲ့သို့၊နိဗ္ဗာန် ရွှေနန်းစံမြန်းကြသူ၊ ပုဂ္ဂိုလ်ပြူဟူသမျှ တို့မှာလည်း၊၊ နိဗ္ဗာန် သို့ ရောက်သည်နေ့မှစ၍၊ ရုပ်လည်းမရှိ၊ နာမ်လည်း မရှိ၊ အချည်းနှီးအဘာဝလည်းမဟုတ်၊ရုပ်နာမ်နှင့်စပ်သော ဒုက္ခဟူ သမျှကို၊ဘယ်ဟာတခုမျှမခံစားရတော့ဘဲ၊အဘုမရအစလ နိဗ္ဗာန်သုခဖြင့်၊တချမ်းသာထည်း၊တမြေ့ထည်း၊ အမြဲချမ်း သာ မြေ့၍နေရလေသတည်း။ ။ထိုကြောင့်ပြဆိုခဲ့ပြီးသော နဗ္ဗုတာသောင်ကမ်း ခေမာနန်းသို့၊ဆောလျှင်စွာ စံမြန်းကြ ရလေအောင် နိဂရုဏာခြောက်မျိုး၊ ၎င်းခရုဆိုးတို့ကိုတိုက်

ချိုးပယ်ဖျက်လျက်၊ ငါးဖြာကာမဂုဏ် အာရုံစုံကြမ်း ဥပါဒ်ဒါန် ငါးမကာန်းတို့ ကို လွန်စွာနှိပ်နင်းနိုင်ကြစေခြင်းငှါ၊ သမ္ဗာဒိဋ္ဌိဂ ရှိမဂ္ဂင် ဘောင်တော်ယဉ်ကို မြန်မြန်ကြီး နှင်နိုင်တော်မူကြပါစေကုန်သတည်း။ ။

နိဗ္ဗာန်အကြောင်း ကောင်းကောင်းမယူဆတတ်က၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဖြစ်မှန်းမသိ ဖြစ်နေတတ်ခြင်း။

အကယ်၍သာ ယခုကာလ ပြောဆိုကြသည် အတိုင်း၊ ရဟန္တာပုဂ္ဂိုလ်တို့ စုတေပြီးသည်နောက်၊ ဆလျှင်းကွယ်ပျောက်ပြတ်တောက်၍သွားသည်၊ဘာမျှမရှိ၊လေအတိသာ ဖြစ်၍သွားသည်ဟုဆိုခဲ့လျှင်၊ထိုရဟန္တာတို့နိဗ္ဗာန်သို့ရောက်သွားသည်မဟုတ်၊ထိုရဟန္တာတို့မဒိုမသေအမြဲနေရာဖြစ်သော၊နိဗ္ဗာန်နှင့်အဝေးကြီး၊ဆလုံးစုံအပြီးသတ်ပြတ်တောက်ကွယ်ပျောက်၍ သွားလေတော့သည်ဟု ရဟန္တာပုဂ္ဂိုလ်တို့အား၊ ကဲ့ရဲ့ခြင်းနှင့်တကွ၊ ဥစ္ဆေဒဒိဋ္ဌိဝါဒလှလှကြီးသာဖြစ်ဘို့ရှိတော့၏။ သို့ဖြစ်၍- ရဟန္တာပုဂ္ဂိုလ်တို့ စုတေပြီးသည်နောက်၊ နိဗ္ဗာန်၌ တည်ရောက်၍နေသည့်အခါ ဘာမျှမရှိ။ လေအတိသာဖြစ်သွားသဖြင့်၊ အလုံးစုံကွယ်ပျောက်-ပြတ်တောက်ခြင်းသို့ ရောက်ရလေတော့သသည်ဟု အယူမှားကြလေနှင့် အကယ်၍-အယူအဆမှားမိကြလျှင်၊မိမိတို့သည် ဥစ္ဆေဒဒိဋ္ဌိကြီး ဖြစ်မှန်းမသိ ဖြစ်၍နေကြလိမ့်မည်။ ။

ရဟန္တာပုဂ္ဂိုလ်တို့ စုတေပြီးသည်နောက်၊ နိဗ္ဗာန်၌တည်ရောက်၍နေသည့်အခါ၊ ထိုမိမိတို့မွေ့လျော်စံပျော်ရာနိဗ္ဗာန်

သာခေါင် ဘေးမဲ့တောင်၌၊ ရုပ်နာမ်ခန္ဓာနှင့်တကွ မပျောက် မပျက်၊ အမြဲထင်ရှား ရှိနေသည်ဟူ၍လည်း၊ အယူမှားကြလေနှင့်။ အကယ်၍ အယူအဆ များခဲ့ကြလျှင် သဿတဒိဋ္ဌိကြီးဖြစ်မှန်းမသိဖြစ်၍နေကြလိမ့်မည်။ ။ရဟန္တာပုဂ္ဂိုလ်တို့စုတေပြီးသည်နောက်၊ နိဗ္ဗာန်၌ တည့်ရောက်၍ နေသည့်အခါ၊ ထိုမိမိတို့မွေ့လျော်စံပျော်ရာ နိဗ္ဗာန်သာခေါင်ဘေးမဲ့တောင်၌၊ အဘယ်ခြင်းရာ ဘယ်လိုဟာဟု၊ ဝေနေယျကြာသတ္တဝါတို့၏ ဉာဏ်ဖြင့် မထောက်လှမ်းနိုင်၊ မယူဆနိုင်အောင်၊ တကယ်နက်ကြီးနက်နဲ၍ ဘေးတကာခပ်သိမ်း ရန်တကာကင်းငြိမ်း၍၊ ချမ်းသာစွာ နေတော်မူကြသည် ဟူ၍မှတ်ကြလေ။

သော၊ ထို-အာသဝေါကုန်ခမ်း ရဟန္တာပုဂ္ဂိုလ်သည်၊ ဂန္ထိရော၊ သီလ, သမာဓိ, စသောဂုဏ်၊ အတ္ထိ, နတ္ထိစသော ဆတ္တာသံယ အရာတို့ဖြင့် အဘယ်လိုဟာဟုဆိုနိုင်စရာမရှိအောင် အလွန်နက်နဲ၍နေ၏၊ အပွားမယော၊ အမျိုးအနွယ်စသောအရာတို့၌၊ ဤသူလိုတည်းဟုနှိုင်းယှဉ်းစရာမရှိဖြစ်၍နေပေ၏။ ။( သဠာယတနသံယုတ် ဇာတိဝဂ်အဋ္ဌကထာတို့နှင့်အညီတည်း။ )

ရဟန္တာပုဂ္ဂိုလ်တို့စုတေပြီးသည်နောက်၊နိဗ္ဗာန်၌တည်ရောက်၍နေသည့်အခါ၊ ထိုမိမိတို့စံပျော်ရာ နိဗ္ဗာန်သာခေါင်ဘေးမဲ့တောင်၌၊ ရှိ၍နေသည်ဆိုသော်သည်း၊ အမျိုးအနွယ်စသောအရာတို့၌၊ ဤသူလိုတည်းဟု နှိုင်းယှဉ်စရာဖြစ်၍၊ တစုံတခုသောအခြင်းအရာအားဖြင့်သာရှိသည်။ ရုပ်နာမ်ခန္ဓာနှင့်

တကွကား၊ ရှိနေသည်မဟုတ်ပေဟုဆိုသော်၊ သဿတဒိဋ္ဌိ
အဖြစ်မှလွတ်လေသတည်း၊ ။

ရဟန္တာဂိုလ်တို့ စုတေပြီးသည်နောက်၊ နိဗ္ဗာန်၌တည်
ရောက်၍နေသည့်အခါ၊ ထိုမိမိတို့ပျော်စံရာ နိဗ္ဗာန်သာခေါင်
ဘေးမဲ့တော်၌မရှိဟုဆိုသော်လည်း၊ သတ္တဝါဟု ဆိုလော်
စရာ ရုပ်နာမ်ခန္ဓာမရှိသည်ကိုသာရည်၍ ဆိုပါသည်၊ တစုံ
တရာ ဂမ္ဘီရ အခြင်းအရာအားဖြင့်၊ ဘယ်ဟာတခုမျှမရှိဟု
မဆိုပါဟု ဆိုခဲ့သော်။ ဥစ္ဆေဒ ဒိဋ္ဌိအဖြစ်မှ လွတ်၏ဟူသို
သတည်း။

လူနတ်ဗြဟ္မာသတ္တဝါဟူသည်၊ အဟုတ်အမှန်အားဖြင့်
ရှိ၏ဆိုသော်လည်း၊ သမုတိပညတ်အားဖြင့်သာ ရှိသည်
မှန်၏။ ပရမတ္ထသဘောအားဖြင့်ကား၊ မမှန်နိုင်ပေ။

အဟုတ်အမှန်စင်စစ်အားဖြင့်တရားနှင့် လိုက်စစ်ကြည့်
မည်ဆိုက၊ လူမရှိ,နတ်မရှိ, ဗြဟ္မာမရှိ, ပုဂ္ဂိုလ် သတ္တဝါ၊ ငါ
သူတပါး ယောကျ်ား,မိန်းမ,မရှိဟု ဆိုသော်လည်း၊ ပရမတ္ထ
သဘောအားဖြင့်သာ မရှိသည်မှန်၏။ ပညတ်အားဖြင့်ကား၊
မမှန်နိုင်သကဲ့သို့။ ထို့အတူ ပရိနိဗ္ဗုတ ကထာ၌လည်း၊
နိဗ္ဗာန်ရွှေနန်းစံမြန်းတော်မူကြကုန်သော ရဟန္တာသခင်အ
ရှင်မြတ်တို့သည်၊ မိမိတို့ ပျော်စံရာ နိဗ္ဗာန်သာခေါင် ဘေး
မဲ့တောင်၌ ရှိ၏ဆိုသော်၊ ရုပ်နာမ်မှတပါး၊ တစုံတရာနက်နဲ
သော သဘောအားဖြင့်ရှိနေသည်ကိုရည်၍ဆိုသော်၊ သာ
မှန်နိုင်၏။ သဿတအားဖြင့် ရုပ်နာမ်နှင့်တကွရှိနေသည်ဆို
သော်၊ မမှန်နိုင်ရာ။ ။

နိဗ္ဗာန်ရွှေနန်းစံမြန်းတော်မူကြကုန်သော ရဟန္တာသခင် အရှင်မြတ်တို့သည်၊ မိမိတို့ပျော်စံရာ နိဗ္ဗာန်သာခေါင်ဘေးမဲ့တောင်၌မရှိဆိုသော်၊ ချပ်နာခံ ဆားဖြင့်မရှိသည်ကိုရည်၍ ဆိုသော် သာမှန်နိုင်ရာ၏။ တစုံတရာအကယ်၍နက်နဲသော သဘောတခုမျှမကျန်အလုံးစုံကွယ်ပျောက် ပြတ်တောက်၍ သွားလေတော့သည်ဟု၊ ဥစ္ဆေဒ အယူအားဖြင့် ဆိုသော်-မခံနိုင်ရာ။ ဤသို့သော အဘိဒုလ္လဘဂမ္ဘီရဇ္ဈာဓိပ္ပါယ်များကို များများကြီး သတိရှိတော်မူနိုင်ကြပါစေကုန်သတည်း။

နိဗ္ဗာနဂုဏ်ရည်ကျမ်းဆရာ၊ ဆရာဦးချစ်ဘင်၏
အမှာစကားချုပ်။

အတ္ထံ့ပလေတိန ဥပေတိ သင်္ခံ
ဟူသော၊ ဗုဒ္ဓနိဒ္ဒေသပါဠိတော်။
ကာယဿဘေဒါ ဒွေ့ဒွော
သင်္ချံ နောပေတိ ဝေဒဂူ
စသော၊ သဠာယတနသံယုတ်ပါဠိတော်။
ရူပသင်္ခယေ ဝိမုတ္တောတထာဂတော
ဂတော၊ လ၊ အသင်္ချေယျော၊
ဟူသော၊ နေတ္တိပါဠိတော်။

၎င်းပါဠိတော်သုံးရပ်တို့သည်၊ နိဗ္ဗာန်ရွှေနန်းသို့စံမြန်းကြကုန်သော၊ ရဟန္တာသခင် အရှင်မြတ်တို့၏၊ လူ, နတ်, ဗြဟ္မာ သတ္တဝါဟူသော အရေအတွက်အားဖြင့်သော၊ မရေတွက်ရကောင်းသည်၊ အလုံးစုံ ကွယ်ပျောက်, ပြတ်တောက်သွား

သည့်အဖြစ်သို့ကား။ မရောက်သည်ကို ထပ်တူထပ်မျှပြနိုင်သော၊ ပါဠိတော်တို့ချည်းသာတည်း။ ။

ဤပါဠိတော်သုံးရပ်တို့နှင့်လည်း၊ (မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဇာတိဝစ်ပါဠိတော်နှင့်တကွ) ။ ဤအဋ္ဌကထာတို့သည်၊ ထပ်တူထပ်ချပ်ဖြစ်ကြသဖြင့်။ အညမညသံသန္ဒနချည်းသာတည်းဟုသိတော်မူကြပါစေကုန်သတည်း။

နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော၊ ဤကျမ်းကို ရေးသားပြုပြင်စီရင်သော အကျွန်ုပ်သည်၊ ပါဠိအဋ္ဌကထာ ဋီကာတို့ကိုဤ၊ အမျိုးမျိုးသောအာစရိယဝါဒတို့ကိုဤ၊ လက်မလွှတ်၍ ဤရေးသားပြုပြင်စီရင်ပါသဖြင့်၊ နိဗ္ဗာနဂုဏ်ရည် အမည်ရှိသော၊ ဤကျမ်းကိုကြည့်ရှုကြသူ များဖိုလ်သူတို့သည်၊ ယုံးသုံကြည်ကြည် လေးလေးနက်နက်ဖြင့် နာယူမှတ်သားကြပါစေကုန်းသတည်း။

---

ဘုရားလက်ထက်တော်က၊ ယမကအမည်ရှိသောရဟန်းတပါး
နိဗ္ဗာန်အကြောင်း ကောင်းကောင်းမယူဆတတ်၍
ဥစ္ဆေဒဒိဋ္ဌိဖြစ်မှန်းမသိဖြစ်နေခြင်း။

မြတ်စွာဘုရားသက်တော်ဝိညာဉ်ထင်ရှား ရှိတော်မူစဉ်က၊ လက်ျာရံဖြစ်သောအရှင်သာရိပုတ္တရာရဟန္တာမထေရ်မြတ်ကြီးသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူခိုက်၊ ယမကအမည်ရှိသော ရဟန်းတပါးအား၊ ဥစ္ဆေဒဒိဋ္ဌိ အယူသည်ဖြစ်၍။ အဘယ်ကဲ့သို့ ဥစ္ဆေဒဒိဋ္ဌိအယူဖြစ်သည်နည်းဟူမူကား၊ ဤယမကအမည်

ရှိသောရဟန်းက၊ ရဟန်းအခြင်းခြင်းပြောဆိုသည်မှာ၊ ငါ့ရှင်တို့၊ ဘုရားကိုယ်တော်မြတ် ဟောတော်မူသော တရားတော်ကို၊ ဘုရားဟောတော်မူတိုင်း ငါသိပါ၏။ ရဟန္တာပုဂ္ဂိုလ်သည်၊ သေပြီးသည်မှနောက်ကာလ၌၊ ရုပ်နာမ်နှစ်ပါးမရှိပြီးသဖြင့်၊ ပျောက်၍ပြတ်၍သွားလေတော့သည်။ အလုံးစုံ ဘဝတခုမျှ ရှုးစမ်းရှာဖွေ၍ မရတော့ပေဟု ပြောဟောလေ၏။ ထိုသို့ပြောဟောလေ ရှိသဖြင့် များစွာသောရဟန်းအပေါင်းတို့က၊ ငါ့ရှင်ယမက၊ အသင်သည် ဤသို့မပြောဟောပါလင့်၊ ငါတို့ ဘုရားကိုယ်တော်မြတ်၊ ဤသို့–ဟောတော်မမူပါဟု အကြိမ်ကြိမ်ဆေါ်ဆေါ် တားမြစ် ဆိုဆုံးမကြပါသော်လည်း၊ နားမထောင်ဘဲ ရှိနေသဖြင့် အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးအား၊ ၎င်းသမက အမည်ရှိသော ရဟန်း၏ယုတ်မာသောဥစ္ဆေဒဒိဋ္ဌိအယူရှိနေသည်၏အဖြစ်ကို၊ ရဟန်းများလျှောက်ထားကြရာဝယ်၊ အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီး ကိုယ်တော်တိုင်ကြွသွားဆိုဆုံးမသည့်အခါကျမှ၊ ယမကအမည်ရှိသော ရဟန်းသည်၊ မိမိ၏ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒကို ကောင်းကောင်းကြီးစွန့်နိုင်လေတော့သတည်း။ ။အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးဆိုဆုံးမပုံကား။

(အရှင်သာရိပုတ္တရာ) ငါ့ရှင်ယမက၊ ရုပ်ဝေဒနာသညာစသော၊ ခန္ဓာငါးပါးအပေါင်းသည်။ နိစ္စလော၊ အနိစ္စလော။

(ယမကရဟန်း) မှန်လှပါ၊ ရုပ်ဝေဒနာသညာစသော ခန္ဓာငါးပါးအပေါင်းသည်၊ အနိစ္စပါဘုရား။

(အရှင်သာရိပုတ္တရာ) ငါ့ရှင်ယမကာ၊ ၎င်းရုပ်ဝေဒနာ သညာ စသော၊ ခန္ဓာငါးပါးအပေါင်းတို့ကို သတ္တဝါဟုဆို မည်လော။

(ယမကရဟန်း) မှန်လှပါ၊ ၎င်းရုပ်ဝေဒနာ သညာစ သောခန္ဓာငါးပါးအပေါင်းတို့ကိုသတ္တဝါဟု မဆိုပါဘုရား။

(အရှင်သာရိပုတ္တရာ) ငါ့ရှင်ယမကာ၊ ၎င်းရုပ်ဝေဒနာ သညာစသော၊ခန္ဓာငါးပါးအပေါင်းတို့တို့ကြဉ်၍၊ သတ္တဝါ ခေါ်ဆိုသေးသလော။

(ယမကရဟန်း) မှန်လှပါ၊၎င်းရုပ်ဝေဒနာသညာစသော ခန္ဓာငါးပါးအပေါင်းတို့ကို ကြဉ်၍၊ သတ္တဝါဟု မခေါ်ဆိုပါ ဘုရား၊

(အရှင်သာရိပုတ္တရာ) ငါ့ရှင်ယမကာ၊ ရုပ်လည်းမရှိ၊ ဝေဒနာသညာစသည်လည်းမရှိသော ဝတ္ထုတခုကို၊သတ္တဝါ ဟု-ဆိုနိုင်ပါမည်လော။

(ယမကရဟန်း) မှန်လှပါ၊ထိုသို့ရုပ်လည်းမရှိ၊ဝေဒနာ သညာစသည်လည်းမရှိသောဝတ္ထုတခုကို၊သတ္တဝါဟုမဆို နိုင်ပါဘုရား။

(အရှင်သာရိပုတ္တရာ) ငါ့ရှင်ယမကာ၊ သင်သည် ဤသို့ သော တရားသဘောကို သိမြင်ပါလျက်၊၊ သတ္တဝါဟု-မုချ ခေါ်ဝေါ်စရာ မရှိပါဘဲလျက်၊ ၊ရဟန္တာဖြစ်သော၊ ရဟန်း ဟူသောသတ္တဝါသည်၊သေပြီးသည်နောက်မှနောက်ကာလ ၌၊အလုံးစုံ ပျောက်၍-ပြတ်၍သွားသည်၊ ဘာတခုမျှ စုးစမ်း ရှာတွေ့လို့ မရဟူသောစကားကို၊ တရားတခုပြုလုပ်၍ ပြော

ဟောခြင်းငှါသင့်ပါမည်လောစသည်ဖြင့်အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးဆိုသုံးမတော်မူသဖြင့်၊သောတာ ပန်အဖြစ်သို့ရောက်၍၊မိမိ၏ယုတ်မာသောဥစ္ဆေဒဒိဋ္ဌိအယူ ကို စွန့်ပြီး၊ အရှင်သာရိပုတ္တရာ မထေရ်အား လက်အုပ်ချီ၍ လျှောက်ထားသည်မှာ-

(ယမကရဟန်း) ပညာအရာ၌ဧတဒဂ်ဘွဲ့သုံးကို ခွတ် နှုးတော်မူသော လက်ျာရံ အရှင်မြတ်ဘုရား၊ ဘုရားတပည့် တော်သည်၊ အရှင်ဘုရား၏ တရားတော်ကို ကြားနာရပါ သဖြင့်၊ယုတ်မာသောဥစ္ဆေဒဒိဋ္ဌိအယူကိုလည်း စွန့်ရပေပြီ၊ တရားအထူးကိုလည်း သိမြင်ရပါပြီဘုရား၊

(အရှင်သာရိပုတ္တရာ) ငါ့ရှင်ယမက၊ နောက်နောင်သူ တပါးတို့က အသင်အား၊ ဤအကြောင်းနှင့်စပ်လျဉ်း၍ မေး မြန်းလာသည့်ကာလ၊ အသင်သယ်သို့ ဖြေကြားမည်နည်း။

(ယမကရဟန်း) ရုပ်ဝေဒနာသညာစသောခန္ဓာငါးပါး အပေါင်းသည်၊ အနိစ္စတည်း။ အနိစ္စယူသမျှလည်း၊ ဒုက္ခချည်း သာတည်း။ ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်မှ နောက် ကာလ၌၊ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်ဝေဒနာသညာစသော ခန္ဓာငါးပါးအပေါင်းတို့၏ချုပ်ခြင်းသို့ရောက်လေတော့သည် ဟူ၍သာ၊ထိုမေးလာသူတို့အား ဖြေကြားပါအံ့။ ။

(အရှင်သာရိပုတ္တရာ) ငါ့ရှင် ယမက၊ ကောင်းလေစွ၊ သာဓု-သာဓုဟု,ကောင်းချီးပေးတော်မူလေသည်း၊ (သံယုတ္တ တနသံမယုတ်ပါဠိတော်)။ ।

ဆောက်၌ပြဆိုအပ်ခဲ့ပြီးသော၊ ယမကအမည် ရှိသော ရဟန်းကဲ့သို့၊ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှနောက်ကာလ၌၊ရုပ်နာမ်နှစ်ပါးချုပ်၍သွားသဖြင့်။(ဝါ၊ ရုပ်နာမ်နှစ်ပါးနောင်တဖန်အသစ်၊ ဘယ်အခါမှပြန်မဖြစ်တော့သဖြင့် ဘာမျှမရှိလေအတိသာဖြစ်သွား၊တော့သဖြင့်၊အလုံးစုံပျောက်၍ပြတ်၍သွားလေတော့သည်ဟုဥစ္ဆေဒဒိဋ္ဌိအယူကိုမယူမိကြစေလင့်။

ရဟန္တာပုဂ္ဂိုလ် သေပြီးသည်မှ နောက်ကာလ၌။ ဝါ၊ ရဟန္တာပုဂ္ဂိုလ်နိဗ္ဗာန်ဖွေနန်းသို့စံမြန်းသည်နောက် ရုပ်နာမ်နှစ်ပါးမရှိပြားသော်လည်း၊ ထိုနိဗ္ဗာန်၌ ပျောက်၍, ပြတ်၍မသွားဟုမှတ်ကြရမည်၊

ထိုရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်ဘွဲ့နန်း စံမြန်းသည်နောက်၊ နိဗ္ဗာန်၌၊ ဘည့်ရောက်နေသည့်အခါ၊ အစဉ်သန္တာန်ပျောက်၍၊ပြတ်၍မသွားသော်၊အဘယ်သို့သွားပါသနည်း။ အဘယ်၌တည်နေပါသနည်းဟုမေးပြားအံ့၊

ထိုရဟန္တာပုဂ္ဂိုလ်နိဗ္ဗာန်သို့ရောက်သွားသည်၊ နိဗ္ဗာန်၌၊ ချမ်းသာစွာ မအိုမသေ ဆမြဲတည်နေသည်ဟု ဖြေလေ။ ထို့ကြောင့်-ပရိဝါပါဠိတော်၌၊

နိဗ္ဗာနံ အရဟတော ဂတိ ဟူ၍ရှင်း။

သံယုတ်ပါဠိတော်၌၊

သော ဝေဒနာ ပရိညာယ
ဒိဋ္ဌေ ဓမ္မေ အနာသဝေါ
ကာယဿ ဘေဒါ ဓမ္မဋ္ဌော
သင်္ချံ နောပေတိ ဝေဒဂူ ဟူ၍ရှင်း၊မိန့်တော်မူလေ၏။

ထိုရဟန္တာပုဂ္ဂိုလ် နိဗ္ဗာန်၌ချမ်းသာစွာ မအိုမသေအမြဲတည်၍နေခဲ့သော်၊လူဖြစ်၍ တည်နေသလော။ သို့မဟုတ်-နတ်ဖြစ်၍ တည်နေသလောဟု မေးငြားအံ့၊ လူဟူ၍၎င်း။နတ်ဟူ၍၎င်းစသည်၊ပညတ်အပ်သည့်သဘောကိုလွန်၍လူဟူ၍၎င်း၊နတ်ဟူ၍၎င်း-စသည်မခေါ်ဆိုနိုင်အောင်၊ အလွန်တရာနက်နဲသော ဂမ္ဘီရ သဘောသို့ရောက်၍ ချမ်းသာစွာ တည်နေသည်ဟုဖြေလေ။ထို့ကြောင့်-ဇာတိပုစ္ဆဗ္ဗကထာစသည်တို့၌-။

ဧဝံဂုဏော အရဟာ ဘာဝနီသု
ကဏ္ဍပိပုနဗ္ဘဝါ ဘာဝတော
မနုဿ ဒေဝါတိသင်္ချံ န ဥပေတိ
အပညတ္တိက သဘာဝမေဝ ဂစ္ဆတိ

ဟူ၍မိန့်တော်မူလေသတည်း။ ။

လောင်စာမရသော တောမီးသည်၊ အငြိမ်းကြီး ငြိမ်းသကဲ့သို့၊ ထို့အတူ ရဟန္တာပုဂ္ဂိုလ်တို့ သေပြီးသည်မှနောက်ကာလ၌၊ ခန္ဓာငါးပါး တည်းဟူသော လောင်စာ ဝဋ္ဋ မရှိသောကြောင့်၊ရုပ်နာမ်ခန္ဓာတဖန်အသစ်ဖြစ်မဖြစ်တော့ဘဲ၊ အငြိမ်းကြီး ငြိမ်းလေတော့၏ဟူ၍ ပြောဆိုသူတို့ အားသာ၊ ယထာဘူတအမှန်ကျ၍ ဥစ္ဆေဒဒိဋ္ဌိမဖြစ်။ ။ရဟန္တာပုဂ္ဂိုလ်တို့သေပြီးသည်မှနောက်ကာလ၌၊ ဘာမျှ စူးစမ်းရှာဖွေလို့မရ၊ လုံးလုံးပျောက်၍ ပြတ်၍ သွားလေတော့သည်ဟု ယူမှယောပြောမှသာလျှင် ဥစ္ဆေဒဒိဋ္ဌိဟူ၍မှတ်လေ။

သတ္တဟူသော အတ္တလေးသည်ရှိ၏။ ထိုသတ္တ ဟူသော အတ္တကလေးသည်ပျောက်၍ပြတ်၍သွားသည်ဟူ၍ယူမှသာ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ နိဗ္ဗာန်ရောက်သူတို့ ပျောက်၍ပြတ်၍ သွား၊လေတော့၏၊ ဘာမျှရှုးစမ်းရှာတွေ့လို့မရဟု ယူကာမျှဖြင့်၊ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်နိုင်ဟု မမှတ်အပ်။ ဖြစ်သည်သာလျှင်တည်း။ ထို့ကြောင့်-။ ။မူလပဏ္ဏာသဋီကာ၌၊

အပ္ပဋိသန္ဓိကဿ ခီဏာသဝဿ
စရိမကစိတ္တံ နိရုပါဒါနတော
အနုပါဒါနော ဝိယ၊ ဇာတဝေဒေါ
ပရိနိဗ္ဗုတံ၊ ရူပံနာမနိဿိတ န္တိ
န ပညာယတိတိ ဝဒန္တောကိမတ္တာ
ဝတာ၊ ဥစ္ဆေဒဝါဒီ ဘဝတိနာယံ
ကဒါစိပိအတ္တာနာမကောစိ
အတ္ထိတိဝဒါမိ၊ ဝေံသန္တေကိန္တိ
ဿာယဝဒန္တိ မောဃပုရိသာ
သတောသတ္တဿ နာမဘာဝေယျာတိ
အပာမေတ္တာ ဝိပ္ပါယော။ ။

ဟူ၍၊ မိန့်တော်မူလေသတည်း။

အပ္ပဋိသန္ဓိကဿ၊ ပဋိသန္ဓေ တာဘန် နေစရာမရှိသော။ ခီဏာသဝဿ၊ အာသဝေါကုန်ခမ်း ရဟန္တာပုဂ္ဂိုလ်၏။ စရိမကစိတ္တံ၊ စုတိစိတ်သည်။ ဝါ၊ စုတိစိတ်ဖြင့် မှတ်အပ်သော

ခန္ဓာငါးပါး ချုပ်နာသ်တရားအပေါင်းသည်။ နိရုပါဒါနတော၊ လောင်စရာဝတ္ထု မရှိသောကြောင့်။ အနုပါဒါနော၊ လောင်စရာကိုမရသော။ ဇာတဝေဒေါ ဣဝ၊ တောမီးကဲ့သို့။ ပရိနိဗ္ဗုတံ၊ အကြွင်းမဲ့ ငြိမ်းလေတော့၏။ ဣဿာသဝေါ၊ နိဗ္ဗာန်ရွှေနန်းစံမြန်း၍ သွားသော ရဟန္တာပုဂ္ဂိုလ်သည်။ ဣဒံနာမ၊ ဤမည်သောဘဝကို။ နိဿိတံ၊ ဖြိုလေသေး၏။ ဝါ၊ ဘဝတပါးချောက်သွားလေသေး၏။ ဣတိ၊ ဤသို့ဆိုစရာသည်၊ နပညာယတိ၊ မထင်။ ဣတိ၊ ဤသို့။ ဝဒန္တော၊ ဆိုတော်မူသောငါဘုရားသည်၊ တနည်း။ ဣတိ၊ ဤသို့။ ဝဒန္တော၊ ဆိုသောသူအပေါင်းသည်။ ဧတ္တာဝတာ၊ ဤမျှလောက်သော စကားကိုဆိုခြင်းဖြင့်၊ ဥစ္ဆေဒဝါဒီ၊ ဥစ္ဆေဒအယူရှိသူသည်။ ကိံဘဝတိ၊ အသို့ဖြစ်နိုင်ပါအံ့နည်း။ အဟံ၊ ငါဘုရားသည်။ ကဒါစိပိ၊ တရံတခါမျှလည်း။ အတ္တာနာမ၊ အတ္တမည်သော။ ကောစိ၊ တစုံတခုသည်။ အတ္ထိ၊ ရှိသေး၏။ ဣတိ၊ ဤသို့။ နဝဒါမိ။ ဘယ်အခါမှ ဟောတော်မမူ။ ဧဝံသန္တေ၊ ဤသို့ဖြစ်ပါလျက်။ ကိံ၊ အဘယ်သို့သော အရာကို။ နိဿာယ၊ မှီကြကုန်၍။ ဝေသ [illegible] ပုရိသာ၊ မဂ်မိုလ်မရ၊ ကိဃ-ဖြီးဆချည်းနှီးဖြစ်သော တိတ္ထိတို့သည်။ ဝဒန္တိ၊ ဥစ္ဆေဒဝါဒအားဖြင့် ငါဘုရားအား စွပ်စွဲပြောဆိုကြကုန်ဘိသနည်း၊ သတောသတ္တဿနာသမ္မ၊ သတ္တဝါ၏အတ္တဆယူမည်သည်၊ ငါဘုရားအား ရှိသော်သာလျှင်။ ဘဝေယျ၊ ယင်းသို့- ဥစ္ဆေဒဝါဒဖြင့် စွပ်စွဲခြင်း ဖြစ်သော် ဖြစ်ခဲ့ရာ၏။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤကိံ ဧတ္တာဝတာ ဥစ္ဆေဒဝါဒီ ဘဝတိ၊ ဟူသော စကား၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

ဗုဒ္ဓနိဒ္ဒေသပါဠိတော်၌လည်း၊ဥပသီဝပုဏ္ဏားက၊မြတ်စွာဘုရားလျှောက်ထားသည်မှာ။ ဘုန်းတော်နေ့ဝန်းထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ နိဗ္ဗာန်သို့ ရောက်သွားသော ရဟန္တာပုဂ္ဂိုလ်သည်၊ ပျက်စီး, ပြတ်တောက်၊ဘာမျှမရှိအချည်းနှီးအဖြစ်သို့ရောက်သွားပါသလော။ထိုသို့မဟုတ်၊နိဗ္ဗာန်သို့ရောက်သွားသောရဟန္တာပုဂ္ဂိုလ်သည်၊ထိုနိဗ္ဗာန်၌မြဲ၍နေသောအားဖြင့်၊ ရုပ်နာမ်ခန္ဓာမပျက်မစီး ပကတိအတိုင်း တည်နေပါသလောဟု တွဲတွဲကြီး မေးလျှောက်ထားရာ။မြတ်စွာဘုရားက ဥပသီဝပုဏ္ဏားနိဗ္ဗာန်သို့ရောက်သွားသောရဟန္တာပုဂ္ဂိုလ်အား၊ဘုရားပစ္စေကဗုဒ္ဓါသာဝကစသည်တို့ဖြင့်ခေါ်ဆိုစရာ၊နှိုင်းယှဉ်စရာမရှိဟူ၍ဖြေဆိုတော်မူလေသတည်း။

ဥပသီဝပုဏ္ဏားနှင့် မြတ်စွာဘုရား၊ နိဗ္ဗာန်နှင့်စပ်လျဉ်း၍အမေးအဖြေပြုလုပ်ကြရာဝယ်၊ နိဗ္ဗာန်သို့ ရောက်သွားသောသူတို့၏ အတ္တကလေးသည်၊ ထိုနိဗ္ဗာန်၌ ပျောက်၍, ပြတ်၍သွားသလောစသည်ဖြင့် အတ္တနှင့်စပ်သော စကားကို ထုတ်ဖေါ်၍၊ဥပသီဝပုဏ္ဏားနှင့်မြတ်စွာဘုရားမေးခြင်းဖြေခြင်းအလျှင်းမပြုကြ။ ၎င်းဗုဒ္ဓနိဒ္ဒေသပါဠိတော်ကို ဘွင့်ဆိုတော်မူသောအဋ္ဌကထာ၌လည်း။ ဥပသီဝပုဏ္ဏားကမြတ်စွာဘုရား နိဗ္ဗာန်သို့ ရောက်သွားသောသူသည်။ ထိုနိဗ္ဗာန်၌ ပျောက်၍ ပြတ်၍ သွားသလော။ ထိုသို့မဟုတ်။ ထိုနိဗ္ဗာန်၌ သဿတဖြစ်၍၊ မပျက်မကွဲရုပ်နာမ်နှင့်တကွ အမြဲတည်နေသလောဟု မေးလျှောက်သော အခါဝယ်၊ မြတ်စွာဘုရားက နိဗ္ဗာန်သို့

ရောက်သွားသောသူသည်၊ ထိုနိဗ္ဗာန်၌ မကွယ်မပျောက်၊ ချပ်နာမ်ခန္ဓာနှင့်တကွ၊ အမှန်ထင်ရှားရှိသောအားဖြင့် ဖြေကြားခဲ့သော်၊ သဿတဝါဒဖြစ်ခဲ့ရာ၏။ ။မြတ်စွာဘုရားက၊ နိဗ္ဗာန်သို့ရောက်သွားသောသူသည်၊ ထိုနိဗ္ဗာန်၌ တစုံတရာ ဘယ်ဟာတခုမျှမရှိဟု ဖြေကြားပြန်သော်၊ ဥစ္ဆေဒဝါဒ ဖြစ်ခဲ့ပြန်ရာ၏။ ။ထိုနှစ်ပါးသော သဿတဝါဒ၊ ဥစ္ဆေဒဝါဒကိုအလိုရှိတော်မမူသော မြတ်စွာဘုရားသည်။

အတ္ထင်္ဂတဿနပမာဏမတ္ထိတိ

အတ္ထင်္ဂတဿနပမာဏမတ္ထိ

ဟူသောစကားကို။ ဘာဂဝါ၊ မြတ်ဘုရားသည်။ အာဟ၊ မိန့်ဆိုတော် မူလေသတည်းဟူ၍၊ အဋ္ဌကထာဆရာ ဘွင့်ဆိုတော်မူလေသည်။ ။နိဗ္ဗာန်သို့ ရောက်သွားသော သူတို့၏ အတ္တသည်၊ ပျောက်၍၊ ပြတ်၍ သွားသည်၊ မပျိမကွဲ အမြဲတည်နေသည်စသည်နှင့်စပ်သောစကားတို့ကို အဋ္ဌကထာဆရာ အလျှင်းဘွင့်ဆိုတော်မမူ၊ ။ထို့ကြောင့်- နိဗ္ဗာန်သို့ရောက်သွားသောသူတို့၏အတ္တသည်၊ ပျောက်၍ပြတ်၍သွားသည်ဆိုမှု။ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်မဟုတ်၊ နိဗ္ဗာန်သို့ ရောက်သွားသောပုဂ္ဂိုလ်ဟူသမျှတို့၊ ထိုနိဗ္ဗာန်၌အလုံးစုံ ဘာမျှမရှိ၊ ပျောက်၍၊ ပြတ်၍၊ သွားလေတော့သည်ဟု ယူမှားကြလျှင်လည်း၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်တိသည်သာလျှင်တည်း။

( အတ္ထင်္ဂတဿ၊ နိဗ္ဗာန်အရွနန်းသို့ စံမြန်းသောပုဂ္ဂိုလ်အား။ ပမာဏံ၊ ဘုရားပစ္စေကဗုဒ္ဓါ သာဝကစသည်တို့ဖြင့် ခေါ်ဆိုနိုင်ကြောင်း၊ နှိုင်းယှဉ်နိုင်းကြောင်းသည်၊ နတ္ထိ၊ မရှိ၊)

သမုဒ္ဒရာထည်း၌၊အဖွဲ့ပုတ်ဆွေး၊ပျက်ပြား၍ တခုတခြားစီ၊မျောပါသွားသော လှေငယ်တစင်းသည်၊ ပျဉ်ချပ်ပျဉ်ပြားတို့၏ လှေဟူသော အမည်ပညတ်သည်၊ မရှိခြင်းသို့ရောက်သကဲ့သို့၊ ထို့အတူ- ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာသခင်အရှင်မြတ်တို့၏၊ ဥပါဒိဏ္ဏကဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ပျက်ပြားချုပ်သွားသဖြင့်၊အနုပါဒိသေသနိဗ္ဗာန်၌၊ ချမ်းသာစွာ တည်နေသည့်အခါ၊ လူဟူ၍၎င်း၊ နတ်ဟူ၍၎င်း၊ပညတ်အပ်သော သဘောမျိုးမရှိတော့ပေ။၎င်းပညတ်အပ်သောသဘောကိုလွန်၍၊ချမ်းသာစွာ တည်နေသည်ဟု ယူမှသာ၊(သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ)အဖြစ်မှ လွတ်ကင်းကြမည်။ ။

ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်ပြုပြီးသည်နောက်၊ရုပ်နာမ်နှစ်ပါးမရှိကြသဖြင့် အလျှင်းကွယ်ပျောက်, ပြတ်တောက်အချည်းနှီး အဘာဝအဖြစ်သို့ ရောက်လေတော့သည်။ ဘာမျှခံစားစံစားခြင်းတရားမရှိဟု အရပ်ရပ်တပြည်လုံးလိုပင်၊ အယူဝါဒ ဆပြောများကြသည်-အရာသည် အစဉ်အဆက်ဆက် ရှေးပဝေဏီအထက်ကပင် များသောအားဖြင့်ဖြစ်၍ လာသောကြောင့်၎င်း၊ ၎င်းနိဗ္ဗာန်နှင့် စင်လျှင်း၍ လာသော၊ ပါဠိအဋ္ဌကထာ ဋီကာတို့၏ အမှန်အကန် သိနိုင်မည့်အရာ လွန်စွာနက်နဲ, ခက်ခဲသောကြောင့်၎င်း။ ၎င်းနိဗ္ဗာန်နှင့်စပ်၍၊စကားစပ်မိတိုင်းငပ်မိတိုင်း သာဓကပါဌ် အထောက်အထားပြသင့်သလောက် ပြဦးမှသာ၊ ( ဤနိဗ္ဗာနဂုဏ်ရည် ) အမည်ရှိသောကျမ်းကို ကြည့်ရှုကြသူ များဒိုလ်လူတို့ နှစ်မြို့

နားလည်နိုင်ကြမည်ဖြစ်၍၊ ရှေးဦးထုတ်ဆိုအပ်ခဲ့ပြီးသော၊ သာဓကပါဠိများကိုလည်း၊ ထပ်၍ပြဆိုသော အရာလည်းရှိမည်။ ထိုသို့ပြဆိုရာ ပညာရှိအများယုံကြည်ဘွယ် ဖြစ်စေခြင်းငှါ၊ အလေးထူးသော ဂန္ထန္တရတို့နှင့် နှိုးနှော၍ပြဦးမှ၊ ယုတ္တာတရဒဠှတရ ဖြစ်ခည်ဖြစ်သောကြောင့်၊ အထူးထူးသော ဂန္ထန္တရတို့ကိုထုတ်ဆိုရာဝယ်၊ ရှေးဆိုအပ်ခဲ့ပြီးသည်ကိုလည်း အထပ်ထပ်ဆို၍နေသကဲ့သို့ထင်စရာ အောင်းမေ့စရာအရာများလည်းရှိသည်။ ရှေးဆိုအပ်ခဲ့ပြီးသောစကား၏အလွန် အဆက်ဝေး၍နေသောကြောင့်၊ ထိုစကားကိုသတိမရမရှုမိကြသူတို့အားအလွန်နားလည်စေလို၍၊ အချို့အရာ၌ထပ်မံ၍ပြဆိုရသောအရာလည်း၊ ဖိုးဖဲ့အနည်းငယ်လည်း ရှိပေလိမ့်မည်။ ထိုကြောင့်-ယင်းသို့သော ပုနရုတ္တ ဒေါသအရာထင်တိုင်းထင်တိုင်း၊ ပညာခေါင်ထိ၊ သတိဝေပုလ္လ ကျမ်းတတ်သခင်ပညာရှင်တို့၊ (ဂရုကာယောဂါယံပရာဓော)ဟု၊ အဓိဝါသနပြုတော်မူနိုင်ကြပါစေသတည်း။

သမုဒ္ဒေါပမာ၊ ဂန္ထိရဂေါစရာ ကျမ်းဂန်အရာ လွန်စွာနက်နဲခက်ခဲလှသည်နှင့် လျော်ညီစွာ၊ ရဟန္တာ ပုဂ္ဂိုလ်တို့သော်မှလည်း၊ လေခယွင်းယိုရှိတတ်ချေသေး၏ဟု ဥဒါန်းပြုကြသည်အတိုင်း၊ နိဗ္ဗာန်အခြင်းအရာ နိဗ္ဗာန်ဝင်သူပုဂ္ဂိုလ်ဖြူတို့၏ အခြင်းအရာမှတပါး, လိုရင်းမဟုတ်လှသော ဝစနလက်ာရအရာများတို့၌၊ (ပမာဒလေခ၊ ဒုရုတ္တဝစန) အရာ။ ဖဉ်းငယ်ထင်တော် မူလာကြလျှင်လည်း။ (အနုတိက္ကမန

သဘာဝေါသမ္ဘောဟသေသဝါယံဒေါသော)ဟုအဖွင့်ပေကျ နှ၊ပြုတော်မူနိုင်ကြပါစေကုန်သတည်း။

ဖညတ်အားဖြင့်သာ၊လူချမ်းသာ-နတ်ချမ်းသာကိုခံစားခြင်းတရားရှိ၏။
ပရမတ္ထအားဖြင့် လူချမ်းသာ-နတ်ချမ်းသာကို
ခံစားခြင်း-တရားမရှိခြင်း။

ဒိဗျံသုခံဥပလဗ္ဘတိတိ
ဒိဗျသသုခသာပဋိသံဝေဒီ
ဥပလဗ္ဘတိတိနဟောဝံဝတ္တဗ္ဗေ

ဟူ၍၊ ဟောတော်မူအပ်သော ကထာဝတ္ထုပါဠိတော်၌။

နတ်ချမ်းသာ,သာရှိသည်။ ထိုနတ်ချမ်းသာကို ခံစားရ သောသူကား မရှိဟုဟောတော်မူသောအချက်၌။ ။ပရမတ္ထ သဘောအားဖြင့် လူဟူ၍ငင်း၊နတ်ဟူ၍ငင်း၊ပုဂ္ဂိုလ်သတ္တဝါ ဟူ၍ငင်း၊ ထင်ရှားမရှိသည်ကိုရည်၍ ဟောတော်မူလေ သည်။ ။စင်စစ်မှာမူကား။နတ်ချမ်းသာ,သာရှိသည်။ထိုနတ် ချမ်းသာကို ခံစားခြင်း ဝေဒနာ မရှိဟု ဆိုလိုသည် မဟုတ်။ ထို့ကြောင့်-ငင်းအဋ္ဌကထာ၌လည်း၊ ။

ပုဂ္ဂလဝသေနသကဝါဒီ
ပဋိက္ခိပေါ်ဝေဒိတဗ္ဗော
နဝေဒယိတဝသေန

ဟူ၍ မိန့်တော်မူလေသတည်း။ ။

ဒိဗျံသုခံဥပလဗ္ဘတိ
ဒိဗျဿသုခဿပဋိသံဝေဒီ
ဥပလဗ္ဘတိတိ
အာယသ္မာ။

ဟူ၍ဟောတော်မူအပ်သော။

ကထာဝတ္ထုပ္ပါဠိတော်ဝယ်။ ။နတ်ချမ်းသာလည်း ရှိ၏။ ထိုနတ်ချမ်းသာကို ခံစားရသော သူလည်းရှိ၏ဟု ဟောတော်မူသောအချက်၌။ ။သမုတိပညတ်အားဖြင့် လူဟူ၍၎င်း။ နတ်ဟူ၍ ပုဂ္ဂိုလ်သတ္တဝါဟူ၍၎င်း၊ ရှိသည်ကို ရည်ရွယ်မှန်း ထားတော်မူ၍ နတ်ချမ်းသာလည်း ရှိ၏။ ထိုနတ်ချမ်းသာကို ခံစားရသော သူလည်းရှိ၏ဟု ဟောတော် မူလိုရင်း ဖြစ်သတည်း။ ။

မာနုသကဿသုခဿ
ပဋိသံဝေဒီဥပလဗ္ဘတိတိ
အာယသ္မာ။

ဟူ၍ဟောတော်မူသောအရာဝယ်လည်း။ ။လူချမ်းသာလည်းရှိ၏။ ထိုလူချမ်းသာကို ခံစားရသောသူလည်းရှိ၏ဟု ဟောတော်မူသောအချက်၌၊ ရှေးနည်းအတူ သမုတိပညတ်အားဖြင့်သာ၊ လူချမ်းသာကိုခံစားရသောသူရှိ၏။ ။ပရမတ္ထသဘောအားဖြင့်ကား။ လူချမ်းသာကို ခံစားရသောသူမရှိဟု ဟောတော်မူလိုရင်းဖြစ်သတည်း။

နိဗ္ဗာနံ ဥပလဗ္ဘတိ၊ နိဗ္ဗာန သ
ပဋိသံဝေဒိ ဥပလဗ္ဘတိ၊ တိ
န ဟောတိ ဝဏ္ဏေ။

ဟူ၍။ ကထာဝတ္ထုပါဠိတော်၌ ဟောတော်မူရာဝယ်လည်း၊ နိဗ္ဗာန်သာ ရှိသည်၊ ထိုနိဗ္ဗာန်ချမ်းသာကို ခံစားရသော သူကား မရှိဟု ဟောတော်မူလိုရင်းဖြစ်သည်။ ။ထိုသို့ဟောတော်မူရာ၌သည်း၊ ပရမတ္ထသဘောအားဖြင့်လည်းကောင်း၊ သမ္မုတိပညတ်အရာအားဖြင့်လည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကို ခံစားရသော သူမရှိသည်ကို ရည်၍ ဟောတော်မူလေသည်။ အဘယ့်ကြောင့်နည်းဟူမူကား၊ နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၍ ခန္ဓာငါးပါးမှ လွတ်၍နေသော ရဟန္တာ သခင် အရှင်မြတ်တို့အား၊ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါးမှ လွတ်နေသည်ဖြစ်၍ ပရမတ္ထ သဘောအားဖြင့်လည်း၊ နိဗ္ဗာန်ချမ်းသာကို ခံစားရသူသည်ဟူ၍ မဆိုထိုက်သောကြောင့်ရင်း၊ နိဗ္ဗာန်သို့ရောက်သော ရဟန္တာပုဂ္ဂိုလ်အား၊ ခန္ဓာငါးပါးမှ လွတ်၍နေသဖြင့် လူ, နတ်စသည် ပညတ်စရာ မရှိအောင်ပင်၊ သမ္မုတိပညတ်ကင်းလွန်၍နေသောကြောင့် သမ္မုတိပညတ်အရာအားဖြင့်လည်း၊ နိဗ္ဗာန်ချမ်းသာကို ခံစားရသူရှိသည်ဟူ၍ မဆိုထိုက်သောကြောင့်ရင်း၊ နိဗ္ဗာန်သည်ရှိသည်၊ ထိုနိဗ္ဗာန်ချမ်းသာကို ခံစားရသောသူမရှိဟု ဟောတော်မူလိုရင်းဖြစ်သတည်း။

ထိုသို့ဖြစ်ခဲ့လျှင်၊ ဧင်းနိဗ္ဗာန်ချမ်းသာကို ခံစားရသူမရှိသောကြောင့်၊ ဧင်းနိဗ္ဗာန်ဖြင့် နိဗ္ဗာန်ရောက်သူ ဝေနေယျ

လူတို့အား အဘယ်အကျိုးရှိပါတော့အံ့နည်းဟု ဆိုငြားအံ့။ နိဗ္ဗာန်ရောက်သူဝေနေယျလူတို့အား အကျိုးအနန္တအသင်္ချေယျ၊ အပ္ပမေယျ၊ ပြော၍မပြနိုင်အောင်ရှိလှတော့သည်သာလျှင်တည်း။ အဘယ့်ကြောင့်နည်းဟူမူကား၊ ထိုသို့ပရမတ္ထနည်း၊ ပညတ်နည်းနှစ်ပါးတို့ဖြင့်သာ၊ ၎င်းနိဗ္ဗာန်ချမ်းသာကိုမခံစားရသည်။ ထိုပရမတ္ထနည်း၊ ပညတ်နည်းနှစ်ပါးတို့မှ အလွတ်ခန္ဓာငါးပါးမှလွတ်၍နေသောနိဗ္ဗာန်ပျော် ရှင်၊ အာသဝေါစင်တော်မူသော ရဟန္တာသခင်အရှင်၏ အဖြစ်နှင့်၊ ၎င်းနိဗ္ဗာန်ချမ်းသာကို ခံစား၍ နေရသည် ဧကန်အမှန်ပင် ဖြစ်သောကြောင့်၊ နိဗ္ဗာန်ရောက်သူဝေနေယျလူတို့အားအကျိုးအနန္တအသင်္ချေယျ၊ အပ္ပမေယျပြော၍မပြနိုင်အောင်ရှိလှတော့သာလျှင်တည်း။ ။

ထိုနိဗ္ဗာန်ပျော် ရှင်အာသဝေါစင်တော် မူကြကုန်သော ရဟန္တာသခင်အရှင်မြတ်တို့ပရိနိဗ္ဗာန်ပြုသွားကတည်းကပင် အလုံးစုံပြတ်တောက်ဘာဝမျှမရှိသည်အဖြစ်သို့ ရောက်သွားပြီမဟုတ်ပါဝုံလော။ ထိုသို့အလုံးစုံပြတ်တောက်, ဘာဝမျှမရှိသည်အဖြစ်သို့ ရောက်လေပြီးသော ရဟန္တာသခင် အရှင်မြတ်တို့အား၊ အဘယ်သို့လျှင်၊ ၎င်းနိဗ္ဗာန်ချမ်းသာကိုခံစားရသည်ဆိုနိုင်ပါအံ့နည်းဟု ဆိုငြားအံ့။ ။ ထိုနိဗ္ဗာန်ပျော် ရှင်အာသဝေါစင်တော်မူကြကုန်သော ရဟန္တာသခင် အရှင်မြတ်တို့ ဝိမုတ္တိပျော်စံရာ နိဗ္ဗုတာသောင်ကမ်းခေမာနန်းဦး၊ အလုံးစုံပြတ်တောက် ဘာဝမျှမရှိသည်အဖြစ်သို့ ရောက်မသွား၊ ဂမ္ဘီရအပ္ပမေယျအားဖြင့် ဧကန်ထင်ရှား၍ နေသော

ကြောင့်၊ ထိုနိဗ္ဗာန်ပျော် ၌ရှင် အာသဝေါစင်တော်မူကြကုန်သော ရဟန္တာသခင် အရှင်မြတ်တို့သည်၊ ဋိမိတို့ပျော်စံရာ နိဗ္ဗုတာသောင်ကမ်း, ခေမာနန်း၌အမြဲတန်းအားဖြင့်၊ နိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးကို ဝင်းဝင်းတောက်, ခံစားစံစားတော်မူလျက်ရှိကြလေကုန်သတည်း။

ထိုသို့ဝင်းဝင်းတောက် ခံစားစံစားလျက် ရှိနေတော်မူသည်အကြောင်းကို ယုံကြည်လောက်သော အထောက်သာဓကပါဠိတော်များစွာ အဋ္ဌကထာဋီကာ အစောင်စောင်တို့ဖြင့်၊ အောက်၌အတန်တန် ထုတ်ပြအပ်ခဲ့ပြီးသည်ဖြစ်၍၊ ပုနရုတ္တိ ဒေါသအခါခါ ရောက်မည်ဖိုးသောကြောင့်။ ဤ၌-တဘန် အကျယ်မဝေဘန်တော့ပြီ။

အကျဉ်းအားဖြင့်သော်ကား။ ။နသောပဏ္ဍာမေတိတိနသောပဏ္ဍာမေတိ၊ဟူသည်ကား။ပမာဏတရာနံ၊ နှိုင်းယှဉ်စရာကိုပြုတတ်ကုန်သော။ဘာဝါနံ၊ရုပ်နာမ်ခန္ဓာဟူသောဘာဝတို့၏။ အတ္ထံ၊ ချုပ်ခြင်းသို့။ ဝါ၊ တဘန်အသစ်ပြန်မဖြစ်ခြင်းသို့။ ဂတော၊ ရောက်သွားလေပြီးသော။သောအရဟာ၊ ထိုရဟန္တာ ပုဂ္ဂိုလ် သည်။ သီလေနစ၊ သီလ အားဖြင့် လည်းကောင်း။ သမာဓိနာစ၊ သမာဓိ အားဖြင့် လည်းကောင်း။ ပညာယစ၊ ပညာအားဖြင့်လည်းကောင်း။ ကေနစိ၊ တစုံတယောက်သော နိဗ္ဗာန် မဝင်ရသေးသောသူနှင့်။ ပမိတုံ၊ နှိုင်းယှဉ်ခြင်းငှါ။ အသက္ကုဏေယျာ။ မတတ်စကောင်း။ အထဝါ၊ တနည်းကား။ အနုပါဒိသေသနိဗ္ဗာန သင်္ခါတံ၊ အနုပါဒိသေသနိဗ္ဗာန်ဟုဆိုအပ်သော။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဂတော၊

ရောက်သွားလေသော။ သောအခုဟာ၊ ထိုရဟန္တာသခင်အရှင်
မြတ်သည်။ ဍုမာယနာမဂတိယာ၊ ဤမည်သော လူ့နတ်
ဘဝစသောဂတိ၌၊ ငှါတော၊ တည်၍နေ၏။ ဂေါစ္ဆန္နာ၊ အမျိုး
အနွယ်အားဖြင့်။ ဤဒိသော၊ ဤသို့သဘောရှိ၏။ ဍုတိ၊ ဤသို့။
ပမိတုံ၊ နှိုင်းယှဉ်ခြင်းငှါ၊ အသက္ကုဏေယျော၊ မတတ်စ
ကောင်း။ ။ဤသို့လာသော ဍာဂိဂုတ်အဋ္ဌကထာကိုရင်း။ ။
အဋ္ဌဂီတာသ၊ နိဗ္ဗာန်သို့ ရောက်သွားသော ရဟန္တာသခင်
အရှင်မြတ်အား။ ယေန၊ အကြင် ချပ်ဝေဒနာ သညာ အစရှိ
သည့်ကြောင့်။ ဘဂဝါဒိနာ၊ ဘုရား အစရှိသော အားဖြင့်။
ဝဇ္ဇံဝေဒယျ၊ ခေါ်ဆိုရာ၏။ တံ၊ ထိုဘုရား စသည့် ခေါ်ဝေါ်
ကြောင်းဖြစ်သော ချပ်ဝေဒနာသညာစသော ပမာဏသည်။
နတ္ထိ၊ မရှိ။ ။ဤသို့ စသည်ဖြင့် ဟောတော်မူသော ဗုဒ္ဓနိဒ္ဒေ
သ ပါဠိတော်စသော စကားတို့ကိုရင်း။ ထောက်သော အား
ဖြင့်၊ နိဗ္ဗာန် ရွှေနန်း စံမြန်းတော် မူကြကုန်သော ရဟန္တာ
သခင်အရှင်မြတ်တို့၏၊ ဆလုံးစုံကွယ်ပျောက် အချိုးနှိုး ဘာမျှ
မရှိသည်အဖြစ်သို့ ရောက်၍မသွားသည့်ကို ပြဆိုရာ၌၊ အ
လွန် သိသာ ထင်ရှားသော ပါဠိ အဋ္ဌကထာ ဋီကာတို့ ပေ
တည်း။ ။ထိုသို့အတန်တန်ထုတ်ပြအပ်ခဲ့ပြီးသော ပါဠိတော်
များစွာ၊ အဋ္ဌကထာဋီကာအရပ်ရပ်တို့ကို၊ ထောက်ထား အ
ဖန်ဖန်စဉ်းစားကြသဖြင့်၊ နိဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်မြတ်တို့၊ အလုံးစုံ
ကွယ်ပျောက်ပြတ်တောက်အချိုးနှိုး ဘာမျှမရှိသည်အဖြစ်သို့
ရောက်မသွားသည်ကို၊ ကောန်သိသင့်သိထိုက်လှလျက်၊ ရင်း
ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ အနက်အဓိပ္ပါယ်အလွန်

ကွယ်ဝှက်တိမ်မြုပ်၊ ရုတ်၍နေသောကြောင့်၊ ဆရာစဉ်အဆက်ဆက် နက်နက်စိစိ၊ မိမိကြီးမကြုံမိ သတိမရကြသည်အတွက်၊ ပဌမသင်္ဂါယနာတင်ဘုရင်မင်းတုံးမင်းတရားကြီးလက်ထက်က၊ နိဗ္ဗာန်ဝင်သူပုဂ္ဂိုလ်ပြုတ်တို့၊ အလုံးစုံကွယ်ပျော်ပြတ်တောက် အချိုးနှိုးဘာဝမျှ မရှိသည့်အဖြစ်သို့ ရောက်သွားကြလေသည်ဟု အပြောအဆိုအလွန်များနေကြရာ။ ။ပညာအရာလွန်စွာနက်နဲတော်မူလှသောကျမ်းတတ်ခေါင်ထိ၊ ကဝိအကျော်ဖြစ်တော်မူသော၊ ခင်မကန်ဆရာတော်ဘုရားကြီးက ပဌမသင်္ဂါယနာတင် ဘုရင်မင်းတုံးမင်းတရားကြီးအားမိန့်ကြားတော်မူသည်မှာ။ မြတ်သောမင်းကြီး၊ နိဗ္ဗာန်သို့ စံမြန်းတော်မူကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာ သာဝက ဟူသမျှတို့ကို၊ ပျောက်ပျက်လျော့ပါး ဘာဝမျှမရှိသည့်အဖြစ်သို့ ရောက်သွားကြလေသည်ဟု မဆိုသင့်၊ နိဗ္ဗာန်သို့စံမြန်းတော် မူကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကဟူသမျှတို့သည်၊ မိမိတို့စံမြန်းရာနိဗ္ဗာန်၌၊ ထိုနိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးက တဆဲ့တသီး မီးဆပေါင်းတို့ မလောင်ဗျှမ်းရအောင်၊ အမြဲတန်းယနေ့အထိစောင့်ရှောက်လျက်ရှိသဖြင့်၊ ထိုမိမိတို့ပျော်စံရာ နိဗ္ဗာန်သာခေါင်-ဘေးတောင်၌၊ အမြဲတန်း နိဗ္ဗာန်ချမ်းသာကို၊ ခံစားစံစားလျက်ရှိကြောင်း၊ မင်းကြီးဟု အကျယ်တဝင့် မိန့်တော်မူသောခါ၊ အဆက်နတ်ရွာစံ ပဌမ သင်္ဂါယနာတင် ဘုရင် မင်းတုံးမင်းတရားကြီးသည်။ အလွန့်တရာ သဘောတော်ကျ နှစ်ချိုက်လှသည်ဟု အာစရိယပရမ္ပရ ဆရာအစဉ်ဆက်ဆက်မိန့်တော်

မှုသည်ကို ကြားရဘူးလေသည်။ ။ဤပင်းကျမ်းတတ် ခေါင်ထိ၊ ခင်မကန်ဆရာတော်ကြီး၏ အလွန်နက်နဲတော်မူသော ဥာဏ်သွားကို အထူးအားဖြင့် ကြည်ညိုရပြန်ပေသတည်း။ ဤကား-နိဗ္ဗာနဂုဏ်မည်ဆမည်ရှိသော ဤကျမ်းကိုကြည့်ရှုကြသူ သပ္ပုရိသန္တယ်ဝင် သူတော်စဥ်တို့၊ ယုံကြည်ကိုးစား၊ အားထားကြ စေခြင်းငှါ ပြဆိုအပ်သော၊ အာဝဇ္ဇနိယ လင်္ကါ ပဒေသနည်းဆပွက်မျှပေတည်း၊

နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော ဤကျမ်းကိုရေးသားသောကျမ်းဆရာ ဆရာဦးချစ်တင်၏ အတ္တပဟိတ ပရဟိတအကြောင်း။

နိဗ္ဗာနဂုဏာဒိပနီခေါ်-နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော ဤကျမ်းကို ရေးသားသောအကျွန်ုပ်သည်။ ငယ်ရွယ်စဥ် တဆဲ့ငါးနှစ်- တဆဲ့ ခြောက်နှစ် အရွယ်ကစ၍၊ အမျိုးမျိုးသော ကျမ်းစာအုပ်တို့ကို ကြည့်ရှုလေ့ရှိရာတွင်။ ဇိနတ္ထပကာသနီ အမည်ရှိသောကျမ်း၊ ဓမ္မပဒ ဆဌကထာ ကျမ်းတို့ကို တွေ့ပြန်၍၊ ထိုကျမ်းတို့ကိုအဲခေါက်ခေါက် ဆခါခါ ထပ်ခါ ထပ်ခါ ကြည့်ရှုသောခါ၊ မိမိတို့ ကိုးကွယ်သော အယူဘာသာ မှန်ကြောင်း၊ မူလဘူတအခြေဆမြစ်နှင့်တကွ၊ ဘုရားကိုယ်တော်မြတ် ဘယ်နေရာမှာ ဖွားတော်မူ၍၊ ဘယ်နေရာမှာ ဘုရားအဖြစ်သို့ရောက်တော်မူသည်၊ဘယ်နေရာ၌ဓမ္မစကြာ တရားရတနာကို ဟောတော်မူသည် စသည်ဖြင့်၊ ဘုရားပွင့်တော်မူလာကြောင်း ကောင်းကောင်းကြီးသိရသဖြင့်၊ နှစ်နှစ်

ခါ၌ ထိုမိမိအယူဘာသာကို ယုံကြည်သည့်ထက် ပိုလွန်၍ ယုံကြည်ပြီး၊ တဆဲ့ငါးနှစ်-တဆဲ့ခြောက်နှစ်အရွယ်ကစ၍၊ များစွာသော ပါဠိအဋ္ဌကထာဋီကာ၊ ဗုဒ္ဓဘာသာ ကျမ်းစွေ စာတို့ကိုအတော်ဘဲ၊ လိုက်စားအားထုတ်ခဲ့ပေသတည်း။ ထိုသို့ လိုက်စားအားထုတ်ခဲ့သည်အလျောက်၊ အတော်အသိဉာဏ် ပေါ်၍ လာသော အခါ၊ သြော်-လောကမှာ နိဗ္ဗာန်နိဗ္ဗာန်နှင့်၊ ထိုနိဗ္ဗာန်ကိုသူငါကအစ၊ ရရပါ လို၏။ ရောက်ရပါလို၏။ စသည်ဖြင့်အလွန်ဆုတောင်းကြကုန်၏။ ထိုနိဗ္ဗာန်စကားကိုလည်း၊ အလွန် ပြောကြကုန်၏။ ဆရာတော်သံဃာတော် တို့ကလည်း၊ မိမိတို့၏ တပည့် ဒါယကာ—ဒါယိကာမတို့ ကုသိုလ်ပြုတိုင်းပြုတိုင်း နိဗ္ဗာန်ကိုသာ အာရုံပြု-နိဗ္ဗာန်ကိုသာအာရုံပြု စသည်ဖြင့် အလွန်ပြောဟောလေ့ရှိကြကုန်၏။ ထိုပြောဟောလေ့ ရှိသော နိဗ္ဗာန် ကိုလည်း ယခုကာလ လူတွေပြောနေကြတာက၊ ဘယ်လို ပြောနေကြသလဲဆိုတော့၊ နိဗ္ဗာန်ဆိုတာ ရုပ်လဲမရှိ၊ နာမ်လဲ မရှိဘူးတဲ့ ထိုရုပ်နာမ် နှစ်ပါး မရှိသဖြင့်၊ လေလို၊ မီးခိုးလို ပျောက်ပျက်သွားသတဲ့ စသည်ဖြင့်ပြောတဲ့သူတွေက ပြောကြလေတော့ အချို့အချို့သောသူတို့က၊ သည်လိုဖြင့် ဒို့တော့ နိဗ္ဗာန် မရောက်ချင်ပါဘူး။ ပျင်းရိစရာကြီး၊ စသည်ဖြင့် ပြောကြကုန်၏။ သို့ဖြစ်၍ ငါသည် ထိုနိဗ္ဗာန် ဆိုတာ ဘယ်လိုဟာဟု သိအောင် ပြုခြင်းငှါထိုက်၏ဟု အကြိမ်ကြိမ်စဉ်းစားမိသဖြင့်၊ ထိုနိဗ္ဗာန်နှင့် စပ်လျဉ်းသော ပါဠိအဋ္ဌကထာ ဋီကာတို့ကို၊ လည်း အကြိမ်ကြိမ်အဖန်ဖန်ထပ်ခါ-ထပ်ခါကြည့်ရှုခဲ့၏။မိမိ

၏ ဓမ္မာစရိယဖြစ်တော်မူကြကုန်သော ဆရာတော်တို့နှင့် တကွ၊ တပါးသောကျမ်းတတ်ခေါင်ထိ ကဝိအကျော် ဖြစ်တော်မူကြကုန်သော မဟာထေရ်မြတ်တို့ကိုလည်း ထပ်ခါ ထပ်ခါ မေးလျှောက်ခဲ့ဘူး၏။ ထိုသို့ အာစရိယ ငါဒနှင့် တကွ၊ ပါဠိအဋ္ဌကထာဋီကာကျမ်းများစွာတို့ကိုထပ်ခါထပ်ခါကြည့်ရှု၍ မိမိအသက်(၄၀)ကျော် ပညာဒသကအရွယ် ပေါ်လာသောအခါကျမှ၊ ဩော်-ငါတို့ငယ်ရွယ်စဉ်က၊ အများပြော၍ သိရတဲ့နိဗ္ဗာန်နှင့် ယခုကြီးမှ ပါဠိအဋ္ဌကထာဋီကာလာတိုင်း သိရတဲ့ နိဗ္ဗာန်အလွန်ကွာခြားနေပါတကား။ ။ငါတို့ငယ်ရွယ်စဉ် အခါက အများပြော၍ သိရတဲ့ နိဗ္ဗာန်ကား။ (ရုပ်လဲမရှိ နာမ်လဲမရှိဘူးတဲ့၊ ထိုရုပ်နာမ်နှစ်ပါး မရှိသဖြင့် လေလို မီးခိုးလို ပျောက်ပြက်သွားသတဲ့၊ ဘာမျှ ခံစားစံစားခြင်းတရားမရှိဘူးဘဲ့) ယခုကြီးမှ ပါဠိအဋ္ဌကထာဋီကာလာတိုင်းသိရတဲ့နိဗ္ဗာန်ကား ယခုလိုမဟုတ်၊ (နိဗ္ဗာန်ဆိုတာခံစားခြင်းတရားဆိုတဲ့ ဝေဒယိတ သုခသာ မရှိဘယ်၊ ဘယ်ချမ်းသာနှင့်မှ မတူတဲ့ ချမ်းသာဘကာ တို့၏ အထွဋ်အထိပ် ဖြစ်သော သန္တိသုခ၊ အစလနိဗ္ဗာနသုခဆိုတာရှိနေပါတကား) ယခုအများပြည်သူတို့ သိနေတဲ့ နိဗ္ဗာန်ဆိုတာလဲ မှားသောအားဖြင့် ငါသည် ငယ်ရွယ်စဉ် အခါက သိတဲ့ နိဗ္ဗာန်မျိုးကို သာသိ၍နေကြကုန်၏။ ထိုအများပြည်သူတို့သည်။ နိဗ္ဗာန်ဆိုတာငါတို့သိသလိုမဟုတ်၊ နိဗ္ဗာန်ဆွန်းသို့ စံမြန်းတော်မူကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာသာဝကဟူသမျှတို့သည်ကား၊ ဘယ်ချမ်းသာနှင့်မတူသောချမ်းသာတကာ

တို့၏အထွဋ်အထိပ်ဖြစ်သော သဗ္ဗညုသူခ၊ အစလနိဗ္ဗာန သုခကြီးသို့ ဝင်းဝင်းတောက် ခံစားစံစားလျက် ရှိနေကြပါ တကားဟု ငါသိသလိုသိကြမှုကားကောင်းလေစွတကား။ ထိုသို့ ငါသိသလိုအများပြည်သူတို့လည်းသိကြပါမှသာ၊နိဗ္ဗာန်၏အရသာကိုသိကြ၍ နှစ်နှစ်ခြိုက်ခြိုက်၊ ထိုနိဗ္ဗာန်ချမ်းသာကိုလိုချင်ကြပေလိမ့်မည်ဖြစ်၍ ထိုနိဗ္ဗာန်နှင့်စပ်လျဉ်းသော ကျမ်းစာတခုကို အများပြည်သူတို့လွယ်လင့်တကူ ဉာဏ်တံချူဖြင့် မှတ်ယူနိုင်စေခြင်းငှါ၊ ထိုနိဗ္ဗာန်နှင့်စပ်လျဉ်းသောကျမ်းစာတခုကို ရေးသားရပါမှုကား ကောင်းလေစွ တကားဟု ကြံစည်မိသည် ဖြစ်၍ငင်း။ ထိုအများပြည်သူတို့ အကျိုးငှါ နိဗ္ဗာန်နှင့် စပ်လျဉ်းသော ကျမ်းစာ တခုကို စေတနာသဒ္ဓါတရားရှေ့ထား၍ ရေးသားပြီး၊ မိမိအလိုရှိသမျှ သုခ အဝဝတို့ကို၊ တောင်းဆိုကာလည်း၊ မချွတ်ကေန်အမှန်ပြည့်မှာတဲ့ဟု အာရုံပြုမိသည်ဖြစ်၍ငင်း၊ အာစရိယဝါဒနှင့် တကွ၊ များစွာသော ပါဠိအဋ္ဌကထာဋီကာလာသည့်အတိုင်း (နိဗ္ဗာနဂုဏ်ဒီပနီခေါ်-နိဗ္ဗာနဂုဏ်ရည်) အမည်ရှိသော ဤကျမ်း ကို ရေးသားပြုပြင် စီရင်အပ်ပါသတည်း။ ။ထိုသို့မိမိတောင်းဆိုသမျှ၊ သုခအဝဝတို့ ပြည့်စုံစေခြင်းနှင့်တကွ၊အများပြည်သူတို့ အကျိုးကိုလည်း သည့်ပိုး၍ရေးသားအပ်ပါသောကြောင့် (နိဗ္ဗာနဂုဏာဒီပနီခေါ်-နိဗ္ဗာနဂုဏ်ရည်) အမည်ရှိသော ဤကျမ်းကို ကြည့်ရှုကြသူ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ မိမိတို့နေ့စဉ်နှင့်အမျှတောင်းဆိုကြသော နိဗ္ဗာန်၏ အကြောင်းကိုကောင်းကောင်းကြီးသိကြပါစေကုန်သတည်း။

ထိုသို့မိမိတို့နေ့စဉ်နှင့်အမျှတောင်းဆိုကြသောနိဗ္ဗာန်၏ အကြောင်းကိုကောင်းကောင်းကြီးသိကြပြီး၊ ထိုနိဗ္ဗာန်ကို အာရုံပြု၍အားထုတ်အပ်သော ဒါန,သီလ,ဘာဝနာ ကုသိုလ် များစွာတို့ကြောင့်၊ လေးပါးသောအပါယ်၊ သုံးသွယ်သော ကပ်၊ ရပ်ပြစ်ရှစ်တန်၊ ငါးပါးရန်သူ၊ ညှုဂူမညို၊ ဝန်တို့မိစ္ဆာ ကင်းလွတ်ကွာလျက်၊ လေးဖြာသော ဝိပ္ပတ္တိ၊ မငြိမကြို၊ သမ္ပတ္တိဂုဏ်နှင့်ပြည့်စုံကြကုန်သည်သာလျှင်ဖြစ်၍၊ ရဋ္ဌာရဇ္ဇ၊ မဟာရဇ္ဇ၊ အနေကဝဏ္ဏစသောနတ်မင်း နတ်မိဖုရားတို့ကဲ့သို့၊ လောကီစည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ်အဖန်ဖန် အခါခါ သုံးဆောင် ခံစားစံစားကြကုန်ပြီးသည်မှ နောက်ကာလ၌၊ မေတ္တေယျညီတော်၊ မွေ့ဂန်ဂေါဝယ်၊ လေးသွယ်သစ္စာ၊ ပွင့်သောခါ၌ မှန်စွာလက်ဦး ဖူးတွေ့ကြရကုန်သည် ဖြစ်၍ အသစ်သန္တေစွဲနေမရှိ၊ ဇာတိအချုပ် နာမ်ရုပ်အကုန် နိဗ္ဗာန်ဘုံဟူသော အသင်္ခတဓာတ် ရွှေပြည်မြတ်သို့ ဆောလျင်စွာ စံမြန်းနိုင်ကြပါသတည်း။

သုခဝေဒနာရှိသောချမ်းသာထက် သုခဝေဒနာမရှိသော
ချမ်းသာက သာလွန်၍ချမ်းသာခြင်း။

နိဗ္ဗာန်၌၊ မပျောက်မပျက် အမြဲတည်နေကြကုန်သော နိဗ္ဗာန်ပျော် ရှင်ဘုရားပစ္စေကဗုဒ္ဓါရဟန္တာသခင်အရှင်မြတ်တို့သည်၊ ထိုနိဗ္ဗာန်၌ သုခဝေဒနာတည်းဟူသော နာမ်တရားလည်း မရှိပါဘဲလျက်၊ အဘယ်သို့ ချမ်းသာကိုခံစား၍နေပါသနည်း။ သုခဝေဒနာတည်းဟူသော နာမ်တရားရှိမှသာ၊

ငါမိချမ်းသာသည်ကို ချမ်းသာမှန်း သိရသောစိတ် ရှိမှသာ၊ ချမ်းသာကို ခံစားရသည် ဆိုကောင်းသည် မဟုတ်ပါတုံ လော့ဟုဆိုပြားအံ့၊ ထိုသို့မဆိုသင့်။ ဆဘယ်ကြောင့်နည်းဟူမူကား။ နိရောဓသမာပတ်ချမ်းသာကို ခံစားခြင်းအကျိုး၌။ နိရောဓ သမာပတ်ကို ဝင်စား၍ နေတော်မူကြကုန်သော အနာဂါမ်ရဟန္တာအရှင်မြတ်တို့သည်၊ ထိုနိရောဓသမာပတ် ကိုဝင်စားနေစဉ်၊ ခုနှစ်ရက်အတွင်း၌စိတ်စေတသိက်လုံးလုံး မရှိသဖြင့် သုခဝေဒနာ တည်းဟူသော နာမ်တရား မရှိဘဲ လျက်ပင်၊ မိမိချမ်းသာသည်ကိုချမ်းသာမှန်းမသိဘဲလျက်ပင် အလွန်ချမ်းသာ၍နေတော်မူကြသည့်အရာကို ထောက်စရာ ကောင်းကောင်းကြီးရှိသောကြောင့်တည်း။

ထို့ပြင်တနည်း လောကဥပမာအားဖြင့် ပြရပြန်သည်ကို သော်။ အိပ်ခံင်းနေရာနှုးညံ့စွာ၌၊ အိပ်ပျော်ခိုက် ယောက်ျား သည်၊ ယင်းသို့-အိပ်ပျော်စဉ် ဘဝင်ကျတုံးအခါ၊ မိမိအိပ် ပျော်ရခြင်းချမ်းသာကို မသိဘဲလျက်ပင်၊ ၎င်းအိပ်ပျော်ခြင်း ချမ်းသာကိုလွန်စွာတောင့်တလေ၏။ ထိုသို့အိပ်ပျော်ရခြင်း ချမ်းသာကိုလွန်စွာတောင်းတကြပြီး၊ သူငါကအစ လူဟူသမျှ တို့သည်၊ အခါခါ အိပ်ပျော်လိုကြ၊ အိပ်ခြင်ကြသည်ကို လည်း၊ ထောက်ထားကြလေကုန်ဦး။ ။ဤကား-လောက ဥပမာတည်း။ တနည်း၊ သာသနာတော်အလိုအားဖြင့် ဥပမာ ပြရသည်ကိုသော်၊ မိမိချမ်းသာသည်ကို ချမ်းသာမှန်း မသိ သဖြင့်၊ အလွန်နှစ်သက်ခြင်းပီတိနှင့်ယှဉ်သော တတိယဈာန် ချမ်းသာထက်ပင် ပီတိနှင့်မယှဉ်သော စတုတ္ထဈာန်သုခက

ချမ်းသာဟူသည်ဟု စတုတ္ထဈာန်မရရအောင် အားထုတ်ခြင်း။ ထိုစတုတ္ထဈာန်ရပြီးသည့်အခါ၊ စတုတ္ထဈာန်သုခကိုခံစားလို၍ အကြိမ်ကြိမ် ဈာန်ဝင်စား၍နေကြခြင်း ဆရာများကိုလည်း ကောင်း။ သုခဝေဒနာရှိသော စတုတ္ထဈာန် ချမ်းသာထက်ပင် သုခဝေဒနာရှိသော ပဌမဈာန်ချမ်းသာကသာလွန်၍၊ ချမ်းသာသေးသည်ဟု အာရုံပြု၍၊ ပဌမဈာန်တိုင်အောင် ဈာန်ဝင်စား၍နေတော်မူသော ဈာနလာဘီသခင် ဖလသမာပတ္တိ ပုဂ္ဂိုလ်အရှင်တို့ကိုလည်းကောင်း၊ ထောက်ထားကြလေကုန် ဦး။ ။ဤကား-သာသနပမာတည်း။ ထိုကြောင့် နာမ်တရား တည်းဟူသော သုခဝေဒနာရှိမှသာ ချမ်းသာသည် မမှတ် အပ်။ နာမ်တရားတည်းဟူသော သုခဝေဒနာ ရှိသည်ထက် ပင်၊ သုခဝေဒနာမရှိ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည့်အခိုက် ဆလွန်ချမ်းသာသည်ဟုသိကြကုန်။

ဥပေက္ခာ ပိစေတ္ထ သုခမိစ္စေဝ
ဝေဒိတဗ္ဗာ၊ တထာဟိ ဝုတ္တံသမ္မော
ဟဝိနောဒနိယံ၊ ဥပေက္ခာပန
သန္တတ္တာ၊ သုခမိစ္စေဝ ဘာသိတာတိ။

ဧတ္ထ၊ ဤအခုဟာတ္ထ ဖလစတုတ္ထဈာန ဝိမုတ္တိသုခ ဟူရာ၌။ ဥပေက္ခာပိစ၊ ဥပေက္ခာကိုပင်လျှင်။ သုခမိစ္စေဝ၊ သုခဟူ၍သာ လျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တတာဟိတတောသေ၊ ထို့ကြောင့် ပင်လျှင်။ သမ္မောဟဝိနောဒနိယံ၊ သမ္မောအဋ္ဌကထာ၌။ ဥ ပေက္ခာပန သန္တတ္တာ၊ သုခမိစ္စေဝဘာသိတာတိ၊ ဥပေက္ခာပန

သန္တတ္တာ၊ သုခမိစ္ဆဝဘာသိတာဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

ဤသို့လာသော တေရသကဏ် ဋီကာ၌လည်း၊ သမ္မောဒနဋ္ဌကထာကိုသာ သာဓကပြု၍၊ ဥပေက္ခာဝေဒနာကိုပင်၊ သုခဝေဒနာအရာ၌ မိန့်တော်မူအပ်သတည်း။ ။ဥပေက္ခာပန၊ ဥပေက္ခာကိုကား။ သန္တတ္တာ၊ ငြိမ်သက်လှသောကြောင့်။ သုခမိစ္ဆဝ၊ သုခဟူ၍သာလျှင်။ ဘာသိတာ၊ ဟောတော်မူအပ်ပြီ။ ဤကား-သာဓကအနက်တည်း။ ။ထိုကြောင့်၊ သုခဝေဒနာထက်ပင် ဥပေက္ခာဝေဒနာချမ်းသာ၏အဖြစ်။ ဥပေက္ခာဝေဒနာထက်၊ ဘယ်ဝေဒနာ တခုမျှမရှိဘဲလျက်၊ ခုနှစ်ရက်ပတ်လုံး၊ နိရောဓသမာပတ် ဝင်စား၍ နေရသော ချမ်းသာက အလွန်ချမ်းသာသည်၏ အဖြစ်ကိုလည်းကောင်း။ ထိုခုနှစ်ရက်လုံးလုံး နာမ်တရားသာမရှိ၍၊ ရုပ်တရား ရှိသေးသော နိရောဓသမာပတ် ချမ်းသာထက်ပင် ဘယ်သည့်ကာလမျှ ရုပ်နာမ်မရှိ ပကတိအမြဲ ချမ်းသာ၍နေရသော နိဗ္ဗာန်ပျော်ရွှင်၊ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာသခင်အရှင်တို့၏ အတုမရှိ ချမ်းသာ၍နေတော်မူကြရသည် အဖြစ်ကိုလည်းကောင်း၊ နှစ်နှစ်နှသ်နှယ် သဘောကျကြကုန်သဖြင့်။

နိဗ္ဗာနသုခတောအညံ
ဥတ္တရိတရံ နာမနတ္ထိ။

နိဗ္ဗာနသုခတော၊ နိဗ္ဗာန်ချမ်းသာထက်။ ဥတ္တရိတရံ၊ အထူးသဖြင့် လွန်မြတ်သော။ အညံ၊ တပါးသော။ သုခံနာမ၊ ချမ်းသာမည်သည်။ နတ္ထိ၊ မရှိဟူ၍ဋင်း။

## နိဗ္ဗာနံပရမံသုခံ

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာမည်၏ ဟူ၍ရှင်း ဟောတော်မူအပ်သော ပါဠိတော်မြတ်အတိုင်း အထူးသဖြင့် ယုံကြည်နှစ်သက်ကြကုန်သည်ဖြစ်၍၊ ယင်းသို့၊ အနုတ္တရသုခ၊ ပရမသုခဖြစ်သော နိဗ္ဗာန်သုခဖြင့် အတုမရှိ ချမ်းသာ၍နေသော နိဗ္ဗာန်ဝင်သူပုဂ္ဂိုလ်မြတ်၏ အဖြစ်သို့ မြန်မြန်ကြီးရောက်ကြခအောင် များများကြီး ကြံဆောင်ကြိုးကုတ်၊ ဆေးထုတ်သင့်လှပေ၏။ အားထုတ် နိုင်ကြပါစေ ကုန်သတည်း။

---

### နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ်၏နိဗ္ဗာန်၌ ခံစားနေပုံအခြင်းအရာကို ဘုရားရှင်တို့သာသိနိုင်ရာသောအကြောင်း။

သံသာရာတည်းဟူသော ခရီးခဲကို ဖြတ်တောက်အပ်ပြီးသည်ဖြစ်၍၊ နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ်တို့၏၊ နိဗ္ဗာန် ချမ်းသာတည်နေကြပုံ ဆလုံးပုံသော အခြင်းအရာကို ဘုရားရှင်တို့သာသိနိုင်ရာ၏။ ဘုရားရှင်တို့မှတပါး၊ အခြားသော သာဝကတို့ သိနိုင်သောအရာမဟုတ်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း-။

တေပနေတေ သမ္ဗာသမ္ဗုဒ္ဓါနံ ယေဝ
ဝိသယော၊ နအညေသံ အာဟ
ဗုဒ္ဓါနံ ယေဝလဗ္ဘန္တိ တိနံ ဟိ အာဟိတော
ဗုဒ္ဓါ ဘဂဝန္တော ဝေဝံ ဝိပဿိသုံ
ဝေံ မဂ္ဂံ ဘာဝေသုံ၊ ဖဝံ ဖလ နိဗ္ဗာနာနိ

သင်္ခတာသံ၊ ဝေဝေနေယျံ
ဝိနေသုန္တိ ဌေ သဗ္ဗဒါ အညေသံ
ဥဒာဟာသဂတိ အဋ္ဌိတ္ထိ။

ဟူသော ပါဌ်ဖြင့်၊နိဗ္ဗာန်သို့ရောက်ကုန်သောပုဂ္ဂိုလ်တို့ ထိုနိဗ္ဗာန်သို့ မစံသေးခင် ဖြစ်ပုံအခြင်းအရာ။ နိဗ္ဗာန်သို့စံပြီး သည့်အခါ၊ ထိုနိဗ္ဗာန်၌စံနေပုံ အလုံးစုံသော အခြင်းအရာတို့ ကို၊ ဘုရားရှင်တို့သာ သိနိုင်ရာသည်ဟု နိတဿအားဖြင့် ပြတော်မူလေသည်။

တေပနဘော၊ ထိုပရိနိဗ္ဗုတ သိန္နဝဍ္ဍမကပုဂ္ဂိုလ်တို့၏ ဖြစ်နေပုံအလုံးစုံတို့သည်။ သမ္မာသမ္ဗုဒ္ဓါနံသေဝ၊ ဘုရားရှင် တို့၏သာလျှင် ဝိသယော၊အရာတော်ပေတည်း။ အညေသံ၊ ဘုရားရှင်တို့မှ တပါးသော ပစ္စေကဗုဒ္ဓါ သာဝကစသည်တို့ ၏နဝိသယော၊အရာမဟုတ်။ဣတိဘာသွာ၊ထို့ကြောင့်၊ဗုဒ္ဓါနံ ယော ဝလက္ခန္တိတိ၊ ဗုဒ္ဓါနံယေ ဝလက္ခန္တိဟူ၍၊ အာစရိယော၊ အဋ္ဌကထာဆရာသည်။အာဟ၊မိန့်တော်မူလေပြီ။ ၊ဟိသစ္စံ၊ မှန်၏။ အတီတေ၊ လွန်လေပြီးသောကာလ၌။ ဘဂဝန္တော၊ ဘုန်းတော်ခြောက်ပါး ဘဂဂုဏ်နှင့် ပြည့်စုံတော်မူကြကုန် သော။ဗုဒ္ဓါ၊ဘုရားရှင်တို့သည်။ဧဝံဝိပဿိသုံ၊ဤသို့ဝိပဿနာ ဝိ:ဖြန်းတော်မူကြကုန်ပြီ။ဧဝံမဂ္ဂံဘာဝေသုံ၊ဤသို့မဂ်ကိုပွား စေကြကုန်ပြီ။ ဧဝံ၊ဤသို့သောနည်း။ ဤသို့သော အခြင်းအရာ အားဖြင့်၊ဖလနိဗ္ဗာနာနိ၊ အာရိယဖိုလ်,နိဗ္ဗာန်တို့ကို။ သစ္ဆိ ကာသုံ၊ ချက်မှောက်ပြုတော်မူကြကုန်ပြီ။ ဧဝံ၊ ဤသို့သော။ ဥဒ္ဒေသ၊ နိဒ္ဒေသစသောအားဖြင့်။ ဝေနေယျံ၊ ဝေနေယျကြွ

သဗ္ဗာဝါတို့ကို။ ဝိနေသုံ၊ ဆုံးမတော်မူကြကုန်လေပြီ။ ဇာတိ ဇြာ၊ ဤသို့ပရိနိဗ္ဗုတ ဆိန္နင္ဒ္ရမကပုဂ္ဂိုလ်တို့၏ ဝိပဿနာ စီးဖြန်းပုံမှစ၍ နိဗ္ဗာန်မျက်မှောက်ဝင်ရောက်၍နေသည့်တိုင် အောင်၊ ဖြစ်ပုံပျက်ပုံ အလုံးစုံ အခြင်းအရာကို ဆင်ခြင်သည့် အရာ၌။ သဗ္ဗဒါ၊ အခြင်းခပ်သိမ်း။ အညေသံ၊ ဘုရားမှတပါး သော ပစ္စေကဗုဒ္ဓါသာဝကစသည့်တို့၏။ ဉာဏာသ၊ ဉာဏ် ၏။ ဂတိ၊ ရောက်နိုင်ရာသည်။ န ဧဿတိ၊ မဖြစ်နိုင်ရာ။ ။သောကာ ပါဠ်အနက်။

နယိဒံ သိထိလ မာရဗ္ဘ
နယိဒံ အပ္ပေန ထာမသာ
နိဗ္ဗာနံ အဓိဂန္တဗ္ဗ
သဗ္ဗဂန္ထပ္ပမောစနံ။

သဗ္ဗဂန္ထပ္ပမောစနံ၊ အလုံးစုံသောသေးရန်အနှောင်အဖွဲ့၊ တကဲ့ဒုက္ခဟူသမျှမှ လွတ်ကြီးလွတ်ရအောင်ကယ်ဆောင် ဖြေယူတော် မူတတ်သော၊ ဣဒံ နိဗ္ဗာနံ၊ တဆဲ့တသီးမီး အပေါင်းတို့မှ၊ ငြိမ်းကြီးငြိမ်းရာ နိဗ္ဗုသောင်ကမ်းဤရွှေမြို့နန်း ကို။ သိထိလံ၊ ဒါန့်သိလပေါ့ဖျင်း။ ဘာဝနာ လွတ်ကင်းနေ ထိုင်ခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ န ဓိဂန္တဗ္ဗံ၊ မရောက် မရအပ်။ အပ္ပေန ထာမသာ၊ အနည်းငယ်မျှသော သဒ္ဓါ၊ ပညာ ဝီရိယ စသောအစွမ်းဖြင့်။ န အဓိဂန္တဗ္ဗံ၊ မရောက်မရနိုင်။

အလွန် အဘိုးထိုက်တန်သော ပုတီး၊ နားဒေါင်း၊ လက် ကောက်၊ လက်ကျပ်စသော ရွှေထည်၊ ပိန်ထည်၊ မြအထည် ဖြစ်သော လောကီရတနာ အဖြာဖြာတို့ကို၊ ငွေကြေးဆသ

ပြာများစွာပေးမှသာလျှင် ရနိုင်သကဲ့သို့၊ ရွှေထည်, ငွေထည် မြနားထည်တို့ထက် အဆပေါင်းများစွာပိုလွန်၍ အဘိုးထိုက် တန်သော နိဗ္ဗာန်တည်းဟူသော လောကုတ္တရာရတနာဖြစ် ချမ်းသာကြီးကိုလည်း ဒါန, သီလ, ဘာဝနာ ကုသိုလ်များစွာ တို့နှင့် လဲလှယ်ယူမှသာလျှင် ရနိုင်ကြပေမည်။ ပါးစပ်က ရ တိုင်း နိဗ္ဗာန်ကိုမျှော်မှော်က် ပြုရပါလို၏ စသည်ဖြင့် ဖန်ခါခါ တောင်းဆိုနေကြသော်လည်း၊ ဒါနသီလပေါ့ဖျင်း၊ ဘာဝနာ လွတ်ကင်း၍ နေထိုင်ခြင်းကိုပြုကြမည်ဆိုက၊ မြင့်မိုရ်တောင် နှင့်စကြာဝဠာ အလွန်ကွာခြား၍နေကြသလို၊ နိဗ္ဗာန်ရတနာ ထိုချမ်းသာ ကြီးနှင့် အလှမ်း ဝေးကွာ မရသည် သာလျှင် တည်း။ ။ထို့ကြောင့် (နယိဒံသိထိလမာရဗ္ဘ၊ နယိဒံအပ္ပေန ထာမသာ) စသည်ဖြင့် ဟောကြား မြတ်ဘုရား၏ တရား တော်ကို ကြပ်ကြပ်ကြီး ယုံကြည်ကြကုန်သဖြင့်၊ တကယ် သမုဒ္ဒရာပင်လယ်ကြီးစွာကို တကယ့်ပင်လယ်ကူးသင်္ဘော ကြီးဖြင့်သာ လိုရာသောင်ကမ်းသို့ ကူးခင်နိုင်မည့် အရေးကို ၎င်း။ ဖောက်ပျော့ပတ်ဘောင် ပရိယာယ်လှေယောင်ဖြင့် လိုရာ သောင်ကမ်းသို့မလှမ်းမခပ်နိုင်မည့်အရေးကိုရင်း၊ မျှော်တွေး စဉ်းစား များချားကြီး နှလုံးဆားကြကုန်သဖြင့် သုံးစုံ ရတနာ သဒ္ဓါလှုလှု သီလဖြူဖြူ၊ အလှုရဲရဲ၊ ဘာဝနာတွင် စိတ်ဝင်စွဲ၍ တကာသို့သံသရာ ဤသည့်ဝဲမှ ခွာရှဲ ထွက်မြောက် ကြရ အောင်၊ ကောင်းကောင်းကြီး သတိဆောင်နိုင်ကြပါစေကုန် သတည်း။

## နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော၊ဤကျမ်းမှနိဂုံးချုပ်သုတ်နှုတ်၍ကောက်ယူ အပ်သောအလွန်ထူးဆန်းသောအချက်။

နိဗ္ဗာန်ဆိုသည်ကား၊ ရုပ်နာမ်ခန္ဓာ ချုပ်ပြီးသည်နောက်။ ပျောက်၍ ပြတ်၍ သွားသော သဘာဝမျိုး မဟုတ်၊ ၎င်းရုပ်နာမ်ခန္ဓာချုပ်သည်အဆုံး၌ဖြစ်ပေါ်လာသောအလုံးစုံသောဘေးအပေါင်း တို့မှ၊ တပေါင်းတည်း ငြိမ်းခြင်း သဘောအားဖြင့် ထင်ရှားကြောင်း ရှိသည်ဟူသော အချက်ကို၎င်း။ ။ နိဗ္ဗာန်ဆိုသည်အချို့လူမသိ လှသူတို့ မှတ်ထင်ကြသည့် အတိုင်း၊ လူ့ပြည် နတ်ပြည်များ ကဲ့သို့ အလွတ်သက်သက်၌ သတ္တဝါများရောက် သွားရာအားဖြင့်၊ ထာဝရဖြစ်နေသော ဘုံဌာနမျိုးမဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့စုတိကျရောက်သည် အဆုံး၌၊ ထိုရဟန္တာပုဂ္ဂိုလ်တို့ စုတိကျရာအရပ်တွင်ပင်၊ ထိုရဟန္တာတို့ ချမ်းသာဖွယ်ပုန်းအောင်းမှီခိုရာ၊ ကည်နေရာ ဆလို၍၊ ထိုတခဏခြင်း ဝင်းဝင်းတောက်အရောင်နှင့်တကွ ထင်ရှား ဖြစ်ပေါ်လာသည်ဟူသော အချက်ကို၎င်း။ ။စုတိကျရောက်သွားသောရဟန္တာပုဂ္ဂိုလ်တို့သည်လည်း၊အသီးအသီး မိမိတို့ထံဝယ်၊ ဝင်းဝင်းတောက် ဖြစ်ပေါ်လာသော။ ၎င်းနိဗ္ဗာန်ရတနာသူးမြတ်စွာ၌သာ၊ ချမ်းသာစွာအမြဲတည်နေကြရလေသည်ဟူသော အချက်ကို၎င်း။ ။၎င်းနိဗ္ဗာန်၏ နိစ္စဓုဝသဿတ ဆိုရာ၌လည်း၊ အစမရှိ ကမ္ဘာကမ္ဘာက အကြောင်းကင်း၍၊အစဉ်ထာဝရဖြစ်နေသည်ကိုနိစ္စဓုဝသဿတ မဆိုလို၊ရဟန္တာပုဂ္ဂိုလ်တို့စုတိနောက်တွင်၊ ဝါ၊ရဟန္တာပုဂ္ဂိုလ်စုတိကျသည့်ခြင်း၊ထိုတခဏခြင်းပင်ရဟန္တာအရှင်

မြတ်တို့ပုန်းအောင်းခိုရာ၊ တည်နေရာအားဖြင့် ဖြစ်ပေါ်လာ
သည်မှတစ်၍၊ ၎င်းနိဗ္ဗာန်ရတနာမြတ်ချမ်းသာကြီးသည်၊ ဘယ်
သည့်ကာလမှ ပျောက်ပျက်ခြင်းမရှိ၊ အမြဲတည်နေသည်ကို
ရည်၍နိစ္စဓုဝသဿတဆိုလေသည်ဟူသောအချက်ကို၎င်း၊
စကြာမင်းကစကြာရတနာရှိရာသို့ သွားနေရသည်မဟုတ်။
စကြာမင်း၏ ဘုန်းကံပါရမီကြောင့်သာ ထိုစကြာရတနာ၊ ထို
တခဏခြင်းဖြစ်ပေါ်လာပြီး၍၊ ထိုမင်းကြီးထံသို့ဆိုက်ရောက်
လာသကဲ့သို့၊ ထိုစုတိကျရောက်သွားသောရဟန္တာပုဂ္ဂိုလ်
သည်လည်း၊ နိဗ္ဗာန်ရှိရာသို့သွားနေရသည်မဟုတ်။ ထိုစုတိ
ကျရောက်သွားသော၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဘုန်းကံပါရမီ
ကြောင့်သာ ထိုရဟန္တာပုဂ္ဂိုလ်တည်နေစံနေရာ၊ ထိုတခဏ
ခြင်း၊ ဝင်းဝင်းတောက် ၎င်းနိဗ္ဗာန်ရတနာဆိုက်ရောက်လာသည်
ဟူသောအချက်ကို၎င်း။ စုတိကျရောက်သွားသောရဟန္တာ
ပုဂ္ဂိုလ်ဟူသမျှတို့သည်၊ မိမိတို့ဘုန်းကံပါရမီကြောင့်၊ မိမိတို့
စံနေရာ၊ တခဏခြင်းဝင်းဝင်းတောက်ဖြစ်ပေါ်လာသော၊
ထိုနိဗ္ဗာန်ရတနာမြတ်ချမ်းသာ၌၊ မပျောက်မပျက်မအိုမသေ
အမြဲတည်နေကြရသည်ဟူသောအချက်ကို၎င်း ထိုရဟန္တာ
ပုဂ္ဂိုလ်တို့စုတိပြီးသည်နောက်၊ ခန္ဓာငါးပါးမှလွတ်၍နေသော
အရှင်၏အဖြစ်ဖြင့်၊ ထိုရဟန္တာ, ထိုနိဗ္ဗာန်၌၊ အမြဲတည်နေ
သည်ကိုအကြောင်းပြု၍၊ ထိုနိဗ္ဗာန်သို့စံမြန်းတော် မူကြကုန်
သော၊ ရဟန္တာပုဂ္ဂိုလ်တို့အလုံးစုံ ကွယ်ပျောက်ပြတ်တောက်
သွားသည်အဖြစ်သို့ ရောက်သည်ဟု မဆိုရဟူသော အ
ချက်ကို၎င်း၊ ထိုရဟန္တာပုဂ္ဂိုလ်တို့စုတိပြီးသည်နောက်၊ ခန္ဓာ

ငါးပါး၌လွတ်၍တည်နေသောအရှင်၏အဖြစ်ဖြင့်၊ ထိုနိဗ္ဗာန်၌
တည်နေသည့်အခါ၊ အဘယ်မျှလောက်သောဂုဏ်ရှိသည်
ဟု၊ ဝေနေယျကြွာ သတ္တဝါတို့၏ဉာဏ်ဖြင့် မပိုင်းခြားနိုင်
အောင် ဂုဏ်အားဖြင့်အလွန်နက်နဲခြင်း။ ထိုရဟန္တာပုဂ္ဂိုလ်
တို့၊ ထိုနိဗ္ဗာန်၌၊ ရှိ၏။ မရှိ၏စသည်ဆို၍ မသင့်မလျော်နိုင်
ဆောင်။ ဒိဋ္ဌိဗျာသယအရာအားဖြင့် အလွန်နက်နဲ၍နေခြင်း၊
ဤသို့နက်နဲခြင်းနှစ်ပါးတို့ဖြင့် လွန်စွာနက်နဲ၍ နေတော်မူကြ
သည်ဟူသော အချက်ကိုင်း။ ။ ၎င်းနိဗ္ဗာန်ပျော်ဆောင်း
ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့ ထိုနိဗ္ဗာန်၌စံတော် မူကြသည့်
အခါ၊ သတ္တဝါဟု ခေါ်ပေါ်ကြောင်း၊ ရုပ်နာမ်အပေါင်းမှလွတ်
၍နေသဖြင့်၊ ၎င်းရုပ်နာမ်ကိုဆွဲပြု၍ဖြစ်သော လူဟူသော၊
နတ်ဟူသော၊ မင်းပုဏ္ဏားဟူသော၊ ဘုရားပစ္စေကဗုဒ္ဓါဟူ
သော ဤသို့ အစရှိသောပညတ်နာမ်ဖြင့် မခေါ်ဆိုထိုက်သည်
တမည်မျှသော၊ ထိုနိဗ္ဗာန်ပျော်ဆောင်း ရဟန္တာပုဂ္ဂိုလ် အ
ပေါင်းတို့ ထိုမအိုမသေ သဘောမြဲတည်နေရာ [illegible] နိဗ္ဗာန်၌ တနာ
ဌ၊ မပျောက်မပျက်၊ မအိုမသေ အမြဲတည်နေစံနေတော် မူကြ
ရသည်ဟူသောအချက်ကိုင်း။ ။ ထိုစုတိကျရောက်သော
ရဟန္တာပုဂ္ဂိုလ်ဟူက၊ အရပ်သယ်ချက်နှာနိုက်ပင် ဖြစ်သင့်
သောကြောင့်။ နိဗ္ဗာန်ဟူကလည်း၊ ၎င်းစုတိကျရောက်သော
ရဟန္တာပုဂ္ဂိုလ်တို့ ရှိရာ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့နှင့် စပ်၍သာ
ပေါ်လာရသည်ဖြစ်၍၊ ထိုနိဗ္ဗာန်ကို ထိုသို့ရဟန္တာပုဂ္ဂိုလ်
တို့၊ စုတိကျရောက်ရာ အရပ်သယ်မျက်နှာဘို၌ပင် ထင်ရှား
မရှိဟုမဆိုသင့်သော အချက်ကိုင်း။ ။ နိဗ္ဗာန်ရွှေနန်းသို့

စံမြန်းတော်မူကြကုန်ပြီးသော။ဒီပင်္ကရာဘုရား။ သဏင်္ကရာဘုရား။ မေဓင်္ကရာဘုရား။ သောဘိတဘုရား။ ရေဝတဘုရားစသော ဘုရားရှင်ဟူသမျှတို့သည် အလုံးစုံကွယ်ပျောက်၊ ဘာသမျှမရှိသည့်အဖြစ်သို့ ရောက်၍မသွား။ ကိုယ်တော်မြတ်တို့ စုတိတော်အခြားမဲ့၌၊ ထိုဘုရားကိုယ်တော်မြတ်တို့၊ ချမ်းမြေ့သာယာ ပုန်းအောင်းလည်းလျောင်းစရာ ထိုကိုယ်တော်မြတ်တို့ထံ၌ ဝင်းဝင်းတောက် ပေါ်ရောက်လာသော နိဗ္ဗာန်ရတနာ မြတ်ချမ်းသာကြီး၌ ယနေ့အထိ၊ မဒုံမနေ အမြဲတည်နေ စံနေတော်မူကြရလေသည်၊ နောင်လည်းဘယ်သည့်ကာလမှ ပျောက်ပျက်၍ သွားတော့မည်မဟုတ်ဟူသောအချက်ကိုရင်း။ ။ဤဖော်ပြဆိုအပ်ခဲ့ပြီးသောအချက်တို့သည်၊သူးခြားနက်နဲခက်ခဲသော အချက်တို့ပေတည်း။

ဤအချက်တို့မှာ၌မူ လောကပိဋကကျက်သုံးသွယ်။နိကာယ်ငါးဖြာ၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းများစွာတို့ကို နေ့ရက်ရှည်ကြာ နှစ်လများစွာ အခါခါ အခေါက်ခေါက် မွှေနှောက်ကြည့်ရှုပြီးမှဆုံးဖြတ်အပ်သော ဝိနိစ္ဆယဖြစ်သဖြင့်၊ ဓောက္ကယထာဘူတ ယထာဝမ္မဝိနိစ္ဆယဖြစ်ပေလိမ့်မည်ဟု နှစ်လုံးပြုနိုင်ကြပါစေကုန်သတည်း။

ဤသို့နိဗ္ဗာနဂုဏာဒိပနီခေါ် နိဗ္ဗာနဂုဏ်ရည် မည်သောဤကျမ်းဝယ်၊ ဤမျှလောက်ပြဆိုအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာဋီကာအာဂမသာဓကစကားအစဉ်ဖြင့်၊တဆဲ့ တသီးမီးဆပေါင်းတို့မှ တလုံးတဝတည်း ငြိမ်းခြင်း၊ ပရိနိဗ္ဗာယန

သဘောတရားသည်၊ နိဗ္ဗာန်မည်၏ဟူသော အနက်ကိုငင်း။ ငင်းတဆဲ့ တသီးမီးအပေါင်းတို့၏ တလုံးတဝတည်း ငြိမ်းဧ ခြင်းသဘောတရားသည်၊ ပရမတ္ထအားဖြင့် ထင်ရှားကောန် ရှိသည်မှန်၏။ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်နှစ်ပါးမရှိငြားသဖြင့်ခံ စားစံစားခြင်းတရား ဘာမျှမရှိ၊ ပျောက်၍ပြတ်၍သွားသည် ကိုနိဗ္ဗာန်ဆိုသည်ဟု ပြောကြသော စကားမဟုတ်ဟူသော အနက်ကိုငင်း။ ။ငင်းတဆဲ့တသီး မီးအပေါင်းတို့၏ တလုံး တဝတည်း ငြိမ်းခြင်းသဘောဟူသောနိဗ္ဗာန်သည်လည်း ငြိမ်းခြင်းသို့ရောက်ရသူ၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဖြူတို့နှင့်သာ စပ်၍ပင်ထင်ရှားဖြစ်ပေါ် လာသည်ဟူသောအနက်ကိုငင်း။ ။ ထိုနိဗ္ဗာန်ဝင်သူ ပုဂ္ဂိုလ်ဖြူတို့သည်လည်း၊ ထိုမိမိတို့ထံသို့ ဆိုက်၍လာသောနိဗ္ဗာန်၌ပင်တည်နေစံနေတော်မူကြသည်။ ပျောက်၍ပြတ်၍သွားသည် မဟုတ်ဟူသော အနက်ကိုငင်း။ နိဗ္ဗာန်ရှိရာသို့ ပုဂ္ဂိုလ်က သွားနေသည်မဟုတ်၊ ပုဂ္ဂိုလ်ရှိရာ သို့သာ၊ နိဗ္ဗာန်ရတနာ ဆိုက်ရောက်လာရသည်ဟူသောအ နက်ငင်း။ ။ယင်းသို့-ပုဂ္ဂိုလ်ရှိရာသို့သာ၊ နိဗ္ဗာန်ရတနာ ဆိုက်ရောက်လာရာ၌လည်း၊ဥပါဒ်ဒြပ်အားဖြင့် ထင်ထင်ရှား ရှားကြီးဆိုက်ရောက်လာသည်မဟုတ်။အလွန်နူးညံ့သိမ်မွေ့ စွာသာလျှင် ဆိုက်ရောက်လာသည်ဟူသောအနက်ကိုငင်း။ ယင်းသို့-နိဗ္ဗာန်ရတနာ ဆိုက်ရောက် လာပြီးသည်နောက်၊ ဘယ်သည့်ကာလမှ မပျောက်မပျက်တော့ဘဲ၊ အမြဲတည် နေသည်ကိုသာရည်ရွယ်၍၊ငင်းနိဗ္ဗာန်ကို။ နိစ္စ၊ ဓုဝ၊ သဿ တဆိုသည်။ သူ့အများတို့ တပေါင်းတည်း ရောက်ကြစရာ၊

ကမ္ဘာ ကမ္ဘေက အကြောင်းကင်း၍ အစဉ်သာဝရ ဖြစ်နေနိုင်သောနိဗ္ဗာန်ပြည်ကြီးဟူသည်၊ မရှိဟူသောအနက်ကိုငြင်း။ ထိုနိဗ္ဗာန်၏ ထိုထိုဂုဟာသာပုဂ္ဂိုလ်တို့ ပတိကျရောက်ရာအရပ်ဆယ်မျက်နှာတွင် အဘယ်အရပ်တွင်မှ နိဗ္ဗာန်မရှိဟုမဆိုသင့်။ ပတိကျရောက်ရာ အရပ်ဆယ်မျက်နှာတိုင်းပင်၊ နိဗ္ဗာန်ရှိ၏ဟူသောအနက်ကိုငြင်း။ နိဗ္ဗာန်ချမ်းသာတကယ်မြတ်သောချမ်းသာမရှိဟူသော အနက်ကိုငြင်း။ ၊နိဗ္ဗာန်သို့ရောက်ကြသူ ပုဂ္ဂိုလ်ဖြူဟူသမျှတို့ ထိုနိဗ္ဗာန်၌၊ ပျောက်မပျက်၊ အိုမသေအမြဲချမ်းသာစွာ တည်နေစံနေကြရသည်ဟူသော အနက်ကိုငြင်း။ ကောင်းကောင်းကြီးပြဆို ဆုံးဖြတ်အပ်သော၊ နိဗ္ဗာနဂုဏာဒီပနီခေါ် နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော ကျမ်းသည်ပြဆိုဆင်နွှဲပြီးသောပါဠိအဋ္ဌကထာဋီကာစကားရပ်တို့ဖြင့်။ အခါဘဝနိဿာ ဖြစ်၍ ပညာရှိအပေါင်း သူတော်ကောင်းတို့။ သာခုကာရ၊ ကောင်းကြိုးညံ့အောင်၊ အောင်စည်ခတ်တီး၊ အောင်သံဟီး၍ ဤတွင်အပြီးသတ်လေသတည်း။

### နိဗ္ဗာန်သို့အမြန်ရောက်စေတတ်သော၊ ဝိဇ္ဇာနှင့်စရဏတရား နှစ်ပါးတို့၏အကြောင်း။

လူ့ဘုံ၊နတ်ဘုံ၊ဗြဟ္မာဘုံ ထင်ရှားရှိသလို၊ နိဗ္ဗာန်တရားလည်း ထင်ရှားရှိကြောင်းကို၊ အကျယ်တဝန့် ပြဦးပြီး၍၊ ယခုအခါ၊ ထိုနိဗ္ဗာန်သို့ အမြန်းဆုံး နည်းနှင့် ရောက်စေ တတ်သော တရားနှစ်ပါးကို ထင်ရှားပြဦးအံ့။ ။ဤကမ္ဘာတွင်ပွင့်တော်မူ လတ္တံ့သော အရိမေတ္တေယျ ဘုရား သာသနာ

တော်တွင်၊ ရဟန္တာယောကျ်ား ရဟန္တာ မိန်းမ အဖြစ်နှင့် နိဗ္ဗာန် ဝင်လိုသောသူတို့သည်၊ ဝိဇ္ဇာနှင့် စရဏတရား ထိုနှစ်ပါးနှင့်ပြည့်စုံထားပါမှသာနိဗ္ဗာန်သို့ဝင်နိုင်ကြမည် ဧကန်ပေတည်း။ ထိုဝိဇ္ဇာနှင့်စရဏတရားနှစ်ပါးတို့တွင်လည်း၊ အဘယ်တရားမျိုးကိုဝိဇ္ဇာခေါ်သည်။ အဘယ်တရားမျိုးကိုစရဏခေါ်သည်ဆိုတာ သိရလေအောင်၊ ဝိဇ္ဇာတရားကို ရှေးဦးစွာ ရှင်းလင်း၍ ပြပေအံ့။ သမထတရား၊ ဝိပဿနာတရား နှစ်ပါးတို့တွင်၊ (အနိစ္စ-ဒုက္ခ-အနတ္တ) ဆိုတဲ့ လက္ခဏာရေးသုံးပါးနှင့် မစပ်ယှဉ်သောသရဏဂုံသုံးပါး၊ ဘုရားဂုဏ်တော်ကိုးပါး၊ တရားတော်ခြောက်ပါး၊ သံဃာတော်ကိုးပါးစသောတရားတို့မည်၏။

(အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊) ဆိုတဲ့ လက္ခဏာရေး သုံးပါးနှင့် စပ်ယှဉ်သော တရားဟူသမျှတို့သည်၊ ဝိပဿနာ မည်ကုန်၏။ ထို့ကြောင့်-

သဗ္ဗေသင်္ခါရာ အနိစ္စာ။

သဗ္ဗေသင်္ခါရာဒုက္ခာ။

သဗ္ဗေဓမ္မာအနတ္တာ။

ဆိုတဲ့လက္ခဏာရေးသုံးပါးကိုစီးဖြန်း၍ကောင်းစွာပိုင်ပိုင်သိနိုင်သောဝိပဿနာဉာဏ်ကို၊ ဝိဇ္ဇာဟုခေါ်လေသတည်း။

ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါးနှင့်တွဲစပ်၍ ရူပက္ခန္ဓာအနိစ္စာ၊ ရူပက္ခန္ဓာဒုက္ခာ၊ ရူပက္ခန္ဓာအနတ္တာ၊ ဟူ၍ငင်း။

ဝေဒနက္ခန္ဓာအနိစ္စာ၊ ဝေဒနက္ခန္ဓာဒုက္ခာ၊ ဝေဒနက္ခန္ဓာ အနတ္တာ။ ဟူ၍ရင်း။

သညာက္ခန္ဓာ အနိစ္စာ၊ သညာက္ခန္ဓာ ဒုက္ခာ၊ သညာက္ခန္ဓာ အနတ္တာ။ ဟူ၍ရင်း။

သင်္ခါရက္ခန္ဓာအနိစ္စာ၊ သင်္ခါရက္ခန္ဓာဒုက္ခာ၊ သင်္ခါရက္ခန္ဓာ အနတ္တာ။ ဟူ၍ရင်း။

ဝိညာဏက္ခန္ဓာ အနိစ္စာ၊ ဝိညာဏက္ခန္ဓာ ဒုက္ခာ၊ ဝိညာဏက္ခန္ဓာအနတ္တာ။ ဟူ၍ရင်း။

(ခန္ဓာငါးပါးကိုတပေါင်းတည်းပြု၍)

ပဉ္စက္ခန္ဓာဓမ္မာ-အနိစ္စာ။

ပဉ္စက္ခန္ဓာဓမ္မာ ဒုက္ခာ။

ပဉ္စက္ခန္ဓာဓမ္မာ-အနတ္တာ။

ဟူ၍ရင်း။ စီးဖြန်းဖန်များ၍ကောင်းစွာပိုင်ပိုင်သိနိုင်သော ဝိပဿနာဉာဏ်ကိုသည်း၊ ဝိဇ္ဇာဟုခေါ်လေသည်။ ။

နာမ်ရုပ်နှစ်ပါးကိုသည်း၊ လက္ခဏာရေး( ၃-ပါး)နှင့် တွဲစပ်၍၊ ။

နာမံအနိစ္စံ၊ နာမံဒုက္ခံ၊ နာမံအနတ္တံ။ ဟူ၍ရင်း။

ရုပံအနိစ္စံ။ ရုပံဒုက္ခံ၊ ရုပံအနတ္တံ၊ ဟူ၍ရင်း။

(နာမ်ရုပ် နှစ်ပါးကို တပေါင်းတည်းပြု၍၊)

နာမရူပံအနိစ္စံ၊ နာမရူပံဒုက္ခံ၊ နာမရူပံအနတ္တံ။ ဟူ၍ရင်း။
စီးဖြန်းဖန်များ၍၊ ကောင်းစွာပိုင်ပိုင်သိနိုင်သော ဝိပဿနာဉာဏ်ကိုသည်း၊ ဝိဇ္ဇာဟုခေါ်လေသည်။

(ဆဝါဘုယောအယံကျွပုရိသော) ဟူ၍၊ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော်၊ ဓာတုဝိဘင်သုတ်၌၊ မြတ်စွာဘုရား ဟောတော်မူအပ်သော၊ ဓာတ် (၆) ပါး၏ သဘောသဘာဝအားကို ခွဲခြား၍သိမြင်အပ်၏။ ။အဘယ် သို့ ခွဲခြား၍ သိမြင်အပ်သနည်းဟူကား။ ။ဖြေဘ်–ယခု လောကကြီးထဲ၌၊ ပုပ္ပရှရှမြင်မြင်သမျှ၊ ယောကျ်ား-မိန်းမ။ လူ,နတ်,ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ဟူသမျှတို့သည်။ ဓာတ် (၆) ပါး အစု အဝေးကြီးမျှသာတည်း။ ။စင်စစ်ပရမတ္ထ သဘောတရားနှင့်လိုက်ကြည့်လိုက်မည်ဆိုက၊ ယောကျ်ား ဟူ၍ရှိ၏။ မိန်းမဟူ၍ရှိ၏။ လူဟူ၍ရှိ၏။ နတ်ဟူ၍ရှိ၏။ ဗြဟ္မာ ဟူ၍ရှိ၏။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ရှိ၏။ မရှိ။ ဓာတ် (၆) ပါးအစု ဝေးကြီးမျှသာရှိပါတကား။ ။ဓာတ် (၆) ပါးဟူသော်ကား။ ပထဝီဓာတ်။ အာပေါဓာတ်။ တေဇောဓာတ်။ ဝါယောဓာတ်။ အာကာသဓာတ်၊ ဝိညာဏဓာတ်အားဖြင့် (၆) ပါး အပြားရှိ သတည်း။ ။ထို (၆) ပါးသောဓာတ်တို့တွင်။ မိမိကိုယ်၌ ဖြစ်စေ။ တပါးသောသူတို့၏ကိုယ်၌ဖြစ်စေ။ ကြမ်းထမ်းခက် မာခြင်းသဘောသည်။ ပထဝီဓာတ်မည်၏။ ။ယိုစီး ဖွဲ့စီး စေတတ်သော သဘောသည်။ အာပေါဓာတ်မည်၏။ ။ ရင့်ကျက်စေတတ်၊ မှည့်စေတတ်။ ဒိုမင်း စေတတ်သော အပူအနွေးအအေးသဘောသည်။ တေဇောဓာတ်မည်၏။ ။ ထောက်ပန့်ခိုင်မာစေခြင်း။ လှုပ်ရှားစေခြင်းသဘောသည်။ ဝါယောဓာတ်မည်၏။ ။ရုပ်ကလာပ်တခုနှင့်တခုတို့၏ အ ကြားသည်။ အာကာသဓာတ်မည်၏။ (ပရိစ္ဆေဒရုပ်လည်း

No. 22

မည်၏။)စိတ်တရားစေတသိက် တရားတို့သည်။ ဝိညာဏ ဓာတ်မည်၏။ ဤသို့ဓာတ်(၆)ပါး၏သဘော သဘာဝတွကို ခွဲခြား၍သိမြင်အပ်၏။ ။ ဤသို့သိမြင်ပြီးမှ၊ ၎င်းဓာတ် (၆)ပါးကို သက္ခဏာရေး(၃)ပါးနှင့်တွဲစပ်၍။ ။

ပထဝီဓာတုအနိစ္စံ၊ ပထဝီဓာတုဒုက္ခံ၊ ပထဝီဓာတု အနတ္တံဟူ၍၎င်း။

အာပေါဓာတုအနိစ္စံ၊ အာပေါဓာတုဒုက္ခံ၊ အာပေါ ဓာတုအနတ္တံဟူ၍၎င်း။

တေဇောဓာတုအနိစ္စံ၊တေဇောဓာတုဒုက္ခံ၊တေဇော ဓာတုအနတ္တံဟူ၍၎င်း။

ဝါယောဓာတုအနိစ္စံ၊ ဝါယောဓာတုဒုက္ခံ၊ ဝါယော ဓာတုအနတ္တံဟူ၍၎င်း။

အာကာသ ဓာတု အနိစ္စံ၊ အာကာသဓာတု ဒုက္ခံ၊ အာကာသဓာတု အနတ္တံဟူ၍၎င်း။

ဝိညာဏဓာတုအနိစ္စံ၊ဝိညာဏဓာတုဒုက္ခံ ဝိညာဏ ဓာတုအနတ္တံဟူ၍၎င်း။

(ဓာတ်(၆)ပါးကိုတပေါင်းတည်းပြု၍)

ဆဓာတုယောအနိစ္စာ၊ ဆဓာတုယောဒုက္ခာ၊ ဆဓာ တုယော ဆနတ္တာဟူ၍၎င်း။

စီးဖြန်းဖန်များ၍၊ ကောင်းစွာမိုင်မိုင်သိနိုင်သော ဝိပဿ နာဉာဏ်ကိုလည်း၊ ဝိဇ္ဇာဟုခေါ်လေသည်။ ။မိမိခန္ဓာကိုယ် ၌ ရှိသော(၃၂)ကောဋ္ဌာသ အစုအဝေးကြီးကို၎င်း။ တပါး သောသူတို့၏ ခန္ဓာကိုယ်၌ရှိသော (၃၂) ကောဋ္ဌာသ အစု

အဝေးကြီးကိုရင်း။ ဆိတ်ညိမ်ရာသို့ချဉ်းကပ်ပြီးနှာရှိနှင့်ပိုင်းခြား၍၊ မိမိတတ်အားသရွေ့ စီးဖြန်းအားထုတ်ရမည်။ အဘယ်ကဲ့သို့ စီးဖြန်းအားထုတ်ရမည်နည်းဟူမူကား။

| | |
|---|---|
| ၁။ ကေသာ-ဆံ | ၁၇။ အန္တဂုဏံ-အူသိမ် |
| ၂။ လောမာ-အမွေး | ၁၈။ ဥဒရိယံ-အစာသစ် |
| ၃။ နခါ-ခြေသည်းလက်သည်း | ၁၉။ ကရီသံ-အစာဟောင်း |
| ၄။ ဒန္တာ-သွား | ၂၀။ မတ္ထလုင်္ဂံ-ဦးနှောက် |
| ၅။ တစော-အရေ | ၂၁။ ပိတ္တံ-သည်းချေ |
| ၆။ မံသံ-အသား | ၂၂။ သေမှံ-သလိပ် |
| ၇။ နှာရု-အကြော | ၂၃။ ပုဗ္ဗော-ပြည် |
| ၈။ အဋ္ဌိ-အရိုး | ၂၄။ လောဟိတံ-သွေး |
| ၉။ အဋ္ဌိမိဉ္ဇံ-ရိုးတွင်းချဉ်ဆီ | ၂၅။ သေဒေါ-ချွေး |
| ၁၀။ ဝက္ကံ-အညှို့ | ၂၆။ မေဒေါ-အဆီခဲ |
| ၁၁။ ဟဒယံ-နှလုံး | ၂၇။ အဿု-မျက်ရေ |
| ၁၂။ ယကနံ-အသည်း | ၂၈။ ဝသာ-ဆီကြည် |
| ၁၃။ ကိလောမကံ-အမြှေး | ၂၉။ ခေဠော-တံတွေး |
| ၁၄။ ပိဟကံဝအဖျင်း | ၃၀။ သိင်္ဃာနိကာ-နှပ် |
| ၁၅။ ပပ္ဖါသံ-အဆုတ် | ၃၁။ လသိကာ-အစေး |
| ၁၆။ အန္တံ-အူမ | ၃၂။ မုတ္တံ-ကျင်ငယ် |

ဣတိ၊ ဣမေ ဒွတ္တိံသာကာရာ။ ဤ (၃၂) ပါးသော၊ အခြင်းအရာတို့သည်၊

ဣမသ္မိံ ကာယေ၊ တလံမျှလောက်သော ဤငါ၏ ရူပကာယခန္ဓာကိုယ်၌ရင်း၊ ပရကာယေ၊ တပါးသောသူတို့၏

ရူပကာယခန္ဓာကိုယ်ခွဲရင်း။ အတ္တသန္တိ၊ စင်စစ်မသေ့ ရှိကြ ပေကုန်၏ဟု စိုးဖြန်းအားထုတ်ပါများက၊ မိမိတို့၏ စိတ် ထည်း၊ ဥာဏ်ထည်း၌၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါ၊ ဘယ် ယောကျ်ား၊ ဘယ်မိန်းမကိုဘဲကြည့်ကြည့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ မထင်မှတ်ဘဲ။ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊သွား။ အရေစသော (၃၂) ကောဋ္ဌာသ၊ အစု အဝေးကြီးကိုသာ အထင်အမြင် များလာလိမ့်မည်။ ထိုသို့ (၃၂)ကောဋ္ဌာသအစုအဝေးကြီးကိုသာအထင်အမြင်များ လာသည့်အခါ၊ ဪ-လောကမှာ ယောကျ်ားဘဲ၊ မိန်းမ ဘဲ၊လူဘဲ၊နတ်ဘဲ၊ ပုဂ္ဂိုလ် သတ္တဝါဘဲစသည်ဖြင့် ခေါ်ဝေါ် နေကြတာဟာ၊ (၃၂) ကောဋ္ဌာသ၊ အစုအဝေးကြီးသာခေါ် ဝေါ်နေကြပါတကား။ ပရမတ္ထ သဘောတရားနှင့် ရှာကြည့် မည်ဆိုက၊ ယောကျ်ား,မိန်းမ မရှိ။ လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ် သတ္တဝါမရှိ။ (၃၂) ကောဋ္ဌာသ အစုအဝေးကြီးသာ ရှိပါ တကား။ ။(သဗ္ဗညုသခင် ဘုရားရှင် ကိုယ်တော်မြတ်က) အနိစ္စ၊ အမြဲမရှိခြင်း။ ဒုက္ခ၊ ဆင်းရဲခြင်း။ အနတ္တ၊ ကိုယ်မဟုတ်။ မိမိအလိုသို့ မလိုက်၊ မိမိအစိုးမရ။ အနတ္တ၊ ငါ-သူတပါး ယောကျ်ား,မိန်းမ, မဟုတ်ဟု ဟောတော်မူခဲ့တာ၊ အလွန် မှန်ပါပေတကားဟုဖိုးဖြန်းဖန်များက လက္ခဏာရေး သုံးပါး ထည်းက၊ အနတ္တလက္ခဏာ များများကြီးထင်လာလိမ့်မည်။ ထိုသို့ အနတ္တသက္ခဏာသို့ ဆိုက်ရောက်လာအောင်။ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ စသော(၃၂)

ကောဋ္ဌာသကို၊ကောင်းစွာပိုင်ပိုင်ဝေဘန်နိုင်သောဝိပဿနာဉာဏ်ကိုလည်း၊ဝိဇ္ဇာဟုခေါ်လေသည်။

ငါတို့မြတ်စွာဘုရား လက်ထက် တော်က၊ ထို-(၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုစီးဖြန်းရင်း ခုနစ်နှစ်သား အရွယ်က ရဟန္တာအဖြစ်သို့ ရောက်သော အရှင် ဒဗ္ဗမထေရ်ဝတ္ထုကို၊ ထေရာ အဋ္ဌကထာလာတိုင်းပြပေဦးအံ့။

ငါတို့သဗ္ဗညုသခင် ဘုရားရှင်လက်ထက်တော်၌ အထူးထူးသော တန်ခိုးဘန်ဆင်းခြင်းအရာ၌ လိမ္မာတော် မူသော အရှင်ဒဗ္ဗမထေရ်သည်။ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်က ဟံသာဝတီပြည်၌၊ တဦးသောအမျိုးအိမ်၌ဖြစ်၍၊ အရွယ်သို့ ရောက်လတ်သော်- ၎င်းအရှင်ဒဗ္ဗမထေရ် အာ အလောင်းအမျိုးကောင်းသားသည်။ ပဒုမုတ္တရမြတ်စွာဘုရား ထံတော်ပါးသို့ ဘုရားဖူးတရားနာသွားလေ၏။ ထိုသို့သွားသောအခါ၊ ပဒုမုတ္တရ မြတ်စွာဘုရား၏ တပည့်သားရဟန်းအပေါင်းတို့တွင်။ တဦးသောရဟန်းသည်၊ ပဒုမုတ္တရမြတ်စွာဘုရားထံတော်ပါး၌၊ အမြတ်နာမ်သိတင်းသုံးနေထိုင်တော်မူသော ရဟန်းသံဃာတို့၏ အိပ်ရာနေရာကိုငင်း၊ ပဒုမုတ္တရမြတ်စွာဘုရား ထံတော်သို့၊ ဘုရားဖူး တရားနာ လာကြကုန်သော ရဟန်းသံဃာတို့၏ အိပ်ရာနေရာကိုငင်း၊ မိမိ တန်ခိုးဖြင့် ဘန်ဆင်း၍ တချိန်တည်း အိပ်ရာနေရာပြီးအောင်ခင်းကျင်းပေးလေ့ရှိ၏။ ။ပဒုမုတ္တရမြတ်စွာဘုရားသည်။အားလုံးကုန်သော သံဃာမရှိသတ်၊ လူပရိသတ်တို့၏ အလယ်၌၊ ထိုရဟန်းကို၊ရဟန်းတို့၏အိပ်ရာနေရာခင်းပေးခြင်းအရာ

၌(တေဒဂ်ရာထူး)ပေးနေတော်မူသည်ကို။အရှင်ဒဗ္ဗမထေရ်
အလောင်းအမျိုးကောင်းသားမြင်သဖြင့်၊ ဤသို့အကြံအစီဖြစ်
လေ၏၊ အဘယ်ကဲ့သို့ ဆကြံဆစီ ဖြစ်သနည်း ဟူမူကား။
ငါလည်း နောင်သောအခါ၊အသူသူသောဘုရားရှင်တို့ထံ၌၊
ဤမထေရ်ကဲ့သို့ သံဃာတို့၏ အိပ်ရာနေရာ ခင်းပေးခြင်း အ
ရာ၌၊(တေဒဂ်ရာထူး)ရပါမူကား ကောင်းလေစွ တကားဟု၊
ဆကြံအစီဖြစ်လေ၏။ ထိုသို့ အကြံဆစီဖြစ်ပြီး၊ ပဒုမုတ္တရ
ဘုရားအမှူးရှိသောသံဃာတော်အပေါင်းအား။ဆွမ်းစသော
အလှူကြီးကို ပေးလှူ၍ ဆုတောင်းလေ၏။ ။အဘယ်ကဲ့သို့
ဆုတောင်းသနည်းဟူမူကား။ ဘုန်းတော်နေဝန်း၊ ထွန်းလင်း
တောက်ပတော်မူသောအရှင်ဘုရား။ အကျွန်ုပ်သည်၊ဘုရား
အမှူးရှိသော သံဃာတော်တို့အား၊ ဆွမ်းစသော လှူဖွယ်
ဝတ္ထု အစုစုတို့ကို၊ လှူဒါန်းရသော ကောင်းမှု ကုသိုလ်
ကြောင့်၊ နောင်အရှင်ဘုရားတို့ ကဲ့သို့သော တသူသူသော
ဘုရားရှင်တို့ထံတော်၌၊ ရဟန်းသံဃာတို့၏အိပ်ရာနေရာ
ခင်းခြင်းအရာ၌ အလွန်သိမ္မွာသော (တေဒဂ်ရာထူး)ကို ရပါ
လို၏ အရှင်ဘုရားဟု ဆုတောင်းလေ၏။ ပဒုမုတ္တရမြတ်စွာ
ဘုရားလည်း။ ဤကမ္ဘာမှရေသည်ရှိသော်၊ ကမ္ဘာတသိန်း
ထက်၌၊ ဂေါတမဘုရားဟု ထင်ရှားပွင့်တော်မူလတ္တံ့။ အ
သင် အမျိုးကောင်း သားသည်၊ ထို-ဂေါတမဘုရား အထံ
တော်၌။ အသင်အလိုရှိသော(တေဒဂ်ရာထူး)ကိုရလတ္တံ့ဟု
ဗျာဒိတ်စကား မိန့်ကြားတော်မူသဖြင့်။ အရှင်ဒဗ္ဗမထေရ် အ
လောင်းအမျိုးကောင်းသည်။ မိမိအလိုရှိသော (တေဒဂ်ရာ

တူး)ကို၊ ယနေ့-နက်ဖြန် ရတော့မလောက်၊ အလွန် ဝမ်းမြောက်ပြီး။ အသက်ထက်ဆုံး၊ ဒါန,သီလ,စသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍၊ ထိုအမျိုးကောင်းသား ဘဝမှ ရတောမနေသေလွန်သော်၊ နတ်ပြည်၌ဖြစ်လေ၏။

ဤကဲ့သို့အရှင်ဒဗ္ဗမထေရ်အလောင်း၊ အမျိုးကောင်းသားသည်၊ အပါယ်သို့ မလားဘဲ၊ လူ့ပြည်နတ်ရပ်၊ ကျင်လည်လတ်ပြီး၊ ဤကမ္ဘာတွင် ပွင့်တော်မူသော၊ ကဿပမြတ်စွာဘုရားသာသနာတော်၌ လူဖြစ်ပြန်၍၊ ထိုကဿပ မြတ်စွာဘုရား သာသနာတော်ကိုလွန်စွာကြည်ညိုသဖြင့်၊ ရဟန်းပြုလေ၏။ ထိုသို့ရဟန်း ပြုပြန်သော်လည်း၊ ကဿပ မြတ်စွာဘုရား သာသနာတော် နောက်ပိုင်းဖြစ်နေ၍၊ ထိုသာသနာတော်၌ ရဟန်းပြုကြကုန်သော၊ ရဟန်းယောကျ်ား-ရဟန်းမိန်းမတို့သည်၊ သာသနာတော်ကို အလေးဂရုမပြုဘဲ၊ ထင်သလိုစား၊ ထင်သလိုသွား၊ ထင်သလိုကျင့်နေကြသည်ကိုမြင်၍၊ ငါသည် ဤရဟန်း အပေါင်းတို့၏ အလယ်၌ နေသဖြင့်၊ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရာ-ထွက်မြောက်ကြောင်း၊ လမ်းကောင်းမမြင်။ အပါယ်ဘေး-သံသရာဘေး အစရှိသော များစွာသောဘေးအပေါင်းတို့နှင့်သာ တွေ့ရာ အကြောင်းရှိချေ၏။ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ-ထွက်မြောက်ကြောင်းတရားကောင်းကို၊ သူတော်ကောင်းတို့နှင့် ပေါင်းဘော်၍ရှာခိုးမှသာ၊ ရတို့ရာအကြောင်းရှိချေ၏ဟုအကြံအစီဖြစ်ပြီး၊ မိမိနှင့် စိတ်တူ, ကိုယ်တူ, သဘောတူသောသူတို့ကိုရှာခိုးလေသတည်း။

ထိုသို့ရှာမှီးသောအခါ၊မိမိနှင့်တကွ ခုနစ်ယောက်သော ရဟန်းတို့ကိုရ၍၊ငါတို့သည် ဤသာသနာတော်ကိုမရိုမသေ ကျူးကြကုန်သောသူတို့နှင့်နီးနီးကပ်ကပ်မနေဆပ်ဟုတိုင်ပင် ကြပြီး၊ဘခုသော တောအုပ်သို့ ဝင်ကြလေသော်၊ ထိုတော အုပ်ထည်း၌၊တောင်တလုံးကိုမြင်၍၊ ထိုတောင်ပေါ်သို့ လှေ ကားထောင်၍ တက်ကြလေကုန်၏။ တောင်ပေါ်သို့ရောက် သောအခါအကြီးဆုံးဖြစ်သောမဟာထေရ်က၊ငါ့ရှင်တို့အသက် ရှည်ရှည်နေလိုသော်၊ တောင်မှ ဆင်းကြကုန်လောဟု၊ မိန့် တော်မူသောခါ၊ အကုန်လုံးစိတ်တူကိုယ်တူသဘောတူဖြစ် နေကြ၍၊ တပါးမှ မဆင်းသဖြင့်၊ လှေကားကိုလှဲချလိုက် ပြီး။ ငါ့ရှင်တို့ မခွဲမလျော့ ရဟန်းတရားကိုသာ အားထုတ် ကြကုန်လောဟု၊ အချင်းချင်းဆုံးမ၍၊ ထိုတောင်ထိပ်ပေါ်မှာ ပင်ရဟန်းတရားကို လွန်စွာကြိုးကုတ် အားထုတ်နေကြလေ ကုန်၏။ ထိုသို့ရဟန်းတရား အားထုတ်၍ နေကြ ကုန်သော ခုနစ်ဦးသော ရဟန်းတို့တွင်၊ အကြီးဆုံးဖြစ်သော မထေရ် သည်။ ငါးရက် မြောက်သော အခါ။ ဆာသဝေါကုန်ခန်း၊ ရဟန္တာအဖြစ်သို့ရောက်၍၊ ငါ၏ရဟန်းကိစ္စသည်။ အပြီးအဆုံးသို့ ရောက်ပေပြီ၊ ဤတောင်ထိပ်ပေါ်၌နေသဖြင့်အဘယ် အကျိုးရှိအံ့နည်းဟု၊ ကြံစီတော်မူပြီး၊ ကောင်းကင် ခရီး ဖြင့်၊ မြောက်ကျွန်းသို့ဆွမ်းခံကြွတော်မူ၍၊ထိုမြောက်ကျွန်း မှ ဆွမ်း ကိုဆောင်ယူသာပြီး။ ကြွင်းသော သီတင်းသုံးဘော် ခြောက်ဦးထံသို့ သွား၍၊ ငါ့ရှင်တို့ ဤဆွမ်းကို ဘုန်းပေးကြ ကုန်လော။ ဆွမ်းအတွက်မပိုးရိမ်ကြကုန်လင့်၊ ဆွမ်းအတွက်

ကား ငါတော်နှင့်ရှိစေ၊ ရဟန်းတရားကိုသာ ကြိုးစား အားထုတ်ကြ ကုန်လော့ဟု မိန့်တော် မူသောအခါ၊ ကြွင်းသော ခြောက်ဦးသောရဟန်းတို့ကလျှောက်ထားသည်မှာ။ အရှင်ဘုရား၊ တောင်ထိပ်ပေါ်မှ လှေကားကို လှဲချလိုက်စဉ်အခါက၊ ရှေးဦးစွာ ရဟန္တာဖြစ်သောသူသည်။ ဆွမ်းခံ၍ ကျွေးစတန်းဟု ကတိကဝတ်များပြုထားကြပါသလောဟု လျှောက်ထားလေ၏။ ထိုသို့လျှောက်ထားသောအခါ၊ ငါ့ရှင်တို့၊ ယခုလို ကတိကဝတ်ကိုတော့ ပြုမထားကြပေဟု မိန့်တော်မူသောခါ၊ အရှင်ဘုရား၊ ထိုသို့ ကတိ ကဝတ် ပြုမထား ခဲ့သော်-အကျွန်ုပ်တို့လည်း၊ အရှင်ဘုရားကဲ့သို့၊ ရဟန္တာ ဖြစ်မှသာ၊ ဆွမ်းဘုဉ်းပေးတော့မည်။ အရှင်ဘုရား အလိုရှိရာ သို့သာ ကြွတော်မူပါဟုလျှောက်ထားကြသဖြင့်၊ ရှေးဦးစွာရဟန္တာဖြစ်သောအရှင်မြတ်လည်း၊ မိမိအလိုရှိရာသို့ကြွ၍ဆွမ်းဘုဉ်းပေးလေ၏။

ထို့နောက်၊ ကြွင်းသော (၆) ဦးသောရဟန်းတို့တွင် ရဟန်းတပါးသည်။ အနာဂါမ်အဖြစ်သို့ ရောက်ပြန်၍၊ ထိုအနာဂါမ်မှစတေမနေ သေလွန်သော်၊ ဗြဟ္မာ့ပြည်သုဒ္ဓါဝါသဘုံသို့ သွား၍ဗြဟ္မာဖြစ်လေ၏။ ဤမှတပါး၊ ကျန်ငါးဦးသော ရဟန်းတို့သည်၊ တရားထူးကိုလည်း မရ။ ဆွမ်းအာဟာရကိုလည်း မရှိခဲ့ကြရသဖြင့်၊ ထိုတောင်ထိပ်ပေါ်မှာပင် ပျံလွန်တော်မူကြကုန်၏၊ ထိုသို့ပျံလွန်တော်မူကြကုန်သော်လည်း၊ ရဟန်းတရားကို မနေမလျော့ အားထုတ်၍ ပျံလွန်တော်မူကြသောကြောင့်၊ နတ်ပြည်၌ပင်သွား၍ဖြစ်ကြလေကုန်၏။ ထိုငါးဦး

သောရဟန်းတို့သည်၊ ကဿပမြတ်စွာဘုရား သာသနာ
တော်နှင့် ငါတို့ဂေါတမမြတ်စွာဘုရား သာသနာတော် အ
ကြားမြေကြီးတယူဇနာနှင့်သုံးဂါဝုတ်တက်အောင်အပါယ်
ဘုံသို့မလားမရောက်ဘဲ၊လူ့ဘုံနတ်ဘုံ၌သာလျှင်ကြီးစွာသော
လူမင်းစည်းစိမ်၊နတ်မင်းစည်းစိမ်တို့ကိုအကြိမ်ကြိမ်အဖန်ဖန်
ခံစားကြကုန်လျက်၊ ငါတို့ဘုရားသခင် လက်ထက်တော်သို့
ရောက်သောအခါ၊တယောက်ကား၊ဂန္ဓာရတိုင်းတက္ကသိုလ်
ပြည်ဝယ်၊မင်းမျိုး၌ဖြစ်လေသည်။တယောက်ကား၊မဇ္ဈိမ
ကတိုင်း၌ ဖြစ်လေသည်။ တယောက်ကား၊ ဗာဟိရတိုင်း၌၊
သူကြွယ်သား ဖြစ်လေသည်။ တယောက်ကား၊ ရာဇဂြိုဟ်
ပြည်၌၊ သူကြွယ်သား ဖြစ်လေသည်။ ဤအရှင်ဒဗ္ဗမထေရ်
ဆလောင်း အမျိုးကောင်းသားကား၊ မလ္လတိုင်း အနုပိယမြို့၌
မလ္လာမင်း၏မိဖုရားဝမ်း၌ ကိန်းအောင်းပဋိသန္ဓေ တည်နေ
လေ၏၊ထိုပဋိသန္ဓေရင့်သောအခါ၊ ဆမိ,မိဖုရားသည် တခု
သောရောဂါဝေဒနာနှင့် သေလွန်ခဲ့၍၊ ကြွင်းကျန်ရစ်သော
ဥတုဇရုပ်ကလာပ်အလောင်းကို သုသန်သို့ ထုတ်ဆောင်၍
သဂြိုဟ်ကြသော်၊ ပြင်းထန်သောမီးဟုန်ဖြင့် အမိဝမ်းရေ
ပေါက်ကွဲ၍ဝမ်းခေနှစ်ပြာ ဖြစ်လေ၏။ ဝမ်းဘွင်းမှ ငိသော
သူငယ်သည်၊ ချေးရှေးကပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှု၏
အဟုန်ကြောင့်။ပစ္ဆိမဘဝိကသားဖြစ်၍၊မီးထဲမှငင်၍မြေဇာ
မြက်တောထည်း၌ သွား၍ကျလေ၏။ ထိုအခါ၊ မီးသင်္ဂြိုဟ်
သောသူတို့သည် ဝမ်းပြောက်ဝမ်းသာနှင့် သူငယ်ကိုယူကြ
ကုန်၍၊သူ့ အဘွားအားပေးကြလေကုန်၏။ အဘွားဖြစ်သော

သူသည်၊ ဝမ်းမြောက်ဝမ်းသာနှင့် သူငယ်ကို မွေးကျွေးသုတ်သင်၍ အမည်မှည့်သောအခါ၊ မြေဇာမြက်ပေါ်၌ စင်၍ကြဲသော သူငယ်ဖြစ်သောကြောင့်၊ (ဒဗ္ဗသတို့သား)ဟု မှည့်လေ၏။ ၎င်းဒဗ္ဗသတို့သားခုနစ်နှစ်အရွယ်သို့ရောက်လတ်သော်၊ ငါတို့ဘုရားသခင် ကိုယ်တော်မြတ်သည်၊ များစွာသော နောက်တော်ပါ တပည့်သား သံဃာတော်အပေါင်းခြံရံတော်မူလျက်၊ မလ္လတိုင်းသို့ ဒေသစာရီ ကြွချီတော်မူသည်ရှိသော်။ မလ္လတိုင်းသို့ ရောက်တော်မူသောအခါ၊ အနူပိယမည်သောသရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

ဒဗ္ဗသတို့သားလည်း၊ မြတ်စွာဘုရားကို မြင်လျှင်မြင်ခြင်းအလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်းပြုလိုသောကြောင့်၊ အဘွားထံသို့သွား၍ ရဟန်းပြုပါရစေဟု ခွင့်တောင်းလေ၏။ ဒဗ္ဗသတို့သား၏ အဘွားသည်လည်း၊ ချစ်သားကောင်း၏၊ ရဟန်းပြုလိုက ပြုတော့ဟု ခွင့်ပြုပြီး၊ ဒဗ္ဗသတို့သားကို ဘုရားထံသို့ လိုက်၍ ပို့လေ၏။ လိုက်ပို့၍ မြတ်စွာဘုရားထံတော်ပါးသို့ ရောက်သောအခါ၊ အရှင်ဘုရား၊ ဤသူငယ်ကို ရဟန်းပြုတော်မူပါဘုရားဟု လျှောက်ထားလေသော်၊ ဘုရားသခင်ကိုယ်တော်မြတ်လည်း၊ ဤဒဗ္ဗအမည်ရှိသောသူငယ်ကို ရဟန်းပြုပေးလိုက်လေဟု မိန့်တော်မူ၍၊ ရဟန်းတပါးအား အပ်နှင်းလိုက်လေ၏။ ထိုမြတ်စွာဘုရားစေခိုင်းတော်မူသော ရဟန်းသည်လည်း၊ ဒဗ္ဗသတို့သားအား (ကေသာ၊ ဆံ၊ လောမာ၊ အမွေး၊ နခါ၊ ခြေသည်း၊ လက်သည်း၊ ဒန္တာ၊ သွား။ တစော၊ အရေ)ဟူသော တစပဉ္စက၊ ကမ္မဋ္ဌာန်း

ကိုသင်ပေး၍ ဆံရိပ်သည့်ရှိသော်၊ဆံချပြီးသည့်အဆုံး၌၊အာ
သဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ရောက်လေ၏။ထိုသို့ဒဗ္ဗ
သတို့သားအား တစပဉ္စက၊ကမ္မဋ္ဌာန်းကို သဇ္ဈာယ်စေ၍ဆံ
ချသည့်ရှိသော်၊ ဆံချပြီးသည့်အဆုံး၌ ရဟန္တာအဖြစ်သို့
ရောက်ရခြင်းသည်၊ ရှေးရှေးသောဘဝတို့၌၊ အောက်တွင်
ပြဆိုအပ်ခဲ့ပြီးသော (၃၂) ကောဋ္ဌာသ၊ ကမ္မဋ္ဌာန်းကို အပြီး
ဖြန်း များခဲ့သောကြောင့်တည်းဟု ဘုရားကိုယ်တော်မြွက်
ဟောတော်မူလေသတည်း၊မြွက်ဟောဘုရားကိုယ်တော်မြတ်
လည်း၊ဒဗ္ဗသတို့သားကိုရှင်ရဟန်းပြုတော်မူပြီး၊ မလ္လတိုင်း၌
အလိုတော်ရှိသရွေ့ နေတော်မူ၍၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်
ကျောင်းတော်သို့ ကြွတော်မူလေ၏။ အရှင်ဒဗ္ဗကိုယ်တော်
ကလေးသည်လည်း၊ဆိတ်ကွယ်ရာသို့ချဉ်းကပ်လျက်၊အကြံ
အစီဖြစ်သည်မှာ၊ ငါသည် အာသဝေါကုန်ခမ်း ရဟန္တာ
အဖြစ်သို့ရောက်သဖြင့်၊ ရဟန်းတရား အားထုတ်ဘွယ်ရာ
မရှိတော့ပြီ။ငါ၏ခန္ဓာကိုယ်သည်လည်း၊လေဝ၌တည်သော
ဆီမီးခွက် ကဲ့သို့ မကြာမြင့်မီပင်လျှင် သေရလတ္တံ့။ ငါသည်၊
မသေမီရဟန်းသံဃာတို့၏ကိစ္စကိုဆောင်ရွက်အံ့ဟု၊ ရှေးဆု
တောင်းအတိုင်း အကြံအစီဖြစ်ပေါ်လေ၏။ ထိုသို့ဖြစ်ပေါ်
လာပြီး၊ ငါသည် ရဟန်းသံဃာတို့၏ အိပ်ရာနေရာ ခင်းခြင်း
ကိုငှင်း၊ သံဃာတော်တို့အား အဘယ်မည်သော ဒါယကာ
အိမ်သို့ အဘယ်မည်သောမဘေရှိသည်၊ စာရေးတန်ကျပါ
သည်၊ဆွမ်းဘုဉ်းပေးကြွတော်မူပါဟု၊ဆွမ်းညွှန်ခြင်းကိုငှင်း။
ဤနှစ်ပါးသော ရဟန်းတို့၏ ကိစ္စကို ဆောင်ရွက်ရ မူကား၊

ကောင်းလေစွတကားဟုအကြံအစီဖြစ်တော်မူပြန်၏။ ထိုသို့အကြံအစီဖြစ်သည်အတိုင်း၊ မြတ်စွာဘုရားအား သျှော်ထားလေ၏။ ဘုရားသခင်ကိုယ်တော်မြတ်သည်လည်း၊ ချစ်သားဒဗ္ဗ၊ သာဓု-သာဓု၊ ကောင်းလေစွ, ကောင်းလေစွဟု ကောင်းချီးသြဘာ ထောမနာပြုတော်မူပြီး၊ ဤဒဗ္ဗသည်ကား၊ ခုနှစ်နှစ်အရွယ်သာရှိသေး၍၊ ငယ်သေး၏၊ ထိုသို့-ငယ်သေးသော်လည်း၊ ကြီးမြတ်သောရဟန်းသံဃာတို့၏ အိပ်ရာနေရာခင်းပေးခြင်းကိစ္စ၊ သံဃာတော်အား၊ ဆွမ်းညွှန်ခြင်းကိစ္စဟု ဆိုအပ်သော ဤနှစ်ပါးသောကိစ္စတို့ကို ဆောင်ရွက်ခြင်းငှါစွမ်းနိုင်ပါ၏ဟု ဆင်ခြင်တော်မူ၍၊ ပဋ္ဌာန်းဖြစ်စေတော်မူ၏။ အရှင်ဒဗ္ဗကိုယ်တော်ကလေးသည်လည်း၊ ပဋ္ဌာန်းအဖြစ်ကိုရတော်မူသည်မှစ၍၊ ရာဇဂြိုဟ်ပြည်ကြီးကိုမှီ၍ နေကြကုန်သော တသဲ ရှစ်တိုက်သော ကျောင်းတိုက်ကြီးတို့၌၊ သီတင်းသုံးနေထိုင်တော် မူကြကုန်သော မရေမတွက်နိုင်သော ရဟန်းသံဃာတို့၏ အိပ်ရာနေရာ ဟူသမျှကို၊ အရှင်ဒဗ္ဗကိုယ်တော်ကလေးတပါးတည်းပြီးပြီးအောင် အိပ်ရာ,နေရာ ခင်းပေးတော်မူ၏။ အဘယ်မသေရသည်၊ အဘယ်မည်သော ဒါယကာအိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါဟု ဆွမ်းညွှန်ခြင်းကိစ္စကိုလည်းပြုတော်မူ၏။ ထိုသို့ပြုတော်မူသောအခါ၊ အရှင်ဒဗ္ဗ ကိုယ်တော်ကလေး၏အိပ်ရာနေရာခင်းပေးခြင်း၌တန်ဘိုးဖြင့်ဘန်ဆင်း၍ ဘန်ဆင်း၍ခင်းပေးသည့်အဖြစ်သည်၊ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ပြန့်နှံ့ကျော်ကြားလေ၏။ ။အရှင်ဒဗ္ဗကိုယ်တော် ကလေးသည်လည်း၊ အိပ်ရာ,နေရာ ခင်းပေးတဲ့ခါ၊

သုတ္တန်ပိဋကတ်ကို နှုတ်တက်အာဂုံ ဆောင်တော်မူကြ ကုန်သော ရဟန်းတို့ကိုလည်း၊ သုတ္တန်ဆောင် ရဟန်းချင်း၊ ဝိနည်းပိဋကတ်ကို နှုတ်တက်အာဂုံဆောင်တော်မူကြကုန် သော ရဟန်းတို့ကိုလည်း၊ ဝိနည်းဆောင်ရဟန်းချင်း၊ အဘိ ဓမ္မာပိဋကတ်ကို နှုတ်တက်အာဂုံ ဆောင်တော်မူကြကုန် သော ရဟန်းတို့ကိုလည်း၊ အဘိဓမ္မာဆောင် ရဟန်းချင်း၊ ဓုတင်တောရသကိုဆောင်တော်မူကြကုန်သောရဟန်းတို့ကို လည်း၊ ဓုတင်ဆောင်ရဟန်းချင်း ဤသို့အစုအစုပြု၍သဘော တူရာတူရာ နေရာခင်းပေးတော်မူ၏။

ထိုသို့ နေရာ-ထိုင်ခင်း ပေးတော်မူတဲ့ အခါမှာလည်း နေရာပေးစရာ ခင်းပေးစရာရဟန်းတွေ အရာ အထောင် စ သည်အလွန် များနေက၊ အရှင်ဒဗ္ဗကိုယ်တော်ကလေးသည်။ မိမိ ခန္ဓာကိုယ်ကို အရာအထောင်ဖြစ်အောင်၊ ဖန်ဆင်း၍၊ အမြန်ဆုံး နည်းနှင့် ပြီးစီးအောင် ခင်းခင်း ပေးတော် မူ၏။ မြတ်စွာဘုရား အထံတော်သို့ ဘုရားဖူး တရားနာ လာကြ ကုန်သော အခါအထောင်မကသောရဟန်းတို့သည်လည်း။ အရှင်ဒဗ္ဗ ကိုယ်တော် ကလေး၏ တန်ခိုး ကို မြင်လို ကြ သောကြောင့်၊ အချို့ သော ရဟန်းတို့ သည်လည်း။ ညဉ့်အ ချိန်မဟုတ်သည်မှလာကြကုန်၍၊ ငါ့ရှင်ဒဗ္ဗ, ငါတို့ နေရာကို ဇီဝကဥယျာဉ်မှာ ခင်းပေးပါ။ ငါတို့နေရာကို၊ မဒ္ဒကုစ္ဆိမည် သော မိဂဒါဝုန်တော၌၊ ခင်းပေးပါ။ ငါတို့နေရာကိုဝေဘာ ရတောင်နံပါး၌ ခင်းပေးပါ စသည်ဖြင့်၊ ဤသို့ ဝေးသော အ ရပ်၊ နီးသောအရပ်၊ အထူးထူးသော အရပ်တို့၌၊ နေရာအ

ခင်းဒိုင်းကြကုန်၏။ ။အရှင်ဒဗ္ဗ ကိုယ်တော်ကလေး သည်လည်း ထိုရဟန်းတို့အခင်းဒိုင်းသော နေရာတို့ကို၊ မိမိ တန်ခိုးဖြင့်ဘန်ဆင်း၍အမြန်ဆုံးနည်းနှင့်ပြီးစီးအောင်ခင်းခင်းပေးတော်မူ၏။ ။ထိုသို့ညဉ့်အခါ အချိန်မဆခါမရှိမှ၊ ဝေးသောအရပ်၊ နီးသောအရပ်၊ အထူးထူး အထွေထွေ သော အရပ်တို့၌များစွာသောရဟန်းတို့အား နေရာခင်းပေးရသောအခါ၊ အရှင်ဒဗ္ဗ ကိုယ်တော်ကလေးသည်၊ ခြောင်မရိုက်အောင် မိမိလက်ညှိုးကိုဆီမီးတိုင်အသွင်ဘန်ဆင်း၍ရဟန်းတို့၏ရှေ့မှလက်ညှိုးကလေးကို ထောင်ထောင်သွားသဖြင့် တကောလုံးနေ့အခါကဲ့သို့ဖြစ်၍ လင်းလင်းနေ၏။ နေရာအခင်းဒိုင်းကြကုန်သော များစွာသောရဟန်းတို့၏ရှေ့မှလည်း၊ အရှင်ဒဗ္ဗကိုယ်တော်ကလေးပါသည် ချည်းသာဖြစ်၍၊ အရှင်ဒဗ္ဗကိုယ်တော်အစစ် ဘယ်ဟာရယ် မသိကြကုန်၊ အတူတူချည်းသာဖြစ်၍နေကြကုန်၏။ ။ထိုသို့အရှင်ဒဗ္ဗ ကိုယ်တော်ကလေး၊များစွာတောင်သောင်း ရဟန်းအပေါင်းတို့၏ အိပ်ရာနေရာခင်းပေးခြင်းကိုအကြောင်းပြု၍ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ပျံ့နှံ့ကျော်ကြား သဖြင့်၊ သဗ္ဗညုသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ များစွာသော သံဃာပရိသတ်၊ လူပရိသတ်တို့၏အလယ်၌၊ အရာအထောင်မကသောရဟန်းတို့၏ အိပ်ရာနေရာခင်းပေးခြင်း၌၊ချစ်သားဒဗ္ဗနှင့်တူသောသူမရှိ၊ ချစ်သားဒဗ္ဗသည်ပင်သျှင် အလွန်ကဲဆုံးဘည်းဟူ သို့ဆုတောင်းအတိုင်း၊ (ဧတဒဂ်ရာထူး)ကို ပေးတော်မူလေသတည်း။

ထို့ကြောင့်- ပြဆိုအပ်ခဲ့ပြီးသော အရှင်ဒဗ္ဗကိုယ်တော်ကလေးမှစ၍ များစွာသော ရဟန်းယောက်ျား၊ ရဟန်းမိန်းမ ဥပါသကာယောက်ျား၊ဥပါသကာမိန်းမတို့သည်၊ ပြဆိုအပ်ခဲ့ပြီးသော (သုံးဆဲ့နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်း) နှင့်၊ ရဟန္တာယောက်ျား၊ ရဟန္တာမိန်းမအဖြစ်သို့ရောက်ကြပြီး၊ နိဗ္ဗာန်ရွှေနန်းသို့ စံမြန်းတော်မူကြသည်ကို၊ရည်ရွယ်မှန်းဆ၊တော်မူ၍-။

ဣမံကမ္မဋ္ဌာနံ၊ ဘာဝေတွာ အရဟတ္တံ
ပတ္တာနံ ဘိက္ခူနံ ဝါ၊ ဘိက္ခုနီနံ ဝါ၊
ဥပါသကာနံ ဝါ၊ ဥပါသိကာနံ ဝါ၊
ဂဏာ နပရိစ္ဆေဒေါ နာမ နတ္ထိ။

ဟူ၍၊ အဋ္ဌကထာဆရာမြတ်တို့ မိန့်တော်မူကြလေသတည်း။

(အနက်ကား၊) ဣမံကမ္မဋ္ဌာနံ၊ ဤသုံးဆဲ့နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကို။ဘာဝေတွာ၊နေ့ရော,ညဉ့်ပါ၊အခါမစဲ ထပ်ကာလဲလဲ၊ပွားများကြိုးကုတ်အားထုတ်ကုန်ပြီး၍။ အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ ပတ္တာနံ၊ ရောက်ကြကုန်သော။ ဘိက္ခူနံ ဝါ၊ ရဟန်းယောက်ျားတို့၏ငင်း။ဘိက္ခုနီနံ ဝါ၊ ရဟန်းမိန်းမတို့၏ငင်း၊ ဥပါသကာနံ ဝါ၊ ဥပါသကာယောက်ျားတို့ငင်း။ ဥပါသိကာနံ ဝါ၊ဥပါသိကာမိန်းမတို့၏ငင်း။ဂဏာနပရိစ္ဆေဒေါ နာမ၊ ရေတွက်ခြင်း၏ အပိုင်းအခြားမည်သည်။ နတ္ထိ၊ မရှိ။ ထို့ကြောင့်-ပြဆိုအပ်ခဲ့ပြီးသော အရှင်ဒဗ္ဗ,ရဟန္တာ မထေရ်ကလေး;သည်လည်း၊ရှေးအခါ;သော ဘဝတို့၌ (ကောဿ-ဆံ-

ဧ သာမာ-အမွေး၊ နခါ-ခြေသည်း၊ လက်သည်း၊ ဒန္တာ-သွား၊ တစော-အရေ)စသော သုံးဆဲ့နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို လွန်စွာကြိုးကုတ် အထူးအားဖြင့်၊ ဆေးသုတ်ခဲ့ဘူးသော ကြောင့်၊ ငါဘုရားရှင် လက်သက်တော်သို့ ရောက်သော အခါ၊ သဗ္ဗညုသခင်ဘုရား၏ဂုဏ်နှင့်တွေ့ဘောင်မှုသဖြင့် ရဟန်း ပြု၍ (ကေသာ-ဆံ၊ လောမာ-အမွေး။ နခါ-ခြေသည်း၊ လက်သည်း။ ဒန္တာ-သွား၊ တစော၊ အရေ၊ ဟုဆိုအပ်သော တစပဉ္စက ကမ္မဋ္ဌာန်းကိုစီးဖြန်းခြင်း၊ ခုနစ်နှစ်သားအရွယ်က ပင် အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေ သတည်း။

ထို့ကြောင့်၊ ဤကမ္ဘာဘွင် ပွင့်တော်မူသတ္တံ့သော၊ အရိမေတ္တေယျမြတ်စွာဘုရား သာသနာတော်တွင်၊ ရဟန္တာယောက်ျား၊ ရဟန္တာမိန်းမအဖြစ်နှင့်၊ ကျွတ်တန်းဝင်လိုကြသူ၊ များမိုလ်လူတို့သည်၊ ပြဆိုအပ်ခဲ့ပြီးသော (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်း ကိုရင်း၊(သဗ္ဗေသင်္ခါရာ အနိစ္စာ သဗ္ဗေသင်္ခါရာဒုက္ခာ၊သဗ္ဗေဓမ္မာအနတ္တာ။)ဆိုသည့်၊လက္ခဏာရေး(၃)ပါးစသည်ကိုရင်း၊ နေ့ရောညဉ့်ပါ၊ အခါခပဲ၊ ထပ်တလဲလဲ ကြိုးစားအားထုတ်ကြကုန်ရာသတည်း။

လက္ခဏာရေး ၃-အပါးအနက်။

သဗ္ဗေ၊ ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော၊ သင်္ခါရာ၊ ပုပု ရွရွ ဖြင်ဖြင်သချသော တေဘုမ္မက သင်္ခါရတရားတို့သည်၊ အနိစ္စာ၊ အမြဲမရှိကြသကုန်။ ။သဗ္ဗေ၊ကြွင်းမဲ့ဥသုံ အသုံးစုံကုန်သော၊ သင်္ခါရာ၊ ပုပု ရွရွ၊ ဖြင်ဖြင်သချ၊ တေဘုမ္မကာ၊

သင်္ခါရ တရားတို့သည်။ ဒုက္ခာ၊ မမြဲသော အနက်သဘော သတ္တိကြောင့်၊ ဆင်းရဲကြကုန်၏။ ။သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ပုပု,ဋ္ဌဋ္ဌ၊ မြင်မြင်သမျှ၊ တေဘုမ္မကသင်္ခါရ တရားတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကြကုန်။ အနတ္တာ၊ ငါသူတပါး၊ယောက်ျား,မိန်းမမဟုတ်ကြကုန်။ အနတ္တာ၊ မိမိအလိုသို့ မလိုက်၊ မိမိ အစိုးမရကြကုန်။

(လက္ခဏာရေး ၃ ပါးအနက်ပြီး၏။)

ဤကား၊ ဝိဇ္ဇာနှင့်စရဏ၊ တရားနှစ်ပါးတို့တွင်၊ ဝိဇ္ဇာမည်သောတရားတို့ကို၊ အကျဉ်းအားဖြင့်ပြဆိုခဲ့ခြင်းပေတည်း။

ဝိဇ္ဇာမည်သောတရားတို့ကို၊အကျဉ်းအားဖြင့် ပြဆိုခဲ့ပြီး၍ (စရဏ) မည်သော တရားတို့ကို၊အကျယ်မပွါးအကျဉ်းအားဖြင့်ပြပေဦးအံ့၊ ။

ရဟန်းတော်များမှာ (၁) အချက်။ စတုပါရိသုဒ္ဓိ သီလကြီး (၄)ပါးလုံခြုံရပေမည်။

(၂) အချက်။ သပ္ပုရိသ အင်္ဂါ (၈)ပါးနှင့် ပြည့်စုံရပေမည်။ ။ထိုသို့ရဟန်းတော်တို့မှာ။ စတုပါရိ သုဒ္ဓိကြီး(၄)ပါးလုံခြုံမှုနှင့်၊ သပ္ပုရိသ အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသည် ကိုပင် (စရဏ)ဟု ဆိုလေသည်။

လူတို့မှာ။ (၁)အချက်၊ အာဇီဝဋ္ဌမကသီလလုံမြဲရမည်၊ (၂) အချက်။ သပ္ပုရိသအင်္ဂါ (၈) ပါးနှင့်ပြည့်စုံရမည်။

ထိုသို့ ယူတို့မှာ၊ အာဇီဝဋ္ဌမကသီလ လုံခြုံမှုနှင့်၊ သပ္ပုရိသဓမ္မ(၆)ပါးနှင့် ပြည့်စုံသည့်ကိုပင်(စရဏ)ဟု ဆိုလေသည်။

(အာဇီဝဋ္ဌမကသီလဆောက်တည်ပုံ)

အဟံ ဘန္တေ တိသရဏေန သဟ
အာဇီဝဋ္ဌမကံ သီလံ ဓမ္မံ ယာစာမိ
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ၊ တတိယမ္ပိ (၎င်းနည်းဆိုလေ)

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ။ဒုတိယမ္ပိ။ ။တတိယမ္ပိ။ (၎င်းနည်းဆိုလေ။)

အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ သမ္ဖပ္ပလာပါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
အာမဘန္တေ၊

အာဇီဝဋ္ဌမကသီလခံယူပုံပြီး၏။

အာဇီဝဋ္ဌမကသီလဆောက်တည်ပုံအနက်။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်တို့သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အာဇီဝဋ္ဌမကံ သီလံ၊ အာဇီဝဋ္ဌမကသီလဟူ ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာပုဒ်တော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ အနုဂ္ဂဟံ၊ ချီးမြှင့်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ ရှစ်ပါးသောအာဇီဝဋ္ဌမကသီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါကုန်အရှင်ဘုရား။

သီလတောင်းပုံအနက်ပြီး၏။

နမောတဿအနက်။

အရဟတော၊ တထောင့်ငါးရာ၊ ကိလေသာမာန်၊ အတွင်းရန်ကို၊ မဂ်ဉာဏ်သံလျက်၊ ထိုလက်နက်ဖြင့်၊ ဖြိုဖျက်ချတ်ထွင်၊ အဟုတ်စင်အောင်၊ သုတ်သင် ရှင်းလင်းတော် မူပြီးသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးဆူ၊ ပန်းမဉ္ဇူကို၊ သယမ္ဘူဉာဏ်၊ ဉာဏ်တော်မြတ်ဖြင့်၊ သုံးသတ်ချွေတင်၊ ပန်ဆင်တော်မူပြီးသော။ တဿဘဂဝတော၊ ဣဿရိယာစသည် ဆပြား၊ ဘုန်း (၆) ပါးနှင့် ပြည့်စုံတော် မူသော၊ ဂေါတမ

နှယ်ဘွား၊ ထိုရှင်တော်မြတ်ဘုရားအား။ မေ၊ ရုပ်နာမ် ခန္ဓာ နှစ်ဖြာဘွဲ့စပ်၊ ပညတ်သမုတ် အကျွန်ုပ်၏။ နမော၊ မနော ခေါင်ချုပ်၊ ကိုယ်ပါနှုတ်ဖြင့် ဒိုတုတ်ဝတ်စင်း၊ ရှိခိုးခြင်းသည်။ အဖြူဘာဝတု၊ ဖြစ်ပါစေသတည်း။ ဝါ၊ ဖြစ်ပါစေသား။ ။

နမောတဿအနက်ပြီး၏။

သရဏဂုံသုံးပါးအနက်။

အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။ ။

အဟံ၊ အကျွန်ုပ်သည်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏ အရှင်ဘုရား။

အဟံ၊ အကျွန်ုပ်သည်၊ သံဃံ၊ ရှစ်ယောက်သော အရိယာ သံဃာတော် မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း(အထက်နည်းအတိုင်း ဆိုလေ။)

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း (အထက်နည်း အတိုင်းဆိုလေ။)

(သရဏဂုံသုံးပါးအနက်ပြီး၏။)

အာဇီဝဋ္ဌမကသီလဆောက်တည်ပုံအနက်။

၁။ အဟံ၊ အကျွန်ုပ်သည်။ ပါဏာတိပါတာ၊ သူ့အသက်ကို၊ လျှင်းစွာ သတ်ဖြတ်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၂၊ အဟံ၊ အကျွန်ုပ်သည်။ အဒိန္နာဒါနာ၊ အရှင်မသဒ္ဒါသူ၏ ဥစ္စာကို၊ ခိုးယူခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော၊ သိက္ခာပုဒ် တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၃၊ အဟံ၊ အကျွန်ုပ်သည်။ ကာမေသု ဝစ္စာ ကာမ။ ကိလေသာကာမတို့၌။ မိစ္ဆာစာရာ၊ ဖေါက်ပြန်၍မှားသောအားဖြင့်ကျင့်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၄၊ အဟံ၊ အကျွန်ုပ်သည်၊ မုသာဝါဒါ၊ သိလျက်လျှက်ယွင်းဖေါက်ပြန်. မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၅။ အဟံ၊ အကျွန်ုပ်သည်။ ပိသုဏာဝါစာ၊ သူနှစ်ယောက်တို့၏အချစ်ကို ဖျက်ဆီးတတ်သော ချောပစ် ဂုံးတိုက်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ် တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၆။ အဟံ၊ အကျွန်ုပ်သည်။ ဖရုသဝါစာ၊ ဆွံ့သွားဘဲ့သို့၊ သူတပါးနားကို မခံသာအောင် ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၇။ အဟံ၊ အကျွန်ုပ်သည်။ သမ္ဖပ္ပလာပ၊ ပစ္စုပ္ပန်အကျိုးလည်းမရှိ၊ သံသရာအကျိုးလည်းမရှိသော၊ နိရတ္ထကဒေသနာဒိ အစရှိသောပိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

၈။ အဟံ၊ အကျွန်ုပ်သည်။ မိစ္ဆာဇီဝါ၊ မှားသောအားဖြင့် အသက်မွေးခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား။

အာဇီဝဋ္ဌမကသီလဆောက်တည်ပုံပြီး၏။

### သပ္ပုရိသအင်္ဂါ (၆) ပါး။

ယောဝေကတညူကတဝေဒီဓီရော
ကလျာဏမိတ္တော၊ ဒဠှဘတ္တိစဟောတိ၊
ဒုခိတဿသက္ကစ္စကရောတိကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။

ဟူ၍၊ စတ္တာလီသနိပါတ်၌ ဟောတော်မူသောကြောင့်။

၁။ အချက်-မိမိအား သူတပါးတို့ကပြုဘူးသော ကတ ညုတ,တရားကို သိတတ်ရမည်။

၂။ အချက်-သိတိုင်းလည်း သူ့ကျေးဇူးကို ထင်စွာပြုရ မည်။ ကျေးဇူးမကန်းရ၊ သူ့ကျေးဇူးထိန်မှု၊ မီးလို ပူ၏။

၃။ အချက်-ယိမ်းမယိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ တည်ကြည်သော သမာဓိရှိရမည်။

၄။ အချက် ကသျှာခွေးပေါင်း၊ မိတ်ဆွေကောင်းအင်္ဂါ နှင့်ပြည့်စုံစေရမည်။

၅။ အချက်- ဆည်းကပ်ထိုက်သောပုဂ္ဂိုလ်ကို၊ ရိုသေ လေးမြတ် ဆည်းကပ်ရမည်။

၆။ အချက် အတိဒုက္ခရောက်နေသော အဆွေခင်ပွန်း ကောင်း၏ ပြုဘွယ်ကိစ္စဟူသမျှကို၊ ကိုယ့်အမှုအချ မကာပိုမိ အရိုအသေပြုလုပ် အားထုတ်ရမည်။

(တထာဝိခံ၊ ထိုသို့ပြဆိုအပ်ခဲ့ပြီးသော အင်္ဂါ(၆)ပါးနှင့် ပြည့်စုံသော သဘောရှိသောသူကို။ သပ္ပုရိသံ၊ သပ္ပုရိသ ပုဂ္ဂိုလ်ဟူ၍၊ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူ ကုန်၏။)

ဤကား-သပ္ပုရိသအင်္ဂါ(၆)ပါးတည်း။

လူတို့မှာ၊ပြဆိုအပ်ခဲ့ပြီးသော(အာဇီဝဋ္ဌမကသီလ)လုံခြုံ မှုနှင့်၊(သပ္ပုရိသအင်္ဂါ၆ပါး)နှင့်ပြည့်စုံသည်ကိုပင်(စရဏ) ဟုဆိုလေသည်။ ။ထို့ကြောင့်-ဤကမ္ဘာတွင်ပွင့်တော်မူ

လတ္တံ့သော၊အရိမေတ္တေယျ မြတ်စွာဘုရားသာသနာတော်တွင်၊ ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမအဖြစ်နှင့် နိဗ္ဗာန်ဝင်လိုသောသူတို့သည် ပြဆိုအပ်ခဲ့ပြီးသော၊ ဝိဇ္ဇာနှင့်စရဏတရား၊ ထိုနှစ်ပါးနှင့် ပြည့်စုံထားပါမှသာ။ နိဗ္ဗာန်သို့ဝင်နိုင်ကြမည် ဧကန်ပေတည်း။

ပြဆိုအပ်ခဲ့ပြီးသော၊ ဝိဇ္ဇာနှင့်စရဏတရားနှစ်ပါးတို့တွင်၊ (စရဏ)တရားသာရှိ၍။ (ဝိဇ္ဇာ) တရားမရှိခဲ့သော်၊ အရိမေတ္တေယျဘုရား သာသနာတော်နှင့် တွေ့၍၊ ဘုရားဒါယကာ၊ကျောင်းဒါယကာ၊ ပစ္စည်းလေးပါးဒါယကာခံရုံသာခံရမည်တည်း။ မဂ်တရား၊ဖိုလ်တရားရဘို့ကား၊မလွယ်ကူပေ။ (ဝိဇ္ဇာ) တရားသာရှိ၍၊ (စရဏ) တရားမရှိခဲ့ပြန်သော်၊ နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ ဘုရားသာသနာတော်သို့၊ ဖြောင့်ဖြောင့်တန်းတန်း၊ရောက်ရန်လမ်း မရှိ၍၊ မဂ်တရား၊ ဖိုလ်တရား ဆိုတာဝေးစွ၊ အရိမေတ္တေယျဘုရားသာသနာတော်နှင့် ငါတွေ့ရလိမ့်အုံးမည်ဟု မထင်စားရချေ။ ။သို့ဖြစ်၍ အရိမေတ္တေယျဘုရားသာသနာတော်တွင်၊ ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမအဖြစ်နှင့် ကျွတ်တန်းဝင်လိုကြသူ များဖိုလ်လူတို့သည်၊ ပြဆိုအပ်ခဲ့ပြီးသော ဝိဇ္ဇာနှင့် စရဏ တရား ထိုနှစ်ပါးနှင့် ပြည့်စုံ ထားပါမှသာ ကျွတ်တန်းဝင်နိုင်ကြမည် ဖြစ်သဖြင့်(ဝိဇ္ဇာ)နှင့်(စရဏတရား) ထိုနှစ်ပါးနှင့် ပြည့်စုံထားကြကုန်ရာသတည်း။

## လက္ခဏာရေးသုံးပါးနှင့်ရဟန္တာအဖြစ်သို့ရောက်သော ရဟန်းငါးရာဝတ္ထု။

ငါတို့မြတ်စွာဘုရားသက်ထက်က၊ ငါးရာသောရဟန်းတို့သည် မြတ်စွာဘုရားအထံတော်မှကမ္မဋ္ဌာန်းယူပြီး၊ တဝါတွင်းလုံး ရဟန်းတရားကြိုးစားအားထုတ်ကြရာ၊ တခုသောတရားထူးတရားမြတ်ကိုမရရှိဘဲ၊ သီတင်းကျွတ်သကာလ၊ မြတ်စွာဘုရား အ ထံ တော် သို့ ဘုရားဖူးသွားကြ လေကုန်သတည်း။ ။ထိုသို့ဘုရားဖူးသွားကြ၍၊ မြတ်စွာဘုရား ထံတော်ပါးသို့ရောက်ကြသောခါ၊ မြတ်စွာဘုရားကိုယ်တော်က၊ ချစ်သားရဟန်းတို့၊ငါဘုရားအထံတော်မှကမ္မဋ္ဌာန်းယူ၍ တရားအားထုတ်ကြရာ၊ တရားထူး,တရားမြတ်များ ထင်မြင်ခဲ့ကြရဲ့လားဟု မေးတော်မူရာ၊ ငါးရာသောရဟန်းတို့သည် မထင်မြင်ပါကြောင်းပါဘုရားဟုမြတ်စွာဘုရားအား လျှောက်ထားကြသဖြင့်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည်၊ ထိုငါးရာသော ရဟန်းတို့၏ နောက်ကြောင်းကို ပြန်ကြည့်တော်မူသောခါ၊ ထိုငါးရာသော ရဟန်းတို့သည်၊ ကဿပမြတ်စွာဘုရားလက်ထက်တော်က။

သဗ္ဗေသင်္ခါရာ အနိစ္စာ၊
သဗ္ဗေသင်္ခါရာ ဒုက္ခာ၊
သဗ္ဗေဓမ္မာ အနတ္တာ၊

ဆိုတဲ့၊လက္ခဏာရေးသုံးပါးကို လွန်စွာကြိုးကုတ် အားထုတ်ဆီးဘူးခဲ့ကြောင်းကို သိတော်သဖြင့်၊ ထိုငါးရာသော

ရဟန်းတို့အား လက္ခဏာရေးသုံးပါးကို ဟောတော်မူမှ ရဟန္တာအဖြစ်သို့ရောက်ကြလေသတည်း။

ထို့ကြောင့်၊ ယခု ငါတို့မြတ်စွာဘုရား သာသနာတော်တွင်း၌သော်ရင်း။ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရား သာသနာတော် အတွင်း၌သော်ရင်း။ ကျွတ်တန်းဝင်လိုကြသူ များမိုလ်လူတို့သည် ပြဆိုအပ်ခဲ့ပြီးသော (ဝိဇ္ဇာနှင့်စရဏတရား)ထိုနှစ်ပါးနှင့် ပြည့်စုံထားတော်မူကြရန် လေးနက်ငွာဘိကွတ်တွန်း,နိုးဆော်လိုက်ရပေသတည်း။

ဤကား- (ဝိဇ္ဇာနှင့်စရဏတရား) နှစ်ပါးကို၊ အကျဉ်းအားဖြင့် ရေးသားလိုက်ခြင်းတည်း။

## ရဟန်းသုံးကျိပ်ဝတ္ထု။

ငါတို့မြတ်စွာဘုရားလက်ထက်တော်က၊ သုံးကျိပ်သော ရဟန်းတို့သည်၊ မြတ်စွာဘုရားအထံတော် ၌ကမ္မဋ္ဌာန်းယူ၍ လူသူမနီး,ဘာရှသော တောပြိုင်ကြီးအတည်းသို့ ဝင်ကြကုန်၍ တရားအားထုတ်နေကြလေသတည်း ထိုသို့တရားအားထုတ်နေကြသောအခါ၌လည်း၊ တပါးနှင့်တပါး စကားမပြောကြမူ၍၊ တရားကိုသာကြိုးစား၍အားထုတ်စတန်းဟု ဂတိကဝတ် ပြုလုပ်ကြကုန်ပြီး၊ တရားကိုသာ လွန်စွာကြိုးကုတ်အားထုတ်၍နေကြလေသတည်း။ ။ထိုသို့ ရဟန်းတို့သည်၊ မိမိတို့၏ ဂတိကဝတ်၌ မိမိတို့တည်ကြကုန်၍ ညဉ့်,ညဉ့်သို့ ရောက်သောအခါ၊ အနည်းငယ်မျှသော ကြိန်းစက်တော် မူကြပြီး၊ ညဉ့်ဦးသုံးပေါက်,ညဉ့်လုံးပေါက်တရား ကိုသာအားထုတ်ကြရာတွင်၊တကောင်သောကျားသည်၊ညဉ့်သန်းခေါင်ယံအခါ

ဝယ်၊ လာလာပြီး၊ ရဟန်းတပါး,တပါးချီစားလေသတည်း။ ကျားချီခံရသောရဟန်းတို့သည်လည်း၊ တပည့်တော်အား ကျားချီသွားပါသည်ဟု ဟစ်အော်လိုက်သည်ရှိသော်၊ဂတိကဝတ်ပျက်သွားမည် စိုးသောကြောင့် မဟစ်အော်မူ၍ အသေခံ,ခံသွားကြလေသတည်း။ ထိုသို့ကျားသည်၊ညဉ့်တိုင်း ညဉ့်တိုင်းရဟန်းတပါး,တပါး၊ ချီ,ချီစားသဖြင့်၊ ရဟန်းသုံးကျိပ်ထည်းက၊ရဟန်းတွေအတော်နည်းပါးသွားကြောင်းကို အကြီးဆုံးဖြစ်သော မထေရ်ကြီးက သိတော်မူသဖြင့်၊ မိန့်တော်မူသည်မှာ၊ ငါ့ရှင်တို့ ရဟန်းတွေလည်း အတော်နည်းပါးသွားချေပြီ၊ ကျားဘေး,သစ်ဘေးစသည်ဖြင့်ကား၊ ဘေးဥပါဒ်အန္တရာယ် တခု,ခုတော့ရှိနေပြီ၊ အကယ်၍ နောင်ကို ဘေးဥပါဒ်အန္တရာယ် တစုံတခု ဖြစ်ပေါ်လာခဲ့သော်၊ ဘာဘေးဘဲဖြစ်ဖြစ်၊ တပါးနှင့်တပါး ပြောကြား ကြစတန်းဟု ထပ်မံ၍ဂတိကဝတ်ပြင်ပြုလိုက်ကြလေသတည်း။

ထိုသို့ဂတိကဝတ် ပြုပြင်ကြပြီး၊ ရှေးနည်း,အတိုင်းပင် ညဉ့်လုံးပေါက်, ညဉ့်လုံးပေါက် တရားအားထုတ်ကြပြန်ရာ၊ ရှေးက ချီ,ချီစားနေကြဖြစ်သောကျားသည်၊ ညဉ့်သန်းခေါင်ယံအခါ လာတဲ့ပြီး၊ရဟန်းကလေးတပါးအား ချီပြေးပြန်လေသတည်း။ ထိုသို့ကျားချီပြေးသောအခါ၊ ကျားချီခံရသောရဟန်းကလေးက၊ (အရှင်ဘုရားတို့-ကျားပါဘုရား၊ ကျားပါဘုရား၊ တပည့်တော်အား ကျားချီသွားပါသည် ကယ်တော်မူကြပါအရှင်ဘုရား)ဟု, ထပ်တလဲလဲ ဟစ်အော်လေသတည်း။ ထိုသို့ကျားချီခံရသောရဟန်းကလေး ဟစ်အော်

သောအခါ၊ကြွင်းကျန်ရစ်သောရဟန်းတို့သည်၊ဒုတ်တောင်ဝှေးစသည်ကိုင်စွဲကြပြီး၊ ကျားဘေးမှလွတ်ရာ လွတ်ကြောင်းလိုက်ကြလေသတည်း။ ထိုသို့ကြွင်းကျန်ရစ်သော ရဟန်းတို့သည်၊ ဒုတ်,တောင်ဝှေးစသည်ကိုင်စွဲ၍လိုက်ကြသောအခါကျားသည်၊ရဟန်းတို့မလိုက်နိုင်သောအလွန်တရာမြင့်လှစွာသောတောင်ကမ္ဘားပြတ်ကြီးအပေါ်သို့ချီတက်သွားသဖြင့်နောက်ကလိုက်သော ရဟန်းတို့သည် မလိုက်နိုင်တော့ဘဲလက်မှိုင်ချ၍နေကြရတော့သဖြင့်၊ကျားချီသွားသောရဟန်းကလေးအား နောက်ဘိတ်ဆုံးစကားဖြင့်မှာကြားခဲ့ကြသည်မှာ။ ။(ငါ့ရှင်–ငါတို့သည်၊ငါ့ရှင်အား ကျားဘေးမှလွတ်ရာလွတ်ကြောင်းအားထုတ်၍ လိုက်ကြပါတယ်၊ထိုသို့လိုက်ကြသော်လည်း၊ကျားသည် ငါတို့မလိုက်နိုင်တဲ့ တောင်ကမ္ဘားပြတ်ကြီးပေါ်သို့ တက်ပြေးသဖြင့်၊ ငါတို့တော့-သင့်အားထိုကျားဘေးမှ လွတ်ရာလွတ်ကြောင်းကို ဘယ်နည်းနှင့်မျှ မတတ်နိုင်တော့ဘူး။ သို့ဖြစ်၍၊ ငါ့ရှင်သာ ဒီနေရာမှာယောဂကျေးတို့၏ အစွမ်းကို၊ ကုန်အောင် အားထုတ် ရစ်ပေတော့)ဟုနောက်ဘိတ်ဆုံးစကားဖြင့် မှာကြားပြီးပြန်သွားကြလေသတည်း။

ကျားချီခံရသောရဟန်းကလေးသည်လည်း၊ အပေါင်းအဘော်ဖြစ်သော ရဟန်းတော်များ မှာကြားသွားသောစကားကို နားဝယ်ထား၍၊ငါသည် ဤကျားဘေးမှ လွတ်ဘို့ရာအကြောင်းကိုတော့၊ ဘယ်နည်းနှင့်မျှ မတတ်နိုင်တော့ပေပြီ၊ ကျားစားလဲသေမှာဘဲ။ ကျားမစားလဲ့ တနေ့ကျလျှင်

ကိုယ့်ဝေဒနာနှင့်ကိုယ် သေရမှာအမှန်ဘဲ၊ အဲသည်တော့ ငါသည်၊သေရမှာအတူတူတော့ အကြောင်းမထူးတော့ဘူး၊ သည်တဘဝ,သည်တခါသာ အသေခံရတော့မည်။ နောက်နောင်ဘဝတွေ ထပ်ပြန်တလဲလဲ မသေစေရတော့ဘူး။ ငါသည်၊ သည်ဘဝ,သည်တခါသာ ပုထုဇဉ်အဖြစ်နှင့် သေသွားမည်ဆိုက၊ ရှေ့သံသရာလုံး သေစမဆုံးနိုင်အောင် ဖြစ်တော့မှာဘဲ၊ သို့ဖြစ်၍ သည်တခါ၊ ပုထုဇဉ်အဖြစ်နှင့်တော့ အသေခံလို့ မတော်ပေတော့ဘူး၊ တမဂ်,တဖိုလ်ရအောင် ကြိုးစားလေမှဘဲဟု စိတ်ဖွာခဲ၍၊ မရွံ့ကြောက်မရှိ ကျားစားခံ၍၊ နေလေသတည်း၊ ။ကျားသည်လည်း၊ ရဟန်းကလေး သေပြီအထင်ရှိပြီး၊ ရဟန်းကလေးအား ပက်လက်ထား၍၊ ခြေကစ၍စားလေသတည်း။ ။ရဟန်းကလေးသည်လည်း ကျားစားလို့ကျင်နာတဲ့ ဒုက္ခဝေဒနာကို သည်းခံပြီး၊ မတုံမလှုပ်နေ၍ ဝေဒနာနုပဿီ ကမ္မဋ္ဌာန်းကိုသာ လွန်စွာကြိုးကုတ်အားထုတ်၍ပြီး ဖြန်းနေတော်မူသတည်း။ထိုသို့ဝေဒနာနုပဿီကမ္မဋ္ဌာန်းကိုသာ အဖန်ဖန်ပြီးဖြန်းနေသဖြင့်၊ ကျားစားလို့ ခြေမျက်စေ့သို့ ရောက်သောအခါ၊ ရဟန်းကလေး သောတာပန် တည်သွားလေသတည်း။ ။ကျားစားလို့ ခြေမျက်စေ့မှတဘန်၊ ပုဆစ်ဒူးဝန်းသို့ ရောက်ပြန်သောအခါ၊ သကဒါဂါမ်အဖြစ်သို့ရောက်လေသတည်း။ ။ကျားစားလို့ ပုဆစ်ဒူးဝန်းမှတဘန်၊ ဆီးစပ်သို့ ရောက်ပြန်သော အခါ၊ အနာဂါမ်အဖြစ်သို့ရောက်လေသတည်း။ ။ကျားစားလို့ဆီးစပ်တဘန်၊ အသည်းနှလုံးနားသို့ ရောက်ခါနီးသောအခါ၊

ရဟန္တာ၅အဖြစ်သို့ရောက်သွား၍၊ မိမိထင်တိုင်းပေါက်သဖြင့် သည်ဘဝ, သည်တခါသာ ကျွားစားခံရ၍၊ နောင်ကိုကျွားစားလည်း မခံရ။ အဘန်ဘန်လည်း၊ မသေရသော နိဗ္ဗာန်ရွှေဘုံသို့၊ ဧကန်မှတ်ချ၊ ငါသည်၊ ခိုလှုံရပေတော့မည်ဟု အာရုံပြုပြီး၊ ဝမ်းသာအားရအလွန့်အလွန်နှစ်သက်တော်မူလှသဖြင့်။ ဗရဏာပိတ်,ပွမ်းဆီထိသို့ ဆီပြန်သည့်အိုး မောက်လျှံဖြိုးသို့၊ တက်တိုးဇောသန် ငရှိဘန်ဖြင့်၊ ပြင်လျှံထွက်သွား ပိတိပွားသည့်၊ ဥဒါန်းစကားများကို ကြူးရင့်တော်မူပြီး၊ ပရိနိဗ္ဗာန်ပြု၍သွားလေသတည်း။ (မဇ္ဈိမန်ကာယ်အဋ္ဌကထာ။)

ထိုကြောင့်၊ သန္တိသုခ၊ ပရမသုခ အစစ်ဖြစ်၍၊ အလွန်မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာထင်ရှားရှိကြောင်းကိုရင်း၊ ဂင်္ဂါဝါဠု သဲစုမျှမက၊ ပွင့်တော်မူကြကုန်သော သဗ္ဗညုသခင်ဘုရားရှင်တို့ တဆူမျှပျောက်မသွား၊ ပြတ်မသွား။ လေကဲ့သို့ဖြစ်မသွား။ ယနေ့အထိ၊ ထိုဘုရားရှင်တို့နှင့်တကွ၊ ထိုဘုရားရှင်တို့၏ တပည့်သားသာဝကတို့၊ နိဗ္ဗာန်၌၊ ဝင်းဝင်းတောက်ထင်ရှားရှိနေကြကြောင်းကိုရင်း။ သိတော်မူကြသူများမိုလ်လူတို့သည် ထိုဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာသာဝကတို့ပျော်စံရာ၊ ခေမာသော ကင်းနိဗ္ဗာန်လမ်းသို့ ဆောလျင်စွာစံမြန်းကြရလေအောင် ကျွေးစားခံရသော ရဟန်းတော်ကလေး၏ ထုံးကိုနှစ်လုံးသွင်းကြကုန်၍၊ အဟုတ်တကယ်တန်း၊ နေ့သို့ မဆုတ်ခွတ်ခွတ်ချွန်ချွန်လုလ္လကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။ အားထုတ်တော်မူနိုင်ကြပါစေသား။

နိဗ္ဗာနဂုဏ်ရည်ဂဏ္ဌိ နိဋ္ဌိတံ။

သာစည်မြို့၊ ဟသ်ာတကျောင်းဆရာတော်ကြီးသည်
နိဗ္ဗာနဂုဏ်ရည်ကျမ်းကိုထောက်ခံသောအားဖြင့်ရေးသားတော်မူသော

# (နိဗ္ဗာနသင်္ခေပကထာ)

နိဗ္ဗာန်စခန်း၏......ဒွေမေးအဖြေ။

တိရတနံ အဟံဝန္ဒာမိ သဗ္ဗဒါ။

၁။ နိဗ္ဗာန်သည် ပညတ်လား၊ ပရမတ်လား။
၂။ နိဗ္ဗာန်သည် ရုပ်လား၊ နာမ်လား။
၃။ နိဗ္ဗာန်သည် အာရုံလား၊ အာရမ္မဏိကလား။
၄။ နိဗ္ဗာန်သည် အနိစ္စလား၊ နိစ္စလား။
၅။ နိဗ္ဗာန်သည် သုခလား၊ ဒုက္ခလား။
၆။ နိဗ္ဗာန်သည် အတ္တလား၊ အနတ္တလား။
၇။ နိဗ္ဗာန်သည် အသုဘလား၊ သုဘလား။
၈။ နိဗ္ဗာန်သည် သင်္ခတလား၊ အသင်္ခတလား။
၉။ နိဗ္ဗာန်သည် ထင်ရှားရှိသောတရားလား၊ ထင်ရှား မရှိသောတရားလား။
၁၀။ နိဗ္ဗာန်သည် ခန္ဓာဖွဲ့ထိုက်သောတရားလား၊ ခန္ဓာမဖွဲ့ ထိုက်သောတရားလား။
၁၁။ နိဗ္ဗာန်သည် လောကီတရားလား၊ လောကုတ္တရာ တရားလား။
၁၂။ နိဗ္ဗာန်သည် မြင်အပ်သောတရား၊ မမြင်အပ်သော တရားလား။

၁၃။ နိဗ္ဗာန်သည်၊ တွေ့ထိကောင်းသော တရားလား၊ မ
တွေ့ထိကောင်းသောတရားလား။
၁၄။ နိဗ္ဗာန်သည်။ မြဲရာဝဋ္ဋဂုံရုပ် ရှိသောတရားလား၊ မရှိ
သောတရားလား။
၁၅။ နိဗ္ဗာန်သည်၊ သုံးဆယ့်တစ်ဘုံနှင့်ဝေးသော တရား
လား၊ နီးသောတရားလား။
၁၆။ နိဗ္ဗာန်သည်။ (ဩကာသလောက)ကဲ့သို့၊ ဘုံတည်
ရာဌာန၊ ဒေသ၊ ခေတ္တကာလ အားဖြင့်၊ တည်ရာရှိ
သောတရားလား၊ မရှိသော တရားလား။
၁၇။ ထိုနိဗ္ဗာန်ကို။ သင်္ခတနယ်၊ အသင်္ခတနယ်၊ နှစ်ပါးသုံး
မှာပင်၊ ပုဂ္ဂိုလ်အလျောက်၊ ရှိ၊ ထိမိ၊ သိနိုင်၊
သလောက်၊ ပေတာန်၍ပြပါ။

(အဖြေ။)

၁၊ နိဗ္ဗာန်သည်၊ ပညတ်-ပရမတ်နှစ်ပါးတို့တွင်ပရမတ်
တရားဖြစ်သည်။ ဝိဇ္ဇမာန ပညတ်လည်းခေါ်၏။
၂။ နိဗ္ဗာန်သည်၊ ရုပ်တရား၊ နာမ်တရားနှစ်ပါးတို့တွင်
နာမ်ပရမတ်ဖြစ်သည်။
၃။ နိဗ္ဗာန်သည်၊ အာရုံ, အာရမ္မဏိက တရားနှစ်ပါး
တို့တွင်၊ ဓမ္မာရုံထိုက်သော အာရုံတရားဖြစ်သည်။
၄။ နိဗ္ဗာန်သည့်၊ နိစ္စချိုး၊ အနိစ္စချိုးနှစ်ပါးတို့တွင်၊ နိစ္စချိုး။
ရူပမျိုးဖြစ်သည်၊ မြဲ၏၊

၅။ နိဗ္ဗာန်သည်၊ သုခမျိုး၊ ဒုက္ခမျိုးနှစ်ပါးတို့တွင်၊ သန္တိသုခ၊ ခေမာသီဝ၊ ဘေးဘယတို့မှကင်းချုပ်သော တရားမျိုးဖြစ်သည်။

၆။ နိဗ္ဗာန်သည်၊ အနတ္တမျိုး၊ အတ္တမျိုးတရားနှစ်ပါးတို့တွင်၊ သင်္ခတ တရားလဲ အနတ္တဘဲ။ နိဗ္ဗာန်ပညတ်လဲ အနတ္တဘဲ။ အတ္တလို့မစွဲလမ်းအပ်၊ အနတ္တသာဖြစ်သည်။ ။

(အဓိပ္ပါယ်ကား။) သဗ္ဗသင်္ခါရာ-အနိစ္စာ၊ ဒုက္ခ-နတ္တာစ လက္ခဏာ။ နိဗ္ဗာနဉ္စေဝ-ပညတ္တိ၊ အနတ္တာဣတိ ဒါဘဗ္ဗာ။

၇။ နိဗ္ဗာန်သည်၊ အသုဘမျိုး၊ သုဘမျိုးတရားနှစ်ပါးတို့တွင် ဘုရားရှင်ဟာ ကွာပစ္စေကဗုဒ္ဓါတို့ အာရုံပြုဖြစ်ဖြင့်၊ ခံစားအပ်သော၊ နှုံးညှံ့သိမ်မွေ့သော ဝိတ္တသုခ၊ သုဘမျိုးဖြစ်သည်။ ကာမဂုဏ်ငါးပါး။ ရှင်နာမ်တရားကို တဏှာဖြင့်၊ စွဲလမ်းအပ်သော ကာမဘုံသားတို့ခံစားအပ်သော၊ သုဘမျိုးမဟုတ်။

၈။ နိဗ္ဗာန်သည်။ ကံ-စိတ်-ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါး ကင်းပြတ်သော အသင်္ခတ ဓာတ် တရားမျိုးဖြစ်၏။

၉။ နိဗ္ဗာန်သည်။ ထင်ရှားရှိသော တရားမျိုး၊ ထင်ရှားမရှိသောတရားမျိုးတို့တွင်၊ ပရမတ်ဖြစ်သော စိတ်နာမ်။ စေတသိက်နာမ်တို့ကဲ့သို့၊ ထင်ရှားရှိသော ပရမတ်နာမ်တရားဖြစ်၏။

၁၀။ နိဗ္ဗာန်သည်၊ ခန္ဓာ့ဖွဲ့ထိုက်သော တရားမျိုး၊ ခန္ဓာမဖွဲ့ထိုက်သောတရားမျိုးနှစ်ပါးတို့တွင်၊ သင်္ခတနယ်ဝင် ရုပ်နာမ်နှစ်ရပ်၊ ပရမတ်တို့ကို ပညတ်တင်၍ခေါ်သော ခန္ဓာ

ငါးပါး။ ထိုခန္ဓာငါးပါးမှ လွတ်သော ခန္ဓဝိမုတ် တရားမျိုး ဖြစ်၏။

၁၁။ နိဗ္ဗာန်သည်။ လောကီတရားမျိုး၊ လောကုတ္တရာ တရားမျိုးနှစ်ပါးတို့တွင်၊ နဝလောကုတ္တရ ဓမ္မဟူသော ဒေသနာအရ၊ လောကုတ္တရာတရားမျိုးဖြစ်၏။

၁၂။ နိဗ္ဗာန်သည်၊ မြင်အပ်သော တရားမျိုး၊ မမြင်အပ် သော တရားမျိုးနှစ်ပါးတို့တွင်၊ အောက်မဂ်သုံးပါးကို ဓမ္မစက္ခုခေါ်၏။ အရဟတ္တမဂ်ကို၊ ဉာဏစက္ခုခေါ်၏။ ။

(ဒေဿာဟ်ကာဒ။) နိဗ္ဗာန်၊ မဂ္ဂဖလဉာဏ မာလမ္ဗနဘူ တော။ အသင်္ခတဓမ္မာ ဟူသော ဒေသနာအရ၊ မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်တို့အာရုံအဖြစ်ဖြင့်။ဉာဏစက္ခုမှာသင်၍,မြင်၍ ခံစားအပ်သောတမျိုးဖြစ်၏။

၁၃။ နိဗ္ဗာန်သည်၊ တွေ့သိကောင်းသော တရားလား၊ မတွေ့မသိကောင်းသောတရားလားဟုဆိုလျှင်၊ လောကီနယ် သား၊ ကာမဂုဏ်သမားတို့၏၊ တွေ့သိမျိုးမဟုတ်၊ ရဟန္တာ သခင်မြတ်အရှင်တို့၏ စိတ်ဖြင့်သာ၊ ဓမ္မာရမ္မဏာဝိတိဖြင့် အာရုံဆဖြစ်ကိုယူ၍၊ နိရောဓသမာပတ် ခံစား၍နေသော တွေ့ထိမျိုးပေတည်း။ ။သင်္ခတ ယဉ်၌ဖြစ်သော၊ မနောသဉ္စေ တနာ အာဟာရ၊ မနောသမ္ဖဿတို့ကဲ့သို့တည်း၊

၁၄။ နိဗ္ဗာန်သည်၊(၃၁)ဘုံနှင့်ဝေးသောတရားလား။ နီး သောတရားလားဆိုရာ၌၊ခန္ဓာငါးပါးတရား။အာယတန(၁၂) တရား၊ ဓာတ်(၁၈)ပါးတရား၊ နိဗ္ဗာန်တရားဟု ဆိုအပ်သော တရားမျိုးတို့သည်၊ဤသတ္တလောကခန္ဓာကိုယ်နှင့်စပ်၍၊ ခန္ဓာ

ကိုယ်မှာသာဖြစ်ဟောသောတရားဖြစ်၍၊ လောဘ၊ ဒေါသ၊ မောဟတို့သည်၊ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်ဖြင့် သီလချုပ်၊ သမာဓိချုပ်၊ ဝိပဿနာ ဉာဏ်ပညာနှင့်ချုပ်။ ဤကဲ့သို့၊ ဗုဒ္ဓဘာသာသူတော်စဉ်တို့သည်၊ ချုပ်၍, ချုပ်၍မဖြစ်အောင်၊ သံဝရမှုဖြင့်၊ စောင့်စီးသတ်ဖြတ်၍ ထားသဖြင့် လောဘ၊ ဒေါသ မောဟတို့သည်၊ ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိရှိသလောက်၊ ချုပ်ငြိမ်းတိုင်း, ချုပ်ငြိမ်းတိုင်း၊ ဤကိုယ်နှင့် နိဗ္ဗာန်နီးနေပါသဖြင့်၊ (၃၁)ဘုံနှင့် နိဗ္ဗာန်နီးအောင်လုပ်သူတို့မှာ၊ နီးသောတရားဖြစ်၏။

(သတိထားရန်အချက်။) လူမိုက်၊ တိရစ္ဆာန်၊ နိဗ္ဗာန် စကား၊ အလွန်ခါး၏၊ နိဗ္ဗာန်ရေးကိစ္စကြောင်းတရားကို၊ ခါးနေလျှင် ဝေးလှမ့်မည်။

၁၅။ နိဗ္ဗာန်သည်။ ထင်ရှားရှိသော နာမ်ပရမတ်တရားမှန်လျှင်၊ အာရမ္မဏိက ဖြစ်သောစိတ်အပေါင်းတို့သည်။ ဟဒယဝတ္ထုရုပ်ကို မှီသကဲ့သို့ သူ့အား မှီရာဝတ္ထုရုပ်ရှိပါသေးသလား၊ ဆိုရာ၌၊ ရုန့်ရင်း ကြမ်းတမ်းသော၊ ဩဠာရိကရုပ်၊ မှီရာ အလုံးမရှိ။

၁၆။ နိဗ္ဗာန်၌၊ သင်္ခတနယ်(၃၁)ဘုံကဲ့သို့၊ တည်ရာ ဘုံကို မေးရာ၌၊ အဝတ္ထုဘုံဟု (၃၁) ဘုံမှ လွတ်သော သင်္ခတနယ်နှင့်မစပ်သော၊ အခိုက်အတန့်ဘုံရှိ၏။

၁၇။ ထိုနိဗ္ဗာန်ကို သင်္ခတနယ်၊ အသင်္ခနယ် နှစ်ပါးလုံးမှာပင်၊ ပုဂ္ဂိုလ်အလျောက်၊ ရှိ, ထိမိ, သိရှိသလောက်၊ ပိုင်းခြားဝေဘန်၍ ပြပါဆိုရာ၌။

လောကဉ္စ၊ သိတယ်ဆိုသော စကားတလုံးသည်၊ လောကီ လောကုတ္တရာ နှစ်ပါးနှင့်ပင် သက်ဆိုင်နေ၍၊ တရားတော်ကို လိုလားအားထုတ်သဖြင့်၊ အဝိဇ္ဇာမောဟ၊ အမိုက်, တဏှာလောဘ, အရှုတ်, ဗျာပါဒ, အညစ်, ကာမစ္ဆန္ဒနီဝရဏ, အနောက်, သံယောဇဉ်, အပူ, မိုက်, ရှုတ်, ညစ်, နောက်, ပူ, မှုကောင်းဟူသမျှ တရားတွေကို၊ ဖယ်ဆီး ကန့်ကွက် မိမိတို့၏ စိတ်အစဉ်ကို၊ သူတို့ဝင်၍၊ မနှောက်ယှက် နိုင်အောင် အသိမျိုးနှင့်၊ အန္ဓအဖြစ်မှ၊ ကလျာဏ၊ ကလျာဏအဖြစ်မှ၊ စူလ, သောတာပန်။ စူလသောတာပန် အဖြစ်မှ၊ မဟာသောတာပန်။ မဟာသောတာပန်အဖြစ်မှ၊ ရဟန္တာ, ဘုရား, ပစ္စေကာဗုဒ္ဓါ တို့၏လမ်းစဉ်၊ ပရိယတ္တိ ဓမ္မာမ်ကို၊ သန်သန်ကြီး ကျွမ်းကျင်သော၊ နေ့,မြင် လ,မြင် သူတော်စင်ဖြစ်ကြသော ပုဂ္ဂိုလ်မြတ် တို့မှာ၊ လောကီကို ပယ်၍၊ သံသရာကို သူကြောက်၊ ဒိ, နာ, သေရေး၊ ဒုက္ခဘေး တို့ကို၊ ဝေးအောင်သာ၊ သူတို့၏ စိတ်အစဉ်မှာ၊ သိဆိုသော၊ တရားမျိုး ပေါ်ပေါက်၍၊ ထိုယောဂီပုဂ္ဂိုလ်တို့၏။ ဟာဒယ ဝတ္ထုရုပ်ကို၊ မှီ၍နေသော၊ တည်ကြည် ငြိမ်သက်သော သမာဓိဟု ဆိုအပ်သော၊ စိတ်ဆကြည်နှင့် ဝိပဿနာ ဉာဏ်မျက်စိတို့ ပေါင်းဖက်ပြီးလျှင်၊ တေဘုမ္မက၊ သင်္ခတ ရုပ်, နာမ်ကို၊ ဝိပဿနာ ဝိဇ္ဇာဉာဏ်၊ လက္ခဏာရေး သုံးတန်ဖြင့်၊ အဖန်ဖန် ရှုမှတ်လျက်၊ ဘဝ, ဘောဂ, သမ္ပတ္တိ ဟူသမျှ တို့ကို၊ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရခြင်း သဘောဟု သူ့စိတ်မှာအစဉ်စေလျက်၊ ဟုတ်တိုင်းမှန်စွာ၊ ခံစားတိုင်း ဝေ

ဒနာတို့ကို၊ ဒုက္ခ, ဒုက္ခ ဟု ရှုရာ၌၊ ဒုက္ခဟုမိုင်မိုင်၊ ဉာဏ်မျက်စိ အမြင် လှိုင်လာ၍ စွဲမြဲသွားသော သီလနှင့် သမာဓိတို့ကြန့်ခိုင်လျက်၊ ယောဂီပုဂ္ဂိုလ်၏ တည်ငြိမ်သက်တဲ့ စိတ်အစဉ်သည်၊ တဖြေးဖြေး ထု,အထည်ရလာသဖြင့်၊ သခ်ဘချုပ်နှင့် နာမ်ကို၊ အဘန်ဘန် လက္ခဏာရေးဖြင့်၊ ရှုဘန်များသောအခါ၊ ဒုက္ခကို၊ မြင်ထင် လာ သော၊ ရောဂါဝစရပုဂ္ဂိုလ်၏ ကြည်လင် မြေသော၊ ဝိပဿနာ ဉာဏ်မျက်စိသည်။ အမှောင်ကင်း၍၊ အရောင်အသင်းကိုခြပြီးလျှင်၊ ဟယ်-ဒုက္ခ-ဒုက္ခ ဟု မှုချသဘော ပရိယာယ်ဝေဝုစ်မပါ၊ မာယာသာသေယျ ဖက်၊ ပါပိစ္ဆ၊ မဟိစ္ဆ မရောယှက်ဘဲ၊ သဘောဖြူစဉ်၊ ဒုက္ခကိုဉာဏ်နှင့်မိုင်မိုင်လက်ဆုပ်လက်ကိုင်သိသည်နှင့် တပြိုင်နက်။ ဓမ္မာရုံ ထိုက်သော နိဗ္ဗာန ဓာတ်အလင်းရောင်သည်။ ရောဂါဝစရ ပုဂ္ဂိုလ်၏ဓမ္မာရမ္မဏာပီတိဖြင့်ပေါင်းစပ်မိကြသောအခါ၊ လောကီဉပမာအားဖြင့်ဆိုသည်ရှိသော်၊ လူတို့၏ ပကတိ မျက်စိကို၊ မမြင်အောင် ဖုံးကွယ်၍ထားသော တိန်သလာကို၊ ဆရာဝန်၏ ဆေး ဓာတ်မှန် ပြလိုက်သောအခါ၊ တိန်သလာကင်းစင်ပြီး၊ ကြည်လင်၍ လာသကဲ့သို့........

အဝိဇ္ဇာမောဟမှောင်၊ လောဘမှောင်၊ ဒေါသမှောင်တို့သည်၊ တဖြေးဖြေးကြွကျလျက်ရှင်းသည်ထက်ရှင်း၊ လင်းသည်ထက်လင်း၊ ဖြူသည်ထက်ဖြူ စင်သည်ထက်စင်၊ ကြည်လင်မြေ၍၊ အောက်မဂ် သုံးပါးတည်း ဟူသော။ ဓမ္မစကြာအထက်မဂ်ဖြစ်သော။ အရဟတ္တမဂ်တည်းဟူသော ဉာဏ်

စက္ခု အပိုင်း ရလျက်၊ သိသိုသော ဉာဏ်အမြင်နှင့်၊ ဟယ်-ဒုက္ခ...... နှင့်ကိုလဲ-ဒုက္ခ-နုက္ခ။ ဝိပရိနာမဒုက္ခ။ သင်္ခါရ ဒုက္ခ၊ တို့ဘဲလို့၊ ဒုက္ခမျိုးစုံ၊ သင်္ခါရ နယ်ဘုံမှာ အကုန်ခြုံခါ ပိုင်းခြား၍၊ ငါသိပြီ.......။ နင်တို့၏ ဖြစ်ပေါ်လာခြင်းအကြောင်းမှာလည်း။ ဘောဂဟာကာခုက၊ ဒို တဏှာ ယောက်ျား၊ ပဲ့ပ်သမားဟု၊ မြတ်စွာဘုရား ကြိမ်းငါးတော်မူသည့် အတိုင်း.......။ ကာမဘုံ သားတို့၊ တပ်နှစ်သက်သော ကာမဂုံငါးပါး (ကာမတဏှာ)ဘင၏ ပြည့်စုံခြင်းကို၊ တပ်နှစ်သက်တတ်သော။(ဘဝတဏှာ) ထိုထိုဘဝကို တပ်နှစ်သက်တတ်သော၊ (ဝိဘဝတဏှာ)သည်။ တဏှာသုံးတန်တို့ကြောင့်၊ ဤဒုက္ခမျိုးကို၊ ငါခံစားစံစားရပေသည် ဟုအမှန်ကိုသိ၍၊ ထိုဒုက္ခကိုဖြစ်စေတတ်သော။ တဏှာ လောဘ၊ သမုဒယကို၊ အမြစ်အခြင်းအကြွင်းအကျန်မရှိအောင်၊ တော်လှန်သတ်ဖြတ်လိုက်သောအခါ၊ ဘဝဇာတ်၊ ကင်းပြတ်၍ နောက်ထပ် တဘန်၊ လောဘကို၊ သတ်ရန်မလိုတော့ဘဲ-။

ဘုရားရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ များလှသောင်းသောင်း၊ နိဗ္ဗာန်စံ ပုဂ္ဂိုလ် အပေါင်းတို့သည်။ နိဗ္ဗာနဓာတ်နှင့်အကြောင်းတော်၍ပေါင်းဘော်ဆက်ဆံ၍နေကြသဖြင့်၊ ကြီးမားမြင့်မြတ်လကျာဘက် ဖြစ်သော အရိယာ အရှင်မြတ်တို့၏ အဖွဲ့ တပ်ကြီးသည်။ တည်တန့်ခိုင်လုံ၍ သုခချမ်း၍သာ၊ သန္တိ ဆိုတဲ့ပြည်ခေမာဒ္ဒ၊ ဘေးဘယ၊ ကင်းကွာလျက်၊ မဟာ အသင်္ခတဓာတ်၊ နိဗ္ဗာန်ခေါ် တရားမြတ်သည်။ လောဘ, ဒေါသ, မောဟတို့၏ဆိုင်ရာ(၃၀)

ဘုံဆလုံးစုံနှင့် အကုန်လုံးအမှေ့ပြတ်ပြီးလျှင်၊ (ကုသလာ-ကုသလံ-ဇဟံ)ဆိုသည့်အတိုင်း။ ကုသိုလ်-အကုသိုလ်ဟူသော ခိုင်မြဲသော သက်သေ လက်မှတ်အဘွက်၊ကျက်ခြေပါ ဖျက်လျက်၊ တချက်ထည်း ဆုံးဖြတ်ချက် ချမှတ် လိုက်လေသတည်း။

ဥပမာဆိုသည်ရှိသော်။ ထိုသို့အရိယာတို့၏ဆိုင်ရာ ကုသိုလ်ဘက်ဖြစ်သော အထင် ရုံးက ဆုံးဖြတ်ချက် ချလိုက်သောအခါ။ ပါလီမန်လွှတ်တော်၏ပါဝါ၊ ရုံးကုန်ဆုံးသည့် လက္ခဏာကို၊ လကျ်ာဘက်ဖြစ်သော။လောဘ၊ဒေါသ၊မောဟဟူသော။ လူပွေ-လူညာတို့သည်။ ဘယ်ခါမှ မလှန်ဝန့်တော့ဘဲ၊ အောက်ငရဲ,လူ့ရွာ(၃၁)ဘုံသြကာမှာသာ၊ဒို့နေရာဖြစ်တော့သည်ဟု-။

ပုဒ်ဇဥ်နယ်ကို၊ ပိုင်းခြား၍သတ်မှတ်ထားသော။ ဂေါပြဘူ၊ ဝေါဒါန်ဆိုဘဲ့-နယ်သီး ပိုင်းခြား၊ သတ်မှတ်ပြီးလျှင်၊ (၃၁)အထက်ရပ် အသာ်တခေတ်၊ အခွတ္တဘုံအမြတ်သည်။ ငါဘို့နှင့် ဘယ်တော့ခါ မစပ်ဟု တသမတ်ထည်း ဆုံးဖြတ်လျက်၊မိမိတို့ကိုအရှုံးပေးမှန်းသိ၍အယူခံကင်းပြတ်ပြီးလျှင်-။

ကံ, စိတ်, ဥတု, အာဟာရ တို့နှင့်သာ ပေါင်းစပ်လျက်၊ အောက်ထပ်ဖြစ်တဲ့(၃၁)ရပ် ရွာပြည်မှာ-ဝေဒနာအမျိုးမျိုး ခံစားပြီးလျှင်၊မောဟဆိုဘဲ့အဝိဇ္ဇာဗိမ်ချက်အတိုင်း၊ကာမဂုံငါးပါး ကိုသာ၊ အပိုင်ရှုလျက်၊ တမက်မက်- တမောမော ကြည် ရွှင်သော အာသာ၊ လောဘတို့၏ ရမက်တဏှာ ဝလေ့ကြောင့်၊ ဘယ်အခါမှအလိုမပြည့်ဘဲ၊ တသဲသဲ-တမဲမဲ

(၃၁)ဘုံ ရွာပြည်ထဲမှာ၊ သူ့ထက်ကဲ-ငါထက်သာ။ တဆာဆာ ထဲဆာလျက်.......။

ဘယာနှင့်လည်း မကင်းပြတ်၊ အမဲရိုးနှင့် ခွေးငတ်လို ဥပါဒ်နှင့်လဲအမွေဆိုင်၊ ဇာတိရင်း အကြောင်းခိုင်၍၊ (၃၁)ဘုံအဝိုင်။ ဒုက္ခတွေမြိုင်မြိုင်နှင့်သခ်ဘနယ်၊ ခရိုင်မှာသာ၊ လူ့ဗာလ,လူ့အန္ဓတို့ ပျော်စံ၍၊ အဘန်ဘန်-အထပ်ထပ် သံဝေဇယာ ဇာည ရသယ်စပ်လျက်။ သံသရာလမ်းမပြတ်နိုင်ဘဲ၊တသစပ် ပျော်ပါး၍သာ ဒုက္ခရှာလေ၏။

အရိယာတို့၏သစ္စာမှန်။

ဒုက္ခကိုပိုင်းခြား၍၊ ဒုက္ခဘဲလို့သိတာ။

သမုဒယကို၊ သူ့ကြောင့် ဒုက္ခဖြစ်တာလို့သိတာ။

နိရောဓနိဗ္ဗာန်ကို၊ သူ့ကြောင့် ဒုက္ခချုပ်ငြိမ်းတယ်ဟု သိတာ။

မဂ္ဂင်ရှစ်ပါးကို၊ နိဗ္ဗာန်ရောက်ကြောင်း တရားဘဲဟု သိတာ၊

ဒုက္ခကိုသိ၊ သမုဒယကိုပယ်၊ နိဗ္ဗာန်ကိုဆိုက်၊ မဂ္ဂကိုပွား။(သိ၊ ပယ်၊ ဆိုက်၊ ပွား၊ )လေးပါးကိစ္စ၊ အပိုင်ရပေ၏။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု ပရမတ္ထတရားလေးပါး ထင်ရှားရှိကြောင်းကို သိသဖြင့်၊ နိဗ္ဗာန်မရှိဟု ငြင်းဘို့မလို။ နိဗ္ဗာနဂုဏ်ရည်ကျမ်းဆရာ ရေးသားသည့်အတိုင်း၊ နိဗ္ဗာန် ချမ်းသာထင်ရှားဧကန် ရှိသည်မှန်သဖြင့်၊ ဂဂ်ါဝါဠု့သဲစုမျှ

မကပ္ပင့်သွားတော်မူကြကုန်သော ဘုရားသခင် ကိုယ်တော်မြတ်တို့နှင့်တကွ၊ ထိုဘုရားရှင်တို့၏၊ တပည့်သားသာဝကတို့ပါ ယနေ့အထိ၊ နိဗ္ဗာန်၌ဝင်းဝင်းတောက် အထင်အရှားရှိနေကြ၏။ တသျှူမျှ ပျောက်ပျက်မသွားကြ ပေ၊ နိဗ္ဗာန်စံပုဂ္ဂိုလ်တို့၏၊ သီလထက်သန် သမာဓိမြဲမြံ ဘာဝနာအစွဲမှန်သည်ကိုသာ။ ညာယပဋိပန္နဟူ၍ ဣရိယာပထ၊ လေးဝလုံးစိတ်အစဉ်မှသာ၊ လိုခြင်တာကို ဖယ်ထား၊ ကြွားခြင်တာကို စွန့်ပစ်၊ မော်ခြင်တာကိုစိတ်မှာညှစ်ပြီး၊ ဒုက္ခစစ်၊ ဤခန္ဓာလို့၊ ရှုနိုင်သူသာ၊ တပည့်မှတ်လျက်၊ အရိပ်ရိပ်ပြည့်ရွာ၊ တဆာထဲဆာသူတို့၊ မကြာမကြာ သတိဘက်၍၊ ဤသိဘက်သို့တက်လှမ်းနိုင်ကြပါစေသတည်းဟု ဆုတောင်းပတ္တနာ ပြုလိုက်ရပါသတည်း။

သာစည်မြို့၊ ဟင်္သာတကျောင်းဆရာတော်

(နိဗ္ဗာနသင်္ခေပကထာပြီး၏။)

## ဤကျမ်းကိုရေးသားသောနိဗ္ဗာနဂုဏ်ရည်
## ဦးချစ်တင်၏ဆုတောင်းခန်း။

(၁) မယာ၊ ငါသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဇာနန္တာနံ၊ မသိကြသေးသူ များဖိုလ်လူများ၏။ အတ္တာယ၊ အကျိုးငှါ။ အတိကာရုညစိတ္တေန၊ အလွန်သနားသောစိတ်ဖြင့်။ သုခေန ပဿိတုံ၊ လွယ်လင့်တကူ၊ ဉာဏ်တံချူဖြင့် ကြည့်ရှုနိုင်ပါစေခြင်းငှါ၊ ဗုမာဂဓံ၊ နိဗ္ဗာနဂုဏဒီပနီခေါ် နိဗ္ဗာနဂုဏ်ရည် အမည်ရှိသောကျမ်းကို။ ကတံ၊ ရေးသားမှုကိုပြုအပ်ပြီ။ မေ၊ ငါ၏။ မေတ္တာစိတ္တေန၊ သနားသော မေတ္တာစိတ်ကြောင့်။ သဗ္ဗေ ဇနာ၊ များစွာသောင်းသောင်း လူအပေါင်းတို့သည်။ ယထာဘုတံ၊ မဖေါက်မပြန်၊ ဟုတ်တိုင်းမှန်စွာ၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဇာနန္တု၊ သိကြပါစေကုန်သတည်း။ ဇာနိတွာ၊ သိကြကုန်ပြီး၍။ ခိပ္ပမေဝ၊ မကြာမတင်ဆောလျင်စွာသာလျှင်။ နိဗ္ဗာန ပိဇယုသံ၊ နိဗ္ဗာန်အောင်ခန်း၊ ရွှေပြည်နန်းသို့။ ပပ္ပေါန္တု၊ ရောက်ကြပါစေကုန်သတည်း။

(၂) အဟဥ္စ၊ အကျွန်ုပ်သည်လည်း။ ဣမိနာပုညေန၊ နိဗ္ဗာနဂုဏ်ရည် အမည်ရှိသောကျမ်းကို ဘာသာပြန်၍ ရေးသားရ မြတ်ပုညကြောင့်၊ အနာဂတေ၊ နောင်သောအခါ၌။ ဗုဒ္ဓုန္နကာလေ၊ ပွင့်တော်မူလတ္တံ့သော။ ဧကဲဗုဒ္ဓဿ၊ အဆူဆူသောဘုရားရှင်ကိုယ်တော်မြတ်၏။ သန္တိကေ၊ အထံတော်၌။ နိယတလဒ္ဓိံ၊ နိယတဗျာဒိပ်ပန်းတံဆိပ်ကို။ လဒ္ဓေါ၊ ရသည်။ ဟုတွာ၊ ဖြစ်၍၊ ရုစံ၊ မချွတ်၊ အနာဂတေ၊ နောင်သောအခါ၌။ နရလက္ခံ၊ လူတို့၏အသက် တသိန်းတန်း၌။ ပဗ္ဗတသေလံ၊ ကျောက်တောင်ဟူသမျှကို။ နာဒေန္တော၊ ပဲ့တင်ခတ်စေ

လျက်။ ဒသသဟဿိ လောကဓာတုံ၊ တသောင်းသော စကြာဝဠာ လောကဓာတ်ကို။ ကမ္ပေန္တော၊ တုန်လှုပ်စေ လျက်၊ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအ ပေါင်းကို။ ဟာသယန္တော၊ ရွှင်စေလျက်၊ လောကေ၊ လော ကသုံးပွင့်၊ တို့အပြင်၌၊ သဒ္ဓါဓိကော၊ သဒ္ဓါလွန်ကဲသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝါမိ၊ ဖြစ်ရလို၏။

(၃) တသာပိ၊ ထိုမှတပါးလည်း။ အဟံ၊အကျွန်ုပ်သည်။ ဣမိနာပုညေန၊ နိဗ္ဗာနဂုဏ်ရည် အမည်ရှိသော ဤကျမ်းတို့ ကို၊ ဘာသာပြန်၍၊ ရေးသား၍၊ ဖြတ်ပုညကြောင့်။ ဣတော၊ ဤဘဝမှ ပဋ္ဌာယ၊ စ၍။ ဇာတိ-ဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်း သောဘဝ၌။ အဋ္ဌဟိ လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါး တို့နှင့်။ ဖုဋ္ဌောပိ၊ တွေ့ရငြားသော်လည်း။ စိတ္တခေဒဉ္စ၊ စိတ်၏ ပင်ပန်းခြင်းသည် လည်းကောင်း။ စိတ္တာရိဋ္ဌာဟာဝဉ္စ၊ စိတ်၏ပူ ပန်ခြင်းသည် လည်းကောင်း၊ စိတ္တသောမနဿဉ္စ၊ စိတ်၏ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းသည် လည်းကောင်း။ ကုဒါစနံ၊ တရံတဆစ်မျှ၊ နဘဝါမိ၊ မဖြစ်ရပါလို၏။

(၄) တသာပိ၊ ထိုမှတပါးလည်း။ အဟံ၊အကျွန်ုပ်သည်။ ဣမိနာပုညေန၊ နိဗ္ဗာနဂုဏ်ရည်အမည်ရှိသော ဤကျမ်းကို၊ ဘာသာပြန်၍ရေးသားသောဖြတ်ပုညကြောင့်။ သမ္ပရာယေ စ၊ ဖြစ်လေရာရာ၊ သံသရာဘဝ၊ တမလွန်လောက၌လည်း။ မေ၊အကျွန်ုပ်၏။ နိဗ္ဗုတ္တိယံ၊ ဖြစ်ရခြင်းသည်။ သတိ၊ ရှိခဲ့သည်ရှိ သော်၊ ဇာတိ-ဇာတိယံ၊ ဖြစ်တိုင်း-ဖြစ်တိုင်းသော ဘဝ၌။ ပရိတဿနဇိဂိတံနာမ၊ ဆင်းဆင်း-ရဲရဲ၊ အသက်ရှည်ရခြင်း မည်သည်။ ကုဒါစနံ၊ တရံတဆစ်မျှ မာပဟောသာ မဖြစ်ပါ စေသတည်း။ (ပြီး၏။)